
# ဘုန်းကြွယ်

ချင်းဟန်၏ချန်းကျန်ကျောက်ဟန်ရန်

**မိစ္ဆာလေပွေ**

စာစဉ် ၃



ဘုန်းကြွယ်

# မိစ္ဆာလေပွေ အန္တရာယ်

စာစဉ် ( ၃ )

စာမူခွင့်ပြုချက် - ၅၀၀၃၇၇၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၄၁၀၀၄၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ(၅၀၀)
တန်ဖိုး ၁၀၀/-ကျပ်။

**ထုတ်ဝေသူ**
ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
အမှတ်(၁၁၁)၊ (၃၃)လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
9(H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# အခန်း(၁)

ဘုရားကျောင်းပျက်ထဲမှ စူးရှသော စကားသံ ရုတ်တရက် ပေါ်ထွက်လာသည်။

"ကျုပ် ဒီအထဲမှာ အေးအေးဆေးဆေးနေချင်တယ်၊ လာ မနှောင့်ယှက်ကြနဲ့၊ ဝေးဝေးသွားကြ၊ မဟုတ်ယင် အားလုံး အသေပဲ လို့မှတ်"

ဝမ်ကျက်သည် ခေတ္တမျှ ခြေလှမ်းတုံ့ဆိုင်းသွားသည်။

ဘုရားကျောင်းပျက်ထဲဝယ် လူတစ်ယောက် ရှိနေသည်က တော့ သေချာနေပြီ။

စောစောက ဓားပျံဖြင့် ပစ်ပေါက်လိုက်မှုကို ထောက်လျှင် ထိုသူသည် သိုင်းပညာစွမ်းလည်း သေးမည်မဟုတ်။

ထိုသူ မည်သူ ဖြစ်သည်ကို ဝမ်ကျက် သိလိုသည်။

ထို့ကြောင့် ဆက်လက်စဉ်းစားမနေတော့ဘဲ ရှေ့သို့ ဆက်၍ လျှောက်လှမ်းလိုက်သည်။

"ဝှစ်"

အရောင်ဘစ်ချက်လက်ကာ တိုးညင်းသော လေခွင်းသံနှင့်အတူ ဘုရားကျောင်းပျက်ထဲမှ ဓားပျံတစ်လက် လွင့်ပျံထွက်ကာ ဝမ်ကျက်ရှိရာသို့ တန်းဝင်လာသည်။

ဝမ်ကျက်က ဓားရှည်ကို စကြာပန်းကုံးဓားကွက်ဖြင့် ဝှေ့ဝိုက်ကာ ဝှေ့ယမ်းအကာအကွယ် ပြုလိုက်သည်။

ဓားပျံမှာ ဝမ်ကျက်၏ဓားစကြာဝိုင်းကို မထိုးဖောက်နိုင်။

ဓားချက်ဖြင့် ပက်ထုတ်ခံရပြီး လွင့်စဉ်ထွက်သွားသည်။

ဓားပျံကို ဓားရှည်ဖြင့် ခံဆောင် ပက်ထုတ်လိုက်ချိန်ဝယ် ဓားချင်းဆိုင်မိရာမှ ဖြစ်ပေါ်လာသော ပြင်းထန်သော အားအရှိန်ကို ဝမ်ကျက် ခံစားလိုက်ရသည်။

ထိုအားအဟုန်၏ ဖိနှိပ်မှုကြောင့် ဝမ်ကျက်မှာ နောက်သို့ ခြေလှမ်းနှစ်လှမ်းဆုတ်ပြီး ကိုယ်ဟန်ကို ထိန်းလိုက်ရသည်။

ဓားကိုင်ညာလက်မှာလည်း ထုံကျဉ်ပြီး လက်မှ ဓားလွတ်ကျလုမတတ်ပင် ဖြစ်သွားရသည်။

ဘုရားကျောင်းပျက်ထဲဝယ် ရှိနေသူ၏အတွင်းအား အလွန်မြင့်မားနက်ရှိုင်းကြောင်း ဝမ်ကျက် အကဲခတ်မိလိုက်သည်။



ဝမ်ကျက်သည် ကိုယ်ဖော့ပညာကို သုံးကာ လျင်မြန်စွာ ဘုရားကျောင်းပျက်ထဲသို့ ပြေးဝင်လိုက်သည်။

ဤသို့ ပြေးဝင်ရာတွင် ခြေလှမ်း(၃)လှမ်းခန့်သာ ရပ်လျက် ပြေးပြီးနောက် ဆက်လက်၍ ကိုယ်ကိုကိုင်းချကာ ခြေလှမ်း(၃)လှမ်း ထပ်ပြေးသည်။

ထို့နောက် မြေပြင်ဝယ် လူးလိမ့်ပြီး ဘုရားကျောင်းပျက်ထဲသို့ အရောက်ဝင်လိုက်သည်။

ဝမ်ကျက်၏လှုပ်ရှားပုံမှာ မြန်လှသည်။

မျက်စိတမှိတ် လျှပ်တပြက်မျှသော အချိန်ကာလအတွင်းမှာပင် ဘုရားကျောင်းပျက်ထဲသို့ အရောက်ဝင်လိုက်နိုင်သည်။

ဘုရားကျောင်းပျက်ထဲရှိ စားပွဲစုတ်ကြီးတစ်ခု၏ နောက်ဝယ် ကပ်ကာ အကာအကွယ်ယူပြီး ဘုရားကျောင်းပျက် အတွင်းဘက်ရှိ အခြေအနေကို အကဲခတ်ကြည့်ရှုသည်။

ဘုရားကျောင်းပျက်၏ ညာဘက်ပိုင်းတစ်နေရာဝယ် အသက်(၄၀)ခန့်ရှိ လူတစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။

ကိုယ်ခန္ဓာထွားကျိုင်းသည်။

ခေါင်းတုံးပြောင်ပြောင် ဖြစ်ပြီး ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးများ ထူထပ်သည်။

ခေါင်းတုံးပြောင်ကြီးသည် အခန်းနံရံကို ကျောမှီကာ ထိုင်နေသည်။

သူ၏ဘယ်လက်မှာမူ တံတောင်ဆစ်နေရာမှ ပြတ်နေသည်။

ဒဏ်ရာကို ပိတ်စတစ်ခုဖြင့် ပတ်တီးစည်းထားသည်။

ပတ်တီးမှ သွေးများ ယိုစိမ့်ထွက်နေသည်ကို မြင်နိုင်သည်။

ညာဘက်လက်တွင်မူ ဓားပျံတစ်လက် ကိုင်ထားသည်။

မျက်လုံးများက ဒေါသရောင်ဖြင့် တလက်လက် တောက်နေသည်။ ကြောင်ရိုင်းတစ်ကောင်၏ မျက်လုံးမျိုး။

ရုပ်ရည်သွင်ပြင်မှာ တိဗက်လူမျိုးနှင့် တူသည်။

ဝတ်ထားသော အဝတ်အစားကလည်း တိဗက်လားမားများ ဝတ်လေ့ရှိသည့် အဝတ်အစားမျိုး ဖြစ်သည်။

"ခင်ဗျားက တိဗက်လားမားတစ်ယောက်ကိုး"

ခေါင်းတုံးပြောင်ပြောင်ကြီး၏ အသွင်အပြင်ကို အကဲခတ်ကြည့်ပြီးနောက် ဝမ်ကျက်က ပြောလိုက်သည်။

"မင်းတို့ကို ဟိုအဘွားကြီးက လွှတ်လိုက်တာ မဟုတ်ဘူးဆိုယင် ကျုပ်ကို ဘာမှ မေးမြန်းနေစရာ မလိုပါဘူး၊ မင်းတို့ ဒီနေရာက မြန်မြန်ထွက်သွားကြယင် ပြီးတာပဲ၊ မင်းတို့ကို ကျုပ် ရန်မမူဘူး၊ မင်းတို့ကလဲ ကျုပ်ကို အနှောင့်အယှက် မပေးနဲ့"

ခေါင်းတုံးပြောင်ကြီးက ပြန်ပြောသည်။

ဤစကားအရ ခေါင်းတုံးပြောင်ကြီးကို လူတစ်စုက လိုက်လံတိုက်ခိုက် ရန်ပြုနေကြောင်း ဝမ်ကျက် နားလည်လိုက်သည်။



သို့သော် ခေါင်းတုံးပြောင်ကြီး ပြောသော အဘွားကြီး ဆိုသည်ကိုကား ဝမ်ကျက် မသိ။

"ခင်ဗျား ပြောတဲ့ အဘွားကြီးဆိုတာက ဘယ်သူလဲ"

ဝမ်ကျက်က ထပ်မေးသည်။

ခေါင်းတုံးပြောင်ကြီးက ဘာမျှ ပြန်မပြော။

တောက်ပြောင်သော မျက်လုံးကြီးများဖြင့် ဝမ်ကျက်ကို ကြည့်နေသည်။

"ကျွန်တော့်နာမည် ဝမ်ကျက်၊ အပြင်က လူတွေက ကျွန်တော့်မိတ်ဆွေတွေ၊ ခင်ဗျားပြောတဲ့ အဘွားကြီးဆိုတာနဲ့ ကျွန်တော်တို့ ဘယ်လိုမှ မပတ်သက်ဘူး"

ဝမ်ကျက်က ပြောသည်။ ခေါင်းတုံးပြောင်ကြီး၏ ခက်ထန်တင်းမာသော မျက်နှာအမူအရာ အနည်းငယ်လျော့သွားသည်။

"တာ့ယွင်မြို့က ရာဇဝတ်အုပ်ဝမ်ကျက်ဆိုတာလား"

ခေါင်းတုံးပြောင်ကြီးက ပြန်မေးသည်။

"ဟုတ်ပါတယ်"

"အင်း..ဒါဆိုယင် ဟိုအဘွားကြီးနဲ့ မင်းတို့ ဘယ်လိုမှ မပတ်သက်ကြဘူးပေါ့၊ မင်းတို့လူတစ်ယောက် ကျုပ်လက်ချက်မိသွားရတာကို စိတ်မကောင်းပါဘူး"

"ခင်ဗျားနာမည် ဘယ်သူလဲ"

"ကျုပ်နာမည် ကြာဆာကို၊ အနီရောင်ဝတ်ရုံဝတ် လားမား

တစ်ယောက်ပဲ"

ဝမ်ကျက်သည် တိဗက်နယ်သို့ မရောက်ဘူးသော်လည်း တိဗက်လားမားများတွင် အနီရောင်ဝတ်ရုံဝတ်နှင့် အဝါရောင်ဝတ်ရုံဝတ်များဟု နှစ်ဂိုဏ်းရှိကြောင်းနှင့် အနီရောင်ဝတ်ရုံဝတ် လားမားဂိုဏ်းတွင် 'ကြာ'ဝါစဉ်မှာ ဒုတိယတန်းအဆင့်တွင် ရှိကြောင်းကိုမူ ဗဟုသုတအဖြစ် ကြားဖူးထားသည်။

"ခင်ဗျားဟာ တိဗက်က အရေးပါတဲ့ လားမားတစ်ယောက်ဖြစ်ပြီး ဘာအကြောင်းကြောင့် ဒီနေရာမှာ လာပြီး ဒဏ်ရာအနာတရဖြစ်နေရတာလဲ"

"ကျုပ်ဟာ ဦးစီးလားမားကြီးရဲ့ အမိန့်အရ အရေးကိစ္စတစ်ခု ဆောင်ရွက်ဖို့ ဒီကို ရောက်နေတာပါ၊ လွန်ခဲ့တဲ့ နှစ်ရက်က လိပ်ပြာကန်မှာ.."

ကြာဆာကိုသည် စကားကို ဆုံးအောင် မပြော။

တစ်ဝက်တစ်ပျက်နှင့် ရပ်ထားသည်။

လိပ်ပြာကန်ဟူသောအမည်ကို ကြားလိုက်ရသည်တွင် ကြာဆာကို ပြောနေသော 'အဘွားကြီး'ဆိုသူမှာ စစ်တုရင်ဧကရီများ ဖြစ်လေမည်လားဟု ဝမ်ကျက်၏စိတ်ထဲဝယ် တွေးလိုက်မိသည်။

"ခင်ဗျားက စစ်တုရင်ဧကရီလို့ခေါ်တဲ့ လိပ်ပြာကန်က နဂါးမယ်နဲ့ တွေ့ပြီး ဒဏ်ရာအနာတရ ဖြစ်ခဲ့တာကိုး"

ဝမ်ကျက်က ပြောလိုက်သည်။



ကြာဆာကို မျက်နှာတစ်ချက် ပျက်သွားသည်။

"မင်းက နဂါးမယ်ကို သိသလား"

ကြာဆာကိုက ဝမ်ကျက်ကို မျက်မှောင်ကြုတ်ကြည့်ပြီး မေးသည်။

"ဟုတ်ကဲ့ သိပါတယ်"

"သူနဲ့ မင်းနဲ့ ဘယ်လိုပတ်သက်မှု ရှိသလဲ"

"သူနဲ့တော့ ဘယ်လိုမှ မပတ်သက်မှု မရှိခဲ့ပါဘူး၊ ဒါပေမယ့် စစ်တုရင်ဧကရာဇ်နဲ့တော့ တွေ့ဖူးဆုံဖူး စကားပြောဖူးတယ်"

"ဟာ..မဟုတ်တာ စစ်တုရင်ဧကရာဇ် သေဆုံးသွားတာ အနှစ်နှစ်ဆယ်ကျော်နေပြီ မင်းက သူနဲ့ ဘယ်လိုလုပ်တွေ့ဆုံပြီး စကားပြောဖူးမှာလဲ"

"စစ်တုရင်ဧကရာဇ်ဟာ မသေသေးပါဘူး၊ အခုထက်ထိ အသက်ရှင်လျက် ရှိနေပြီး လိပ်ပြာကန်က မိစ္ဆာလေပွေကျွန်းအောက်က မြေအောက်လှိုဏ်ဂူကြီးထဲမှာ နေနေပါတယ်၊ ကျွန်ုပ်ဟော် ကိုယ်တိုင် သူ့ကို အဲဒီမှာ တွေ့ခဲ့ရတာပါ"

"မဖြစ်နိုင်ဘူး၊ စစ်တုရင်ဧကရာဇ်ဟာ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်က သူတစ်ပါး လက်ချက်နဲ့ သေဆုံးသွားခဲ့တယ်လို့ ကျုပ်တို့ သေသေချာချာ သတင်းရထားတယ်၊ ဒီသတင်း မမှားနိုင်ဘူး"

"ခင်ဗျားတို့ ဘယ်လိုပဲ သတင်းရထားထား ကျွန်တော်ကိုယ်

တိုင်က စစ်တုရင်ကေရာဇ်ကို လွှန်ခဲ့တဲ့ တစ်ရက်နှစ်ရက်က တွေ့ခဲ့ရတာကလဲ အမှန်ပဲ"

"မင်းတွေ့ခဲ့တဲ့လူက သူ့ကိုယ်သူ လိပ်ပြာကန်သခင်လို့ကော ပြောသေးလား"

"အဲဒါကိုတော့ သူက ဝန်မခံဘူး၊ ဒါပေမယ့် ငြင်းလဲ မငြင်းဘူး"

"မင်းတွေ့ခဲ့တဲ့ စစ်တုရင်ကေရာဇ်က အသက်ဘယ်လောက် ရှိပြီလဲ"

"အသက်လေးဆယ်ဝန်းကျင်လောက် ရှိမယ်"

"ဒါဆိုယင် မင်းမှားနေပြီ၊ အခုအချိန်မှာ စစ်တုရင်ကေရာဇ်ဟာ အသက်ကိုးဆယ်ကျော် တစ်ရာနီးပါးတော့ ရှိနေပြီ"

"ဒါဖြင့် အဲဒီလူက ဘယ်သူလဲ"

"အဲဒါကိုတော့ ကျုပ်ဘယ်သိမှာလဲ၊ ကျုပ် လိပ်ပြာကန်ကို ရောက်တုန်းက စစ်တုရင်ကေရီဆိုတဲ့ နဂါးမယ်အဘွားကြီးနဲ့ပဲ တွေ့ခဲ့တယ်၊ မင်းပြောတဲ့ လူကိုတော့ မတွေ့ခဲ့ရဘူး"

"ဦးစီးလားမားကြီးက ခင်ဗျားကို တာဝန်ပေးစေခိုင်းလိုက်တဲ့ကိစ္စက စစ်တုရင်ကေရီတို့နဲ့ ပတ်သက်နေသလား"

"အဲဒါကို ကျုပ်အဖြေမပေးနိုင်ဘူး"

"ခင်ဗျားရဲ့တာဝန်က စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့ကို ဖြိုခွင်းချေမှုန်းဖို့ဆိုယင် ကျုန်တော်တို့လဲ ဝိုင်းအကူအညီ ပေးနိုင်ပါတယ်"



"နေပါစေ၊ ကျုပ်တို့က သူတစ်ပါးရဲ့ အကူအညီ မလိုပါဘူး"

"အခု ခင်ဗျားက တာဝန်ကျေပွန်အောင် မလုပ်ဆောင်နိုင်တဲ့အပြင် ခင်ဗျားရဲ့ လက်တစ်ဘက်ပြတ်ပြီး ဒဏ်ရာရနေပြီ၊ ဒီတော့ ခင်ဗျား ဘာဆက်လုပ်မလဲ"

"ကျုပ် တိဗက်ကို ပြန်မယ်၊ ဦးစီးလားမားကြီးကို အကြောင်းစုံ တင်ပြမယ်"

"စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့ဟာ တစ်နှစ်တစ်ခါ မိစ္ဆာလေပွေကျွန်းပေါ်မှာ စစ်တုရင် ယှဉ်ထိုးကြတယ်၊ အဲဒီလို ယှဉ်ထိုးကြတဲ့အခါ လူတွေကို စစ်တုရင်ရုပ်အဖြစ် လုပ်တယ်၊ သူတို့ကိုယ်တိုင်ကတော့ မင်းကြီးနေရာမှာ ယူကြတယ်"

"ဒီအကြောင်းကို ကျုပ်တို့ သိထားပါတယ်"

"သူတို့က ဘာကြောင့် လူတွေကို စစ်တုရင်ရုပ်အဖြစ် အသုံးချရတာလဲ"

"အဲဒါကိုတော့ ကျုပ်တို့ စိတ်မဝင်စားလို့ မသိဘူး"

"ဒါဖြင့် ခင်ဗျားတို့က ဘာအကြောင်းကို စိတ်ဝင်စားတာလဲ"

"ဒီမယ် မင်းက ကျုပ်ဆီက စကားအစ်အောက်နှိုက်ထုတ်ကြည့်ဖို့ မကြံနဲ့"

"စစ်တုရင်ကေရီက ခင်ဗျားတို့နဲ့ ဘယ်လိုပတ်သက်မှု ရှိနေလဲ"

"သူတို့က သစ္စာဖောက်တွေ"

"သူတို့ဟာ အနီရောင်ဝတ်ရုံဝတ် လားမားဂိုဏ်းဝင်တွေ ဖြစ်ပြီး ဂိုဏ်းသစ္စာဖောက်သွားတယ်လို့ ဆိုလိုတာလား"

"ဟုတ်တယ်"

"ဘယ်လိုသစ္စာဖောက်တာလဲ"

"အသေးစိတ်မမေးနဲ့၊ မပြောနိုင်ဘူး၊ ကဲ...ကဲ၊ မင်းနဲ့ စကားပြောတာ အတော်များနေပြီ၊ မင်းတို့ ဒီဘုရားကျောင်းပျက်မှာ တည်းခိုနားနေချင်တယ်ဆိုယင်လဲ နေကြ၊ ကျုပ်အခြားတစ်နေရာကို သွားမယ်"

ဤသို့ ပြောပြီးနောက် ကြာဆာကိုသည် ထိုင်နေရာမှ ထရပ်သည်။

"နေပါအုံးလေ"

ဝမ်ကျုက်က ဟန့်တားလိုက်သည်။

"မင်းက ကျုပ်ကို တားမလို့လား"

"ကျွန်တော်တို့ဟာ စစ်တုရင်ဧကရာဇ်နဲ့ ဧကရီတို့ အကြောင်းကို သိချင်နေပါတယ်၊ ခင်ဗျားသိထားတဲ့ သူတို့အကြောင်းကို ပြောပြပါ၊ ဒါဆိုယင် ကျွန်တော့်မိတ်ဆွေတစ်ယောက်ကို ထိခိုက်အနာတရဖြစ်အောင် လုပ်ခဲ့တာကို ကျွန်တော်တို့ မေ့ပစ်လိုက်မယ်၊ အရေးမယူတော့ဘူး"

"တကယ်လို့ ကျုပ်က ပြောမပြဘူးဆိုယင်ကော"



"ဒါဆိုယင်တော့ ကျွန်တော်တို့က ခင်ဗျားကို အလွယ်နဲ့ ထွက်သွားခွင့် မပေးနိုင်ဘူး၊ တတ်နိုင်သမျှ ဟန့်တားရမှာပဲ၊ ခင်ဗျား အစွမ်းရှိယင် တိုက်ခိုက်ထိုးဖောက်ထွက်ပေတော့"

"အင်း...တယ်ဟုတ်ပါလား၊ ကောင်းပြီ မင်းတို့ တားနိုင်မယ်ထင်ယင် စမ်းကြည့်ပေါ့"

ဤသို့ပြောပြီးသည်နှင့် ကြာဆာကိုက ညာဘက်အင်္ကျီလက်မောင်းကို တစ်ချက်ဝှေ့ယမ်းလိုက်သည်။

အင်္ကျီစဝှေ့ယမ်းသည့် အရှိန်အဟုန်က အတော်ပြင်းထန်သည်။

အင်္ကျီစသည် ကြာပွတ်တစ်ခုပမာ ဝမ်ကျုက် ရှိရာသို့ တန်း[illegible]လာသည်။

ဝမ်ကျုက် နောက်သို့ ခြေလှမ်းဆုတ်ကာ ရှောင်ပြီး ဓားရှည်[illegible] တစ်ချက်ဝင့်လိုက်သည်။

ရိုပ်ကနဲ လှုပ်ရှားမှုတစ်ခု မြင်လိုက်ရပြီးနောက် သူ့ရှေ့တွင် ကြာဆာကို မရှိတော့ဘဲ ပျောက်သွားသည်။

ဘုရားကျောင်းပျက် အပြင်ဘက်မှ ပိုင်ရင်ဟုန်၏ အော်[illegible]ဟစ်သံကို ဝမ်ကျုက် ကြားလိုက်ရသည်။

ကြာဆာကို[illegible] အစွမ်းထက်မြက်သော ကိုယ်ဖော့ပညာကို[illegible]သုံးကာ ဘုရားကျောင်းပျက် အပြင်ဘက်သို့ လျင်မြန်စွာ တိုးထွက်[illegible]သွားသည်ကို ပိုင်ရင်ဟုန်က အပြင်မှ ဆီးကြိုဟန့်တားတိုက်ခိုက်နေ

ခြင်းဖြစ်ကြောင်း ဝမ်ကျက် သိလိုက်သည်။

ဝမ်ကျက်သည် ပိုင်ရင်ဟုန်အတွက် စိုးရိမ်မိပြီး ဘုရားကျောင်းပျက် အပြင်ဘက်သို့ ပြေးထွက်လာခဲ့သည်။

* * *

ဝမ်ကျက် ဘုရားကျောင်းပျက် အပြင်သို့ ပြေးထွက်လာခဲ့သည်။

ဘုရားကျောင်းပျက် အပြင်ဘက်သို့ ဝမ်ကျက် ရောက်သွားသောအခါတွင် ပိုင်ရင်ဟုန်နှင့် ကြာဆာကိုတို့နှစ်ယောက်မှာ မိုးပေါ်သို့ ခုန်လွှားနေရာမှ မြေပြင်သို့ ပြန်ကျလာကြသည်ကို တွေ့ရသည်။

ကြာဆာကိုသည် မြေပြင်ပေါ်ဝယ် ခြေနှစ်ဘက်ချကာ တည်ငြိမ်စွာ ရပ်လိုက်နိုင်သည်။

ပိုင်ရင်ဟုန်ကမူ မြေကြီးပေါ်သို့ ကျသည်နှင့် နောက်သို့ ခြေလှမ်း(၅)လှမ်းခန့် ဆုတ်ကာ ဟန်ချက်ကို ထိန်းပြီးမှ ရပ်နိုင်သည်။

"မိန်းကလေး၊ မင်းက စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့နဲ့ ဘယ်လိုပတ်သက်သလဲ ဘာတော်သလဲ"

ကြာဆာကိုက တအံ့တဩ မေးသည်။

"သူတို့နဲ့ ကျွန်မ ဘယ်လိုမှ မပတ်သက်ဘူး"

ပိုင်ရင်ဟုန်က ပြန်ဖြေသည်။



"ဒီလိုဆိုယင် မင်း အခုနက သုံးလိုက်တဲ့ လိပ်ပြာဆယ့်ရှစ်ကွက် ကိုယ်ဖော့ပညာကို ဘယ်သူက သင်ပေးထားတာလဲ"

"ကျွန်မအမေ သင်ပေးတာပေါ့၊ ဟင်...ရှင်က ကျွန်မ အသုံးပြုတာ လိပ်ပြာဆယ့်ရှစ်ကွက် ကိုယ်ဖော့ပညာမှန်း ဘယ်လိုလုပ်သိသလဲ"

"မင်းအမေက ဘယ်သူလဲ"

"ဖေယွင်"

"မင်းအဖေကကော"

"ပိုင်ရင်ဟုန် သူမေးတာတွေကို အရမ်းအဖြေမပေးနဲ့"

ဝမ်ကျက်က ကမန်းကတန်း ကြားဝင်ကာ ဟန့်တားလိုက်သည်။

"ရှင်မေးတာကို ကျွန်မ မဖြေနိုင်ဘူး"

ဝမ်ကျက် သတိပေး ဟန့်တားလိုက်သည့်အတွက် ပိုင်ရင်ဟုန်ကလဲ ကြာဆာကို မေးသည်ကို မဖြေဘဲ ငြင်းလိုက်သည်။

"ပြောစမ်း၊ မင်းအဖေ ဘယ်သူလဲ၊ ပြောစမ်း"

ကြာဆာကိုက ခက်ထန်စွာ အော်ဟစ်မေးမြန်းပြန်သည်။

"မဖြေနိုင်ဘူးလို့ ပြောပြီးပြီ မဟုတ်လား"

"တောက်.."

ကြာဆာကိုသည် ဒေါသတကြီး တောက်တစ်ချက်ခေါက်ပြီးနောက် ရှေ့သို့ လွှားကနဲ ခုန်တက်ကာ ပိုင်ရင်ဟုန်၏ ဘယ်ဘက်ပခုံး

ကို လှမ်းဆုပ်ဖမ်းလိုက်သည်။

ဤတွင် ဝမ်ကျက်ကလည်း အပြေးဝင်ရောက်လာကာ ကြာဆာကို၏ နောက်ကျောကို ဓားဖြင့် ပိုင်းချလိုက်သည်။

ကြာဆာကိုသည် နောက်ကျောတွင် မျက်စိပါသကဲ့သို့ နောက်သို့ လှည့်မကြည့်ဘဲနှင့် ဓားချက်ကို သိပြီး ဘေးသို့ ကိုယ်ခန္ဓာကို အသာတိမ်းကာ ကပ်ရှောင်သည်။

ဓားချက်က သီသီလေး လွဲထွက်သွားသည်။

ဝမ်ကျက်၏ဓားချက်ကို ရှောင်ယင်းက ပိုင်ရင်ဟုန်ကို လှမ်းကုတ်ဆွဲသည့် အကွက်ကိုလည်း မပျက်စေဘဲ ဆက်၍ လက်လှမ်းလိုက်သည်။

ဝမ်ကျက်၏ ဓားကြာသိုင်းမှာ သိုင်းလောကတွင် နာမည်ကြီးသော ဓားသိုင်းတစ်ခု ဖြစ်သည်။

ဓားစကြာသိုင်းဖြင့် တိုက်ခိုက်လာမှုကို ယခုလို လွတ်ရုံရှောင်ကာ ဆက်လက်တိုက်ခိုက်မှု ပြုနိုင်ခြင်းမျိုး တစ်ကြိမ်တစ်ခါမျှ မရှိသေးပေ။

ရှောင်လျှင် တိုက်ကွက်ကို ရုပ်သိမ်းကာ ကိုယ်လွတ်ရန်းရှောင်မှသာ လွတ်နိုင်သည်။

ပထမဓားချက် မထိမိဘဲ လွတ်ထွက်သွားသည်တွင် ဝမ်ကျက်က ဒုတိယဓားချက်ကို ထပ်ဆင့်ထုတ်သုံးကာ ဆက်၍ ခုတ်ပိုင်းလိုက်ပြန်သည်။



ထိုအချိန်တွင် ကြာဆာကို၏လက်မှာ ပိုင်ရင်ဟုန်၏ ဘယ်ဘက်ပခုံးပေါ်မှ 'လက်ဝဲရေစီး' သွေးကြောကွက်နေရာကို ဖမ်းချုပ်လုဆဲဆဲ ဖြစ်နေသည်။

ဝမ်ကျက်၏ဓားချက်ကလည်း ကြာဆာကို၏ ခြေထောက်ကို ခုတ်ဖြတ်မိလုနီးပါး ဖြစ်နေရာ ကြာဆာကိုသည် ပိုင်ရင်ဟုန်ကို ကုတ်ဆွဲခြင်း မပြုတော့ဘဲ ကိုယ်လုံးကို လှည့်ကာ ဘေးသို့ လွှားကန်ခုန်ရှောင်လိုက်သည်။

အရှောင်တွင် ခြေထောက်ကို ဆတ်ကနဲ ကန်ထုတ်ပြီး တန်ပြန်တိုက်ကွက် ဆင်လိုက်လေသေးသည်။

ကြာဆာကို၏ ခြေကန်ချက်က ဝမ်ကျက်၏ ရင်ဘတ်သို့ တန်းဝင်လာသည်။

ကြည့်နေသူများ အံ့သြကြရပြန်သည်။

ဝမ်ကျက်၏ ဓားစကြာသိုင်းဖြင့် တိုက်ခိုက်မှုကို လွတ်အောင် ရှောင်နိုင်သည့်အပြင် တန်ပြန် တိုက်စစ်ဆင်နိုင်သူမှာ ပို၍ပင် ...ားသည်။

ကြာဆာကို၏ သိုင်းပညာစွမ်းရည် မြင့်မားပုံကို သူတို့ ချီး...မ်းမိကြသည်။

ဝမ်ကျက်မှာလည်း တိုက်ပွဲ အတွေ့အကြုံ ပြည့်ဝနေသူမို့ ...ြာဆာကို၏ တန်ပြန်တိုက်ခိုက်မှုကို ရင်ဆိုင်နိုင်သည်။

ဝမ်ကျက်သည် ဓားချက်ကို ချက်ချင်းရုပ်သိမ်းကာ ကိုယ်

ခန္ဓာကို မြေဝယ်လှိမ့်ကာ ရှောင်လိုက်သည်။

ကြာဆာကို၏ ခြေကန်ချက်မှ ဝမ်ကျက် လွတ်သွားသည်။

ကြာဆာကိုသည် ပိုင်ရင်ဟုန်ကို မတိုက်ခိုက်တော့ဘဲ ဝမ်
ကျက်ကို ဖိ၍ တိုက်သည်။

ဝမ်ကျက်မှာ မြေပြင်ပေါ်မှ ပြန်မထနိုင်။

လူးလှိမ့်ယင်း ကြာဆာကို၏ အတိုက်အခိုက်ကို အသေ
အလဲ ခုခံတိမ်းရှောင်နေရသည်။

ဝေကြံရှန်တို့လူစုမှာ ဝမ်ကျက် အလူးအလဲ ခံနေရသည်ကို
မြင်ရသောအခါ ငြိမ်မနေသာတော့ဘဲ လက်နက်ကိုယ်စီ စွဲကိုင်ကာ
ကြာဆာကိုကို ဝိုင်းဝန်းတိုက်ခိုက်ကြလေတော့သည်။

ဝေကြံရှန်တို့လူစု ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် ဝမ်ကျက်
အပေါ် ဖိနှိပ်တိုက်ခိုက်နေသည့် ကြာဆာကို၏တိုက်စစ်မှာ အားပျော့
သွားသည်။

ဝမ်ကျက်အဖို့ မြေပြင်ဝယ် လူးလှိမ့်ရှောင်နေရာမှ ပြန်လည်
ထရပ်လာနိုင်သည်။

ကြာဆာကိုသည် ဝမ်ကျက်အား တိုက်ခိုက်နေမှုကို ရပ်၍
လေထဲသို့ လွှားကနဲခုန်ကာ ဝေကြံရှန်တို့လူစု ဝိုင်းရံထားမှုကို ထိုး
ဖောက်ထွက်သည်။

ကြာဆာကို ခုန်လွှားထွက်သွားနေရာဘက်တွင် ရှိနေသူ ဖိန်
ဖောင်သည်လည်း ချက်ချင်းပင် လေထဲသို့ ခုန်တက်ကာ ကြာဆာကို



ကို ဓားရှည်ဖြင့် ဆီး၍ ခုတ်ပိုင်းလိုက်သည်။

ဓားရောင်လက်သွားသည်။

"ဖုန်း"

လက်ဝါးရိုက်သံတစ်ချက် ပေါ်လာသည်။

ဖိန်ဖောင်၏ဓားချက်က ကြာဆာကိုကို မထိ။

ကြာဆာကို၏ ရိုက်ထုတ်လိုက်သော လက်ဝါးရိုက်ချက်သာ
ဖိန်ဖောင်၏ ရင်ဘတ်ကို ထိမိသည်။

ဖိန်ဖောင်မှာ ကြိုးပြတ်သော စွန်ရဲသို့ လွင့်ထွက်သွားသည်။

ဖိန်ဖောင်၏ညာဘက်နားဝယ် နေရာယူထားသူ ကြို့ဝင်းက
အချိန်မီ လွှားကနဲခုန်ကာ အမြင့်မှ ကျလာသော ဖိန်ဖောင်ကို အသာ
ဆီး၍ အရှိန်သတ်ပေးသည်။

ဖိန်ဖောင်မှာ ပုံပျက်ပန်းပျက် မဟုတ်တော့ဘဲ မြေပြင်ဝယ်
ညင်သာစွာ ကျလာသည်။

အကျမဆိုးသော်လည်း လက်ဝါးရိုက်ချက် အထိခံရသည်
မှာမူ မသက်သာ။

ဖိန်ဖောင်သည် ကောင်းစွာ မရပ်နိုင်ဘဲ ဖင်ထိုင်လျက်သား
လဲကျသွားသည်။

ထိုအချိန်မှာပင် လင်ရိကျင်နှင့် ကိုးလုံတို့နှစ်ယောက်သည်
မြေပြင်ပေါ် ပြန်ကျလာသော ကြာဆာကိုကို ဘယ်ညာညှပ်ကာ ဝိုင်း
ဝန်းတိုက်ခိုက်ကြသည်။

နှစ်ယောက်ညှပ် အတိုက်ခံရသော်လည်း ကြာဆာကိုက အရေးမထား။

ခပ်ပေါ့ပေါ့တစ်ချက်ရယ်ပြီး လှစ်ကနဲ ကိုယ်ဟာန်လှုပ်ရှား တိမ်းရှောင် နေရာပြောင်းကာ လင်ရိကျောင်နှင့် ကိုးလုံတို့နှစ်ယောက်၏ ဝိုင်းညှပ်တိုက်ခိုက်မှုမှ အလွတ်ရုန်းထွက်သွားသည်။

ဤသို့ တိမ်းရှောင်ယင်းက လင်ရိကျို၏ နောက်ကျောကို လက်ဝါးဖြင့် လှမ်းရိုက်လိုက်သေးသည်။

"လင်ရိကျောင်..သတိထား"

ဝမ်ကျောက်က လှမ်းအော်သတိပေးပြီး ကြာဆာကိုကို ဓား ဖြင့် ဘေးမှ အတင်းဝင် ခုတ်ပိုင်းသည်။

ဝမ်ကျောက် တိုက်ခိုက်လာသည့်အတွက် ကြာဆာကိုမှာ လင် ရိကျောင်ကို လက်ဝါးဖြင့် မရိုက်နိုင်တော့။

လက်ဝါးရိုက်ချက်ကို ရုပ်သိမ်းပြီး ကိုယ်ကို အသာတိမ်းပဲ့ ကာ ဘယ်ခြေကို ဆန့်၍ ကန်ထုတ်လိုက်သည်။

ကြာဆာကို၏ခြေကန်ချက်က ဝမ်ကျောက်၏ ဓားရှည်နောက် ကျောဘေးဘက်ကို ကန်မိသည်။

ခြေကန်ချက်ကြောင့် ဓားရှည်မှာ တုန်ခါသွားသည်။

ဝမ်ကျောက်၏လက်ထဲမှ လွတ်လုမတတ်ပင် ဖြစ်သွားသည်။

ပိုင်ရင်ဟုန် ပြေးဝင်လာပြီး ကြာဆာကို၏ခါးဆစ်မှ ပျော့ခွေ ကြောကို ထိုးပိတ်ဖို့ ကြိုးစားသည်။



ကြာဆာကို အသာရှောင်ထွက်သွားသည်။

ဝမ်ကျောက်ကို ထပ်မံကာ မတိုက်ခိုက်နိုင်တော့။

ဝမ်ကျောက်ကလည်း ဓားကို တစ်ချက်ဝင့်ကာ ကြာဆာကို အား ဆက်လက်တိုက်ခိုက်သည်။

ဤသို့ဖြင့် ဝမ်ကျောက်နှင့် ပိုင်ရင်ဟုန်တို့နှစ်ယောက်က ကြာ ဆာကိုအား ဘယ်ညာဝိုင်းညှပ်ကာ တိုက်ခိုက်သည့် အခြေအနေသို့ ရောက်သွားသည်။

ထိုအခိုက်တွင် ကျန်လူများ ဖြစ်ကြသော ဝေကြဲရှန်၊ လင်ရိ ကျောင်၊ ကြင်ကျောင်ချန်၊ ကြိုဝင်း၊ ကိုးလုံနှင့် ခန်ချုံးရွဲ၊ ကျုံးစန်အူ၊ တိ ပေါင်၊ ကြန်းဟာန့်တို့(၉)ယောက်ကမူ ဘေးဘက်မှ ဝိုင်းရံထားကြပြီး ကြာဆာကို အပြင်သို့ ထိုးဖောက်ထွက်လာသည့်အခါတွင် ဝိုင်းဝန်း ပိတ်ဆို့ တိုက်ခိုက်ပေးကြသည်။

သူတို့လူစုတွင် ဝမ်ကျောက်၊ ပိုင်ရင်ဟုန်နှင့် အိုက်တုဟောက် တို့သုံးယောက်မှာ သိုင်းပညာ အကောင်းဆုံး ဖြစ်သည်။

အိုက်တုဟောက်သည် ဓားပျံအထိခံထားရပြီး ဒဏ်ရာသိပ် မပြင်းသော်လည်း တိုက်ပွဲဝင်နိုင်သည့် အခြေအနေတွင် မရှိ။

ဘေးမှသာ ရပ်ကြည့်နေရသည်။

ယခု ဝမ်ကျောက်နှင့် ပိုင်ရင်ဟုန်တို့နှစ်ယောက် ပူးပေါင်းကာ ကြာဆာကိုအား ကျန်လူကိုးယောက်က ဘေးမှရံကာ အားဖြည့်ပေး နေသော်လည်း ကြာဆာကိုအား ဖိနှိပ်အနိုင်ယူနိုင်ခြင်း မရှိသေး။

အကြိတ်အနယ် တိုက်ခိုက်နေကြရဆဲ ဖြစ်သည်။

ကြာဆာကို၏ သိုင်းကွက်သိုင်းဟန်များမှာ ဆန်းပြား အစွမ်းထက်မြက်သည့်အပြင် အတွင်းအားလည်း အလွန်ပင် မြင့်မား ကောင်းမွန်သည်။

အများနှင့်တစ်ယောက် တိုက်ခိုက်နေရသော်လည်း အား အင်မကုန်။ အားမလျော့။

အကြိတ်အနယ်ပင် ရင်ဆိုင်တိုက်ခိုက်နိုင်စွမ်း ရှိနေသည်။

"ရှင်တို့ နောက်ဆုတ်လိုက်ကြ၊ သူ့ကို ကျွန်မတို့ တိုက်ခိုက်မယ်"

အကြိတ်အနယ် တိုက်ခိုက်နေကြဆဲဝယ် မှောင်ရိပ်ထဲမှ လှမ်းအော်ပြောလိုက်သောအသံ ပေါ်လာသည်။

* * *

မှောင်ရိပ်ထဲမှ အော်သံပေါ်လာသည်။

အော်သံနှင့်အတူ လူရိပ်လေးခု လျှပ်ရှားရောက်ရှိလာသည်။

အနက်ရောင်ဝတ်စုံဝတ်ကာ ဓားရှည်ကိုယ်စီ ကိုင်ထားကြသည့် မိန်းမပျိုလေးယောက်။

မိန်းမပျိုလေးယောက်သည် ချက်ချင်းပင် ကြာဆာကို၏ အရှေ့အနောက် ဝဲယာလေးဘက်လေးတန်မှ ပိုင်းလိုက်ကြသည်။



မိန်းမပျိုလေးယောက်လုံး ရုပ်ရည်ချောမောပြီး ကိုယ်လုံး ကိုယ်ထည် တောင့်တင်းအချိုးကျသည်။

အကယ်၍ အနက်ရောင်သိုင်းဝတ်စုံများဝတ်ပြီး ဓားရှည် များသာ ကိုင်ဆောင်မထားကြလျှင် မိုးပေါ်မှ ကျလာသည့် နတ်မိ မယ်များဟု ထင်မှတ်မှားဖွယ်ရာပင်။

ထိုမိန်းမပျိုလေးယောက်ကို မြင်လိုက်သည်နှင့် ကြာဆာကို ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

ကြာဆာကိုသည် မီးခြိမ်းသံလို အသံကြီးဖြင့် အော်ဟစ် ကြိမ်းဝါးပြီး သူ၏အရှေ့ဘက်တွင် ရှိနေသည့် မိန်းမပျိုကို လက်ဝါး ဖြင့် တအားလှမ်းရိုက်သည်။

လက်ဝါးရိုက်ချက် အားအဟုန်က ပြင်းထန်လှသည်။

ကြာဆာကို၏ အရှေ့ဘက်တွင် ရှိနေသော မိန်းမပျိုသည် ကိုယ်ဟန်ကို လှပစွာနွဲ့ကာ နောက်သို့ ခုန်ဆုတ်သွားသည်။

ထိုအချိန်တွင် ကြာဆာကို၏ဝဲယာ အနောက်ဘက်တို့တွင် ရှိနေကြသော ကျန်မိန်းမပျိုသုံးယောက်သည် အရိပ်ပမာ ကြာဆာကို ၏နောက်မှ ကပ်လိုက်လာကြသည့်အတွက် ကြာဆာကိုမှာ မိန်းမပျို များ၏ ပိုင်းရံထားမှုမှ လွတ်အောင် မထွက်နိုင်ပေ။

ကြာဆာကို နောက်သို့ ကပ်လိုက်လာကြသော မိန်းမပျိုသုံး ယောက်တို့၏ ဓားများက ကြာဆာကို၏ လည်ကုပ်မှ 'ကြယ်စုသွေး ကြော'၊ ညာဘက်ပခုံးမှ 'လယ်ယာရေစီးသွေးကြော'၊ ဘယ်ဘက်ပခုံး

မှ 'လက်ဝဲရေစီးသွေးကြော'တို့ကို ပြိုင်တူ ဖိထောက်လိုက်ကြသည်။

ကြာဆာကို ရှေ့သို့ ဆက်မတက်လှမ်းနိုင်တော့။

မြေကြီးပေါ် လဲကျသွားသည်။

ကြာဆာကိုလို သိုင်းပညာ မြင့်မားပြီး ကြမ်းကြမ်းရမ်းရမ်း တိုက်ခိုက်တတ်သူကို ရိုးရိုးအကြောပိတ်နည်းဖြင့်ပင် အကြောပိတ် အနိုင်ယူရန် မလွယ်ကူပေ။

ယခု မိန်းမပျိုလေးများက ဓားဖျားဖြင့်ပင် ဖိထောက်ကာ အကြောပိတ်လိုက်နိုင်သောကြောင့် မိန်းမပျိုများ၏ သိုင်းပညာစွမ်းရည် မည်မျှမြင့်မားကြောင်း အကဲခတ် သိရှိနိုင်သည်။

ဤအဖြစ်ကို မြင်တွေ့ရသော ဝမ်ကျက်တို့လူစုမှာ အံ့အားသင့်သွားကြသည်။

သူတို့လူစု လူအင်အားဖြင့် ဝိုင်းဝန်းတိုက်ခိုက်သည့် တိုင် အောင် ကြာဆာကိုကို အမိဖမ်းအနိုင်မယူနိုင်ဘဲ သူတို့ဘက်မှ လူ နှစ်ယောက် ကြာဆာကို လက်ချက်ထိကာ ဒဏ်ရာခဲ့သည်။

ယခု မိန်းမပျိုလေးများက စတင်တိုက်ခိုက်ပြီး အချိန် အနည်းငယ်အတွင်း ကြာဆာကိုအား အနိုင်ယူတိုက်ခိုက် ဖမ်းဆီး လိုက်နိုင်သည့်အတွက် မိန်းမပျိုလေးများ၏ စွမ်းရည်ကို သူတို့ ချီး မွမ်းမိကြသည်။

ဝမ်ကျက်တို့လူစု အံ့သြနေကြစဉ် စောစောက နောက်ဆုတ် သွားသည့် မိန်းမပျိုသည် ရှေ့သို့ ပြန်တက်လှမ်းလာပြီး ကြာဆာကို



၏ ပျော့ခွေကြောကို ဖိထောက်ကာ ပိတ်ပစ်လိုက်သည်။

ထို့နောက် မိန်းမပျိုလေးယောက်တို့သည် ဓားရှည်များကို ဓားအိမ်ထဲသို့ ပြန်သွင်းလိုက်ကြသည်။

မိန်းမပျိုတစ်ယောက်က ပျော့ခွေနေသော ကြာဆာကို၏ ကိုယ်ခန္ဓာကို ကောက်ယူကာ ထိုနေရာမှ ထွက်သွားရန် ဟန်ပြင် လိုက်ကြသည်။

"ခဏနေကြပါအုံးလေ၊ ကျွန်တော် ပြောစရာလေးတွေ ရှိ ပါတယ်"

ဝမ်ကျက်က လှမ်းပြောသည်။

"ဘာမေးချင်လဲ"

ကြာဆာကိုကို ဖမ်းဆွဲခေါ်လာသည့် မိန်းမပျိုက မေး သည်။

ထိုမိန်းမပျို၏ ညာဘက်နှုတ်ခမ်းနားဝယ် မှဲ့နက်တစ်လုံး ရှိသည်ကို ဝမ်ကျက် သတိပြုမိလိုက်သည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ကျွန်မတို့ ဘယ်သူတွေ ဖြစ်တယ်ဆိုတာ ရှင်သိဖို့ မလိုဘူး"

"ခင်ဗျားတို့ဟာ လိပ်ပြာကန်က လာကြတယ်လို့ ကျွန်တော် ထင်မိတယ်"

"ရှင်ထင်တာ မဆိုးပါဘူး မှန်ပါတယ်"

"ကျွန်တော်ဟာ တာ့ယွင်မြို့က ရာဇဝတ်အုပ် ဝမ်ကျက်ပါ"

"ကျွန်မ သိပါတယ်၊ ကဲ ရှင် ဆက် ရှည်မနေပါနဲ့တော့၊ ရှင် ဆက်မေးမှာတွေကို ကျွန်မ မဖြေနိုင်ပါဘူး"

"ကျွန်တော် ဘာမေးမယ်ဆိုတာ မသိသေးဘဲနဲ့ ခင်ဗျားက ဘာကြောင့် မဖြေနိုင်ဘူးလို့ ပြောရတာလဲ"

"ရှင် ဘာမေးမေး ကျွန်မက မဖြေနိုင်ဘူးလို့ ဆိုလိုတာပါ"

"တကယ်လို့ ဟောဒီ လားမားကြီးနဲ့ စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့ ဘယ်လို ပတ်သက်နေသလဲလို့ မေးယင်ကော"

"မပြောနိုင်ဘူး"

"ငွေပန်းဖြူ ငွေပန်းနက်တို့ ညီအစ်မ စစ်တုရင်ကေရီကို မခွဲနိုင်တာ ဘာကြောင့်လဲလို့ မေးယင်ကော"

"မဖြေနိုင်ဘူး၊ ကဲ...ကျွန်မသွားမယ် လမ်းဖယ်ပေးပါ"

"ခင်ဗျား အမဲလိုက်တဲ့ စည်းကမ်းကိုကော သိရဲ့လား"

ဤမေးခွန်းကြောင့် မိန်းမပျိုမှာ ကြောင်သွားသည်။

"ရှင်က ဘာသဘောနဲ့ ဒီမေးခွန်း မေးရတာလဲ"

"မုဆိုးတစ်ယောက် လိုက်နေတဲ့ သားကောင်ကို တခြား မုဆိုးက ကြားဝင်ပြီး မလိုက်ရဘူး၊ အဲဒီ မုဆိုးက သားကောင်ကို ဆက်မလိုက်ဘဲ လက်လျှော့လိုက်တဲ့ အခါကျမှ အခြား မုဆိုးက ဝင် လိုက်ခွင့် ရှိတယ်၊ ဒါဟာ အမဲလိုက်စည်းကမ်းပဲ"

"ရှင်က ဒီလူကို ကျွန်မတို့ ဝင်လုတယ်လို့ ဆိုချင်သလား"

မိန်းမပျိုက သူ့လက်တွင် ချုပ်ဖမ်းမိထားသော ကြာဆာ



ကိုအား မေးငေါ့ပြပြီး ပြုံးရယ်ကာ ပြောသည်။

"မမှားဘူး"

"ဒီမယ် ဝမ်ကျက်၊ တကယ်လို့ အမဲလိုက် စည်းကမ်းအရ စကားပြောမယ်ဆိုယင် ဝင်ရောက်စွက်ဖက်တဲ့လူဟာ ရှင်တို့ပဲ ဖြစ်တယ်၊ ကျွန်မတို့ မဟုတ်ဘူး"

"ဘယ်ဟုတ်မှာလဲ၊ သူ့ကို ကျွန်တော်တို့ အရင်စတွေ့တာ၊ ခင်ဗျားတို့က နောက်မှ ပေါ်လာကြတာပဲ"

"သူဟာ အစောကြီးကတည်းက ကျွန်မတို့ရဲ့ သားကောင် ဖြစ်တယ်၊ သူ့ကို ကျွန်မတို့က လိပ်ပြာကန်ကနေပြီး ဒီနေရာအထိ လိုက်နေကြတာ"

"ခင်ဗျား ပြောတာ နည်းလမ်းမကျဘူး"

"ဘာများ နည်းလမ်းမကျတာ ရှိသလဲ"

"သူ့ကို လိပ်ပြာကန်က စပြီး ခင်ဗျားတို့ လိုက်ကြတာက တော့ ဟုတ်လိမ့်မယ်၊ ဒါပေမယ့် သူက ခင်ဗျားတို့ကို မျက်ခြည်ပြတ် နိုင်ခဲ့တယ်၊ ခင်ဗျားတို့ကို သူက မျက်ခြည်ပြတ်နိုင်ပြီးမှ ကျွန်တော်တို့ နဲ့ ဆုံရတယ်၊ တကယ်လို့ သူနဲ့ ကျွန်တော်တို့ ရင်ဆိုင်တိုက်ခိုက်ခြင်း မရှိကြဘူးဆိုယင် ခင်ဗျားတို့ သူ့ကို လုံးဝရှာလို့ မတွေ့နိုင်ဘူး၊ ဒီတော့ သူဟာ အခု လောလောဆယ် အချိန်မှာ ကျွန်တော်တို့ လိုက်နေတဲ့ သားကောင်ပဲ ဖြစ်တယ်၊ ခင်ဗျားတို့နဲ့ မဆိုင်တော့ဘူး"

"တကယ်လို့ ကျွန်မတို့က သူ့ကို အတင်းဖမ်းခေါ်သွားမယ်

ဆိုယင်ကော"

"ဒီလိုဆိုယင် ကျွန်တော်တို့ကလဲ ဖြစ်နိုင်တဲ့ နည်းလမ်းနဲ့ တားဆီးရမှာပဲ"

"ရှင်က ကျွန်မတို့နဲ့ တိုက်ခိုက်မယ့် သဘောပေါ့"

"ဟုတ်နိုင်ပါတယ်"

"ကောင်းပြီ၊ ကဲ ပုလဲနက်(၉)ရေ သိုင်းလောကမှာ ကျော်ကြားနေတဲ့ ရာဇဝတ်အုပ်ဝမ်ကျက်ကို ရင်ဆိုင်ပြီး လက်ရည်စမ်းကြည့်စမ်းပါ"

မိန်းမပျိုက သူ့အဖော် မိန်းမပျိုတစ်ယောက်ကို လှမ်းပြောသည်။

"ဟုတ်ကဲ့"

ပုလဲနက်(၉) အခေါ်ခံရသူ မိန်းမပျိုက ခါးညိတ်ပြကာ ဓားရှည်ကို ဆွဲထုတ်လျက် ရှေ့တက်လာသည်။

"စနိုင်ပါပြီ"

ပုလဲနက်(၉)သည် ဝမ်ကျက်နှင့် လက်တစ်ကမ်း အကွာတွင် ရပ်ပြီး ပြောလိုက်သည်။

"ခင်ဗျားအရင်စတိုက်ပါ"

ဝမ်ကျက်က တည်တည်ငြိမ်ငြိမ်ပင် ပြန်ပြောသည်။

ပြောယင်း ဓားရှည်ကို အသင့်ခင်းကာ သိုင်းကွက်နင်းပြီး အသင့်အနေအထား ပြုလိုက်သည်။



"ကောင်းပြီ အကွက်ကြည့်"

ပုလဲနက်(၉)က ဤသို့ပြောပြီး ဓားရှည်ကို ဝှေ့လိုက်သည်။

ပုလဲနက်(၉)၏ သိုင်းကွက်ခင်းကျင်း တိုက်ခိုက်ပုံမှာ အလွန်လှပသည်။

ကြည့်ကောင်းသည်။

ဓားရိပ်ဓားရောင်များက ပန်းပွင့်ပန်းခက်များ ကြဲဖြန့်သလို ဝမ်ကျက်ကို လွှမ်းမိုးလာသည်။

ဤမိန်းမပျို(၄)ယောက်မှာ စစ်သူရင်ကေရီ၏ စစ်တုရင်ရုပ်အဖြစ် အသုံးချထားသော မိန်းမပျိုများ ဖြစ်ကြောင်း ဝမ်ကျက် အကဲခတ်မိပြီ ဖြစ်သည်။

သူတို့ကို အနိုင်ယူနိုင်ရန် ဝမ်ကျက် အနေဖြင့် မသေချာ။

သို့သော်...

ဝမ်ကျက်အဖို့ စစ်တုရင်ကေရာဇ်နှင့် ကေရီတို့ အကြောင်း သိရှိရန်မှာ အရေးကြီးသည်။

သူတို့အကြောင်း သိရမှ ယိပေါက်ကျင့်၊ ကျောက်ချုံးနှင့် ချိုယွဲ့ထိုင်တို့၏ အတိတ်က ပတ်သက်ပုံအကြောင်းများကို ဆက်လက်စုံစမ်း ဖော်ထုတ်နိုင်မည် မဟုတ်ပါလား။

ပုလဲနက်(၉)ကို အနိုင်တိုက်ခိုက်နိုင်လျှင် စစ်တုရင်ကေရာဇ်နှင့် ကေရီတို့အကြောင်း သိရှိရန် လမ်းစပေါ်နိုင်မည်ဟု ဝမ်ကျက် ယုံကြည်သည်။

ထို့ကြောင့်လည်း စွန့်စားကာ တိုက်ခိုက်ခြင်း ဖြစ်သည်။

ပုလဲနက်(၉)၏ ဓားချက်များ သွက်လက်မြန်ဆန်ပုံကို မြ
ရသောအခါ ဝမ်ကျက်မှာ မပေါ့ဆတော့ပါ။

လိပ်ပြာ(၁၈)ကွက် ကိုယ်ဖော့သိုင်းပညာကို သုံးကာ ရွေ
လျားနေရာပြောင်းပြီး ဓားရိပ်ဓားရောင်များ၏ လွှမ်းမိုးမှုမှ အလွတ်
ရှောင်ထွက်လိုက်ရသည်။

လိပ်ပြာ(၁၈)ကွက် ကိုယ်ဖော့သိုင်းပညာကျမ်းကို ဖေယွင်
က ဝမ်ကျက်အား ပေးခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ပိုင်ရင်ဟုန်၏ ကူညီပေးမှုဖြင့် ဝမ်ကျက်သည်
ထိုကိုယ်ဖော့သိုင်းပညာကို လေ့ကျင့်ခဲ့ရာ အဆင့်မကုန်သေးသော်
လည်း အတော်အသင့် အောင်မြင်အောင် လေ့ကျင့်နိုင်ခဲ့ပြီး ဖြစ်
သည်။

လိပ်ပြာ(၁၈)ကွက် ကိုယ်ဖော့သိုင်းပညာ အသုံးပြုကာ နေ
ရာရွှေ့ပြောင်း ရှောင်တိမ်းလိုက်သည့်အတွက် ဝမ်ကျက်မှာ ဓားရိပ်
ဓားရောင်များ၏ လွှမ်းမိုးထားမှုမှ လွတ်အောင် ရှောင်ထွက်နိုင်ခဲ့
သည်။

"ပုလဲနက်ခြောက်၊ ဒီလူက လိပ်ပြာဆယ့်ရှစ်ကွက် ကိုယ်
ဖော့သိုင်းပညာကို တတ်နေတယ်"

ဝမ်ကျက်နှင့် ရင်ဆိုင်တိုက်ခိုက်နေသော ပုလဲနက်(၉)သည်
နောက်သို့ ကမန်းကတန်း ခုန်ဆုတ်သွားပြီး နှုတ်ခမ်းတွင် မှဲ့နက်လေး



ရှိသော မိန်းမပျိုကို လှမ်းပြောသည်။

"ဝမ်ကျက်၊ အဲဒီ ကိုယ်ဖော့သိုင်းပညာကို ဘယ်နေရာက
နေ သင်ယူခဲ့တာလဲ"

ပုလဲနက်(၆)က ဝမ်ကျက်ကို လှမ်းမေးသည်။

"မပြောနိုင်ဘူး"

ဝမ်ကျက်က ပြုံးရယ်၍ ပြန်အဖြေပေးသည်။

ဤသို့ပြောပြီးနောက် ဝမ်ကျက်သည် ဓားရှည်ကို ဝှေ့ယမ်း
ကာ ပုလဲနက်(၉)ကို ဓားချက်ငါးချက် ဆင့်ကာဆင့်ကာ ခုတ်လိုက်
သည်။

ပုလဲနက်(၉)သည် ဝမ်ကျက်၏ကိုယ်ဖော့ပညာကို မြင်ရ
ပြီး အံ့ဩကာ နောက်ဆုတ်သွားခြင်း ဖြစ်သည်။

ဝမ်ကျက်ကို ကြောက်၍မဟုတ်။

ဝမ်ကျက် ခုတ်ပိုင်းတိုက်ခိုက်လာသော ဓားချက်ငါးချက်
စလုံးကို ပုလဲနက်(၉)က တစ်ချက်မကျန် ခုခံချေဖျက်ပစ်လိုက်နိုင်
သည်။

ထို့နောက် ပုလဲနက်(၉)က တန်ပြန်တိုက်စစ်ဆင်သည်။

ဘန်ပြန်တိုက်စစ်ဆင်လာသော ပုလဲနက်(၉)၏ ဓားချက်
များမှာ နဂါးရိုင်းတစ်ကောင် တိုက်ခိုက်သလို ကြမ်းတမ်းသည်။

ဓားချက် အနုတ်အသိမ်း၊ အဆုတ်အတက်ကလည်း တမူ
ထူးကာ ဆန်းပြားသည်။

ပုလဲနက်(၉)၏ လှုပ်ရှားတိုက်ခိုက်ပုံမှာ ကြာဆာကိုနှင့် မူလအခြေခံအားဖြင့် တူသယောင် ရှိကြောင်း ဝမ်ကျက် သတိပြုမိသည်။

ပုလဲနက်(၉)နှင့် ကြာဆာကိုတို့ တစ်ဂိုဏ်းတည်းသားများ ဖြစ်လေမည်လားဟုပင် ဝမ်ကျက် ထင်လိုက်မိသည်။

ပုလဲနက်(၉)၏ တိုက်စစ်ကြောင့် ဝမ်ကျက် တစ်ချက်ချင်း ခုခံကာ နောက်ဆုတ်ပေးနေရသည်။

ပုလဲနက်(၉)က အသာစီး၊ တိုက်စစ်။

ဝမ်ကျက်က အောက်စီး၊ ခံစစ်။

ခံစစ်ဆင်နေရသော်လည်း ဝမ်ကျက်မှာ ထိတ်ထိတ်ပျာပျာ မဖြစ်။

တည်တည်ငြိမ်ငြိမ်ဖြင့် အကွက်စိပ်စိပ် ခုခံနိုင်သည်။

ပုလဲနက်(၉)၏ ဓားချက်များကို ဓားချင်းခံဆောင် ခုခံနိုင်လျှင် ဝမ်ကျက်က ခုခံသည်။

မဟုတ်လျှင် လိပ်ပြာ(၁၈)ကွက် ကိုယ်ဖော့သိုင်းပညာကို သုံးကာ နေရာရွှေ့ပြောင်း ရှောင်တိမ်းသည်။

ထိုအချိန်တွင် ပိုင်ရင်ဟုန်သည် ရှေ့တက်လာပြီး ကျန်ဝတ်စုံနက် မိန်းမပျိုများကို လှမ်းပြောသည်။

"ကျွန်မလဲ ရှင်တို့နဲ့ လက်ရည်စမ်းကြည့်ချင်တယ်၊ ဘယ်သူ ထွက်လာမလဲ"



"ပုလဲနက်(၈) ပိုင်ရင်ဟုန်နဲ့ ထွက်ရင်ဆိုင်လိုက်ပါ"

ပုလဲနက်(၆)က ပြောသည်။

ပုလဲနက်(၈)ဟု အခေါ်ခံရသူ မိန်းမပျိုက ခေါင်းညိတ်ပြကာ ဓားရှည်ကို ဆွဲထုတ်ပြီး ရှေ့တက်လာသည်။

ပိုင်ရင်ဟုန်ကတော့ လက်နက်မထုတ်။

ပုလဲနက်(၈)ကို လက်နက်မဲ့သိုင်းပညာနှင့်ပင် ရင်ဆိုင် တိုက်ခိုက်သည်။

"ဒီမယ်၊ ကျွန်တော်လဲ အကဲစမ်းကြည့်ချင်တယ်"

ဝေကြိရှန်က ပုလဲနက်(၆)ကို လှမ်းပြောသည်။

"ရှင့်ရဲ့သိုင်းပညာစွမ်းကို ကျွန်မစောစောကပဲ မြင်ပြီးပါပြီ၊ ရှင့်ရဲ့ သိုင်းပညာ စွမ်းရည်လောက်လေးနဲ့ ကျွန်မတို့ကို စိန်ခေါ်ရဲသလား"

ပုလဲနက်(၆)က ပြန်ပြောသည်။

"ခင်ဗျားက ကျွန်တော့်ကို အထင်သေးတာကိုး၊ ကောင်းပြီ၊ ဒီလိုဆိုယင် ခင်ဗျားနဲ့ ကျွန်တော် လောင်းကြေးစားကြေး လုပ်ပြီး ယှဉ်ကြရအောင်လား"

"ဘယ်လိုလောင်းကြေးလုပ်မှာလဲ"

"တိုက်ခိုက်ကြလို့ ခင်ဗျားရှုံးယင် ကျွန်တော့်ရဲ့မယား လုပ်ရမယ်၊ အဲ ကျွန်တော်ရှုံးယင် ကျွန်တော် ခင်ဗျားရဲ့လင်ယောကျ်ား လုပ်မယ်၊ ဘယ့်နှယ်လဲ"

ဝေကြီးရှန်၏ ပြောပုံကြောင့် ပုလဲနက်(၆) မျက်နှာနီရဲကာ အကြီးအကျယ် ဒေါပွသွားသည်။

လက်တွင် ဖမ်းထားသော ကြာဆာကိုအား မြေကြီးပေါ် ချထားပြီးနောက် ဓားရှည်ဆွဲထုတ်ကာ ဝေကြီးရှန်ကို အတင်းဝင်ခုတ် သည်။

ဝေကြီးရှန်လည်း တဟားဟား ရယ်မောယင်း တုံ့ပြန်တိုက် ခိုက်သည်။

"ဒီမယ် မိန်းကလေး၊ ခင်ဗျားက ပုလဲနက်ခုနစ် မဟုတ် လား"

ခန်ချုံးရွဲ့က နောက်ဆုံး ကျန်သော မိန်းမပျိုကို ထပ်မေး သည်။

"ရှင်က ဘယ်လိုလုပ်သိသလဲ"

"ခင်ဗျားတို့အထဲမှာ ပုလဲနက်(၆)က ခေါင်းဆောင်ဖြစ်မေ တယ်၊ ပြီးတော့ ဟိုနှစ်ယောက်က ပုလဲနက်(၈)နဲ့ ပုလဲနက်(၉)ဆို တော့ ကျန်နေသေးတဲ့ ခင်ဗျားက ပုလဲနက်(၇)ပဲ ဖြစ်ရမှာပေါ့"

"ရှင်က အဓော်ဉာဏ်ကောင်းသားပဲ"

"ခင်ဗျားနဲ့ ကျွန်တော်နဲ့ တစ်ပွဲတစ်လမ်းလောက် စမ်းကြည့် ကြရအောင်လား"

"ရှင်က ကျွန်မကို စိန်ခေါ်တယ်ပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ကြိုပြောထားပါ



စေ၊ ကျွန်တော့်သိုင်းပညာက သိပ်မမြင့်ဘူး၊ ဒီတော့ သက်သက်ညှာ သာ တိုက်ခိုက်ပါ"

"အားနာစရာစကားတွေ ပြောမနေပါနဲ့၊ ကဲ ရှင်စနိုင်ပြီ"

ပုလဲနက်(၇)က ဤသို့ပြောပြီး ဓားကို ဆွဲထုတ်ကာ အသင့် ပြင်လိုက်သည်။

ခန်ချုံးရွဲ့ကလည်း ဓားကိုမြှောက်ကာ ပုလဲနက်(၇)ကို သိုင်း လောက၏ အစဉ်အလာအတိုင်း နှုတ်ဆက်အရိုအသေပေးသည်။

ထို့နောက်တွင်မှ စတင်တိုက်စစ်ဆင်သည်။

ဤသို့ဖြင့် အတွဲလေးတွဲတို့သည် ဘုရားကျောင်းပျက်ရှေ့ မြေကွက်လပ်ဝယ် အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်ကြလေတော့ သည်။

ဝမ်ကျက်သည် တိုက်စစ်ပြုမှု မရှိသလောက် ဖြစ်ပြီး ခံစစ် သာ လုပ်နေသည်။

သို့သော် ပုလဲနက်(၉)၏ ပြင်းထန်သော တိုက်စစ်ကို တည် ငြိမ်စွာ ခုခံနေနိုင်သည်။

ပိုင်ရင်ဟုန်နှင့် ပုလဲနက်(၈)တို့မှာမူ သူတပြန် ကိုယ်တပြန် လက်ရည်တူ တိုက်ခိုက်နေကြသည်။

ဝေကြီးရှန်နှင့် ပုလဲနက်(၆)တို့၏ တိုက်ပွဲမှာတော့ ဘက် မမျှ။

သိုင်းကွက် ၁၀ ကွက်မပြည့်မီမှာပင် ဝေကြီးရှန်မှာ အလူး

အလဲ ခံနေရသည်။

ဤအဖြစ်ကို တွေ့ရသည်တွင် လင်ရိကျင်မှာ သိုင်းလောက၏ အစဉ်အလာ စည်းကမ်းများကို မထောက်ထားနိုင်တော့ဘဲ ဝေကြီရှန်ဘက်မှ ဝင်ရောက်ကူညီ တိုက်ခိုက်လေတော့သည်။

ခန်ချုံးရွဲမှာလည်း ပုလဲနက်(၇)ကို မယှဉ်နိုင်။

သိုင်းကွက် ၁၀ ကွက်အကျော်တွင် ဖရိုဖရဲ ဖြစ်လာသည်။

ဤတွင် တီပေါင်က တိုက်ပွဲ အတွင်းသို့ ဝင်ရောက်လာပြီး ခန်ချုံးရွဲကို ကူညီပေးသည်။

နှစ်ယောက်တစ်ယောက် တိုက်ခိုက်နေကြရသော်လည်း ဝေကြီရှန်နှင့် လင်ရိကျင်တို့မှာ ပုလဲနက်(၆)ကို မလှန်နိုင်၊ ပုလဲနက်(၆)၏ ဆန်းပြားသော ဓားချက်များ အောက်ဝယ် အလူးအလဲ ခံရကာ၊ ကိုးရိုးကားရား ဖြစ်နေသည်။

ကြင်ကျင်ချန်က ဝေကြီရှန်ဘက်မှ ဝင်ရောက်ကူညီ တိုက်ခိုက်ရန်အတွက် ရှေ့တက်ရန် ဟန်ပြင်သည်။

“ဒီမယ် မင်းတို့ဟာ ဒီကောင်မလေးတွေကို မယှဉ်နိုင်ဘူး၊ ကျုပ် ဝင်တိုက်မှ ဖြစ်မယ်”

ကြာဆာကိုက ကြင်ကျင်ချန်ကို လှမ်းပြောသည်။

“ခင်ဗျားက သူတို့ကို တကယ်နိုင်အောင် တိုက်ခိုက်နိုင်လို့လား”

ကြင်ကျင်ချန်က ပြန်မေးသည်။



“တစ်ယောက်ချင်းစီ ယှဉ်မယ်ဆိုယင်တော့ သူတို့ကို ကျုပ်နိုင်နိုင်ပါတယ်”

“ဒါဆို ခင်ဗျား ဝင်တိုက်လေ”

“ကျုပ်က အကြောပိတ်ခံထားရတာ ဘယ်လိုလုပ် ဝင်တိုက်နိုင်မှာလဲ၊ ကျုပ်ကို အကြော လာဖွင့်ပေးပါလား”

“ကောင်းပြီ”

ကြင်ကျင်ချန်က ဤသို့ပြောပြီးနောက် လဲကျနေသော ကြာဆာကို၏ အနီးသို့ ချဉ်းကပ်သွားပြီး အကြောပြန်ဖွင့်ပေးသည်။

သို့သော်..

ကြာဆာကို၏ ပိတ်နေသော အကြောများက ပြန်မပွင့်။

“ဟာ တယ်ဆန်းပါလား၊ သူတို့ အကြောပိတ်နည်းက သူများနဲ့ မတူဘူး”

မည်သို့ ကြိုးစားကြိုးစား အကြောပြန်ပွင့်အောင် လုပ်၍ မရသည့်အတွက် ကြင်ကျင်ချန်က တအံ့တသြ ပြောသည်။

“အေး..ဟုတ်တယ်၊ ကျုပ်မေ့နေလို့ သူတို့ရဲ့ အရိုးထောက် အကြောကိုင်နည်းက အခြားအကြောပိတ်နည်းတွေနဲ့ မတူဘူး၊ ဒါကြောင့် ရိုးရိုးအကြောဖွင့်တဲ့နည်းနဲ့ ဖွင့်ပေးလို့ မရဘူး”

ကြာဆာကိုက ပြန်ပြောသည်။

“ဒါဖြင့် ဘယ်လိုလုပ်မလဲ”

“မင်းတို့မှ အရိုးထောက် အကြောကိုင်ပညာကို မတတ်

တာ ဘာတတ်နိုင်မှာလဲ"

ကြာဆာကိုက စိတ်ပျက်အားလျော့သည့် အသွင်ဖြင့် ပြောသည်။

"ကျွန်မ စမ်းကြည့်ပါရစေ"

ကြင်ကျင်ချန်းနှင့် ကြာဆာကိုတို့ ပြောဆိုနေကြသည်များကို ကြားရသည်တွင် ပိုင်ရင်ဟုန်က လှမ်းပြောသည်။

သို့ပြောပြီးနောက် ပိုင်ရှိဟုန်သည် ကြာဆာကို ရှိရာသို့ ချဉ်းကပ်လာသည်။

ပုလဲနက်(၈)ကလည်း အတင်းဖိတိုက်ပြီး လိုက်လာသည်။

ကြင်ကျင်ချန်က ပုလဲနက်(၈)ကို ဝင်တိုက်ခိုက် ဟန့်တားလေသည်။

ထိုအခိုက်မှာပင် ပိုင်ရင်ဟုန်က ကြာဆာကို၏ ခါးကြားကို လက်ဝါးဖြင့် တစ်ချက်တွန်းပြီး နောက်ကျောကို လက်ဖြင့် ဗယ်ညာခပ်သာသာ နှစ်ချက်ပုတ်လိုက်သည်။

ထို့နောက် ပုလဲနက်(၈)ကို ပြန်လည်ရင်ဆိုင်တိုက်ခိုက်သည်။

ပိုင်ရင်ဟုန်၏ တွန်းပေး၊ ရိုက်ပုတ်ပေးခြင်းကို ခံရပြီးနောက် ကြာဆာကို၏ ပိတ်နေသော အကြောများ ပြန်ပွင့်သွားသည်။

အကြောများ ပွင့်သွားပြီမို့ ကြာဆာကို လဲကျနေရာမှ ခုန်ထလာသည်။



"ဟော.. ကြာဆာကို အကြောပြန်ပွင့်သွားပြီ"

ကြင်ကျင်ချန်က အားရဝမ်းသာ အော်လိုက်သည်။

ကြာဆာကိုသာ ပါဝင်တိုက်ခိုက်လျှင် ပုလဲနက် မိန်းမပျိုများ အနိုင်ရနိုင်တော့မည်ဟု ကြင်ကျင်ချန်က တွေးထင်ထားသည်။

သို့သော်...

ကြာဆာကိုက တိုက်ပွဲမဝင်။

လဲကျနေရာမှ ခုန်ထပြီးနောက် မှောင်ရိပ်ထဲသို့ ပြေးဝင်သွားသည်။

"ဟော...ဟိုမှာ ကြာဆာကို ထွက်ပြေးပြီ လိုက်ကြ မြန်မြန်လိုက်ကြ"

ပုလဲနက်ခြောက်က အော်ပြောသည်။

ပုလဲနက် မိန်းမပျိုလေးယောက်တို့သည် ဝမ်ကျက်တို့ကို ဆက်မတိုက်ကြတော့ဘဲ တိုက်ပွဲကို ရပ်ကာ ကြာဆာကို ထွက်ပြေးသွားရာနောက်သို့ အပြေးအလွှားပင် လိုက်သွားကြလေတော့သည်။

* * *

ပုလဲနက်မိန်းမပျိုများ ထွက်သွားကြသည်။

ဝမ်ကျက်တို့လူစုလည်း ဒဏ်ရာအနာတရ ဖြစ်နေသော ...တုဟောက်၊ ဖိန်ဖောင်နှင့် ကျုံးစန်အူတို့ သုံးယောက်ကို ဘုရား

ကျောင်းပျက်ထဲသို့ ပွေ့ယူလာခဲ့ကြသည်။

အိုက်တုဟောက်မှာ ကြာဆာကို၏ ဓားပျံအထိခံရကာ
ဒဏ်ရာအနာတရ ဖြစ်ခဲ့ပြီး ဒဏ်ကြေဆေးသောက်ထားရသော
ကြောင့် ဒဏ်ရာအတော်ပင် သက်သာနေပြီ ဖြစ်သည်။

ဖိန်ဖောင်နှင့် ကျုံးစန်အူတို့မှာမူ အတွင်းဒဏ်ရာရကာ
သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေသည်။

ဖိန်ဖောင်နှင့် ကျုံးစန်အူတို့ကို ဒဏ်ကြေဆေးများ တိုက်
ကျွေးကာ ပြုစုပေးရသည်။

မကြာမီမှာပင် သူတို့နှစ်ယောက်လည်း သတိကောင်းစွာ
ရလာသည်။

ဒဏ်ရာရသူများကို ပြုစုပေးပြီးသောအခါ ပိုင်ရင်ဟုန်က
ဝမ်ကျက်ကို အသာလက်တို့ပြီး ဘုရားကျောင်းပျက် အပြင်ဘက်သို့
ခေါ်လာခဲ့သည်။

"ကျွန်မစိတ်ထဲမှာ ထူးခြားတဲ့ အကြောင်းခြင်းရာတွေ ရှိနေ
တာ ရှင့်ကို ပြောချင်လို့ ခေါ်လာခဲ့တာပဲ"

ဘုရားကျောင်းပျက် အပြင်ဘက်သို့ ရောက်သောအခါ ပိုင်
ရင်ဟုန်က ပြောသည်။

"ဘာတွေများလဲ ပြောစမ်းပါအုံး"

"ပထမအချက်က ဟို ပုလဲနက်မိန်းမပျိုလေးယောက် သုံး
သွားတဲ့ ဓားသိုင်းကွက်တွေဟာ ကျွန်မအမေ ကျွန်မကို သင်ပေးထား



တဲ့ ဓားသိုင်းနဲ့ တူနေတယ်"

"ဩော်.. ဟုတ်လား"

"နောက်ပြီး သူတို့က လိပ်ပြာဆယ့်ရှစ်ကွက် ကိုယ်ဖော့
သိုင်းပညာကိုလဲ သိနေတယ်"

"အင်း.."

"ကြာဆာကို အပိတ်ခံလိုက်ရတဲ့ အရိုးထောက် အကြော
ကိုင်ပညာဟာ ကျွန်မအမေက ကျွန်မကို သင်ပေးထားတဲ့ အကြော
ပိတ်သိုင်းပညာ ဖြစ်နေပြန်တယ်၊ ဒါတင်မကသေးဘူး၊ စစ်တုရင်
ကေရာဇ်က ကျွန်မကို စစ်တုရင်ကေရီလက်ကနေ လွတ်မြောက်
အောင် ကယ်တင်နိုင်ဖို့အတွက် သူ့ညာလက်မောင်းကို အဖြတ်ခံ
လိုက်တယ်၊ ဒီအချက်တွေကို ထောက်ပြီး ကျွန်မ တစ်ခုကို စဉ်းစားမိ
တယ်"

"ဘာများ စဉ်းစားမိတာလဲ"

"ကျွန်မအမေဟာ စစ်တုရင်ကေရာဇ်၊ ကေရီတို့နဲ့ တနည်း
နည်း ပတ်သက်နေပြီး မိစ္ဆာလေပွေကွန်းက တိမ်းရှောင်ထွက်ပြေး
လာတဲ့လူ ဖြစ်မယ်လို့ ကျွန်မ ဆက်စပ်စဉ်းစားမိတယ်"

"ဒီအကြောင်းကို ခင်ဗျားအမေက ထုတ်မပြောခဲ့ဘူးလား"

"မပြောဘူး၊ ကျွန်မအဖေဟာ ကျွန်မကို မွေးပြီး မကြာခင်
မှာပဲ အနာရောဂါနဲ့ ကွယ်လွန်သွားခဲ့တယ်လို့ပဲ ပြောခဲ့တယ်"

ဝမ်ကျက် ဘာမျှမပြောဘဲ ငြိမ်နေသည်။

တကယ်တော့ ပိုင်ရင်ဟုန်မှာ စစ်တုရင်ကေရာဇ်၏သမီး ဖြစ်သည်။

ဤအကြောင်းကို ထုတ်ဖော်မပြောရန် စစ်တုရင်ကေရာဇ် ထံတွင် ဝမ်ကျုက် ကတိပြုခဲ့ရသည်။

ထို့ကြောင့်လည်း ဝမ်ကျုက်က ဘာမျှမပြောဘဲ ငြိမ်နေခြင်း ဖြစ်သည်။

"ကျွန်မဟာ စစ်တုရင်ကေရာဇ်ရဲ့သမီးများ ဖြစ်နေမလား ဟင် ဝမ်ကျုက်"

ပိုင်ရင်ဟုန်က ဝမ်ကျုက်၏လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး မေးသည်။

"အဲဒါကိုတော့ ကျွန်တော်မသိဘူး၊ အကောင်းဆုံးက ခင်ဗျားအမေကို သွားမေးတာပဲ"

"မေမေ့ကို မေးလို့တော့ သိရမှာ မဟုတ်ဘူး၊ မိစ္ဆာလေပွေ ကျွန်းကို ပြန်သွားပြီး စစ်တုရင်ကေရာဇ်ကို မေးကြည့်မယ်"

"ဟာ.. အဲဒီကို ပြန်သွားလို့ မဖြစ်ဘူး၊ အန္တရာယ်သိပ်များ တယ်"

"ဘယ်လောက်အန္တရာယ်များများ ကျွန်မ မကြောက်ဘူး"

"မကြောက်တာကတော့ ဟုတ်တယ်၊ ဒါပေမယ့် ခင်ဗျား စဉ်းစားပါ၊ ခင်ဗျားကို စစ်တုရင်ကေရီရဲ့လက်က လွတ်မြောက်စေဖို့ အတွက် စစ်တုရင်ကေရာဇ်ဟာ ညာလက်မောင်းတစ်ဘက် ဆုံးရှုံးခဲ့



ရတယ်၊ ခင်ဗျား နောက်ထပ်တစ်ခါ စစ်တုရင်ကေရီရဲ့ အဖမ်းကို ခံ ရပြီး စစ်တုရင်ကေရာဇ်ရဲ့ ဘယ်လက်မောင်းကိုပါ ထပ်ဆုံးရှုံးစေအုံး မှာလား၊ ဒီတော့ ခင်ဗျားအမေဆီက အတင်းမေးမြန်းကြည့်တာ အကောင်းဆုံးပဲ၊ အန္တရာယ်လဲ ကင်းတယ်"

"ကျွန်မအမေက ဒီအကြောင်းကို လျှို့ဝှက်ထားတာပဲ၊ ဘာ ကြောင့် လျှို့ဝှက်ထားတာလဲဟင်"

"အကြောင်းထူးတစ်ခုခု ရှိလို့ ဖြစ်မှာပေါ့"

"ကျွန်မအိမ်ကို ပြန်မယ်ဆိုယင် ရှင်ကော ကျွန်မနဲ့အတူ လိုက်မှာလား"

"လိုက်လို့ မဖြစ်သေးဘူး၊ ကျွန်တော်က ရွှေနဂါးရဲတိုက်ကို သွားပြီး ယိစုကြည်ကို ကယ်တင်ပေးရအုံးမယ်"

"ဒါဆို ကျွန်မလဲ ရှင်နဲ့အတူ ရွှေနဂါးရဲတိုက်ကို လိုက်ခဲ့မယ်၊ ပြီးမှ အိမ်ပြန်မယ်၊ ဘယ်လိုလဲ"

"ကောင်းပါပြီ၊ တကယ်လို့ ထူးခြားတဲ့ အကြောင်းကိစ္စ မပေါ်ဘူးဆိုယင် ယိစုကြည်ကို ကယ်တင်ပြီး ခင်ဗျားနဲ့အတူ လိုက် လာခဲ့ပါ့မယ်"

"ဟုတ်ပြီ ဒီလိုမှပေါ့၊ ကဲ ဘုရားကျောင်းပျက်ထဲကို ပြန်သွား ကြရအောင်"

ဝမ်ကျုက်နှင့် ပိုင်ရင်ဟုန်တို့နှစ်ယောက် ဘုရားကျောင်းပျက် ထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

"ဝမ်ကျက် ကျွန်တော်တို့သုံးယောက်ရဲ့ ဒဏ်ရာက မပြင်း ထန်ပေမယ့် ပေါ့တော့မပေါ့ဘူး၊ အနည်းဆုံး သုံးလေးရက်လောက် တော့ အနားယူဖို့ လိုလိမ့်မယ်၊ ဒီတော့ ကျွန်တော်တို့ကို ညှာမနေ တော့၊ ကျန်တဲ့လူတွေကို ခင်ဗျားဦးဆောင် ခေါ်သွားပြီး ယိစုကြည် ကို သွားကယ်တင်ယင် ကောင်းလိမ့်မယ်"

ဘုရားကျောင်းပျက်ထဲသို့ ဝင်ရောက်လာသော ဝမ်ကျက် ကို အိုက်တုဟောက်က ဆီး၍ ပြောသည်။

"ခင်ဗျားတို့ကို ဒီအတိုင်း ပစ်ထားပြီး ကျွန်တော်တို့က လူ ကယ်ဖို့ ထွက်သွားလို့ ဘယ်သင့်တော်မှာလဲ"

ဝမ်ကျက်က ပြန်ပြောသည်။

"ဒါဖြင့် ဒီလိုလုပ်လေ၊ ဒီတော့ အိုက်တုဟောက်တို့ကို စောင့်ရှောက်ဖို့ လူသုံးယောက်လောက် ဒီမှာ ချန်ထားခဲ့ပြီး ကျန်တဲ့ လူတွေက ရွှေနဂါးရဲတိုက်ကို သွားကြယင်ကော"

ဝေကြဲရှန်က အကြံပေးသည်။

"ဒီနေရာက ရွှေနဂါးရဲတိုက်နဲ့ သိပ်ခရီးမဝေးဘူး၊ ဒီတော့ ကျွန်တော်နှင့် ပိုင်ရင်ဟုန်တို့နှစ်ယောက် ရွှေနဂါးရဲတိုက်ကို အရင် သွားပြီး အခြေအနေ စုံစမ်းကြည့်မယ်၊ ကျန်တဲ့လူတွေက ဒီဘုရား ကျောင်းပျက်မှာပဲ စောင့်နေခဲ့ကြပေါ့၊ အခြေအနေထူးပြီး အကူအညီ လိုအပ်ယင် ကျွန်တော်တို့ ပြန်လာပြီး အကြောင်းကြားမယ်"

ဝမ်ကျက်က ပြောသည်။



"ခင်ဗျားနဲ့ ပိုင်ရင်ဟုန်တို့နှစ်ယောက်တည်း ဆိုတော့ အား မနည်းလွန်းဘူးလား"

အိုက်တုဟောက်က ပြောသည်။

"ကျွန်တော်တို့က ရွှေနဂါးရဲတိုက်ကို သွားပြီး တိုက်ခိုက်မှာမှ မဟုတ်တာ၊ အခြေအနေ သွားအကဲခတ်ကြည့်ယုံသက်သက်ပါ၊ ရွှေ နဂါးရဲတိုက်ခေါင်းဆောင် ချိုယွဲ့ထိုင်ဟာလဲ သိက္ခာရှိတဲ့ သိုင်းသမား ကြီးတစ်ယောက်ပါ၊ ကျွန်တော်တို့ကို ရမ်းရမ်းကားကား လုပ်မှာ မဟုတ်ပါဘူး"

ဝမ်ကျက်က ပြန်ပြောသည်။

နောက်ဆုံးတွင် ဝမ်ကျက်၏ အကြံပြုချက်ကို အားလုံးက သဘောတူလိုက်ကြသည်။

ဝမ်ကျက်တို့သည် ထိုညအဖို့ ဘုရားကျောင်းပျက်တွင်ပင် အနားယူလိုက်ကြသည်။

နောက်တစ်နေ့ မိုးလင်းလျှင် လင်းချင်း ဝမ်ကျက်နှင့် ပိုင်ရင် ဟုန်တို့သည် ရွှေနဂါးရဲတိုက်သို့ ထွက်လာခဲ့ကြသည်။

* * *

## အခန်း(၂)

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့ ချွေနဂါးရဲတိုက်သို့ ရောက်လ
ကြသည်။

ချိုယွဲ့ထိုင်က ဝမ်ကျက်တို့ကို လွယ်လွယ်ကူကူ အတွေ့မ

ဝမ်ကျက်က အတင်းအကျပ် ပြောဆိုတော့မှပင် ဝမ်ကျ
တို့အား သီးသန့်ဧည့်ခန်းလေးထဲဝယ် လက်ခံတွေ့ဆုံသည်။

ဝမ်ကျက်က ချိုယွဲ့ထိုင်ကို ဦးညွှတ်အရိုအသေ ပေး
နောက် ပိုင်ရင်ဟုန်နှင့် မိတ်ဆက်ပေးသည်။

ပိုင်ရင်ဟုန်က ဂါရဝပြုသော်လည်း ချိုယွဲ့ထိုင်က ခပ်တ
တည်ပင် ဟန်ဟိတ်နှင့် နေသည်။



"ကဲ.. မင်းတို့ ပြောစရာရှိယင် မြန်မြန်ပြောပါ"

ထိုင်ခုံများဝယ် ထိုင်မိကြပြီးသောအခါ ချိုယွဲ့ထိုင်က ဝမ်
ကျက်ကို စိန်းစိန်းကြည့်ပြီး ပြောသည်။

"မိန်းကလေးယိစုကြည်ဟာ ချွေနဂါးရဲတိုက်မှာ ရောက်နေ
တယ်လို့ ကျွန်တော်တို့ သတင်းကြားရပါတယ်၊ သူ့အတွက် တောင်း
န်မေတ္တာရပ်ခံချင်လို့ ရောက်လာတာပါ"

ဝမ်ကျက်က ပြောသည်။

"မင်းတို့ ကြားတဲ့သတင်း မှားတယ်၊ ယိစုကြည် ကျုပ်ဆီမှာ
မရှိဘူး"

ချိုယွဲ့ထိုင်က ယတိပြတ် ငြင်းဆိုသည်။

"ယိစုကြည်ကို ခင်ဗျားရဲ့ တပည့် ချွေနဂါးခုနစ်ဖော်က ဖမ်း
ဆီးခေါ်ဆောင်သွားတာကို ကျွန်တော့်မိတ်ဆွေတွေက မျက်စိနဲ့ တပ်
အပ်မြင်လိုက်ကြပါတယ်"

"သူတို့ အမြင်မှားတာပါ၊ ကဲ.. မင်း နောက်ထပ် ဘာကိစ္စ
ရှိသေးလဲ"

ချိုယွဲ့ထိုင်၏စကားမှာ ဝမ်ကျက်တို့ကို ဧည့်နှင်သည့် သ
ဘောပင်။

"ကျွန်တော် တစ်ခုပြောပါရစေ၊ ယိစုကြည်က မီးဖွားပြီးတာ
နဲ့ သူ့ကိုယ်ကို ချွေနဂါးရဲတိုက်မှာ လာအပ်နှံပြီး ထိုက်သင့်တဲ့ အပြစ်
ဒဏ်ကို ခံယူပါ့မယ်လို့ အတည့်အလင်း ပြောထားပါတယ်၊ ယိစုကြည်

ဟာ အန္တရာယ်ကြုံနေရတဲ့ ဒိန်းကလေးတစ်ယောက်ပါ၊ သူ့မှာ အပြ ရှိလို့ သူ့ကို အပြစ်ဒဏ်စီရင်တာကိုတော့ ကျွန်တော် ဘာမှ မပြော ပါဘူး။ ဒါပေမယ့် သူ့ဗိုက်ထဲမှာ ရှိနေတဲ့ ကလေးကတော့ ဘာ အပြစ်မရှိပါဘူး၊ အဲဒီကလေးကိုတော့ ချမ်းသာပေးသင့်ပါတယ် ခင်ဗျားဟာ သိက္ခာရှိတဲ့ သိုင်းသမားတစ်ယောက်ပါ၊ သေသေချာချ ချင့်ချိန်စဉ်းစားပါ"

"မင်းက ယိစုကြည်ရဲ့ မမွေးရသေးတဲ့ ကလေးကိုပဲ သနာ နေသေးလား၊ ကျုပ်ရဲ့ တစ်ဦးတည်းသောသား သေဆုံးသွားရတာက ကော မသနားဘူးလား"

"ချိုရှန်း သေဆုံးရတာကို ကျွန်တော် စိတ်မကောင်းပါဘူး ဒီအတွက် ယိစုကြည်ကို ဒဏ်ခတ်တာဟာ တရားနည်းလမ်းကျပ တယ်၊ အခု ကျွန်တော် ပြောနေတာက ယိစုကြည် ကလေးမီးဖွားပြီး တဲ့အထိ အချိန်ပေးဖို့ပါပဲ"

"မင်းပြောချင်တာက ဒါပဲလား"

"ဟုတ်ကဲ့၊ ခင်ဗျားအနေနဲ့ မမှားသင့်တာ မမှားရအောင် ကျွန်တော်က လာပြီး တောင်းပန်တာပါ"

"အေး... မင်းပြောတာတွေကို ကျုပ်နားထောင်ပြီးပြီ၊ မင်း ပြန်နိုင်ပြီ"

"ကျွန်တော် မေတ္တာရပ်ခံတာကိုကော မလိုက်လျောနိုင်ဘူး လား"



"မလိုက်လျောနိုင်ဘူး"

"ဒီမယ် ချိုယွဲ့ထိုင်၊ ရှင်ဟာ သိုင်းလောကမှာ ထင်ရှားတဲ့ သိုင်းသမားကြီးတစ်ယောက်ပါ၊ အမှားအမှန်ကို မခွဲခြားဘဲ ဖွတ်လုပ် တော့မှာလား"

ငြိမ်ချနေသော ပိုင်ရင်ဟုန်က ဝင်ပြောသည်။

"အခု ကျုပ်အသက်ကြီးပြီ၊ ကျုပ်ရဲ့မျိုးဆက်ကို ဆက်ခံမယ့် သားလဲ မရှိတော့ဘူး၊ ကျုပ်သေသွားယင် ကျုပ်ရဲ့မျိုးဆက်ပြတ်မှာ ပဲ၊ ဒီတော့ ကျုပ်လုပ်ချင်တာကိုပဲ လုပ်တော့မယ်၊ ဘာမှစဉ်းစားမနေ တော့ဘူး၊ ကဲ မင်းတို့ သွားကြပေတော့၊ ကြာယင် ကျုပ် ဆက်သည်း မခံနိုင်တော့ဘူး၊ မင်းတို့ကိုပါ အသေသတ်မိလိမ့်မယ်"

ချိုယွဲ့ထိုင်က ခက်ထန်စွာ ပြန်ပြောသည်။

ဆက်ပြောနေလျှင်လည်း အကြောင်းထူးမည် မဟုတ် ကြောင်း သိသည့်အတွက် ဝမ်ကျက်တို့သည် နှုတ်ဆက်စကားဆိုတာ ရွှေနဂါးရဲတိုက်မှ ထွက်လာခဲ့ကြသည်။

* * *

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့နှစ်ယောက် ရွှေနဂါးဂေဟာမှ ပြန်လာခဲ့ကြသည်။

"ချိုယွဲ့ထိုင်က သူ့ဆီမှာ ယိစုကြည် မရှိဘူးလို့ အပြတ်ငြင်းနေပါလား၊ ဘယ်လိုလုပ်မလဲ"

လမ်းတွင် ပိုင်ရင်ဟုန်က ဝမ်ကျက်ကို မေးသည်။

"သူက တမင်သက်သက် ပြောတာပါ၊ ယိစုကြည်ဟာ သူ့လက်ထဲမှာ ရှိနေပါတယ်"

"ဒီလိုသိရက်သားနဲ့ ရှင်က ဘာကြောင့် ဒီအတိုင်း ပြန်ထွက်လာခဲ့ရတာလဲ"

"ချိုယွဲ့ထိုင်ဟာ လက်ရှိ သိုင်းလောကရဲ့ ထိပ်တန်းသိုင်းသမားကြီးတစ်ယောက် ဖြစ်တယ်၊ ကျွန်တော်တို့နှစ်ယောက်ဟာ သူ့ကို ဘယ်နည်းနဲ့မှ မယှဉ်နိုင်ဘူး၊ ပြီးတော့ ရွှေနဂါးရဲတိုက်မှာ အဆင့်မြင့်သိုင်းသမားတွေ အများကြီး ရှိတယ်၊ တပည့်လက်သား အင်အားလဲများတယ်၊ ဒီတော့ ကျွန်တော်တို့က သူ့ကို အတည့်အလင်း ရင်ဆိုင်တိုက်ခိုက်ယင် ကျောက်နံရံကို ဘဲဥနဲ့ ပစ်ပေါက်သလို ဖြစ်တော့မှာပေါ့"

"ရှင်က ဘုရားကျောင်းပျက်မှာ ကျန်ခဲ့တဲ့လူတွေကို သွားပြီး စစ်ကူခေါ်မလို့လား"

"အခုလောလောဆယ်တော့ သူတို့ကို သွားမခေါ်သေးဘူး၊ ကျွန်တော်တို့နှစ်ယောက်ပဲ၊ ဒီနေ့ညကျယင် ရွှေနဂါးရဲတိုက်ထဲကို



တိတ်တဆိတ် ဝင်ရောက်ပြီး စုံစမ်းထောက်လှမ်းရအောင်၊ ကံကောင်းပြီး ယိစုကြည်ကို ချုပ်နှောင်ထားတဲ့ နေရာကို တွေ့ရယင်လဲ ကယ်ထုတ်ပေးနိုင်တာပေါ့"

"ဒီနည်းကောင်းတယ်"

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့သည် ရွှေနဂါးရဲတိုက်နှင့် (၃)မိုင်ခန့်ဝေးသော မြို့လေးရှိ တည်းခိုရိပ်သာတစ်ခုဝယ် အခန်းနှစ်ခန်း ငှားလိုက်ကြသည်။

နေ့လယ်စာကို အမြန်စားသောက်ပြီးနောက် ဝမ်ကျက်က ပိုင်ရင်ဟုန်ကို သူ၏အခန်းသို့ ဖိတ်ခေါ်လာခဲ့သည်။

"စစ်တိုက်ခါနီးမှ ဓားသွေးတယ်ဆိုတဲ့ စကားကို ခင်ဗျား ကြားဖူးတယ် မဟုတ်လား"

အခန်းထဲဝယ် ထိုင်ကာ လက်ဖက်ရည်ကြမ်းသောက်ယင်း ဝမ်ကျက်က ပြောသည်။

"အင်း ကြားဖူးသားပဲ"

ပိုင်ရင်ဟုန်က ပြန်ပြောသည်။

"အခု ကျွန်တော်တို့လဲ အဲဒီ စကားလို အကြောင်းကိစ္စ ပေါ်လာမှ အဆင့်မြင့် သိုင်းပညာတစ်ခုကို လေ့ကျင့်ကြရအောင်လား"

ဤသို့ပြောပြီးနောက် ဝမ်ကျက်သည် စစ်တုရင်ဧကရာဇ် ပေးထားသော စစ်တုရင်ဓားသိုင်းကျမ်းကို ထုတ်ယူလိုက်သည်။

ဝမ်ကျက်သည် ထိုစစ်တုရင်ဓားသိုင်းကျမ်းကို ရရှိပြီးနောက်

တစ်ကြိမ်တစ်ခါမျှ ဖွင့်မကြည့်ခဲ့ဘူးသေးချေ။

ယနေ့တွင်မူ အခက်အခဲ အန္တရာယ်နှင့် မကြာမီ ရင်ဆိုင်ရန် အကြောင်း ရှိသည်မို့ အထောက်အကူ ရလိုရငြား စစ်တုရင်ဓားသိုင်း ကျမ်းကို ထုတ်ယူလိုက်ခြင်း ဖြစ်သည်။

စစ်တုရင်ဓားသိုင်းကျမ်းကို ဖွင့်ကြည့်လိုက်သောအခါတွင်မူ ဝမ်ကျက်မှာ မျက်မှောင်ကြုတ်သွားရသည်။

စစ်တုရင်ဓားသိုင်းကျမ်းတွင် ရေးသားထားသော စာများ မှာ ရှေးဟောင်းစာများ ဖြစ်သည်။

ဝမ်ကျက် မဖတ်တတ်။

"ဟာ.. ဒုက္ခပဲ၊ ဒီစာတွေကို ကျွန်တော် မဖတ်တတ်ဘူး"

ဝမ်ကျက်က ပြောသည်။

"အဲဒီ သိုင်းပညာကျမ်းကို ရှင် ဘယ်က ရတာလဲ"

ပိုင်ရင်ဟုန်က ဝင်မေးသည်။

"လူတစ်ယောက်က ကျွန်တော့်ကို လက်ဆောင်ပေးလိုက်တာပါ"

"အဲဒီလူက ဘယ်သူလဲ"

"နာမည်ကိုတော့ ကျွန်တော် မသိဘူး"

"ကျွန်မအဖေများလား"

"မဟုတ်ဘူး"

"အဲဒီမှာ ရေးထားတဲ့ စာတွေကို ရှင်မဖတ်တတ်ဘူးနော်"



"အင်း.. တစ်လုံးမှ မသိဘူး"

"ကျွန်မ ဖတ်တတ်တယ်"

"ဟာ ဒီလိုဆို ဟန်ကျတာပေါ့"

"ဒီဟာ စစ်တုရင်ဓားသိုင်းကျမ်းလို့ ခေါ်တယ်"

"ဟုတ်တယ်၊ ဟုတ်တယ်"

"ကျွန်မအမေ ပြောပြလို့ ဒီစစ်တုရင်ဓားသိုင်းကျမ်း အ ကြောင်း ကြားဖူးထားတယ်၊ ရှင် ဒီကျမ်းကို စစ်တုရင်ကေရာဇ်ဆီ က ရလာတာ မဟုတ်လား"

"မဟုတ်ပါဘူး..မဟုတ်ပါဘူး"

စစ်တုရင်ကေရာဇ်ထံတွင် ကတိပေးထားချက် ရှိသည်မို့ ဝမ် ကျက်က အတင်းပင် ငြင်းလိုက်သည်။

"ဖြစ်ပျက်ပုံကို ကျွန်မ ဆယ်ပုံမှာ ရှစ်ပုံလောက် ခန့်မှန်း သိရှိနေပါပြီ၊ ရှင်က ဘာကြောင့် အတင်းလိမ်နေချင်ရတာလဲ"

"ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ ထုတ်မပြောပါဘူး လို့ ကျွန်တော် ကတိခံထားရတယ်၊ ဒီတော့ ခင်ဗျားဘာသိလို့ခင်ဗျား ဆယ်ပုံရှစ်ပုံလောက် သိနေပြီဆိုယင်လဲ ကျွန်တော့်ကို အတင်းမေး မနေပါနဲ့တော့၊ ဒါနဲ့ ခင်ဗျားအမေက ဒီဓားသိုင်းကျမ်းအကြောင်း ပြောဖူးတယ်ဆိုတော့ သူ့ဆီမှာရော ဒီဓားသိုင်းကျမ်းမျိုး ရှိနေလို့ လား"

"မရှိဘူး၊ စစ်တုရင်ဓားသိုင်းကျမ်းကို လေ့ကျင့်အောင်မြင်

ယင် ပြိုင်ဘက်ကင်းတဲ့ သိုင်းသမား ဖြစ်လာနိုင်တယ်လို့ပဲ ပြောဖူးတယ်၊ ကျွန်မက မေမေ့ဆီမှာ ရှိသလားမေးတော့ မဖြေဘူး၊ ဘယ်မှာ ရှိသလဲ မေးတော့လဲ မဖြေခဲ့ဘူး"

"ကဲ…ဒီကျမ်းမှာ ရေးထားတဲ့ ရှေးဟောင်းစာတွေကို ခင်ဗျားဖတ်တတ်တယ်ဆိုယင်လဲ ဖတ်ကြည့်စမ်းပါအုံး"

ဝမ်ကျုက်က ဤသို့ ပြောပြီး စစ်တုရင်ဓားသိုင်းကျမ်းကို ပိုင်ရင်ဟုန်အား ပေးလိုက်သည်။

ပိုင်ရင်ဟုန်က စစ်တုရင်ဓားသိုင်းကျမ်းကို ဖွင့်ကြည့်သည်၊ ဝမ်ကျုက်လည်း ပိုင်ရင်ဟုန်နှင့်အတူ လိုက်ကြည့်သည်။

စစ်တုရင်ဓားသိုင်းကျမ်းဝယ် စာရွက်နှစ်ရွက်၊ စာမျက်နှာလေးမျက်နှာသာ ပါရှိသည်။

စာမျက်နှာသုံးမျက်နှာတွင် ရှေးလက်ရေး စိပ်စိပ်လေးများဖြင့် ရှေးဟောင်းစာများ ရေးထားပြီး နောက်ဆုံး စာမျက်နှာတွင်မူ တိဗက်လားမားတစ်ယောက် ဓားတိုတစ်လက်ကိုင်ကာ ဓားသိုင်းကစားနေသည့်ပုံ သုံးပုံ ပါရှိသည်။

"စစ်တုရင်ဓားသိုင်းမှာ ဓားကွက်သုံးကွက်ပဲ ရှိတယ်၊ စစ်တုရင်ကစားတဲ့ နေရာမှာ စိတ်အာရုံတည်ငြိမ်ပြီး ဉာဏ်ကို ကွန့်မြူးကစားရသလို၊ စစ်တုရင်ဓားသိုင်းမှာလဲ စိတ်အာရုံ တည်ငြိမ်ဖို့နဲ့ အာရုံကွန့်မြူးနိုင်ဖို့ သိပ်လိုတယ်၊ ဓားကွက်တွေကတော့ သိပ်မခက်ဘူး၊ အလွယ်နဲ့ နားလည်နိုင်တယ်၊ ဒါပေမယ့် စွမ်းအင်ထက်မြက်ဖို့က



တော့ သိပ်ကို ခက်ခဲတယ်၊ စိတ်ဓာတ်အင်အား ရင့်ကျက်ခိုင်မာဖို့ အရေးကြီး အချိန်ယူလေ့ကျင့်ရမယ်၊ စိတ်ဓာတ်အင်အား ခိုင်မာရင့်ကျက်မှသာ စစ်တုရင်ဓားသိုင်းကို စွမ်းအားအပြည့်အဝ သုံးနိုင်မယ်၊ ဒီတော့ ရှင်စောစောက ပြောသလို စစ်တိုက်ခါနီးမှ ဓားသွေးတဲ့ သဘော လုပ်လို့ မရတော့ဘူး၊ ဒီစစ်တုရင်ဓားသိုင်းကို ကျွမ်းကျင်ပိုင်နိုင်ဖို့ အများကြီး အချိန်ယူ လေ့ကျင့်ရမယ်"

"အဲဒီ ရှေးဟောင်းစာတွေနဲ့ ရေးထားတာတွေက သိုင်းကွက်လှုပ်ရှားပုံတွေလား"

"မဟုတ်ဘူး၊ စိတ်အင်အား ရင့်ကျက်ခိုင်မာအောင် လေ့ကျင့်ဖို့နဲ့ စစ်တုရင်အတွင်းအား ကျင့်စဉ်တွေ ရေးထားတာ၊ သိုင်းကွက်ကတော့ အဲဒီ ပုံထဲမှာ ပါတဲ့အတိုင်း ရိုးရိုးရှင်းရှင်းလေးပဲ"

"ဖြစ်နိုင်ယင် အဲဒီ ရှေးဟောင်းစာတွေကို ဘာသာပြန်ပေးပါလား"

"ဖြစ်ပါတယ် မခက်ပါဘူး"

ပိုင်ရင်ဟုန်သည် တည်းခိုရိပ်သာ လုလင်ဖျော်းတစ်ယောက်ကို ခေါ်ကာ စက္ကူ၊ စုတ်တံနှင့် မင်အိုးများ တောင်းယူလိုက်သည်။

ထို့နောက် စစ်တုရင်ဓားသိုင်းကျမ်းကို ဘာသာပြန်ဆိုပေးသည်။

* * *

ညဦးသန်းခေါင်ယံအချိန်။

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့နှစ်ယောက် ရွှေနဂါးရဲတိုက်အနီးသို့ တိတ်တဆိတ် ရောက်ရှိလာကြသည်။

ရွှေနဂါးရဲတိုက်ဝယ် မီးရောင် အနည်းငယ်သာ ရှိသည်။

အစောင့်တာဝန်ကျသူများမှအပ ကျန်လူများအားလုံး အိပ်မောကျနေကြကြောင်း အကဲခတ်သိရှိနိုင်သည်။

ရဲတိုက်၏ပတ်လည်ဝယ် ရေကျုံးတစ်ခု ရှိသည်။

ထိုရေကျုံးကို ဖြတ်ကျော်နိုင်မှသာ ရဲတိုက်နံရံအနီးသို့ ရောက်မည် ဖြစ်သည်။

ရေကျုံးမှာ ပေ ၃၀ ခန့်ကျယ်သည်။

"ကြည့်ရတာ ကျုံးကို ရေကူးပြီး ဖြတ်ကျော်ရမယ် ထင်တယ်"

ဝမ်ကျက်က ပြောသည်။

"ဒီလိုဆိုယင် ကျွန်မတို့ အဝတ်အစားတွေ ရေစိုကုန်ပြီး လှုပ်ရှားတဲ့အခါမှာ အခက်အခဲ ရှိမှာပေါ့၊ ကိုယ်ဖော့ပညာသုံးပြီး ကျော်ဖြတ်ယင် ပိုကောင်းမယ်"

"ကျုံးက ပေသုံးဆယ်လောက်ကျယ်တာ၊ ဘယ်လိုလုပ်ကိုယ်ဖော့ပညာသုံးပြီး ဖြတ်ကျော်နိုင်မှာလဲ"

"ကျွန်မမှာ နည်းလမ်းရှိပါတယ်"

ပိုင်ရင်ဟုန်က ဤသို့ပြောပြီးနောက် ခြောက်သွေ့နေသော



သစ်တုံးနှစ်တုံးကို လိုက်ရှာယူသည်။

ထိုနေရာဝယ် သစ်ပင်များ ထူထပ်ပေါများသောကြောင့် ...ည်သို့မျှ အခက်အခဲ မရှိဘဲ တစ်ပေသာသာခန့်ရှိ သစ်တုံးနှစ်တုံး ...လွယ်ပင် ရှာတွေ့သည်။

ပိုင်ရင်ဟုန်က သစ်တုံးတစ်တုံးကို ဝမ်ကျက်အား ပေးသည်။

ကျန်တစ်တုံးကို သူ့လက်ဝယ် ကိုင်ထားသည်။

"ကျွန်မလုပ်တာကို ကြည့်ပြီး ဇိုက်လုပ်ပါ"

ပိုင်ရင်ဟုန်က ဤသို့ပြောပြီးနောက် သစ်တုံးကို ကျုံး၏ ...လယ်လောက်သို့ ရောက်အောင် လှမ်းပစ်လိုက်သည်။

ထို့နောက် ကိုယ်ဖော့ပညာကို သုံးကာ လျှားကနဲ ခုန်လိုက် ...သည်။

အချိန်အဆ မှန်ကန်စွာ ခုန်လိုက်သောကြောင့် ရေလယ် ...ယ် ရှိနေသည့် သစ်တုံးပေါ်သို့ ခြေချမိသည်။

ပိုင်ရင်ဟုန်က သစ်တုံးကို ထောက်ကာ အားယူပြီး နောက် ...စ်ဆင့် ခုန်လိုက်ရာ ကျုံး၏တစ်ဘက်ကမ်းသို့ ရောက်သွားသည်။

ဝမ်ကျက်လည်း ပိုင်ရင်ဟုန် နည်းတူပင် သစ်တုံးကို ခြေ ...ုပ်ပြုကာ ခုန်ကူးလာခဲ့သည်။

ထို့နောက် နှစ်ယောက်သား မှောင်ရိပ်ခိုကာ ခြေသံကို လုံ ...နိုင်းပြီး ရဲတိုက်နံရံနားသို့ ချဉ်းကပ်လာခဲ့သည်။

"လူတွေ လာနေတယ်"

ရဲတိုက်နံရံနားသို့ ကပ်မိသောအခါ ပိုင်ရင်ဟုန်က တီးတိုး ပြောသည်။

နှစ်ယောက်သား နံရံနားရှိ အမှောင်ရိပ်ဝယ် အသာဝင်ကပ် ကာ ငြိမ်နေလိုက်ကြသည်။

လာသော လူများမှာ ရွှေနဂါးရဲတိုက်အတွင်းမှ ထွက်လာ ကြသူများ မဟုတ်။

ကျုံး၏တစ်ဘက်ကမ်းမှနေ၍ ပေါ်လာကြသူများ ဖြစ် သည်။

အားလုံး(၂၀)နီးပါးရှိသည်။

ထိုသူများသည် ဝမ်ကျက်တို့၏နည်းအတိုင်း သစ်တုံးများကို ခြေကုပ်ယူကာ ကျုံးကို ကျော်လာခဲ့ကြသည်။

ထိုသူများ၏လှုပ်ရှားပုံမှာ ခိုးကြောင်ခိုးဝှက်နိုင်သည်။

ရွှေနဂါးရဲတိုက်မှ လူများ မဟုတ်ဘဲ မိမိတို့လို တိတ်တ ဆိတ်ရောက်လာသူများ ဖြစ်ကြောင်း ဝမ်ကျက်တို့ နားလည်လိုက် သည်။

"ဒီနေ့ည ရွှေနဂါးရဲတိုက်ထဲကို တိတ်တဆိတ်ဝင်တာ ကျွန် တော်တို့ချည်း မဟုတ်ပါလား"

ဝမ်းကျက်က ပိုင်ရင်ဟုန် ကြားနိုင်ရုံ လျှို့ဝှက်အသံဖြင့် တီး တိုးပြောလိုက်သည်။

"ဒီလူတွေက မျက်နှာဖုံးတွေ စွပ်ထားကြတယ်၊ ဓားပြတွေ



ား မသိဘူး"

ပိုင်ရင်ဟုန်ကလည်း ဝမ်ကျက် ကြားနိုင်ရုံ လျှို့ဝှက်အသံ င့် တီးတိုးပြန်ပြောသည်။

"ရွှေနဂါးရဲတိုက်ဟာ သိုင်းလောကရဲ့ ထိပ်တန်းအဖွဲ့အစည်း စ်ခု ဖြစ်တယ်၊ ဘယ်သူက ရွှေနဂါးရဲတိုက်ကို လာပြီး ဓားပြတိုက်ရဲ လဲ"

"ဓားပြ မဟုတ်ယင် အဲဒီ လူတွေက ဘယ်သူတွေလဲ"

"အဲဒါကိုတော့ ကျွန်တော်လဲ ဘယ်သိမှာလဲ သူတို့လှုပ်ပုံ ိုင်ပုံကို အသာအကဲခတ်ကြည့်ကြတာပေါ့"

သူတို့နှစ်ယောက် ဤသို့ပြောဆိုနေကြချိန်ဝယ် မျက်နှာဖုံး ်များသည် ကျုံးကို ဖြတ်ကျော်ကာ ရဲတိုက်နံရံသို့ ရောက်လာကြ ည်။

ထို့နောက် တစ်ယောက်ပြီးတစ်ယောက် နံရံကို တွယ်တက် ာ အတွင်းဘက်သို့ ဝင်ရောက်သွားကြသည်။

ထိုသူများ၏လှုပ်ရှားပုံမှာ သွက်လက်မြန်ဆန်သည်။

အသံလည်း လုံသည်။

အဆင့်မြင့်သိုင်းသမားများ ဖြစ်ကြောင်း သိသာနိုင်သည်။

"အဲဒီလူတွေရဲ့ လှုပ်ရှားပုံက မဆိုးပါဘူး၊ ဒါပေမယ့် လူဦး များလွန်းတယ်၊ အနေးနဲ့ အမြန်ဆိုသလို ရွှေနဂါးရဲတိုက်က လူ ရိပ်မိလိမ့်မယ်၊ ဒီအခွင့်အရေးကို ကျွန်တော်တို့က အသုံးချ

အမြတ်ထုတ်ကြရအောင်”

ဝမ်ကျက်က ဤသို့ပြောပြီး မျက်နှာကို ပဝါဖြင့်စည်းလိုက်သည်။

ပိုင်ရင်ဟုန်လည်း ဝမ်ကျက်နည်းတူပင် မျက်နှာကို ပ စည်းသည်။

ထို့နောက် နှစ်ယောက်သား ရဲတိုက်နံရံကို တွက်တက်ဖြ ကျော်ကာ အတွင်းသို့ ဝင်လိုက်သည်။

သူတို့နှစ်ယောက် ရဲတိုက်နံရံကို ဖြတ်ကျော်ပြီးချိန်ဝယ် တိုက်တွင်းမှ အော်ဟစ်သံများ၊ လက်နက်ချင်း ထိတွေ့တိုက်ခိုက် များ ပေါ်လာသည်။

ရွှေနဂါးရဲတိုက်ဝင်း အတွင်းဝယ် အဆောက်အအုံမျ အဆောင်များ အများအပြား ရှိသောကြောင့် တိုက်ခိုက်သံများ ကြ နေရသော်လည်း တိုက်ခိုက်နေမှုများကိုမူ မတွေ့နိုင်ပေ။

“လာ..မြန်မြန်”

ဝမ်ကျက် ပိုင်ရင်ဟုန်၏ လက်ကိုဆွဲကာ နီးရာအဆေ တစ်ခုထဲသို့ ပြေးဝင်လာခဲ့သည်။

ထိုအဆောင်ထဲဝယ် ထင်းပုံများ စီစီညီညီ ရှိနေသည်။

ထင်းသိုလှောင် ထားရှိသည့် အဆောင် ဖြစ်နေသည်။

မိမိတို့ ရောက်နေသည့် နေရာမှာ ရွှေနဂါးရဲတိုက်၏ အခ အချာ နေရာမဟုတ်ကြောင်း တွေးမိသည့်အတွက် ဝမ်ကျက်တို့သ



အပြင်သို့ ပြန်ထွက်ရန် ပြင်သည်။

“ဒုံ..ဒုံ..ဒုံ”

ထိုအခိုက် အချက်ပေးဗုံသံသုံးချက် ပေါ်လာသည်။

ထို့နောက် ရဲတိုက်တစ်ခုလုံး မီးအိမ်များ လင်းထိန်လာသည်။

မီးအိမ်များ၏ အလင်းရောင်ကြောင့် နေ့အချိန်လို ဖြစ်သွားသည်။

ဆက်လက်၍ လူတစ်ယောက်၏ ကျယ်လောင်စွာ အော်ပြောလိုက်သံ ပေါ်လာသည်။

“ကျုပ်ရဲ့ ရွှေနဂါးရဲတိုက်သဲကို ဘာကြောင့် ခိုးကြောင်ခိုးဝှက် ဝင်လာရတာလဲ၊ အားလုံး တကယ် သတ္တိရှိတယ်ဆိုယင် သိုင်းလေ့ကျင့်ရေးကွင်းမှာ ရင်ဆိုင်ကြပါမို့”

ရွှေနဂါးရဲတိုက်ထဲသို့ ဝင်လာသူများများမှာ ရှုံ့ယွဲ့ထိုင်နှင့် အတည့်အလင်း ရင်ဆိုင်တိုက်ခိုက်ခြင်း ပြုလိုဟန်မရှိ။

ရဲတိုက်၏ နေရာအနှံ့အပြားမှ ပေါ်ထွက်လာသော တိုက်သံခိုက်သံများက ရပ်စဲမသွားဘဲ ဆက်လက်ပေါ်ထွက်နေသည်။

ယခုလို အခြေအနေမျိုးဝယ် ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့အဖို့ ပုန်းအောင်းနေသော ထင်းသိုလှောင်ရုံမှ အပြင်သို့ ထွက်ရန် မဖြစ်နိုင်တော့ပေ။

ထို့ပြင် လူရိပ်သဏ္ဌာန်တစ်ခု ထင်းသို့လှောင်ခန်းဘက်သို့

လျှင်မြန်စွာ ပြေးလာနေသည်ကို တွေ့ရပြန်ရာ ဝမ်ကျက်တို့နှစ်ယောက်သား ထင်းပုံတစ်ပုံ၏ နောက်နားဝယ် ဝင်ရောက်ပုန်းအောင်းနေလိုက်ကြရသည်။

ချိုယွဲ့ထိုင်ပင်တည်း။

သူတို့နှစ်ယောက် ထင်းပုံနောက်သို့ ဝင်ပုန်းပြီး မရှေးမနှောင်းမှာပင် ထင်းသိုလှောင်ရုံထဲသို့ လူတစ်ယောက် ဓားဆွဲပြီး ဝင်ရောက်လာသည်။

ရဲတိုက်တွင်းသို့ ရန်သူတစ်စု ဝင်ရောက်နေသော အချိန်တွင် ချိုယွဲ့ထိုင်က ရန်သူများနှင့် အဓိက ရင်ဆိုင်တိုက်သည့် နေရာဝယ် ရှိမနေဘဲ ရဲတိုက်၏ အရေးမကြီးသော နေရာဖြစ်သည့် ထင်းသိုလှောင်ရုံသို့ ရောက်လာခြင်းမှာ အတော်ပင် ထူးဆန်းကြောင်း ဝမ်ကျက် တွေးလိုက်မိသည်။

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့မှာ အသက်ပင် ပြင်းပြင်းမရှူရဲဘဲ ငြိမ်၍ နေကြသည်။

ချိုယွဲ့ထိုင်သည် ညာလက်ရှိ ဓားရှည်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီးနောက် ထင်းပုံများ၏ကြားတွင် ရှိနေသော ကျဉ်းမြောင်းသည့် စင်္ကြံလမ်းလေးအတိုင်း ခေါက်တုံ့ခေါက်ပြန် နှစ်ပတ်လျှောက်သည်။

ဝမ်ကျက်တို့နှစ်ယောက် ရင်တထိတ်ထိတ် ခုန်နေကြရသည်။



ထို့နောက် ချိုယွဲ့ထိုင်သည် ထင်းသိုလှောင်ရုံ အပြင်ဘက်သို့ လျှောက်လှမ်းသွားသည်။

ဝေးဝေးကိုတော့ မသွား။

ထင်းသိုလှောင်ရုံ တံခါးနားဝယ် ဓားကိုင်ကာ ရပ်၍ နေသည်။

မိမိတို့ ဤထင်းသိုလှောင်ရုံထဲဝယ် ရှိနေသည်ကို ချိုယွဲ့ထိုင် ရိပ်မိသွားလေပြီလားဟု ဝမ်ကျက် တွေးတောစိုးရိမ်နေမိသည်။

ချိုယွဲ့ထိုင် ရပ်နေသည့် နေရာမှစ ဝမ်ကျက်တို့ ပုန်းအောင်းနေရာနှင့် အတော်နီးသည်။

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့မှာ လှုပ်ပင် မလှုပ်ရဲကြ။

ချိုယွဲ့ထိုင် ဤနေရာဝယ် ဓားကိုင်ကာ စောင့်ကြပ်နေမှုကို ဝမ်ကျက် တွေး၍ မရနိုင်အောင် ဖြစ်နေသည်။

ဤထင်းသိုလှောင်ရုံထဲဝယ် အဖိုးတန်ပစ္စည်းတစ်ခုခု ရှိနေ၍ လား။

ဒါလည်း မဖြစ်နိုင်။

လုံခြုံမှုလည်းမရှိ။

လူတကာ သွားလာဝင်ထွက်နိုင်သော ဤလိုနေရာမျိုးတွင် မည်သူကမျှ အဖိုးတန်ပစ္စည်းကို သိုဝှက်ထားမည်မဟုတ်။

"ဝန်ကျင့်ဦး အခြေအနေ ဘယ်လိုရှိသလဲ"

ချိုယွဲ့ထိုင်၏ စကားပြောသံကို ဝမ်ကျက် ကြားရသည်။

လှမ်းကြည့်လိုက်ရာ ထင်းသိုလှောင်ရုံအဝနားသို့ ချိုယွဲ့ထို
၏ တပည့်ကြီးတစ်ယောက်ဖြစ်သော ဝန်ကျင့်ဦး ရောက်ရှိနေသည်ကို
တွေ့ရသည်။

"ဓားတစ်ထောင် ကွန်ခြာသိုင်းကွက်ကြီးဆင်ပြီး တိုက်ခိုက်
ကျွန်တော် အမိန့်ပေးလိုက်ပါပြီ၊ ဒီလူတွေ အတောင်ပါတာတောင်
ပြေးလို့ မလွတ်နိုင်တော့ပါဘူး"

ဝန်ကျင့်ဦးက ပြန်အဖြေပေးသည်။

"ရောက်လာတဲ့ အကောင်တွေဟာ ကျောက်ချုံးရဲ့ လူတွေ
လား"

"ကျောက်ချုံးရဲ့လူတွေ ဖြစ်ဖို့ ဆယ်ပုံမှာ ရှစ်ပုံ သေချာပါ
တယ် ဆရာ"

"လာတဲ့အထဲမှာ ကျောက်ချုံး ပါလာသလား၊ သူ့သားတွေ
ထဲကကော ဘယ်သူပါလာသလဲ"

"ဝင်လာတဲ့လူအားလုံး အယောက်နှစ်ဆယ်နီးပါး ရှိတယ်
အားလုံး မျက်နှာဖုံးစွပ်ထားကြတယ်၊ ပြီးတော့ နှစ်ဘက်သွားဓား
ရှည်တွေကို ကိုင်ဆောင်ထားကြတယ်၊ ဘယ်သူတွေ ပါလာသလဲဆို
တာကိုတော့ ကျွန်တော် မသိရသေးဘူး"

"ကောင်းပြီ မင်းကိုယ်တိုင် တိုက်ပွဲကို သွားပြီး ကွပ်ကဲ
ရန်သူတစ်ယောက်မှ အလွတ်မပေးနဲ့"

"ကောင်းပါပြီ ဆရာကြီး"



ဝန်ကျင့်ဦး အမိန့်နာခံပြီး အပြေးလေး ထွက်သွားသည်။

ရွှေနဂါးရဲတိုက်အတွင်းသို့ ဝင်ရောက်လာကြသူများမှာ ဓား
မောက်ဂေဟာမှ ကျောက်ချုံး၏လူများ ဖြစ်နိုင်ကြောင်း ကြားရသည့်
အတွက် ဝမ်ကျက်အဖို့ အတွေးရခက်စရာ အကြောင်းတစ်ခု ဖြစ်လာ
ရပြန်သည်။

ကျောက်ချုံးက အဘယ်ကြောင့် ယခုလို လုပ်ရသနည်း။

ရွှေနဂါးရဲတိုက်နှင့် ဓားမောက်ဂေဟာမှာ တစ်ဘက်နှင့်တစ်
ဘက် ရင်းနှီးခင်မင်မှု မရှိကြသော်လည်း ယခုကဲ့သို့ လက်ထိလက်
ရောက် ကျူးကျော်တိုက်ခိုက်မှုမျိုး မလုပ်ကြပေ။

မိမိတို့ဘာသာ သီးသီးခြားခြား နေထိုင်ကြသူများ ဖြစ်
သည်။

အကယ်၍ ဝင်ရောက်တိုက်ခိုက်လာကြသူများမှာ ဓား
မောက်ဂေဟာမှ သိုင်းသမားများ ဖြစ်ရိုးမှန်လျှင် ထူးခြားသော
အကြောင်းရင်းရှိမှာ သေချာသည်။

ထိုအကြောင်းရင်းကို ဖော်ထုတ်နိုင်လျှင် ကျောက်နန်စင်
သေဆုံးရမှု အရှုပ်တော်ပုံ ရှင်းနိုင်ရန် လမ်းစကောင်းရှိနိုင်ကောင်း
ရနိုင်မည်ဟု ဝမ်ကျက် တွေးမိသည်။

ဝမ်ကျက် ဤသို့ တွေးတောနေဆဲမှာပင် အော်ဟစ်သံများ၊
တိုက်ခိုက်ထိုးခုတ်သံများ၊ ခြေသံများမှာ ထင်းသိုလှောင်ဘက်ဆီသို့
တဖြည်းဖြည်း ရွေ့လျားလာနေသည်။

ထို့နောက်...

အမိန့်ပေး အော်ဟစ်သံတစ်ခု ရုတ်တရက် ပေါ်လာသ

“ဓားတစ်ထောင်ကွန်ခြာသိုင်းကွက်ကို ခင်းကျင်းကြ”

အော်ဟစ်သံအဆုံးဝယ် ရွေ့လျားနေသော ခြေသံမ သောသောရုတ်ရုတ် ပေါ်လာပြန်သည်။

ရွှေနဂါးရဲတိုက်မှ သိုင်းသမားများ၊ ဓားတစ်ထောင်ကွန် သိုင်းကွက်ပုံစံ ခင်းကျင်းနေရာယူကြခြင်း ဖြစ်ကြောင်း ဝမ်ကျက် လိုက်သည်။

ဝမ်ကျက်တို့ ပုန်းအောင်းနေသည့် နေရာမှ လှမ်းကြည့်လ ထင်းသိုလှောင်ရုံ အပြင်ဘက်မှ မြင်ကွင်းကို သိပ်မမြင်ရပေ။

သို့သော် ကြားနေရသည့် ပြေးလွှားတိုက်ခိုက်သံများအ မျက်နှာဖုံးနက်များက ဓားတစ်ထောင် ကွန်ခြာသိုင်းကွက်ဖြင့် ပိ ထိန်းချုပ်ထားမှုကို ကြိုးစားထိုးဖောက် တိုက်ခိုက်နေကြကြောင်း ရှိနိုင်သည်။

“ကျောက်ချိုးရဲ့ လူတွေက ဘာကြောင့် ရွှေနဂါးရဲတိုက်ထဲ ဝင်ရောက်တိုက်ခိုက်ရတာလဲ”

ပိုင်ရန်ဟုန်က ဝမ်ကျက်၏ နောက်ကျောဝယ် လက်ညှိုး အသာစာရေးပြီး မေးသည်။

အသံထွက်၍ စကားပြောရန် မဖြစ်နိုင်သောကြောင့် ယ လို စာရေးကာ ပြောရခြင်း ဖြစ်သည်။



ဝမ်ကျက်က ခေါင်းခါပြသည်။

“ချူယွဲ့ထိုင်နဲ့ ကျောက်ချိုးတို့နှစ်ယောက်အကြားမှာ ရန်ငြိုး နှစ ရှိသလား”

“မပြောတတ်ဘူး။ ဒါပေမယ့် ချူယွဲ့ထိုင်နဲ့ ယီပေါက်ကျင့်တို့ က ကျောက်ချိုးကို သိပ်မုန်းကြတယ်၊ ဘာကြောင့်မုန်းတော့ မသိ ဘူး”

ဝမ်ကျက်က ပိုင်ရင်ဟုန်၏ လက်ဖဝါးပေါ်ဝယ် လက်ညှိုး ဖြင့် အသာထောက်ကာ စာရေးပြပြီး ပြန်ပြောသည်။

“ယီစုကြည်ကို လာကယ်တင်တာများ ဖြစ်မလား”

“မဖြစ်နိုင်ဘူး၊ ယီစုကြည်ကို ကယ်တင်ဖို့ ကျောက်ချိုးမှာ ဘာမှအကြောင်း မရှိဘူး”

သူတို့နှစ်ယောက် ဤသို့ စာရေးပြောဆိုနေကြဆဲဝယ် အပြင်ဘက်ဆီမှ ဆူဆူဝါးဝါး အော်သံပေါ်လာသည်။

တစ်ယောက်ယောက် ဓားချက်အထိခံရပြီ ဖြစ်ကြောင်း ဝမ် ကျက်တို့ သိလိုက်သည်။

ထို့နောက် ဆက်လက်၍ အော်ဟစ်ညည်းညူသံများ ပေါ် လာပြန်သည်။

“ဟာ.. အလယ်ဆောင် မီးလောင်နေပြီ”

“မြန်မြန် မီးငြိမ်းကြ”

အော်ဟစ်သံများ ပေါ်လာပြီး သောသောရုတ်ရုက် ပြေး

လွှားသံများလည်း ဆက်တိုက်ပေါ်လာပြန်သည်။

"ဟိတ်.. ဓားတစ်ထောင်ကွန်ခြာသိုင်းကွက်ကို ဘာကြောင့် ဖျက်ရတာလဲ၊ ဟာ ရန်သူတွေ လွတ်ပြေးကုန်ပြီ၊ လိုက်ကြစမ်း...လိုက်ကြစမ်း၊ မိအောင်လိုက်ဖမ်းကြစမ်း"

ချိုယွဲ့ထိုင်က အော်ပြောသည်။

အမူအရာမှာလည်း ထိတ်ထိတ်ပျာပျာ ဖြစ်နေသည်။

မီးလောင်မှုကြောင့် ရွှေနဂါးရဲတိုက်မှ သိုင်းသမားများ အာရုံထွေပြား စိတ်များနေစဉ် ရန်သူမျက်နှာဖုံးနက်များက ဓားတစ်ထောင်ကွန်ခြာသိုင်းကွက်ကြီးကို ထိုးဖောက်ထွက်ပြေးသွားကြပြီ ဖြစ်ကြောင်း ဝမ်ကျက်တို့ သလိုက်ကြသည်။

"ကိုးကျုံးရိ၊ ဖေ့လုံ၊ ဝေရိ၊ ဒီကို မြန်မြန်လာကြစမ်း"

ချိုယွဲ့ထိုင်က ဆက်၍ အော်ဟစ်လိုက်သည်။

'ဟုတ်ကဲ့ ဆရာကြီး၊ လာပါပြီ"

ထူးသံနှင့်အူ ရွှေနဂါးခုနစ်ဖော်မှ သိုင်းသမားများ ဖြစ်ကြသော ကိုးကျုံးရိ၊ ဖေ့လုံနှင့် ဝေရိတို့(၃)ယောက် ချိုယွဲ့ထိုင်ရှေ့သို့ ရောက်လာပြီး ပြိုင်တူဦးညွှတ်လိုက်ကြသည်။

"မင်းတို့သုံးယောက် ဒီမှာ စောင့်နေကြ၊ ငါ အလယ်ဆောင်ဘက်ကို သွားကြည့်လိုက်အုံးမယ်"

ဤသို့ ပြောပြီးနောက် ချိုယွဲ့ထိုင် ပြေးလွှားထွက်သွားသည်။



ကိုးကျုံးရိတို့သုံးယောက် ဓားကိုယ်စီကိုင်စွဲကာ ထင်းသိုလှောင်ရုံ ဝင်ပေါက်ဝယ် စောင့်ကြည့်ကျန်နေခဲ့သည်။

အရေးကြီးနေသော ယခုလို အချိန်အခါဝယ် တပည့်ကြီး (၃)ဦးကို အခြားနေရာသို့ မစေလွှတ်ဘဲ ဤထင်းသိုလှောင်ရုံတွင် စောင့်ခိုင်းထားသည့် ချိုယွဲ့ထိုင်၏ အပြုအမူမှာ ဝမ်ကျက်တို့အဖို့ အတော်ဆန်းနေသည်။

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့သည် ဆက်လက်၍ ငြိမ်သက်စွာ ပုန်းအောင်းနေပြီး အခြေအနေကို စောင့်ကြည့်အကဲခတ်နေသည်။

ခဏအကြာဝယ် သိုင်းသမားတစ်ယောက် ထင်းသိုလှောင်ရုံရှေ့သို့ အပြေးအလွှား ရောက်ရှိလာသည်။

"ဒဏ်ရာအပြင်းအထန် ရထားတဲ့ ရန်သူတစ်ယောက် ဖမ်းမိထားပါတယ်၊ သူ့အသက်ကို ကယ်ချင်ယင် ချက်ချင်း အရေးပေါ်ပြုစုကုသပေးမှ ဖြစ်မယ်"

ထိုသိုင်းသမားက သတင်းပို့ ပြောကြားသည့်။

"အခုန ရန်သူနှစ်ယောက်ကို အရှင်လက်ရ ဖမ်းမိထားပြီးပြီ၊ ဒီလူကို အရေးမစိုက်နဲ့တော့"

ကိုးကျုံးရိက ပြန်ပြောသည်။

ထိုသတင်းပို့လာသူ သိုင်းသမားလည်း အမိန့်နာခံကာ ပြန်ထွက်သွားသည်။

“ဒီကောင်တွေက တယ်ဉာဏ်များတာပဲ၊ ဘယ်ချောက်ပြီး ညာလှမ်းတဲ့နည်းကို သုံးသွားတယ်”

ဖေ့လုံက ပြောသည်။

“ဟိုလူနှစ်ဆယ်အပြင် အခြားလူတွေလဲ ကျုပ်တို့ ရဲတိုက်ထဲ ဝင်လာတယ်လို့ ခင်ဗျားက ဆိုချင်တာလား”

ဝေရိက မေးသည်။

“ဒါပေါ့ အဲဒီလို မဟုတ်ယင် အလယ်ဆောင်ကို ဘယ်သူက မီးလာရှို့မှာလဲ”

“ဒါပေမယ့် သူတို့ အထိနာသွားကြပါတယ်၊ သူတို့ ရည်ရွယ်ချက်လဲ မအောင်မြင်ဘူး”

ကိုးကျုံးရိက ဝင်ပြောသည်။

“ဟုတ်တယ်၊ ကျောက်ချုံးက ဒီတစ်ခါတော့ လုပ်တာကိုင်တာ အတော့်ကို ညံ့တယ်”

ဖေ့လုံက ပြောသည်။

“တစ်နေ့တုန်းက သူ့လူလွှတ်ပြီး ယိစုကြည် လွှတ်ပေးဖို့ တောင်းဆိုတယ်၊ ယိစုကြည်ရဲ့ ဗိုက်ထဲက ကလေးဟာ သူ့သား ကျောက်နန်စင်ရဲ့ကလေးလို့ ပြောတယ်၊ သူက သူ့ရဲ့မျိုးဆက်ကို လိုချင်နေတယ်လေ”

ကိုးကျုံးရိက ပြောသည်။

ဤစကားကို ကြားရတော့မှပင် ဓားမောက်ဂေဟာမှ သိုင်း



မားများ ရွှေနဂါးရဲတိုက်သို့ လာရောက်တိုက်ခိုက်ကြခြင်းမှာ ယိစုကြည်ကို ကယ်တင်ရန် ဖြစ်ကြောင်း ဝမ်ကျက်တို့ နားလည်ရတော့သည်။

ခဏအကြာဝယ် ထိုနေရာသို့ ချိုယွဲ့ထိုင် ပြန်ရောက်လာသည်။

ချိုယွဲ့ထိုင်နှင့်အတူ သိုင်းသမားလူငယ်နှစ်ယောက် ပါရှိလာသည်။

“အလယ်ဆောင်က မီးတွေကို ငြိမ်းသတ်လိုက်ပြီ၊ မင်းတို့သုံးယောက် ထွက်ပြေးသွားတဲ့ ရန်သူ့နောက်ကို အမြန်ဆုံး လိုက်သွားကြစမ်း”

ထင်းသိုလှောင်ရုံရှေ့သို့ ရောက်သည်နှင့် ချိုယွဲ့ထိုင်က ကိုးကျုံးရိတို့(၃)ယောက်ကို အမိန့်ပေးသည်။

ကိုးကျုံးရိတို့(၃)ယောက်လည်း ဦးညွှတ်ကာ အမိန့်နာခံပြီး အပြေးလေး ထွက်သွားကြသည်။

“မင်းတို့နှစ်ယောက် ဒီနေရာမှာစောင့်၊ အခြေအနေ ထူးခြားတာနဲ့ ချက်ချင်းခရာမှုတ်ပြီး အချက်ပေး”

ကိုးကျုံးရိတို့ ထွက်သွားပြီးနောက် ချိုယွဲ့ထိုင်က သူနှင့်အတူ ပါလာသော လူငယ်သိုင်းသမားနှစ်ယောက်ကို အမိန့်ပေးသည်။ ထိုသို့ အမိန့်ပေးပြီးနောက် ချိုယွဲ့ထိုင်လည်း ထင်းသိုလှောင်ရုံရှေ့မှ ထွက်သွားသည်။

သိုင်းသမားလူငယ်နှစ်ယောက်မှာ ဓားကိုယ်စီကိုင်ကာ ထင်းသိုလှောင်ရုံ အဝင်ပေါက်၏ တစ်ဘက်တစ်ချက်ဝယ် တည်ငြိမ်စွာ ရပ်လျက် စောင့်နေကြသည်။

ချိုယွဲ့ထိုင် အဝေးသို့ ထွက်သွားပြီမို့ ဝမ်ကျက်တို့မှာ အတော်အသက်ရှူချောင်သွားကြရသည်။

သို့သော် သိုင်းသမားလူငယ်နှစ်ယောက် ဆက်လက်စောင့်ကြပ်နေသောကြောင့် ဝမ်ကျက်တို့မှာ ပုန်းအောင်းနေရာမှ ထွက်မလာနိုင်ကြသေးပေ။

ထင်းပုံနောက်ဝယ် စိတ်ရှည်လက်ရှည် ဆက်လက်ပုန်းအောင်းနေကြရသည်။

အချိန်တရွေ့ရွေ့ ကုန်သွားသည်။

အဝေးဆီမှ အရုဏ်ဦးကြက်တွန်သံပင် ပေါ်လာသည်။

* * *

အရုဏ်တက်ချိန် ရောက်လာပြီ။

"မိုးတောင်လင်းတော့မယ်၊ ကျွန်မတို့ ဒီအထဲမှာ ဒီလိုပဲ ဆက်ပုန်းအောင်းနေရမှာလား"

ပိုင်ရင်ဟုန်က ဝမ်ကျက်ကို နှစ်ကိုယ်ကြား လေသံဖြင့် ပြောသည်။



"ရဲတိုက်ထဲကို ရန်သူတွေ ဝင်ရောက်လာတယ်ဆိုတာနဲ့ ချိုယွဲ့ထိုင်ကိုယ်တိုင် ဒီနေရာကို ရောက်လာတယ်၊ မီးလောင်နေတဲ့ နေရာကို သူသွားကြည့်ချင်တဲ့အခါမှာတောင် ဒီနေရာမှာ သူ့လက်ရင်းတပည့်ကြီးသုံးယောက်ကို အစောင့်ထားခဲ့တယ်၊ ရန်သူ ထွက်သွားတဲ့ အချိန်ကျတော့လဲ ဒီမှာ အစောင့်နှစ်ယောက်ထားခဲ့တယ်၊ ဒီနေရာမှာ အရေးကြီးတဲ့ လျှို့ဝှက်ချက် ရှိနေတာကတော့ အမှန်ပဲ"

ဝမ်ကျက်က တီးတိုးလေသံဖြင့် ပြန်ပြောသည်။

"အဲဒါကတော့ ဟုတ်ပြီ၊ အဲဒီ လျှို့ဝှက်ချက်ကို ဘယ်လိုဖော်ထုတ်မလဲ၊ အဝင်ဝမှာ စောင့်နေတဲ့ လူနှစ်ယောက်ကို ဖမ်းပြီး အတင်းစစ်မေးကြည့်မလား"

"ဟာ.. မလုပ်နဲ့၊ အဲဒီလိုဆိုယင် ကျွန်တော်တို့ ဒီမှာ ရောက်နေတာကို ရိပ်မိကုန်ကြလိမ့်မယ်"

"ဒါဖြင့် ဘယ်လိုလုပ်မှာလဲ"

"စိတ်ရှည်ရှည်ထားပြီး စောင့်ကြည့်ကြတာပေါ့"

သူတို့နှစ်ယောက် ဆက်၍ စောင့်ကြည့်နေကြသည်။

မကြာမီ နေထွက်လာသည်။

မိုးစင်စင်လင်းလာပေပြီ။

မိုးလင်းသည်နှင့် ခြေသံများ ကြားရပြီးနောက် ထိုနေရာသို့ ကိုးကျူးရိတို့(၃)ယောက် ရောက်ရှိလာကြသည်။

"ဆရာကြီးရော"

ကိုးကျိုးရိက စောင့်နေသော သိုင်းသမားလူငယ်များကို မေးသည်။

"ဆရာကြီး ရဲတိုက် ပင်မအဆောင်ထဲကို ပြန်သွားပါပြီ"

အစောင့်လူငယ်တစ်ယောက်က ပြန်အဖြေပေးသည်။

"ဒီမှာ ဘာပြဿနာပေါ်သေးလဲ"

"ဘာပြဿနာမှ မရှိပါဘူး၊ အားလုံး အေးအေးဆေးဆေး ပါပဲ၊ အစ်ကိုတို့ ရန်သူနောက်လိုက်တာကော"

"ရန်သူကို ရှာမတွေ့ဘူး၊ မျက်ခြည်ပြတ်သွားတယ်၊ ဒါ ကြောင့် ကျုပ်တို့သုံးယောက် ပြန်လာတာ"

"ဟော...ဟိုမှာ ဆရာကြီး လာနေပြီ"

မကြာမီမှာပင် ထိုနေရာသို့ ချိုယွဲ့ထိုင် ရောက်ရှိလာသည်။

"ဘယ်လိုလဲဟေ့ မင်းတို့ ရန်သူနောက်ကို လိုက်ကြတာ ဘာအခြေအနေ ထူးသလဲ"

ချိုယွဲ့ထိုင်က ကိုးကျိုးရိတို့ကို မေးသည်။

"ကျွန်တော်တို့သုံးယောက် မိုင်သုံးလေးဆယ်လောက် ရောက်တဲ့အထိ လိုက်သွားကြပေမယ့် ဘယ်ရန်သူကိုမှ မတွေ့ရဘူး၊ ဒါကြောင့် ပြန်လှည့်လာခဲ့ပါတယ်"

ကိုးကျိုးရိက ပြန်အဖြေပေးသည်။

"ဒီမှာ ဖမ်းမိထားတဲ့ကောင် နှစ်ယောက်ကိုတော့ စစ်မေး ပြီးပြီ၊ သူတို့က ပထမတော့ ဓားမောက်ဂေဟာကပါလို့ ဝန်မခံဘူး၊



အရိုးဖြုတ်သွေးကြောလွဲနည်းကို သုံးပြီး စစ်ဆေးတော့မှ ဒီကောင် တွေ မခံနိုင်တော့ အမှန်အတိုင်း ထုတ်ပြောတယ်၊ သူတို့က ဟို ကောင်မ ယိစုကြည်ကို လာကယ်ကြတာကိုး"

"အဲဒီလူနှစ်ယောက်ကို ဆရာကြီး ဘယ်လိုအပြစ်ဒဏ်ပေး မှာလဲ"

ဖေ့လုံက မေးသည်။

"ဘယ်လိုမှ အပြစ်ဒဏ်မပေးဘူး၊ စောစောလေးတင်ကပဲ နှစ်ယောက်စလုံးကို ကောင်းကောင်းမွန်မွန် ပြန်လွှတ်ပေးလိုက်ပြီ"

"ဟင် ဘာကြောင့် လွှတ်ပေးလိုက်ရတာလဲ"

"ဒီနေ့ည တိုက်ပွဲမှာ ဓားမောက်ဂေဟာက ထိပ်တန်းသိုင်း သမားငါးယောက်ကို ချေမှုန်းပစ်လိုက်ပြီးပြီ၊ ဒါလောက်ဆိုယင် ကျောက်ချိုးတို့အဖွဲ့ အတော့်ကို အထိနာတယ်၊ ဒါကြောင့် ငါက ဖမ်း ထားတဲ့ကောင် နှစ်ကောင်ကို တမင်လွှတ်ပေးလိုက်တာ၊ ဒီလိုလုပ် တော့ သိုင်းလောကက ငါတို့အပေါ် အထင်အမြင် ကောင်းလာတယ်၊ ကျောက်ချိုးကို ပိုအပြစ်မြင်လာမယ်"

"ယိစုကြည်ကိုကော ဆရာကြီး ဘယ်လိုစဉ်စဉ်မှာလဲ"

"ဘယ်လိုစီစဉ်ရမှာလဲ ငါသိချင်တာ သိရအောင် စစ်မေးပြီး ယင် ဒီကောင်မကို အသေသတ်ပစ်လိုက်ရုံ ရှိတာပေါ့"

ဤစကားများကိုကြားရသည်တွင် ဝမ်ကျက်မှာ ချိုယွဲ့ထိုင် အပေါ် အတော်ပင် အထင်အမြင်သေးသွားရသည်။

သူ့အနေဖြင့် အစက ချိုယွဲ့ထိုင်ကို ဖြောင့်မတ်တည်ကြည်ပြီး သိက္ခာရှိသူ သိုင်းသမားကောင်းကြီးတစ်ယောက်ဟု ထင်ထားခဲ့သည်။

ယခုမှ ချိုယွဲ့ထိုင်၏ ကောက်ကျစ်ရက်စက်တတ်သော အတွင်းစိတ်မှန်ကို သိရလေပြီ။

ဤသို့ပြောပြီးနောက် ချိုယွဲ့ထိုင်သည် ထင်းသိုလှောင်ရုံထဲသို့ လျှောက်လှမ်းဝင်ရောက်လာသည်။

ကိုးကျူးရိ၊ ဝေရှိနှင့် ဖေ့လုံတို့သုံးယောက်လည်း ချိုယွဲ့ထိုင်၏နောက်မှ လိုက်လာခဲ့ကြသည်။

ချိုယွဲ့ထိုင်တို့သည် ထင်းသိုလှောင်ရုံ၏ အနောက်ဘက်အစွန်ဆုံးနေရာသို့ အရောက်လျှောက်သွားပြီး ထိုနေရာဝယ် ရှိနေသည့် ထင်းပုံတစ်ပုံကို ဘေးဘက်သို့ ဖယ်ရှားနေရာ ပြောင်းလိုက်ကြသည်။

ထင်းပုံကို ရွှေ့လျားနေရာ ပြောင်းပြီးသောအခါ ထင်းပုံအောက်ဘက် ကြမ်းပြင်နေရာမှ ပျဉ်ပြားတစ်ချပ်ကို ဆွဲဖယ်လိုက်ရာ မြေအောက်ခန်းထဲသို့ ဆင်းသည့် လှိုဏ်ဂူဝင်ပေါက် ပေါ်လာသည်။ ဝမ်ကျက်တို့အဖို့ ကုသိုလ်ကံထောက်မသည်ဟု ဆိုရမည်။

ယိစုကြည်ကို ချုပ်နှောင်ထားရာ လှိုဏ်ဂူမြေအောက်ခန်းနေရာကို အထွေအထူး စုံစမ်းစရာမလိုဘဲ မမျှော်လင့်ဘဲနှင့် တွေ့ရလေပြီ။



ချိုယွဲ့ထိုင်တို့လူစုသည် လှိုဏ်ဂူတံခါးမှနေ၍ မြေအောက်ခန်းထဲသို့ ဆင်းသွားကြသည်။

ဝမ်ကျက်တို့သည် မြေအောက်ခန်းထဲမှ ချိုယွဲ့ထိုင်နှင့် ယိစုကြည်တို့ ပြောစကားများကို ကြားရလို ကြားရငြား အာရုံစိုက်ကာ နားထောင်နေကြသည်။

တကယ်ပင် မြေအောက်ခန်းထဲမှ ပြောစကားများကို ကြားကြရသည်။

"ယိစုကြည် ငါမေးတာကို မင်း အဖြေပေးတော့မလား"

ချိုယွဲ့ထိုင်၏အသံပင်။

"မဖြေနိုင်ဘူး ဘယ်တော့မှ ပြောမပြဘူး"

ယိစုကြည်၏ ပြန်ဖြေသံကို ဆက်ကြားရသည်။

"ကောင်းကောင်းမေးနေကုန်း ကောင်းကောင်းဖြေနော်"

"ဘယ်လိုပဲဖြစ်ဖြစ် မဖြေနိုင်ဘူး၊ ရှင် ကျွန်မကို သတ်ချင်သတ်ပစ်လိုက်"

"မင်းက သေရမှာ မကြောက်ဘဲကိုး၊ အေး မင်းကို အသက်မသေစေဘဲ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်နိုင်တဲ့နည်းတွေ ငါ့ဆီမှာ အများကြီး ရှိတယ် သိရဲ့လား"

ယိစုကြည်က ဘာမျှ ပြန်မပြော။

ခေတ္တတိတ်ဆိတ်နေပြီးနောက် ချိုယွဲ့ထိုင်၏စကားသံ ပေါ်လာပြန်သည်။

"ငါတပည့်မိန်ပိန်ကို တောင်ညိုဂေဟာကို လွှတ်ပြီး မ... အဖေယိပေါက်ကျင့်ကို အဖိတ်ခေါ်ခိုင်းထားတယ်၊ တကယ်လို့ မ... က ဆက်ခေါင်းမာနေအုံးမယ်ဆိုယင် ယိပေါက်ကျင့် ဒီကို ရောက်လ... တာနဲ့ တစ်ခါတည်းဖမ်းပြီး မင်းရဲ့ မျက်စိရှေ့မှာတင် အသေသတ်... မယ်၊ ရိုးရိုးမသတ်ဘူး"

ချိုယွဲ့ထိုင်က ဆက်လက်၍ ကြမ်းတမ်းရက်စက်သော ညှ... ပန်းနှိပ်စက်နည်းများကို ပြောပြနေသည်။

ဤစကားများကို နားထောင်ယင်း ဝမ်ကျက်မှာ ချိုယွဲ့ထိ... အပေါ် ပို၍ အထင်အမြင် သေးလာမိသည်။

ခဏအကြာဝယ် ချိုယွဲ့ထိုင်တို့လူစု မြေအောက်လှို့ဂှ... ခန်းမှ ပြန်တက်လာကြသည်။

ကိုးကျူးရိတို့သုံးယောက်က လှို့ဂှက်ဝင်ပေါက်ကို ပျဉ်... ပြန်ဖုံးကာ အပေါ်တွင် ထင်းပုံကို ပြန်ရွှေ့ထားလိုက်ကြသည်။

"ဟိုဓားမောက်ဂေဟာက ကောင်တွေ ထပ်လာချင်လာ... တယ်၊ ဒီတော့ ရဲတိုက်အစောင့်တွေကို ခါတိုင်းထက် ပိုချထား၊ ဒါ... မယ့် ဒီထင်းသိုလှောင်ရုံနားမှာတော့ အစောင့်ချမထားနဲ့၊ ဒီ... အစောင့်ချထားယင် သူများ မယုံသင်္ကာ ဖြစ်နိုင်တယ်၊ အဝေးက... ပြီးတော့ဘဲ ဒီထင်းသိုလှောင်ရုံကို လှမ်းကြည့်နေကြပါစေ"

ထင်းပုံပြန်ရွှေ့ပြီးသောအခါ ချိုယွဲ့ထိုင်က အမိန့်ပေးသ...

ထို့နောက် ချိုယွဲ့ထိုင်ရှေ့ဆောင်ကာ အားလုံး ထင်း...



လှောင်ရုံ အပြင်ဘက်သို့ ထွက်သွားကြလေတော့သည်။

* * *

"ယိစုကြည် ရှိနေတဲ့ နေရာကိုတော့ ကံကောင်းထောက်မပြီး သိရပြီ၊ ကျွန်မတို့ အလုပ်စကြဖို့ သင့်ပြီ ထင်တယ်"

ချိုယွဲ့ထိုင်တို့လူစု ထွက်သွားပြီးသောအခါ ပိုင်ရှင်ဟုန်က ဝမ်ကျက်ကို ပြောသည်။

ဝမ်ကျက်က ခေါင်းညိတ်ပြသည်။

နှစ်ယောက်သား ပုန်းကွယ်နေရာ ထင်းပုံနောက်မှ ထွက်လာခဲ့ကြသည်။

ဝမ်ကျက်သည် ထင်းသိုလှောင်ရုံအဝနားသို့ သွားကာ အသာခေါင်းပြူ၍ အခြေအနေကို အကဲခတ်ကြည့်သည်။

ထင်းသိုလှောင်ရုံ၏အနီးအနားဝယ် မည်သည့်အစောင့်အကြပ်မျှမရှိ။

စိတ်ချရလောက်အောင် အကဲခတ် ကြည့်ရှုပြီးနောက် ဝမ်ကျက်သည် နောက်ပြန်ဆုတ်လာခဲ့သည်။

"ခင်ဗျား အဝနားမှာသွားပြီး အရိပ်အခြည် ကြည့်နေပါ၊ ကျွန်တော် ဟိုထင်းပုံကို သွားရွှေ့လိုက်မယ်"

ဝမ်ကျက်က ပိုင်ရှင်ဟုန်ကို တီးတိုးပြောသည်။

ပိုင်ရင်ဟုန်က ခေါင်းညိတ်ပြပြီး ထင်းသိုလှောင်ရုံ အဝင်
နားသို့ သွား၍ အရိပ်အခြည် စောင့်ကြည့်နေသည်။

ဝမ်ကျက်ကမူ မြေအောက်ခန်းသို့ ဆင်းသည့် လျှို့ဝှက်ဝ
ပေါက်အပေါ်တွင် ရှိသော ထင်းပုံကို ဘေးသို့ ရွှေ့သည်။

ထင်းပုံကို ရွှေ့ပြီး၍ လျှို့ဝှက်ဝင်ပေါက်ကို ဖုံးအုပ်ထားသည့်
ပျဉ်ချပ်ကို ဆွဲမမည်အပြုဝယ် ပိုင်ရင်ဟုန်၏ တီးတိုးသတိပေးသံ
ပေါ်လာသည်။

"လူလာနေတယ်"

"ဘယ်သူတွေလဲ"

ဝမ်ကျက်က တီးတိုးလေသံဖြင့် ပြန်မေးသည်။

"လူငယ်နှစ်ယောက်ပဲ၊ လက်ထဲမှာ စားစရာတွေ ပါလာ
တယ်၊ ယိစုကြည်အတွက် အစားအစာ လာပို့ပေးကြတာ ဖြစ်လိမ့်
မယ်"

"ကောင်းပြီ ကျွန်တော်တို့ အသာပုန်းနေကြရအောင်"

ဤသို့ပြောပြီးနောက် ဝမ်ကျက်သည် ပျဉ်ချပ်ကို ဆွဲဖယ်
ကာ အပေါက်မှနေ၍ မြေအောက်ခန်းထဲသို့ လှစ်ကနဲ ဆင်းသွားပြီး
ပျဉ်ချပ်ကို အသာပြန်ဆွဲဖုံးထားလိုက်သည်။

ပိုင်ရင်ဟုန်လည်း နီးရာထင်းပုံတစ်ခု၏အနောက်သို့ အသာ
ဝင်ပုန်းနေလိုက်သည်။

မကြာမီမှာပင် လူငယ်နှစ်ယောက် စားသောက်ဖွယ်ရာများ



ကို သယ်ဆောင်ပြီး ထင်းသိုလှောင်ရုံထဲသို့ ဝင်ရောက်လာသည်။

"ဟာ တယ်ဆန်းပါလား၊ ဒီထင်းပုံက ဘာကြောင့် ဘေးကို
ရွှေ့နေရတာလဲ"

လျှို့ဝှက်ဝင်ပေါက်ပေါ်ဝယ် ဖုံးအုပ်ထားသော ထင်းပုံမှာ
ဘေးသို့ နေရာရွှေ့နေသည်ကို တွေ့ရသည့်အတွက် လူငယ်တစ်
ယောက်က မျက်မှောင်ကြုတ်ပြီး ပြောသည်။

"အခုလေးတင်ကပဲ ဆရာကြီးချိုယွဲ့ထိုင်နဲ့ အစ်ကိုကိုးကျုံးရိ
တို့တတွေ မြေအောက်ခန်းထဲကို ဝင်ကြည့်ကြသေးတယ်၊ သူတို့ ပြန်
ထွက်လာပြီး ထင်းပုံကို နေရာတကျ ပြန်ရွှေ့မထားခဲ့ဘူးနဲ့ တူတယ်"

ကျန်လူငယ်လေးက ပြောသည်။

"အစ်ကိုကိုးကျုံးရိက ကျွန်တော်တို့ကိုတော့ ဒီထင်းပုံကို
မမေ့မလျော့ နေရာတကျ ပြန်ပုံထားဖို့ အမြဲပြောဆို မှာကြားနေတာ
ပဲ၊ သူကိုယ်တိုင်ကျတော့ ဘာကြောင့် ဒီလို ပေါ့ပေါ့လျော့လျော့ လုပ်
ရတာလဲ"

"သူက ကျွန်တော်တို့ အစားအသောက် လာပို့ပေးချိန်နီးနေ
တာ သိလို့ ကျွန်တော်တို့ အထွေအထူး မပင်ပန်းရအောင် ထင်းပုံကို
ပြန်မရွှေ့ဘဲ ထားခဲ့တာလားမှ မသိတာ"

ထို့နောက် လူငယ်နှစ်ယောက်သည် ပျဉ်ချပ်ကို ဆွဲဖယ်ကာ
အပေါက်မှနေ၍ မြေအောက်ခန်းထဲသို့ ဆင်းသွားသည်။

မြေအောက်ခန်းမှာ အတော်ပင် ကြီးမားကျယ်ပြန့်သည်။

မြေအောက်ခန်း၏ သုံးပုံနှစ်ပုံဝယ် ဆန်အိတ်များ အပြည့်
နေသည်။

မြေအောက်ခန်း၏ အတွင်းဘက်ပိုင်းတွင်မူ ဆယ်ပေပ
လည်ခန့်ရှိ နေရာလွတ်တစ်ခု ရှိသည်။

ထိုနေရာလွတ်၏ နံရံပေါ်ဝယ် ဆီမီးခွက်ငယ်တစ်ခု ချိ
ထားသည်။

ထိုမီးခွက်အလင်းရောင်ကြောင့် မြေအောက်ခန်းထဲဝယ် မှ
မှုန်မွှားမွှား မြင်နိုင်တွေ့နိုင် ဖြစ်နေသည်။

ယိစုကြည်သည် ကြမ်းပြင်ပေါ်ဝယ် ထိုင်နေသည်။

သူ၏ခြေထောက်နှစ်ဘက်ကို သံကြိုးများဖြင့် ချည်ထာ
သည်။

သံကြိုးများသည် ကြီးမားလေးလံသော ကျောက်တုံးကြ
တွင် ပြန်၍ ချိတ်ဆွဲထားသည်။

ယိစုကြည်မှာ ဆံပင်များ ရှုပ်ပွကာ မျက်နှာကလည်း ည
ထေးနေသည်။

ယခင်က လှပမှုမျိုးပင် မရှိတော့။

အရူးမတစ်ယောက်နှင့်ပင် တူနေသေးသည်။

သူ၏ဝမ်းဗိုက်မှာမူ အတော်ပင် ပူနေသည်။

လူငယ်နှစ်ယောက်က သူတို့ ထည့်ယူလာသော စ
သောက်ဖွယ်ရာ ပန်းကန်များကို ယိစုကြည်၏ရှေ့ဝယ် ချပေးသည်



ထို့နောက် ယိစုကြည် ယမန်နေ့က စားသောက်ထားသည့်
းကန်များနှင့် တူကို သိမ်းလိုက်ကြသည်။

ထိုအချိန်မှာပင် လူတစ်ယောက် မှောင်ရိပ်ထဲမှ ခုန်ထွက်
ပြီး သူတို့နှစ်ယောက်ကို လျင်မြန်စွာ တိုက်ခိုက်ကာ အကြောပိတ်
လိုက်သည်။

အလစ်ဖမ်းတိုက်ခိုက်ခြင်း ဖြစ်သည့်အပြင် တိုက်ခိုက်ပုံ
လွန်မြန်သောကြောင့် လူငယ်နှစ်ယောက်မှာ ခုခံရန် စိတ်ပင် မကူး
ကြဘဲ အကြောပိတ်ခံရပြီး ကြမ်းပြင်ပေါ် လဲကျသွားကြသည်။

လူငယ်နှစ်ယောက်ကို ဝင်ရောက်တိုက်ခိုက် အကြောပိတ်
က်သူမှာ ဝမ်ကျက်ပင် ဖြစ်သည်။

ယိစုကြည်က ဝမ်ကျက်၏ လုပ်ဆောင်ပုံများကို မျက်လုံး
ကြောင်သားဖြင့် ငေးကြည့်နေသည်။

အန္တရာယ်အမျိုးမျိုး ရင်ဆိုင်ခဲ့ရသည့် မိန်းကလေးတစ်
ာက် ဖြစ်သော ယိစုကြည်မှာ စိတ်အလွန် ထိခိုက်နေဟန် တူ
ည်။

ဝမ်ကျက် ရောက်ရှိလာ၍ ဝမ်းသာရကောင်းမှန်းပင် မသိ
လို ဖြစ်နေသည်။

"ယိစုကြည် ကျွန်တော့်ကို မှတ်မိသလား"

"ဝမ်ကျက် မဟုတ်လား"

ယိစုကြည်က ပြန်ပြောသည်။

ယိစုကြည်က မိမိကို မှတ်မိသည့်အတွက် ဝမ်ကျက်မှာ အတော်ပင် အားတက်သွားသည်။

ယိစုကြည်၏ စိတ်အခြေအနေ မဆိုးသေးကြောင်းလည်း ဝမ်ကျက် သိလိုက်သည်။

"ဟုတ်တယ် ကျွန်တော်ဝမ်ကျက်ပဲ"

"ကျောက်နန်စင်ကို သတ်သွားတဲ့ လက်သည်ကို စုံစမ်းဖော်ထုတ်နိုင်ပြီလား"

"ဟင့်အင်း..."

"စုံစမ်းရတာ အတော့်ကို ခက်နေသလား"

"ဟုတ်တယ် အတော့်ကို ခက်တယ်"

"ဘာကြောင့်လဲ"

"ဒီအကြောင်း ပြောရယင် သိပ်ရှည်တယ်၊ ဒီနေရာက လွတ်အောင်လုပ်ပြီးမှ ပြောပြမယ်၊ သံခြေကျင်းဖွင့်တဲ့သော့၊ အဲဒီလူနှစ်ယောက်ဆီမှာ ရှိသလား"

ဝမ်ကျက်က အကြောပိတ်ခံရကာ သတိလစ်နေကြသော လူနှစ်ယောက်ကို မေးငေါ့ပြပြီး မေးသည်။

"မရှိဘူး၊ ချုပ်ယွဲ့ထိုင်ဆီမှာပဲ ရှိတယ်"

သော့မရှိသည့်အတွက် ဝမ်ကျက်သည် လက်စွဲတော်ဓားရှည်ကို ထုတ်ကာ အားကုန်သုံး၍ ခုတ်ချက်ပြင်းပြင်းဖြင့် ခုတ်ချ သံကြိုးများကို ဖြတ်တောက်ပေးလိုက်ရသည်။



သံကြိုးများ ပြတ်သွားသော်လည်း ယိစုကြည်၏ ခြေကျင်း မှ သံခြေကျင်းများမှာမူ မကျိုးပြတ်သေးပေ။

သည်အတိုင်း ရှိနေသေးသည်။

"ခင်ဗျား လှုပ်ရှားလို့ ရရဲ့လား"

ဝမ်ကျက်က ဓားရှည်ကို ပြန်သိမ်းပြီး မေးသည်။

"ရပါတယ်"

"ပြေးလို့ကော"

"ပြေးတော့ ပြေးနိုင်မယ်၊ ဒါပေမယ့် သိပ်မြန်မြန်တော့ ပြေးလို့ရမှာ မဟုတ်ဘူး"

"ကိစ္စမရှိပါဘူး အပြင်ဘက်မှာ ကျွန်တော့်မိတ်ဆွေ မိန်းကလေး ပိုင်ရင်ဟုန် ရှိနေတယ်၊ သူက ခင်ဗျားကို ဖေးမတွဲခေါ်သွားနိုင်ပါတယ်၊ လာအပြင်ကို ထွက်ကြရအောင်"

ဝမ်ကျက်နှင့် ယိစုကြည်တို့နှစ်ယောက် မြေအောက်ခန်းမှ ထွက်လာခဲ့ကြသည်။

ပိုင်ရင်ဟုန်သည် ထင်းသိုလှောင်ရုံဝင်ပေါက်နား၌ဝယ် အသာကပ်ရပ်ကာ အပြင်ဘက်သို့ ချောင်းကြည့်နေသည်ကို ဝမ်ကျက် တွေ့ရသည်။

"အခြေအနေ ဘယ်လိုရှိသလဲ"

ဝမ်ကျက်က ပိုင်ရင်ဟုန်အနားသို့ တိုးကပ်သွားပြီး တီးတိုးလေသံဖြင့် မေးသည်။

"ထင်းသိုလှောင်ရုံအနားကိုတော့ ဘယ်သူမှ မလာဘူး၊ အစောင့်လဲ မရှိဘူး၊ ဒါပေမယ့် အဝေးက အစောင့်တွေကတော့ ဒီဘက်ကို မယောင်မလည်နဲ့ လှမ်းကြည့်နေကြတယ်၊ တကယ်လို့ ကျွန်မတို့ ဒီအထဲက ထွက်သွားယင် အဲဒီ အစောင့်တွေ လှမ်းမြင်သွားမှာ သေချာတယ်"

ပိုင်ရင်ဟုန်က လေသံဖြင့် ပြန်အဖြေပေးသည်။

ဝမ်ကျက်အဖို့ အခက်ကြုံရပေပြီ။

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့ နှစ်ယောက်တည်းသာဆိုလျှင် အစောင့်သိုင်းသမားများကို တိုက်ခိုက်ထိုးဖောက်ကာ အလွတ်ရုန်းထွက်ပြေးသွားနိုင်သည်။

သို့သော် ယိစုကြည်အတွက်က ခက်နေသည်။

ယိစုကြည်မှာ သိုင်းပညာတတ်မြောက်သော်လည်း မပေါ့မပါးနှင့်မို့ စိတ်ထင်တိုင်း ပြေးလွှားလှုပ်ရှားနိုင်ခြင်း မပြုနိုင်။

ဝမ်ကျက် အမျိုးမျိုး စဉ်းစားသည်။

ကြံဆသည်။

နည်းလမ်းရှာဖွေသည်။

နောက်ဆုံးတွင်တော့ အကြံကောင်းတစ်ခု ရလာသည်။

"ကျွန်တော် အကြံတစ်ခု ရလာပြီ၊ ဟိုမြေအောက်ခန်းထဲမှာ သတိလစ်နေကြတဲ့ လူငယ်နှစ်ယောက်ရဲ့ အဝတ်အစားတွေကို ခင်ဗျားတို့နှစ်ယောက် သွားလဲဝတ်လိုက်ကြ၊ သူတို့လို အယောင်



ဆောင်ပြီး ဒီကနေ ထွက်သွားယင် အစောင့်တွေ ရုတ်တရက် ရိပ်မိမှာ မဟုတ်ဘူး"

ဝမ်ကျက်က မိမိ၏အကြံကို ယိစုကြည်နှင့် ပိုင်ရင်ဟုန်တို့အား ပြောလိုက်သည်။

မိန်းကလေးနှစ်ယောက်သည် ချက်ချင်းပင် မြေအောက်ခန်းထဲသို့ ဆင်းသွားကြသည်။

မကြာမီပင် လူငယ်နှစ်ယောက်၏ အဝတ်အစားများကိုလဲဝတ်ပြီး ပြန်တက်လာသည်။

ပန်းကန်ခွက်ယောက်အဟောင်းများနှင့်တူကိုလည်း ယူလာကြသည်။

မိန်းကလေးနှစ်ယောက်၏ အယောင်ဆောင်ထားမှုမှာ မဆိုး။

အနီးကပ်မကြည့်လျှင် အယောင်ဆောင်ထားမှန်း မည်သူမှ မသိနိုင်။

"ခင်ဗျားတို့နှစ်ယောက် ခပ်တည်တည်နဲ့သာ ထွက်သွားကြ၊ ခဏကြာယင် ကျွန်တော် ဒီအထဲက အတင်းပြေးထွက်သွားမယ်၊ အစောင့်သိုင်းသမားတွေက ကျွန်တော့်ကို မြင်ပြီး ဝိုင်းလိုက်ကြတာနဲ့ ခင်ဗျားတို့က တံတိုင်းနားကို အရောက်သွားပြီး ကျော်တက်ထွက်ပြေးကြပေတော့၊ တံတိုင်းအပြင်ဘက် ထွက်နိုင်ယင်တော့ လွတ်မြောက်ဖို့ လမ်းများသွားပါပြီ"

"ကျွန်မတို့အတွက်ကတော့ ဟုတ်ပါပြီ၊ ရှင်ကော လွတ်အောင် ပြေးနိုင်ပါ့မလား"

ပိုင်ရင်ဟုန်က မေးသည်။

"ကျွန်တော် လွတ်အောင်ပြေးနိုင်ပါတယ်၊ မပူပါနဲ့"

"တကယ်လို့ လွတ်အောင် မပြေးနိုင်ဘူးဆိုယင်ကော"

"ကျွန်တော် လွတ်မြောက်မှာပါ"

"တကယ်လို့ မလွတ်ယင် ဘယ့်နှယ်လုပ်မလဲဆိုတာကို ပြောစမ်းပါ"

"ကျွန်တော်က ယိစုကြည်နဲ့ အခြေအနေချင်း မတူဘူး၊ တကယ်လို့ လွတ်အောင် မပြေးနိုင်ဘဲ အဖမ်းခံရမယ်ဆိုယင်တောင်မှ ချိုယွဲ့ထိုင်က ကျွန်တော့်ကို အသေသတ်မှာ မဟုတ်ဘူး၊ ဒီတော့ ခင်ဗျားက တစ်ခေါက်ပြန်လှည့်လာပြီး ကျွန်တော့်ကို ကယ်တင်ပေးပေါ့"

"ကောင်းပါပြီ တကယ်လို့ လိုအပ်ယင် ကျွန်မမေမေကိုပါ သွားပြီး အကူအညီတောင်းမယ်"

ပိုင်ရင်ဟုန်က ပြောသည်။

"ဝမ်ကျုက်ရယ် အခုလို ကူညီပေးတာ ကျေးဇူးတင်ပါတယ်၊ ရှင့်ကို ဘယ်လိုကျေးဇူးဆပ်ရမယ်မှန်းတောင် မသိတော့ပါဘူး"

ယိစုကြည်က မျက်ရည်ဝဲကာ ငိုသံပါလေးနှင့် ပြောသည်။

"ကိစ္စမရှိပါဘူးဗျာ၊ တကယ်လို့ ခင်ဗျားက သိပ်ကျေးဇူး



ဆပ်ချင်နေတယ်ဆိုယင် ကိစ္စအားလုံး ရှင်းလင်းအေးဆေးသွားတဲ့အခါမှာ ကျွန်တော့်ကို အရက်တစ်ပွဲနဲ့ ဧည့်ခံပါ။ ကဲ.. သွားကြပေတော့"

မိန်းကလေးနှစ်ယောက်သည် ပန်းကန်ခွက်ယောက်များ တင်ထားသည့် လင်ဗန်းများကို ကိုယ်စီကိုင်ကာ ထင်းသိုလှောင်ရုံမှ ခပ်တည်တည်ပင် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းထွက်သွားကြသည်။

ထင်းသိုလှောင်ရုံနှင့် ခပ်လှမ်းလှမ်းနေရာဝယ် ရှိသည့် အစောင့်များမှာ ပိုင်ရင်ဟုန်တို့နှစ်ယောက်ကို ထမင်းပို့သွားသည့် လူငယ်သိုင်းသမားလေးနှစ်ယောက်ဟုသာ ထင်နေကြသောကြောင့် မည်သူမျှ ပြဿနာ မပေါ်ခဲ့ပေ။

ပိုင်ရင်ဟုန်နှင့် ယိစုကြည်တို့နှစ်ယောက် မီးဖိုဆောင်အနီးသို့ ရောက်လုသောအခါတွင် ဝမ်ကျုက်လည်း ထင်းသိုလှောင်ရုံ အပြင်ဘက်သို့ လှစ်ကနဲ ပြေးထွက်လာခဲ့သည်။

ဝမ်ကျုက် အပြင်သို့ ထွက်မိသည်နှင့် အဝေးမှ စောင့်ကြည့်နေကြသော အစောင့်သိုင်းသမားများမှာ ချက်ချင်းပင် လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

အချက်ပေးခရာသံများ၊ ဗုံသံများ သောသောညံညံ ပေါ်လာပြီး လူများလည်း အရပ်လေးမျက်နှာမှ တဟုန်ထိုး ပြေးထွက်လာကြသည်။

ဝမ်ကျုက်သည် ယိစုကြည်တို့ ရှိနေရာနှင့် ဆန့်ကျင်ဘက်

အရပ်ဘက်သို့ ရေးရှုကာ ပြေးထွက်လာခဲ့သည်။

ကိုယ်ဖော့ပညာသုံးကာ လျင်မြန်စွာ ပြေးသွားသည့်အတွက် ဝမ်ကျက်၏နောက်သို့ အစောင့်သိုင်းသမားများမှာ မီအောင် ပြေးမလိုက်နိုင်ခဲ့ပေ။

ခဏအကြာတွင်မူ ဝမ်ကျက်၏ရှေ့မှ ဓားကိုယ်စီ ကိုင်စွဲထားသော လူနှစ်ယောက် ဘွားကနဲ ပေါ်လာပြီး ဝမ်ကျက်ကို ဆီးကြိုတိုက်ခိုက်ကြသည်။

ထိုသူနှစ်ယောက်မှာ ရွှေနဂါးခုနစ်ဖော်ထဲမှ နှစ်ယောက်ဖြစ်သော ရှင်းစုနှင့် မုယန့်ယိတို့ ဖြစ်ကြသည်။

ဝမ်ကျက် ဆက်မပြေးသာတော့။

ကိုယ်ရှိန်သတ်ကာ တုံ့ရပ်ပြီး ရင်ဆိုင်ခုခံ တိုက်ခိုက်ရလေတော့သည်။

ဝမ်ကျက်သည် ရွှေနဂါးရဲတိုက်မှ သိုင်းသမားများနှင့် ကြာရှည်စွာ ရင်ဆိုင်တိုက်ခိုက်ပြီး အချိန်မဖြုန်းလိုပေ။

ထို့ကြောင့် သွက်လက်မြန်ဆန်သော ဓားချက်ဖြင့် ရှင်းစုတို့နှစ်ယောက်ကို အတင်းဦးနှိမ်ထားလိုက်သည်။

ဓားချက်ဒဏ်ကြောင့် ရှင်းစုတို့နှစ်ယောက် နောက်ဆုတ်သွားချိန်ဝယ် ဝမ်ကျက်သည် အုတ်တံတိုင်းရှိရာသို့ အတင်းဆက်ပြေးထွက်လာခဲ့သည်။

တံတိုင်းနားသို့ ရောက်သည်တွင် တံတိုင်းကို တွယ်တက်



ကာ တစ်ဘက်သို့ ခုန်ကျော်လိုက်သည်။

အုတ်တံတိုင်းကို ကျော်မိသည်နှင့် ဆယ်စင်းသာသာမျှရှိသော မြင်းများကို ရင်ဆိုင်ရတော့သည်။

မြင်းများ အရှိန်အဟုန်မှာလည်း အလွန်ပြင်းထန်လှသည်။

မြင်းပစ်သူမှာ မြင်းပညာ ထူးချွန်ရုံသာမက အတွင်းအားလည်း အလွန်ကောင်းမည်မှာ သေချာသည်။

ဝမ်ကျက် ရင်ထဲဝယ် ထိတ်ကနဲ ဖြစ်ပြီး ကိုယ်ကို အသာကျုံ့ကာ ရှောင်ပြီး တံတိုင်းတစ်ဘက်သို့ အမြန်ဆုံး ခုန်ချလိုက်သည်။

မြင်းအတော်များများကို လွတ်အောင် ရှောင်လိုက်နိုင်သည်။

သို့သော် မြင်းတစ်စင်းကတော့ ဝမ်ကျက်၏ဘယ်ဘက်ပေါင်ကို ထိုးစိုက်မိသွားသည်။

မြင်း ၁၀ စင်းအနက် ၉ စင်းကို ရှောင်နိုင်ပြီး တစ်စင်းသာ အထိခံရသည်မှာ တော်သေးသည်ဟု ဆိုရပေမည်။

မြင်းပစ်သည့်အားမှာ ကြီးမားလှသောကြောင့် မြှားသည် ပေါင်ကို ထုတ်ချင်းပေါက်ပင် စူးဝင်သွားသည်။

နာကျင်လှသောကြောင့် မြေပြင်သို့ အကျဝယ် ဝမ်ကျက်မှာ ခြေထောက် မရပ်နိုင်တော့ဘဲ ခွေလျက်သား လဲကျသွားရသည်။

ချက်ချင်းဆိုသလိုပင် ဝန်ကျင့်ဦး ဦးဆောင်သော သိုင်းသမား ၁၀ ဦးခန့် ဝမ်ကျက်အနီးသို့ ရောက်ရှိလာပြီး ဝိုင်းရံလိုက်ကြ

လေတော့သည်။

ဝမ်ကျက် ဘာမျှ မတတ်နိုင်တော့။

ဝန်ကျင့်ဦးတို့ လက်ထဲဝယ် ပိုင်ရင်ဟုန်နှင့် ယိစုကြည်တို့နှစ်ယောက် လွတ်မှလွတ်မြောက်ကြပါမည်လား။

မည်သို့ ဖြစ်နေကြသနည်းဟု- တွေးပူမိသည်။



အခန်း(၃)

ပိုင်ရင်ဟုန်နှင့် ယိစုကြည်တို့နှစ်ယောက် မည်သို့ ဖြစ်နေကြသနည်း။

အစောင့်သိုင်းသမားများ ဝမ်ကျက်ကို အာရုံစိုက်ကာ လိုက်လံနေကြချိန်တွင် ပိုင်ရင်ဟုန်နှင့် ယိစုကြည်တို့သည် အေးအေးဆေးဆေးပင် မီးဖိုဆောင်ကို ဖြတ်ကျော်ကာ မီးဖိုဆောင်၏အနောက်ဘက်ရှိ အုတ်တံတိုင်း ရှိရာသို့ လျှောက်လှမ်းလာနိုင်ခဲ့သည်။

အုတ်တံတိုင်းကိုလည်း အလွယ်တကူပင် ဖြတ်ကျော်နိုင်ခဲ့ကြသည်။

"ဟိတ်…ရပ်လိုက်၊ မင်းတို့ ဘယ်သူတွေလဲ"

အုတ်တံတိုင်းကို ဖြတ်ကျော်ပြီးချိန်တွင်မှ လှမ်းအော်တာ
မြစ်သံ ပေါ်လာသည်။

တားမြစ်သံနှင့်အတူ လူတစ်ယောက် အုတ်တံတိုင်းကို ဖြတ်
ကျော်ကာ သူတို့နောက်သို့ လိုက်လာကြသည်။

ထိုသူမှာ ဝဝဖိုင့်ဖိုင့်ဖြစ်ပြီး လက်ထဲဝယ် သားလှီးဓားကို
ထားသည်။

ခွေနဂါးရဲတိုက် စားဖိုဆောင်မှလူ ဖြစ်ဟန်တူသည်။

ပိုင်ရင်ဟုန်က ခပ်တည်တည် ပြန်ပြောသည်။

ယိစုကြည်မှာမူ ဆက်လက်၍ လျှောက်လှမ်းသွားသည်။

လူဝကြီးမှာ ကြောင်အမ်းအမ်းဖြစ်ကာ ဘာလုပ်ရမည်မသိ
ဘဲ ပိုင်ရင်ဟုန်၏ဘေးနားဝယ် ရပ်နေသည်။

ပိုင်ရင်ဟုန်က အခွင့်ကောင်းကို လက်လွှတ်မခံဘဲ ညာ
လက်ဝါးဖြင့် လူဝကြီး၏လည်ကုပ်မှ ကြယ်စုသွေးကြောကွက်ကို
အပိုင်ရိုက်ချလိုက်သည်။

ကြောင်အမ်းအမ်း ဖြစ်နေသော လူဝကြီးမှာ ဘာမျှမတတ်
နိုင်။

လက်ဝါးရိုက်ချက် အထိခံရကာ လဲကျသွားသည်။

ထိုအချိန်ဝယ် ယိစုကြည်သည် ကျုံးကို ဖြတ်ကူးသွားနေပြီ
ဖြစ်သည်။

ပိုင်ရင်ဟုန်က ယိစုကြည်ကို ဆက်လက်သွားရန် လက်



လှမ်းပြပြီးနောက် နောက်ထပ် ရန်သူရောက်လာလျှင် ဟန့်တားတိုက်
ခိုက်ရန် အသင့်ပြင်ပြီး ကျုံးစပ်ဝယ် ရပ်စောင့်နေသည်။

ယိစုကြည် ကျုံးကို ကျော်ဖြတ်ပြီး တစ်ဘက်ရှိ သစ်ပင်အုပ်
ကြားထဲသို့ ပြေးဝင်သွားသည့်အခါတွင်မှ ပိုင်ရင်ဟုန်သည် ကျုံးကို
ဖြတ်ကျော်ရန် ဆင်းလာခဲ့သည်။

ထိုအချိန်တွင် သူ့ရှေ့သို့ လူတစ်ယောက် ရုတ်တရက်
ရောက်လာသည်။

ချိုယွဲ့ထိုင်ပင် ဖြစ်သည်။

ပိုင်ရင်ဟုန်၏ရှေ့သို့ ချိုယွဲ့ထိုင် ရောက်လာသည်။

မမျှော်လင့်ဘဲ ချိုယွဲ့ထိုင်နှင့် ရင်ဆိုင်တိုးရသောကြောင့် ပိုင်
ရင်ဟုန်မှာ ရင်ထဲထိတ်ကနဲ ဖြစ်ကာ ခြေလှမ်းလည်း တုံ့ရပ်သွား
သည်။

"ပိုင်ရင်ဟုန်၊ မင်း ထွက်ပြေးချင်တယ်ဆိုယင်လဲ သွားပါ။
ကျုပ်မတားပါဘူး၊ ဒါပေမယ့် မင်းထွက်ပြေးသွားရွယ်ဆိုတာနဲ့ ဝမ်
ကျက်ကို ကျုပ်က အသေသတ်ပစ်ရလိမ့်မယ်"

ချိုယွဲ့ထိုင်က ပြောသည်။

"ရှင် ဘာကို ဆိုလိုတာလဲ"

ပိုင်ရင်ဟုန်က ပြန်မေးသည်။

"မင်းရဲ့ချစ်သူ ဝမ်ကျက်ကို ကျုပ်လူတွေက အမိဖမ်းထားလိုက်ကြပြီလေ၊ မင်းထွက်ပြေးမယ်ဆိုယင် သူ့ကို အသေသတ်လိုက်ရုံပဲ"

"မင်းရဲ့ချစ်သူ ဝမ်ကျက်" ဟူသော အသုံးအနှုန်းကြောင့် ပိုင် ရင်ဟုန်၏ရင်မှာ လှုပ်ရှားသွားရသည်။

မျက်နှာတွင်လည်း ရှက်သွေးများဖြာကာ နီမြန်းသွားသည်။

"အို၊ ဘာတွေ လျှောက်ပြောနေတာလဲ"

ရှက်စနိုးဖြင့် ပါးစပ်မှလည်း ရေရွတ်လိုက်မိသည်။

ထိုအချိန်မှာပင် ထိုနေရာသို့ ဝန်ကျင့်ဦး အပြေးရောက်လာသည်။

"ဝမ်ကျက်ကို ပြစ်ဒဏ်ပေး ခန်းမဆောင်ထဲမှာ ပို့ထားလိုက်ပါပြီ ဆရာကြီး"

ဝန်ကျင့်ဦးက သတင်းပို့ အကြောင်းကြားသည်။

"အေး၊ ကောင်းတယ်"

ချိုယွဲ့ထိုင်က ခေါင်းညိတ်ပြီး ပြောသည်။

ဝန်ကျင့်ဦးနှင့် မရှေးမနှောင်းဆိုသလိုပင် ကိုးကျုံးရှိ အပြေးကလေး ရောက်လာသည်။

"ယိစုကြည်တော့ လွတ်သွားပါတယ်၊ ဘယ်မှာမှ ရှာလို့



မတွေ့ရဘူး"

ကိုးကျုံးရှိက ချိုယွဲ့ထိုင်ကို အရိအသေ ပေးပြီး ပြောသည်။

"မင်းတို့က ယိစုကြည်ကို ကယ်ထုတ်ပေးလိုက်ကြသလား"

ချိုယွဲ့ထိုင်က ပိုင်ရင်ဟုန်ကို စိန်းစိန်းကြည့်ပြီး မေးသည်။

ယိစုကြည် ခြေရာဖျောက်ကာ ထွက်ပြေးသွားနိုင်သည့်အတွက် ပိုင်ရင်ဟုန် အတော်ဝမ်းသာသွားသည်။

ယိစုကြည် ထွက်ပြေးရန် ပို၍ အချိန်များများ ရစေရေးအတွက် ပိုင်ရင်ဟုန်က အချိန်ဆွဲထားရန် စိတ်ကူးရလာသည်။

"ကျွန်မတို့က ယိစုကြည်ကို ကယ်တင်ပေးရအောင် လာခဲ့ကြတာပဲ၊ ဒါပေမယ့် ယိစုကြည် ဘယ်မှာရှိမှန်း မသိသေးခင် ရှင့်တပည့်တွေက ကျွန်မတို့ကို တွေ့သွားကြတယ်"

ပိုင်ရင်ဟုန်က ပြန်အဖြေပေးသည်။

"တောက်..လိမ်မယ် မကြံနဲ့နော်"

စကားဆုံးသည်နှင့် ချိုယွဲ့ထိုင်က ဘယ်လက်ကို ဆတ်ကနဲ ပ်ရှားပြီး ပိုင်ရင်ဟုန်၏ ညာလက်ကောက်ဝတ်ကို ဆတ်ကနဲ ဆုပ်မ်းလိုက်သည်။

'လက်ယာထုံကျဉ်' သွေးကြောကွက်နေရာကို ဖိကာ ဆုပ်င် ချုပ်ဖမ်းလိုက်သလို ဖြစ်သောကြောင့် ပိုင်ရင်ဟုန်မှာ ထုံကျဉ်ပြီး းအင်များလည်း ပျောက်သွားသလို ခံစားလိုက်ရသည်။

ချိုယွဲ့ထိုင်က ဆက်၍ ပိုင်ရင်ဟုန်၏ ပျော့ခွေကြောကို ဖိ

ဗိတ်လိုက်သည်။

ပိုင်ရင်ဟုန် ပျော့ခွေကျသွားသောအခါ ဆုပ်ဖမ်းထားသော
ညာလက်ကောက်ဝတ်ကို လွှတ်ပေးလိုက်သည်။

ပိုင်ရင်ဟုန် မြေကြီးပေါ်တွင် ခွေခွေလေး လဲကျသွားသည်

"ကဲ..မှန်မှန်ဖြေစမ်း၊ ယိစုကြည် ဘယ်မှာလဲ"

ချိုယွဲ့ထိုင်က ခက်ထန်သော လေသံဖြင့် မေးပြန်သည်။

"ကျွန်မ ဘယ်သိမှာလဲ"

ပိုင်ရင်ဟုန်ကလည်း ခေါင်းမာမာနှင့် ငြင်းလိုက်ပြန်သည်

"ဝန်ကျင့်ဦး၊ ဒီကောင်မရဲ့ အဝတ်တွေ အကုန်ချွတ်ပစ်လိုက်
စမ်း"

ချိုယွဲ့ထိုင်က ဝန်ကျင့်ဦးကို အမိန့်ပေးသည်။

ဤအမိန့်ကို ကြားရသည်တွင် ဝန်ကျင့်ဦးမှာ မျက်လုံးပြူ
သွားသည်။

ကိုးကျူးရိနှင့် ပိုင်ရင်ဟုန်တို့မှာလည်း ထိတ်လန့်အံ့သြသွာ
ကြရသည်။

ချိုယွဲ့ထိုင်၏ အဆင့်အတန်း အနေအထားနှင့်ဆိုလျှင် ဤ
မျှ အောက်တန်းကျကာ ယုတ်မာရက်စက်သော အလုပ်မျိုးလုပ်ရ
လုံးဝမသင့်လျော်ပေ။

"ဟာ ဆရာကြီးကလဲ ဒီလိုလုပ်ဖို့ မကောင်း..."

ဝန်ကျင့်ဦးက မရဲတရဲနှင့် ကန့်ကွက်စကားဆိုသည်။



"ဟိတ်ကောင် စကားမများနဲ့၊ ငါပြောသလိုသာ လုပ်စမ်း၊
ချွတ်လိုက်လေ အခုချွတ်"

ဝန်ကျင့်ဦး၏စကား မဆုံးမီမှာပင် ချိုယွဲ့ထိုင်က ကျားဟိန်း
သံလို ခက်ထန်သော အသံကြီးဖြင့် အော်ပြောသည်။

ငယ်ကြောက်ဖြစ်သော ဝန်ကျင့်ဦးမှာ ချိုယွဲ့ထိုင်၏အမိန့်ကို
မလွန်ဆန်ဝံ့။

ပိုင်ရင်ဟုန်၏ဘေးဝယ် ဒူးထောက်ထိုင်ချကာ အင်္ကျီကြယ်
သီးများကို ဖြုတ်ရန် လက်လှမ်းလိုက်သည်။

ယောကျ်ားကြီးသုံးယောက်၏ရှေ့မှောက်ဝယ် အဝတ်
အစားများ အချွတ်ခံရမည့် အဖြစ်ကြောင့် ပိုင်ရင်ဟုန် အလွန်ရှက်ရွံ့
ထိတ်လန့်သွားသည်။

"မလုပ်ပါနဲ့ မလုပ်ပါနဲ့၊ ကျွန်မ အမှန်အတိုင်း ပြောပါတော့
မယ်"

ပိုင်ရင်ဟုန်က ကမန်းကတန်း ပြောလိုက်သည်။

"ဒါဖြင့်ယင် မြန်မြန်ပြောလိုက်လေ"

ဝန်ကျင့်ဦးက လက်ကို ပြန်ရုပ်ပြီး လောဆော်လိုက်သည်။

ဝန်ကျင့်ဦး အနေဖြင့်လည်း ယခုလို ယုတ်မာရမ်းကားသော
အလုပ်မျိုး မလုပ်လို။

ထို့ကြောင့် ပိုင်ရင်ဟုန်ကို အမြန်ဆုံး ပြောခိုင်းခြင်း ဖြစ်
သည်။

"ယိစုကြည်ကို ကျွန်မတို့ ကယ်ထုတ်ပေးလိုက်တာပါ။ အခု သူထွက်ပြေးသွားပါပြီ"

ပိုင်ရင်ဟုန်က ပြောလိုက်သည်။

"ဟုတ်ပြီ၊ ဘယ်ဘက်ကို ပြေးတာလဲ"

ချိုယွဲ့ထိုင်က မေးသည်။

"မြောက်ဘက်ကို ပြေးပါတယ်၊ ယိစုကြည် လွတ်လွတ်လပ်လပ် ပြေးနိုင်အောင်လို့ ကျွန်မနဲ့ ဝမ်ကျက်က ရှင်တို့လူတွေကို လှ ရောင်ပြပြီး အာရုံပြောင်းအောင် လုပ်ပေးတာပါ"

တကယ်တော့ ယိစုကြည် ထွက်ပြေးသွားသည်မှာ တောင် ဘက်စူးစူးသို့ ဖြစ်သည်။

"ယိစုကြည်မှာ ကိုယ်ဝန်ငါးလကျော်လောက် ရှိနေတယ်၊ သူပြေးတာ ဘယ်နည်းနဲ့မှ မမြန်နိုင်ဘူး၊ ပိုင်ရင်ဟုန်ကို ပြစ်ဒဏ် ခန်းမဆောင်ထဲမှာ ချုပ်ထားလိုက်၊ ငါ ဟိုကောင်မယိစုကြည်နောက် ကို လိုက်ဦးမယ်"

ချိုယွဲ့ထိုင်က အမိန့်ပေးသည်။

စကားဆုံးသည်နှင့် ချိုယွဲ့ထိုင်သည် မြောက်ဘက်စူးစူးသို့ အပြေးပင် ထွက်သွားသည်။

* * *



ဝန်ကျင့်ဦးနှင့် ကိုးကျုံးရိတို့က ပိုင်ရင်ဟုန်ကို ဖမ်းချုပ်ကာ ပြစ်ဒဏ်ခန်းမဆောင်သို့ ခေါ်လာခဲ့ကြသည်။

ပြစ်ဒဏ်ခန်းမဆောင်ထဲဝယ် ဝမ်ကျက်လည်း ရှိနေသည်။

ဝမ်ကျက်၏ လက်နှစ်ဘက်၊ ခြေနှစ်ဘက်တို့ကို သံကြိုးများ ဖြင့် ချည်နှောင်ထားသည်။

ဝမ်ကျက်၏ အနီးဝယ် ရှင်းစုနှင့် မုယုံယိတို့နှစ်ယောက် စောင့်ကြပ်နေကြသည်။

"ဟင်..ခင်ဗျားလဲ အဖမ်းခံလိုက်ရပြီလား"

ပိုင်ရင်ဟုန် ဖမ်းချုပ်ခံလာရသည်ကို တွေ့ရသောအခါ ဝမ် ကျက်က တအံ့တသြ မေးသည်။

ပိုင်ရင်ဟုန်က မချိပြုံးပြုံးကာ ခေါင်းညိတ်ပြသည်။

"ဟိုတစ်ယောက်ကော"

ယိစုကြည်၏ အခြေအနေကို သိလိုသောကြောင့် ဝမ်ကျက် က လွတ်ကနဲ မေးလိုက်သည်။

"ကျွန်မ မသိဘူး"

ပိုင်ရင်ဟုန်က ပြန်အဖြေပေးသည်။

ဤစကားကို ကြားရသောအခါ ဝမ်ကျက် အတော်စိတ် အေးသွားသည်။

ယိစုကြည်သည် ပိုင်ရင်ဟုန်နှင့်အတူ ထွက်ပြေးသွားခြင်း ဖြစ်သည်။

ယိစုကြည် မည်သို့ဖြစ်သည်ကို ပိုင်ရင်ဟုန် သိရမည်။

ယခု ပိုင်ရင်ဟုန်က မသိဟု ဖြေခြင်းမှာ ယိစုကြည် လွတ်မြောက်သွားပြီဟု ဆိုလိုခြင်း ဖြစ်ကြောင်း ဝမ်ကျုက် နားလည်လိုက်သည်။

ယိစုကြည် လွတ်မြောက်သွားပြီမို့ ဝမ်ကျုက်မှာ အတော်ပင် စိတ်အေးသွားသည်။

အချိန်အတော်ကြာပြီးနောက် ချုံယွဲ့ထိုင်သည် ခြေသံပြင်းပြင်းနင်းကာ ပြစ်ဒဏ်ခန်းမဆောင်ထဲသို့ ဝင်ရောက်လာသည်။

ခြေသံက ပြင်းသလို ချုံယွဲ့ထိုင်၏ မျက်နှာထားကလည်း တင်းသည်။

"ဆရာကြီး၊ ယိစုကြည်ကို ဖမ်းလို့မမိဘူးလား"

ဝန်ကျင့်ဦးက ဦးညွှတ်အရိုအသေပြုပြီး မေးသည်။

ကိုးကျုံးရို၊ ရှင်းမုနှင့် မုယုံယိတို့ကလည်း ပြိုင်တူပင် ဦးညွှတ်အရိုအသေ ပေးလိုက်ကြသည်။

ချုံယွဲ့ထိုင်က ဘာမျှပြန်မဖြေ။

ပိုင်ရင်ဟုန်ထံသို့ လျှောက်သွားပြီး ပိုင်ရင်ဟုန်၏ ပါးကို ဘယ်ပြန်ညာပြန် ခပ်ကြမ်းကြမ်း ရိုက်ပစ်လိုက်သည်။

အားလုံးပေါင်း ၁၀ ချက်။

ရိုက်ချက်များကြောင့် ပိုင်ရင်ဟုန်၏ ပါးနှစ်ဘက်မှာ နီရဲလာသည်။



"တိရစ္ဆာန်ကြီး၊ ခင်ဗျားဟာ အမိက သိုင်းသမားကြီးတစ်ယောက် လုပ်နေပြီး ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက်ကို ဒီလောက်တောင် ရက်စက်ရသလား၊ ခင်ဗျား မရှက်ဘူးလား"

ဝမ်ကျုက်က အော်ပြောသည်။

ချုံယွဲ့ထိုင်က ဝမ်ကျုက်ကို အရေးမစိုက်။

မီးဝင်းဝင်းတောက်နေသော မျက်လုံးကြီးများဖြင့် ပိုင်ရင်ဟုန်ကို ကြည့်ပြီး မေးသည်။

"ကဲ..မင်း ပြောမလား၊ မပြောဘူးလား"

"မပြောဘူး၊ မပြောဘူး၊ ကျွန်မကို သေအောင်ရိုက်သတ်ရိုက်ယင်လဲ မပြောဘူး"

ပိုင်ရင်ဟုန်က အော်ဟစ်ပြီး ပြန်ပြောသည်။

"ဟား..ဟား..ဟား.. မင်းကို ရိုက်မသတ်ပါဘူး၊ ဟေ့ ဝန်ကျင့်ဦး"

ချုံယွဲ့ထိုင်က ရယ်မောပြောဆိုပြီး ဝန်ကျင့်ဦးကို လှမ်းခေါ်သည်။

"ဟုတ်ကဲ့ ဆရာကြီး"

ဝန်ကျင့်ဦးက ပြန်ထူးသည်။

"ပိုင်ရင်ဟုန်ရဲ့ အဝတ်တွေကို ချွတ်ပစ်လိုက်စမ်း"

ဝန်ကျင့်ဦး တွန့်သွားသည်။

ဝန်ကျင့်ဦးမှာ သိုင်းသမားဆိုးတစ်ယောက် မဟုတ်ပေ။

မိန်းကလေးတစ်ယောက်ကို ယခုလို အရှက်တကွဲ ဖြစ်
အောင် အနိုင့်အထက် မပြုလုပ်လို။

"ဒီလိုလုပ်တာ မသင့်လျော်ပါဘူး ဆရာကြီးရယ်၊ အခြား
လူတွေ ဒီအကြောင်း ကြားသွားယင် ကျွန်တော်တို့ ရွှေနဂါးရဲတိုက်
နာမည်ပျက်သွားနိုင်ပါတယ်"

ဝန်ကျင့်ဦးက မရဲတရဲ တောင်းပန်သည်။

"ဒါတွေ လာပြောမနေနဲ့၊ ငါ ဘာမှနားမလည်ဘူး၊ ငါခိုင်းတဲ့
အတိုင်း လုပ်စမ်း"

ချိုယွဲ့ထိုင်က အော်ဟစ်ပြောကြားသည်။

ဝန်ကျင့်ဦး မတတ်သာတော့။

ပိုင်ရင်ဟုန်၏ ဘေးဝယ်ထိုင်ကာ အင်္ကျီကို ချွတ်ပစ်ရန်
လက်လှမ်းလိုက်ရလေတော့သည်။

"နေပါအုံး နေပါအုံး"

ဝမ်ကျက်က ကမန်းကတန်း ဝင်ပြောသည်။

ဝန်ကျင့်ဦး လက်ပြန်ရုပ်ကာ မတ်တတ်ထရပ်လိုက်သည်။

"ဘာလဲ မင်းက ဘာပြောချင်သေးလို့လဲ"

ချိုယွဲ့ထိုင်က လှမ်းမေးသည်။

"ခင်ဗျားက ယိစုကြည် ဘယ်မှာ ရှိနေသလဲဆိုတာကိုပဲ သိ
ချင်တာ မဟုတ်လား၊ ကျွန်တော် ပြောပြမယ်၊ ပိုင်ရင်ဟုန်ကို ဘာမှ
မလုပ်ပါနဲ့"



"ကဲ.. ပြောစမ်း"

"ယိစုကြည်ဟာ အခု တောင်ညိုဂေဟာကို ပြန်သွားပြီ"

"သူက ဘာကြောင့် တောင်ညိုဂေဟာကို မျက်နှာပြောင်
တိုက်ပြီး အရှက်နည်းနည်းနဲ့ ပြန်ရမှာလဲ"

"ယိပေါက်ကျင့်က ယိစုကြည်ကို သမီးအဖြစ်မှ စွန့်လိုက်ပေ
မယ်လို့ ယိစုကြည်ကတော့ သူ့အဖေကို မစွန့်နိုင်သေးဘူး၊ ပြီးတော့
တောင်ညိုဂေဟာမှာ ယိစုကြည်အမေလဲ ရှိနေသေးတယ်၊ အန္တရာယ်
ကြုံနေရတဲ့ မိန်းကလေးတစ်ယောက်ဟာ နောက်ဆုံးတော့ သူ့အမေ
အိကို ခိုလှုံဖို့ ပြန်သွားမှာပဲပေါ့"

"အေး..မင်းပြောတာ မှန်တယ် မှားတယ်ဆိုတာ ကျုပ်
တစ်နေ့မဟုတ်တစ်နေ့ သိရမှာပဲ၊ ကျုပ်ကို လိမ်လည်ပြောတာဆို
ယင်တော့ မင်းတို့နှစ်ယောက်စလုံး သက်သာမယ် မထင်နဲ့"

ချိုယွဲ့ထိုင်က ပြောသည်။

မိမိ ပရိယာယ်ဆင်ကာ ပြောလိုက်သည့်စကား ထိရောက်
ကြောင်း တွေ့ရသည့်အတွက် ဝမ်ကျက် အတော်ကျေနပ်သွားသည်။

ဘာပဲပြောပြော ယခုလောလောဆယ်တွင်တော့ သူတို့
အဖို့ အတော်အန္တရာယ် ကင်းသွားပေပြီ။

ချိုယွဲ့ထိုင်က တောင်ညိုဂေဟာသို့ လူစေလွှတ် စုံစမ်းကြည့်
သည်ထားဦး၊ အနည်းဆုံး လဝက်လောက်တော့ အချိန်ကြာမည်။

ထိုအချိန် အတောအတွင်း ဝမ်ကျက်တို့အဖို့ လွတ်ရာလွတ်

ကြောင်းရှာရန် အခွင့်အလမ်းများစွာ ရနိုင်သည် မဟုတ်ပါလား။

"ဝန်ကျင့်ဦး၊ သူတို့နှစ်ယောက်ကို ထင်းသိုလှောင်ရုံအောက်က မြေအောက်ခန်းထဲမှာ ချုပ်ထားလိုက်၊ လက်ကော ခြေထောက်ကော သံကြိုးချည်ထား၊ အစောင့်လဲ အပြည့်အစုံချထား၊ မပေါ့ဆနဲ့"

ချိုယွဲ့ထိုင်က ဝန်ကျင့်ဦးကို လှမ်းပြောသည်။

ထိုအခိုက်မှာပင် သိုင်းသမားတစ်ယောက် စက္ကူချပ်တစ်ခုကို ကိုင်ကာ ပြစ်ဒဏ်ခန်းမထဲသို့ ဝင်ရောက်လာသည်။

"ဆရာကြီးကို တွေ့ချင်တဲ့ အမျိုးသမီးတစ်ယောက် ရောက်နေပါတယ်၊ ဟောဒါ သူ့အမည်ပါ"

ထိုသိုင်းသမားက ချိုယွဲ့ထိုင်ကို အရိုအသေပြုကာ ပြောသည်။

လက်တွင် ကိုင်လာသော စက္ကူချပ်ကိုလည်း ချိုယွဲ့ထိုင်လက်သို့ အပ်သည်။

ချိုယွဲ့ထိုင်က စက္ကူချပ်ကို လှမ်းယူပြီး ဖတ်ကြည့်သည်။

ချိုယွဲ့ထိုင်၏မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

"အဲဒီ အမျိုးသမီးကို ဧည့်ခန်းဆောင်ကို ဖိတ်ခေါ်လိုက်ပါ၊ ငါ သူ့ကို ဧည့်ခန်းဆောင်မှာ လက်ခံတွေ့ဆုံမယ်"

ချိုယွဲ့ထိုင်က ခေတ္တတွေဝေ စဉ်းစားပြီး ပြောသည်။

"ကောင်းပါပြီ ဆရာကြီး"

သတင်းလာပို့သူ သိုင်းသမားလည်း အရိုအသေပေးကာ



ပြန်ထွက်သွားသည်။

"ကဲ သူတို့နှစ်ယောက်ကို မြေအောက်ခန်းထဲ ပို့လိုက်ကြတော့၊ အစစအရာရာ စီစဉ်ပြီးယင် မင်းတို့ ရွှေနဂါးခုနစ်ဖော်လုံး ဒီနေရာမှာ လာစုစည်းပြီး ငါ့ကို စောင့်နေကြ"

ချိုယွဲ့ထိုင်က ဝန်ကျင့်ဦးတို့ကို အမိန့်ပေးသည်။

ထို့နောက် ခြေသံပြင်းပြင်းနင်းကာ ပြစ်ဒဏ်ခန်းမဆောင်မှ ထွက်သွားသည်။

* * *

ရွှေနဂါးရဲတိုက်၏ ခမ်းနားထည်ဝါသော ဧည့်ခန်းဆောင်ကြီးထဲသို့ ချိုယွဲ့ထိုင် ရောက်လာသည်။

ဧည့်ခန်းဆောင်ကြီးထဲသို့ ချိုယွဲ့ထိုင် ရောက်ရှိပြီး မကြာမီမှာပင် အမျိုးသမီးကြီးတစ်ယောက် ရောက်လာသည်။

ထိုအမျိုးသမီးကြီးမှာ အခြားသူမဟုတ်။

ပိုင်ရင်ဟုန်၏မိခင် ဖေယွင်ပင် ဖြစ်သည်။

ဖေယွင်သည် အကောင်းစား ပိုးထည်ဝတ်စုံကို ဝတ်ထားသည်။

ထို့ကြောင့် သူ၏အလှအပများ ပိုမိုပေါ်လွင်နေသည်။

ချိုယွဲ့ထိုင်က ထိုင်နေရာမှ ထရပ်ကာ ခရီးဦးကြိုဆိုသည်

အနေဖြင့် ဦးညွှတ်သည်။

ဖေယွင်ကလည်း တုံ့ပြန်ဦးညွှတ်သည်။

မည်သူမျှ စကားမပြောကြ။

ဖေယွင်ကို လိုက်ပို့သော သိုင်းသမား ထွက်သွားသောအခါ မှ နှစ်ယောက်သား ထိုင်ခုံများဝယ် ထိုင်ချလိုက်ကြပြီး ဖေယွင်က စတင်စကားဆိုသည်။

"ရှင်နဲ့ ကျွန်မ ခွဲခွာခဲ့ကြရပြီး မတွေ့တာ အတော်ကြာပြီ၊ နေလို့ထိုင်လို့ ကောင်းရဲ့လား"

"ကောင်းပါတယ်"

"ရှင့်သား ချိုရှန်း သေဆုံးသွားတဲ့အကြောင်း ကျွန်မကြားပါ တယ်၊ စိတ်မကောင်းပါဘူး"

"ဟုတ်ကဲ့၊ အခုလို ပြောဖော်ရတာ ကျေးဇူးတင်ပါတယ်၊ အခုလာတာ ဘာကိစ္စများ ရှိလို့လဲ"

"ကျွန်မသမီး ပိုင်ရင်ဟုန် ရှင့်ရဲတိုက်မှာ ရှိနေတယ် မဟုတ် လား"

"ဪ..ပိုင်ရင်ဟုန်ဟဲ့ ခင်ဗျားသမီးကိုး"

"ဟုတ်တယ်"

"သူ ဒီမှာ ရှိနေကြောင်း ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

"ပိုင်ရင်ဟုန်ဟာ အိမ်က တိတ်တဆိတ် ထွက်သွားတယ်၊ ကျွန်မလဲ သူ့ကို နေရာအနှံ့ လိုက်ရှာတယ်၊ မနေ့ကတော့ တောအုပ်



ထဲက ဘုရားကျောင်းပျက်တစ်ခုမှာ လူငယ်တစ်သိုက်နဲ့ သွားတွေ့ တယ်၊ သူတို့က ပိုင်ရင်ဟုန်နဲ့ ဝမ်ကျက်တို့နှစ်ယောက် ရှင့်ရဲ့ရဲတိုက် ာ ရောက်နေကြတယ်လို့ ပြောလိုက်တယ်"

ချိုယွဲ့ထိုင်က ချက်ချင်းစကားမပြန်။

တွေဝေစဉ်းစားနေသည်။

ဖေယွင်ကလည်း စိတ်ရှည်စွာ ငြိမ်၍ စောင့်နေသည်။

အတန်ကြာအောင် စဉ်းစားပြီးမှ ချိုယွဲ့ထိုင်က စကားစ ည်။

"ဝမ်ကျက်နဲ့ ခင်ဗျားသမီး ပိုင်ရင်ဟုန်နဲ့ ဘယ်လို ပတ်သက် ကြသလဲ"

"အကြောင်းတိုက်ဆိုင်လို့ တွေ့ဆုံပြီး ခင်မင်သွားကြတာပါ၊ ျွန်မ သိသလောက် ဘာပတ်သက်ချက်မှ မရှိပါဘူး၊ အင်း... ဒါပေ ယ့် သူဟာ ဝမ်ကျက်အပေါ် မေတ္တာရှိနေတယ်ဆိုယင်လဲ သိပ် ဘာ့ မဆန်းပါဘူး၊ သူ အသက်ပြည့်နေပြီပဲ၊ သူ့သဘောကျ လုပ် င်ပါတယ်"

"ခင်ဗျားက ခင်ဗျားရဲ့သမီးကို ပြန်ခေါ်သွားချင်တာတစ်ခုပဲ ပါ"

"ဟုတ်တယ်"

"အခြားတောင်းဆိုစရာ ဘာမှမရှိဘူးပေါ့"

"မရှိပါဘူး၊ ကျွန်မက အေးအေးချမ်းချမ်း နေထိုင်နေတာ

ပါ။ သိုင်းလောကမှာ ဖြစ်ပျက်တာတွေနဲ့ မပတ်သက်ချင်တော့ပါဘူး ကျွန်မသမီးအတွက်ပဲ ပူပန်နေမိပါတယ်"

"ကောင်းပြီ၊ ခင်ဗျားသမီးကို ခင်ဗျားလက် အပ်လိုက်ပ မယ်၊ တစ်ခုတော့ ပြောလိုက်မယ်၊ နောက်နောင်မှာ ခင်ဗျားသမီးဟာ ကျုပ်ရဲ့ ရဲတိုက်မှာ လာပြီး ပြဿနာ ထပ်မရှာပါစေနဲ့"

"ပိုင်ရင်ဟုန်က ရှင့်ဆီမှာ တကယ် ရောက်နေတာကိုး"

"ဟုတ်တယ်၊ သူက ဝမ်ကျက်နဲ့ အတူတူ ရဲတိုက်ထဲကို ဝ လာပြီး ယိစုကြည်ကို ကယ်ထုတ်ပေးလိုက်တယ်၊ ဒါပေမယ့် သူ ဝမ်ကျက်ကတော့ လွတ်အောင် မပြေးနိုင်ဘဲ အဖမ်းခံလိုက်ကြ တယ်"

ဤသို့ပြောပြီးနောက် ချိုယွဲ့ထိုင်က လက်ခုပ်တစ်ချက် ခ ကျယ်ကျယ်တီးလိုက်ရာ ဧည့်ခန်းဆောင်ထဲသို့ အစောင့်သိုင်းသမ တစ်ယောက် ပြေးဝင်လာသည်။

ချိုယွဲ့ထိုင်က ထိုအစောင့်သိုင်းသမားကို အနားသို့ ခေါ် တီးတိုးပြောသည်။

အစောင့်သိုင်းသမားက ခေါင်းညိတ်အမိန့်နာခံပြီး ထွ သွားသည်။

"သူ့ကို ခင်ဗျား ထပ်တွေ့ရသလား"

အစောင့်သိုင်းသမား ထွက်သွားပြီးနောက် ချိုယွဲ့ထိုင် ဧဖယ့်ှင်ကို မေးသည်။



"မတွေ့တော့ဘူး"

ဧဖယွင်က တည်ကြည်စွာ ပြန်အဖြေပေးသည်။

"သူက အကြောင်းမှန်ကို သိသွားပြီလား"

"ဒီအကြောင်းတွေကို မပြောပါနဲ့တော့၊ အားလုံးကို ကျွန်မ မေ့ပျောက်ထားလိုက်ပါပြီ"

ချိုယွဲ့ထိုင်က ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်သည်။ ဘာမှထပ်မပြော။

နှစ်ယောက်သား ငြိမ်သက်စွာ ထိုင်နေကြသည်။

အချိန်အနည်းငယ်ကြာသောအခါ စောစောက အစောင့် သိုင်းသမား ဧည့်ခန်းဆောင်ထဲသို့ ပြန်ဝင်လာသည်။

"ပိုင်ရင်ဟုန်က သူ့တစ်ယောက်တည်း လွတ်ယင်တော့ မလိုက်ဘူးတဲ့၊ ဝမ်ကျက်ကော သူပါ နှစ်ယောက်စလုံးလွတ်မှ လိုက် လာမယ်လို့ ပြောလိုက်ပါတယ် ဆရာကြီး"

အစောင့်သိုင်းသမားက ချိုယွဲ့ထိုင်ကို ဦးညွှတ်အရိုအသေ ပေးပြီး ပြောသည်။

"အင်း... ကြည့်ရတာ သမီးက ဝမ်ကျက်အပေါ် မေတ္တာရှိ နေပြီနဲ့ တူတယ်"

ဖေယွင်က ရေရွတ်ပြောကြားသည်။

"ကျုပ်က ခင်ဗျားရဲ့ သမီးကိုပဲ လွှတ်ပေးနိုင်မယ်၊ ဝမ်ကျက် ကိုတော့ လွှတ်မပေးနိုင်ဘူး"

ချိုယွဲ့ထိုင်က ဖေယွင်ကို ပြောသည်။

"ရှင်က ဘာကြောင့် ဝမ်ကျုက်အပေါ် ဒီလောက် အငြိုးကြီး
နေရတာလဲ"

"ဝမ်ကျုက်က ကျုပ်အလုပ်မှာ ဝင်ရှုပ်တယ်၊ ကျုပ်ဖမ်းထား
တဲ့ ယိစုကြည် လွတ်မြောက်သွားအောင် ကူညီကယ်ထုတ်ပေးတယ်၊
ဒါကြောင့် ဝမ်ကျုက်ကို အပြစ်ပေးရမယ်"

"ဒီလိုလုပ်ဖို့ သင့်ပါ့မလား"

"ကျုပ်သားကို ယိစုကြည်က သတ်သွားတယ်၊ ယိစုကြည်
ကို ကျုပ်က အပြစ်ပေးဒဏ်ခတ်မယ်လုပ်တော့ ဝမ်ကျုက်က ဝင်ရှုပ်
တယ်၊ ဒီတော့ ဝမ်ကျုက်ကို ကျုပ်က သည်အတိုင်း ကြည့်နေရတော့
မှာလား၊ ပြီးတော့ ဝမ်ကျုက်နဲ့ ယိစုကြည်တို့ အကြားမှာ ပတ်သက်
ဆက်စပ်စရာ အကြောင်းတွေ အများကြီး ရှိတယ်လို့ ကျုပ်ထ
တယ်"

"ရှင်က ဘာကြောင့် ဒီလို ပြောနိုင်တာလဲ"

"ဝမ်ကျုက်က ယိစုကြည်ကို အကာအကွယ် ပေးနေတယ်
ပြီးတော့ ကျောက်နန်စင် သေဆုံးရတဲ့ ကိစ္စဟာ ယိစုကြည်ရဲ့ လက်
ချက်မဟုတ်ဘဲ တခြားလူတစ်ယောက်ယောက်ရဲ့ လက်ချက်ဖြ
တယ်လို့ ပြောတယ်၊ ကျောက်နန်စင်ကို သတ်သွားတဲ့လူကိုလဲ အပ
ပန်းခံပြီး လိုက်စုံစမ်းနေတယ်၊ ဒါတွေကို ထောက်ယင် သူတို့နှ
ယောက် ပတ်သက်မှု ရှိရမှာပေါ့၊ ကြံရာပါတွေတောင် ဖြစ်နိုင်တယ်



"ကျောက်နန်စင် သေဆုံးရတာဟာ ဘယ်သူ့လက်ချက်လို့
င်ထင်သလဲ"

"မေးနေစရာ လိုသေးလား၊ ယိစုကြည်ရဲ့ လက်ချက်ပဲပေါ့၊
င်းနေတာပဲ"

"ဟုတ်ပါ့မလား၊ ကျောက်နန်စင်သေဆုံးတာဟာ လွန်ခဲ့တဲ့
ယ်နှစ်က ဖြစ်ခဲ့တဲ့ ဟိုကိစ္စနဲ့များ ပတ်သက်မနေနိုင်ဘူးလား"

ချိုယွဲ့ထိုင်၏မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

"မဖြစ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူး"

ချိုယွဲ့ထိုင်က ခေါင်းကို အတွင်ခါယမ်းပြီး ပြောသည်။

"သေသေချာချာ စဉ်းစားကြည့်စမ်းပါအုံး"

"ဒီကိစ္စကို ဘယ်တော့မှ ပြန်မဖော်ထုတ်တော့ပါဘူးလို့
ျုပ်တို့အားလုံး ကတိပြုထားတယ် မဟုတ်လား၊ ဒီတော့ အဲဒီ
ကြောင်းကို ဆက်မပြောပါနဲ့တော့"

"ကောင်းပါပြီ၊ မပြောတော့ပါဘူး"

"ကျွန်မကို ပိုင်ရင်ဟုန်နဲ့ တွေ့ပေးပါ၊ သူ့ကို ကျွန်မဖျောင်း
ပြောဆိုကြည့်ပါ့မယ်"

ချိုယွဲ့ထိုင်က ခေါင်းညိတ်ပြပြီး ထိုင်နေရာမှ ထသည်။
ဖေယွင်လည်း ထိုင်နေရာမှ ထရပ်လိုက်သည်။

* * *

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့နှစ်ယောက်သည် မြေအောက်ခန်းထောင့်တစ်နေရာဝယ် ဘေးချင်းယှဉ်၍ ထိုင်နေကြသည်။

ခြေလက်များကို သံကြိုးများဖြင့် ချည်နှောင်ထားခြင်းခံထားကြရသော်လည်း သူတို့နှစ်ယောက်က စိတ်ပျက်အားလျော့သည့်အသွင်မရှိ။

ပြုံးပြုံးရယ်ရယ်ဖြင့် စကားပြောဆို၍ပင် နေကြသေးသည်။

ဖေယွင် ရောက်လာသည်ကို တွေ့ရသောအခါ ပိုင်ရင်ဟုန်က ထိုင်နေရာမှ ထရပ်ကာ ပြုံး၍ နှုတ်ဆက်သည်။

"မေမေ ဘယ်လိုလုပ်ပြီး ဒီနေရာအထိ လိုက်လာနိုင်သလဲ"

ဝမ်ကျက်လည်း မတ်တတ်ထရပ်ပြီး ဦးညွှတ်ဂါရဝပြုသည်။ စကားမူ မဆို။

"ပိုင်ရင်ဟုန် ဘာကြောင့် အိမ်ကနေ တိတ်တိတ်လေး ထွက်သွားရတာလဲ၊ မေမေနဲ့အတူ မနေချင်တော့လို့လား"

"မဟုတ်ပါဘူး မေမေရယ်၊ ကျွန်မက အပြင်ကို ထွက်လည်ချင်လို့ပါ၊ အပြင်ကို ထွက်လည်ယင်း ဟောဒီ ဝမ်ကျက်နဲ့ ဆုံမိတယ်လေ၊ နောက်ကို ဒီလိုမျိုး မလုပ်တော့ပါဘူး"

ပိုင်ရင်ဟုန်က ပြန်ပြောသည်။

"ဝမ်ကျက်က သမီးကို ခေါ်သွားခဲ့တာလား"

"မဟုတ်ပါဘူး၊ သူက သမီးကို ကူညီစောင့်ရှောက်ပေးတာပါ"

"သမီး အခု မေမေနဲ့အတူ ပြန်လိုက်မလား"

"လိုက်မှာပေါ့"

ပိုင်ရင်ဟုန်က ခေါင်းညိတ်ပြပြီး ပြန်အဖြေပေးသည်။

"ကျွန်မသမီးကို ချုပ်နှောင်ထားတဲ့ သံကြိုးတွေ ဖြုတ်ပေးပါတော့"

ဖေယွင်က ချိုယွဲ့ထိုင်ကို လှမ်းပြောသည်။

ချိုယွဲ့ထိုင်လည်း သော့များကို ထုတ်ကာ ပိုင်ရင်ဟုန်အနားသို့ ချဉ်းကပ်သွားသည်။

"ဝမ်ကျက်ကို အရင်ဆုံး သော့ဖွင့်ပေးပါ၊ ပြီးမှ ကျွန်မကို ဖွင့်ပေး"

ပိုင်ရင်ဟုန်က ပြောသည်။

"ကျုပ်က မင်းတစ်ယောက်တည်းကိုပဲ လွှတ်ပေးဖို့ သဘောတူတယ်၊ ဝမ်ကျက်ကို လွှတ်မပေးနိုင်ဘူး"

ချိုယွဲ့ထိုင်က ပြန်ပြောသည်။

"ဒီလိုတော့ ဘယ်ဟုတ်မှာလဲ၊ လွှတ်ယင် နှစ်ယောက်စလုံးကို လွှတ်ပေး၊ မလွှတ်ဘူးဆိုယင်လဲ နှစ်ယောက်စလုံးကို မလွှတ်နဲ့၊ အတူတူလုပ်မှ ဖြစ်မှာပေါ့၊ မေမေ ဝမ်ကျက်ကိုပါ လွှတ်ဖို့ ပြောပေးပါ"

ပိုင်ရင်ဟုန် ဖေယွင်ကို ပြောသည်။

"မေမေဟာ သိုင်းလောက အရှုပ်အရှင်းတွေမှာ ဝင်မပါဘူး ဆိုတာ သမီးသိတယ် မဟုတ်လား၊ ဝမ်ကျက်ဟာ မေမေတို့နဲ့လဲ ဘယ်လိုမှ မပတ်သက်ဘူးဆိုတော့ သူ့အတွက် ပြောဆိုပေးစရာ အကြောင်း မရှိဘူး"

"ပြောဆိုပေးရမယ့်အကြောင်း ရှိနေပါတယ်"

"ဘယ်လိုများလဲ"

"ရွှေနဂါးရဲတိုက်ကိုဝင်ပြီး ယိစုကြည်ကို ကယ်တင်တာဟာ ကျွန်မရဲ့စိတ်ဆန္ဒကြောင့်ပါ၊ သူက ကျွန်မကို လိုက်ကူညီပေးပြီး အဖမ်းခံရတာမို့ သူလွတ်မြောက်ရေးအတွက် ကျွန်မမှာ တာဝန်ရှိနေ တယ်"

"သူပြောတဲ့အတိုင်း ဟုတ်သလား"

ဖေယွင်က ဝမ်ကျက်ကို လှမ်းမေးသည်။

"သူပြောတာ ပြောင်းပြန် ဖြစ်နေပါတယ်၊ ယိစုကြည်ကို ကျွန်တော်က လာကယ်တာမှာ သူက လိုက်ကူညီပေးတာပါ"

ဝမ်ကျက်က ပြန်အဖြေပေးသည်။

"ရှင် ဘယ်လိုပြောလိုက်တာလဲ"

ပိုင်ရင်ဟုန်က မကျေမနပ်ဖြင့် ပြောသည်။

"ယောကျ်ားဆိုတာ လုပ်ရဲယင် ခံရဲရတယ်၊ အခုကိစ္စဟာ ကျွန်တော်လုပ်ဆောင်ခဲ့တဲ့ ကိစ္စပါ၊ ဒါကို ခင်ဗျားအပေါ် ခေါင်းပုံချ လိုက်ယင် ကျွန်တော်ဟာ ဘယ်လိုလူစား ဖြစ်သွားမလဲ"



ဝမ်ကျက်က ပြန်အဖြေပေးသည်။

"ရှင်တော်တော်အတဲ့လူပဲ"

"အခု ခင်ဗျားရဲ့အမေ ရောက်လာပြီဆိုတော့ သူနဲ့အတူ အိမ်ပြန်လိုက်သွားပါ၊ ကျွန်တော့်အတွက် ဘာမှမပူပါနဲ့"

"မရဘူး၊ ရှင့်ကိုပါ မလွတ်ယင် ကျွန်မတစ်ယောက်တည်း ပြန်မသွားဘူး၊ မေမေ သူ မပါယင် ကျွန်မ မလိုက်ဘူး"

ပိုင်ရင်ဟုန်သည် ဝမ်ကျက်ကို ပြောနေရာမှ ဖေယွင်ဘက်သို့ လှည့်ပြီး ဆက်ပြောသည်။

"သမီး တကယ် ပြောနေတာလား"

ဖေယွင်က ပြန်မေးသည်။

"တကယ်ပါ"

"ပိုင်ရင်ဟုန်၊ ခင်ဗျားအမေနဲ့ ပြန်လိုက်သွားပါ"

ဝမ်ကျက်ကလည်း ဝင်ရောက်ဖျောင်းဖျပြောဆိုသည်။

"မလိုချင်ဘူး..မလိုချင်ဘူး၊ ကျွန်မကို ဘာမှ ထပ်မပြောကြ နဲ့တော့၊ ကျွန်မတစ်ယောက်တည်း ထွက်သွားဖို့ အတင်းအကျပ်လုပ် ယင် ကျွန်မက လျှာကိုကိုက်ဖြတ်ပြီး သတ်သေလိုက်မယ်"

ပိုင်ရင်ဟုန်က ပြတ်သားစွာ ပြောသည်။

ပိုင်ရင်ဟုန်၏အသံက ပြတ်သားသလို မျက်နှာကလည်း နီမြန်းခက်ထန်နေသည်။

ဖေယွင်အနေဖြင့် သမီးဖြစ်သူ ဤမျှ စိတ်မာန်ပြင်းသည်

ကို တစ်ကြိမ်မျှ မတွေ့ဘူးသေးပေ။

ဖေယွင်သည် သမီးအပေါ် သနားပြီး စိတ်ပြောင်းသွားသည်။

"ချို့ယွဲ့ထိုင်၊ ရှင့်ကို ကျွန်မတောင်းပန်ပါတယ်၊ ကျွန်မရဲ့ မျက်နှာကို ထောက်ထားပြီး ဝမ်ကျက်ကိုပါ တစ်ခါတည်း လွှတ်ပေးလိုက်ပါ"

ဖေယွင်က ချို့ယွဲ့ထိုင်ကို ပြောဆိုတောင်းပန်သည်။

"မဖြစ်နိုင်ဘူး၊ ခင်ဗျားရဲ့ မျက်နှာကို ထောက်ထားပြီး ခင်ဗျားရဲ့သမီးကိုပဲ လွှတ်ပေးမယ်၊ ဝမ်ကျက်ကိုတော့ လွှတ်မပေးနိုင်ဘူး၊ ဝမ်ကျက်ကို လွှတ်ပေးစေချင်ယင် ယိစုကြည်ကို ကျုပ်လက်အပ်ပါ၊ အဲဒီတော့မှ ဝမ်ကျက်ကို ပြန်လွှတ်ပေးမယ်"

ချို့ယွဲ့ထိုင်က ပြန်ပြောသည်။

"ကျွန်မတို့ အပေါ်တက်ပြီး စကားပြောကြရအောင်လား"

ဖေယွင်က ချို့ယွဲ့ထိုင်ကို စူးစိုက်ကြည့်ပြီး ပြန်ပြောသည်။

ချို့ယွဲ့ထိုင်က ခေါင်းညိတ်ပြသည်။

ထို့နောက် နှစ်ယောက်သား မြေအောက်ခန်းမှနေ၍ အပေါ်သို့ ပြန်တက်လာခဲ့ကြသည်။

"ချို့ယွဲ့ထိုင်၊ ရှင် ထပ်ပြီး စဉ်းစားပါအုံး"

ထင်းသိုလှောင်ရုံထဲသို့ ရောက်လာသောအခါ ဖေယွင်က ပြောသည်။



"စဉ်းစားစရာ မလိုတော့ပါဘူး"

ချို့ယွဲ့ထိုင်က ပြန်ပြောသည်။

"ဒီအတိုင်းဆိုယင် ရှင်နဲ့ ကျွန်မ မလွဲသာမရှောင်သာ ရှင်နဲ့ တိုက်ခိုက်ရတော့မယ်၊ ကျွန်မနိုင်ယင် ဝမ်ကျက်နဲ့ ပိုင်ရင်ဟုန်ကို လွှတ်ပေး၊ ရှင်နိုင်ယင်တော့ ရှင့်သဘောအတိုင်း ကြိုက်သလို လုပ်ဆောင်နိုင်တယ်၊ ကဲ ဘယ်လိုလဲ"

"ကောင်းပြီ၊ စိန်လိုက်"

နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် လက်တစ်ကမ်းခွာ၍ နေရာယူလိုက်ကြသည်။

ထိုအချိန်မှာပင် သိုင်းသမားလူငယ်တစ်ယောက် ရေးကြီးသုတ်ပျာအမူအရာနှင့် ထင်းသိုလှောင်ရုံထဲသို့ ပြေးဝင်လာသည်။

"ဓားမောက်ဂေဟာ့က လူတွေ မြောက်ဘက်တံခါးမကြီးရှေ့ကို ရောက်နေကြတယ်၊ အင်အား တစ်ရာလောက် ရှိတယ်၊ ကျောက်ချုံးကိုယ်တိုင် ခေါင်းဆောင်လာတယ်၊ ဆရာကြီးကို တွေ့ချင်တယ်လို့ ပြောတယ်"

သိုင်းသမားလူငယ်က ချို့ယွဲ့ထိုင်ကို ပြောသည်။

"ကျုပ်တို့ တိုက်ခိုက်ဖို့ကို ခဏဆိုင်းလို့ ရမလား"

ချို့ယွဲ့ထိုင်က ဖေယွင်ကို ပြောသည်။

"ရပါတယ်၊ ကျောက်ချုံးနဲ့ အရင်ပြဿနာ ရှင်းပါ၊ တကယ်လို့ ရှင်နဲ့ ကျောက်ချုံးနဲ့ တိုက်ခိုက်ကြတဲ့အထိ ဖြစ်လာယင်လဲ ကျွန်မ

က ကြားဝင်ပြီး အမြတ်မထုတ်ပါဘူး”

ဖေယွင်က ပြန်ပြောသည်။

ဤစကားကို ကြားရသည့်အတွက် ချိုယွဲ့ထိုင် အတော်ကျေနပ်သွားသည်။

မိမိနှင့် ကျောက်ချုံးတို့ တိုက်ခိုက်နေစဉ် ဖေယွင်က ကြားဝင်ကာ အမြတ်ထုတ်တိုက်ခိုက်မည်ကို ချိုယွဲ့ထိုင် အတော်ပင် စိုးရိမ်သည်။

“ခင်ဗျား ကျောက်ချုံးကို လိုက်တွေ့အုံးမလား”

ချိုယွဲ့ထိုင်က မေးပြန်သည်။

ဖေယွင်သည် ခေတ္တစဉ်းစားပြီးနောက် ခေါင်းညိတ်ပြသည်။

“ကောင်းပြီ၊ ကျုပ်တို့ သွားကြစို့”

ချိုယွဲ့ထိုင်က ဖေယွင်ကို ခေါ်ပြီး ရွှေနဂါးရဲတိုက် မြောက်ဘက်တံခါးမကြီးဘက်သို့ ထွက်လာခဲ့သည်။



အခန်း(၄)

ရွှေနဂါးရဲတိုက် မြောက်ဘက်တံခါးမကြီးသို့ ချိုယွဲ့ထိုင်နှင့် ဖေယွင်တို့ ရောက်ရှိသွားကြသည်။

တံခါးမကြီး၏ အပေါ်ဘက်မျှော်စင်ပေါ်တွင် ရွှေနဂါးရဲတိုက် ဒုတိယခေါင်းဆောင် အိုးယန်ယီနှင့်အတူ ရွှေနဂါးခုနစ်ဖော်တို့ ရှိနေကြသည်။

တံခါးမကြီး၏ အပြင်ဘက်ဝယ် အင်အားတစ်ရာကျော်ခန့်ရှိသော ဓားမောက်ဂေဟာမှ သိုင်းသမားများကို ကျောက်ချုံးက ဦးဆောင်ကာ ရပ်နေကြသည်။

တံခါးမကြီးအတွင်းဘက်တွင် ရွှေနဂါးရဲတိုက်၏ သိုင်းသမားအင်အား ၁၀၀ ခန့် လက်နက်ကိုယ်စီ ကိုင်ဆောင်ကာ အသင့်အနေအထားဖြင့် ရှိနေကြသည်။

"ကျောက်ချူး၊ ခင်ဗျားအနေနဲ့ အခုလို သတ္တိရှိရှိ ပြောင်ပြောင်တင်းတင်း လာရောက်ဝံ့တာ ကျုပ်ချီးမွမ်းပါတယ်"

ချိုယွဲ့ထိုင်က တံခါးမကြီးအပေါ်ဘက်ရှိ မျှော်စင်မှနေ၍ လှမ်းအော်ပြောသည်။

ယမန်နေ့ညက စားမောက်ဂေဟာမှ သိုင်းသမားတစ်စု ရွှေနဂါးရဲတိုက်တွင်းသို့ တိတ်တဆိတ် ဝင်ရောက်လာခဲ့ကြသည့် ကိစ္စကို ရည်ညွှန်းပြောဆိုကာ ခနဲ့လိုက်ခြင်းပင်။

"ကျုပ်က ခင်ဗျားတို့ ရွှေနဂါးရဲတိုက်ကို ရန်ပြုတိုက်ခိုက်ဖို့ မရည်ရွယ်ပါဘူး၊ ယိစုကြည် လွယ်ထားတဲ့ ကျောက်နန်စင်ရဲ့ သန္ဓေသားအတွက် ရောက်လာတာပါ၊ ယိစုကြည်ကို ကျုပ်လက်ကို ပေးအပ်ပါ၊ ကလေးမီးဖွားပြီးတာနဲ့ ခင်ဗျား ကြိုက်သလို အပြစ်ပေးစီရင်နိုင်အောင် ခင်ဗျားလက် ပြန်အပ်ပါ့မယ်"

ကျောက်ချူးက ပြန်အော်ပြောသည်။

"ယိစုကြည်ဟာ ကျုပ်သားချိုရှန်းကို သတ်ခဲ့တဲ့ အန္တရာယ်မိန်းကလေး ဖြစ်နေတယ်၊ သူ့ကို လွှတ်မပေးနိုင်ဘူး"

"ယိစုကြည်ဟာ အန္တရာယ်မိန်းကလေးတစ်ယောက် ဖြစ်တယ်ဆိုတာကို ကျုပ်လက်ခံပါတယ်၊ ဒါပေမယ့် သူ့ဗိုက်ထဲမှာ



ကျောက်နန်စင်ရဲ့ သန္ဓေသား ရှိနေပါတယ်၊ ကျောက်နန်စင်ဟာလဲ သေဆုံးခဲ့ရပါပြီ၊ ကျုပ်က ကျောက်နန်စင်ရဲ့ မျိုးဆက်ကိုတော့ ကျန်နေခဲ့စေချင်လို့ အခုလို လာပြောဆို တောင်းပန်တာပါ၊ ခင်ဗျားဟာ သိက္ခာသမာဓိရှိတဲ့ သိုင်းသမားကြီးတစ်ယောက်ပါ၊ အမှားအမှန် အကောင်းအဆိုးကို ခွဲခြားနားလည်ပါတယ်"

"ခင်ဗျား အခုလို လာတောင်းဆိုတာ သိပ်နောက်ကျသွားပြီ"

"ဘာလဲ၊ ခင်ဗျားက ယိစုကြည်ကို သတ်ပစ်လိုက်ပြီလား"

"မဟုတ်ပါဘူး၊ မနေ့ညတုန်းက ခင်ဗျားရဲ့ လူနှစ်ဆယ်ယောက် တိတ်တိတ်ကလေး မလွှတ်လိုက်ဘူးဆိုယင်တော့ ခင်ဗျားပြောတာကို ကျုပ်လိုက်လျောနိုင်ကောင်း လိုက်လျောလိမ့်မယ်၊ ဒါပေမယ့် ခင်ဗျားလူတွေက ကျုပ်တို့ဆီကို တိတ်တဆိတ် ဝင်ရောက်တိုက်ခိုက်ပြီးတဲ့ နောက်ပိုင်းမှာတော့ ခင်ဗျားနဲ့ အပေးအယူ လုပ်စရာမလိုတော့ဘူး"

"အဲ ကျုပ်စိတ်လောပြီး အမှားလုပ်မိတာပါ၊ တောင်းပန်ပါတယ်"

"တောင်းပန်နေစရာ မလိုပါဘူး၊ ဒီနေ့ ခင်ဗျားမှာ အင်အားအပြည့်အစုံ ပါလာတယ် မဟုတ်လား၊ ဒီတော့ သိုင်းသမားတွေပီပီ သိုင်းပညာနဲ့ပဲ အဆုံးအဖြတ် ယူကြရအောင်လား"

"ဒီနေ့ ကျုပ် ကျောက်ချူးရဲ့ဘဝမှာ ပထမဆုံးအကြိမ် သူ

တစ်ပါးကို တောင်းပန်မေတ္တာရပ်ခံတာပါ။ ခင်ဗျားအနေနဲ့ မငြင်းပယ်သင့်ပါဘူး"

"စကားရှည်မနေပါနဲ့တော့၊ ဒီနေ့မှာ ဓားမောက်ဂေဟာနဲ့ ရွှေနဂါးရဲတိုက် ဘယ်သူက အစွမ်းအစ ပိုရှိတယ်ဆိုတာ သိရအောင် စမ်းကြပါစို့"

ချိုယွဲ့ထိုင်က ဤသို့ပြောပြီးနောက် တံခါးမကြီးကို ဖွင့်ရန် အမိန့်ပေးလိုက်သည်။

* * *



ရွှေနဂါးရဲတိုက်၏ မြောက်ဘက်တံခါးမကြီး ပွင့်သွားသည်။ ကျုံးကူးတံတားအရှင်ကိုလည်း ချလိုက်သည်။

ချိုယွဲ့ထိုင်သည် တံခါးတပ်မျှော်စင်ပေါ်မှ ဆင်းကာ ရွှေနဂါးရဲတိုက်၏ သိုင်းသမားများကို ရှေ့ဆောင်ကာ တံခါးမကြီးမှ ထွက်ပြီး ကျုံးကူးတံတားအရှင်၏ သည်ဘက်ထိပ်ဝယ် ရပ်လိုက်သည်။

ဓားမောက်ဂေဟာမှ သိုင်းသမားများကလည်း ကျုံးကူးတံတား၏ ဟိုဘက်ထိပ်ဝယ် ရပ်ပြီး သူတို့၏ဓားမောက်များကို ပြိုင်တူဆွဲထုတ်လိုက်ကြသည်။

တစ်ဘက်နှင့်တစ်ဘက် ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ရှိနေကြလေပြီ။

"ဒီမယ် ကျောက်ချိုး၊ ကျွန်မပြောတာကို နားထောင်ပါအုံး"

တံခါးပေါက်အထက်ရှိ မျှော်စင်ပေါ်ဝယ် ကျန်နေခဲ့သော ဖေယွင်က လှမ်းပြောသည်။

ကျောက်ချိုး အစောကြီးကပင် ဖေယွင်ကို လှမ်းမြင်နေခဲ့သည်။

သို့သော် အလှမ်းဝေးနေ၍ မည်သူမည်ဝါမှန်းမသိ။

"ခင်ဗျားက ဘယ်သူလဲ"

ကျောက်ချိုးက ပြန်မေးသည်။

"ကျွန်မနာမည်ဖေယွင်။ တရားခံမွေ ရှာဖွေကျင့်ကြံနေတဲ့

အမျိုးသမီးတစ်ယောက်ပါ၊ ခွေနဂါးရဲ့တိုက်က သိုင်းသမား မဟုတ်ပါ ဘူး"

ဖေယွင်က ပြန်ပြောသည်။

"ခင်ဗျား ဘာပြောမလို့လဲ"

"ရှင်က ယိစုကြည်အတွက် ရောက်ရှိလာတာဆိုယင် ချိုယွဲ့ထိုင်တို့နဲ့ ရင်ဆိုင်တိုက်ခိုက်စရာ မလိုတော့ပါဘူး"

"ဘာကြောင့်လဲ"

"ယိစုကြည် အခု ဒီမှာ မရှိတော့ဘူး ဝမ် ကျူက် ကယ်တင် ပေးလိုက်လို့ လွတ်မြောက်သွားပြီ"

"တကယ်ပဲလား"

"တကယ်ပါ"

"သူပြောတာ မဟုတ်ဘူး၊ ယိစုကြည် ကျုပ်လက်ထဲမှာ ရှိ နေသေးတယ်၊ ခင်ဗျားတို့ ယိစုကြည်ကို ကယ်တင်ချင်တယ်ဆိုယင် ကျုပ်တို့နဲ့ တိုက်ခိုက်ကြ၊ ဒါပဲ"

ချိုယွဲ့ထိုင်က ကြားဝင်ကာ ပြောသည်။

ချိုယွဲ့ထိုင်လိုလူတစ်ယောက်က ဤစကားမျိုး ပြောမည် မထင်သောကြောင့် ဖေယွင် အံ့သြသွားရသည်။

"ချိုယွဲ့ထိုင် ရှင်ဘယ်လို ပြောလိုက်တာလဲ"

ဖေယွင်က ချိုယွဲ့ထိုင်ကို လှမ်းပြောသည်။

"ကျုပ်ကိစ္စမှာ ခင်ဗျားဝင်မရှုပ်ပါနဲ့၊ ဒီနေ့ အခွင့်ကောင်း



ကြုံတုန်း အန္တရာယ်ကောင်တစ်ယောက်ကို ရှင်းပစ်ရမယ်"

ချိုယွဲ့ထိုင်က ပြန်ပြောသည်။

"ဒီလို ပြောကြစတမ်းဆိုယင် ရှင်ကိုယ်တိုင်ကကော အန္တရာယ်ကောင် မဟုတ်ဘူးလား"

"ခင်ဗျားပဲ ဟိုကိစ္စကို ထပ်မပြောတော့ပါဘူးဆို"

ချိုယွဲ့ထိုင်နှင့် ဖေယွင်တို့ အပြန်အလှန် ပြောနေကြသော စကားများကို ကြားရသောအခါ ကျောက်ချုံးမှာ တစ်စုံတစ်ရာကို စဉ်းစားမိကာ မျက်နှာပျက်သွားသည်။

"နေပါအုံး..ခင်ဗျားက ဘယ်သူလဲ ပြောစမ်းပါ"

ကျောက်ချုံးက ဖေယွင်ကို လှမ်းမေးသည်။

"ရှင်နဲ့ ကျွန်မ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က သိကျွမ်းဖူးကြပါကယ်၊ ရှင်မေ့နေပြီလား"

ဖေယွင်က ပြန်ပြောသည်။

ဤအခါတွင်မှ ကျောက်ချုံးသည် ဖေယွင်ကို သေသေချာချာ ကြည့်မိပြီး ငယ်ရုပ်ကို မှန်းမိသွားသည်။

"ဟင်..ခင်ဗျား..ပိုင်လိစွမ်း"

ကျောက်ချုံးက တအံ့တသြ ရေရွတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်မ ပိုင်လိစွမ်းပါပဲ"

ဖေယွင်က ပြန်ဖြေသည်။

စိတ်ကို တည်ငြိမ်အောင် ထိန်းထားသည့် ကြားမပင် အသံ

မှာ မသိမသာ တုန်ယင်နေသည်။

"ခင်ဗျားက ဘာကြောင့် ရွှေနဂါးရဲတိုက်ကို ရောက်နေတာလဲ"

ကျောက်ချိုးက ဆက်မေးသည်။

"ကျွန်မသမီး ပိုင်ရင်ဟုန်ကို လိုက်ရှာယင်း ရောက်နေတာပါ၊ ပိုင်ရင်ဟုန်ကိုတော့ ရှင်မြင်ဖူးသိဖူးမှာပေါ့"

ပိုင်ရင်ဟုန်သည် တစ်ချိန်က တောင်ညီဂေဟာသို့ အသွားဝယ် အမည်မသိသူတစ်စု၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

ထိုလူစုကို ကျောက်ချိုးတို့ ဖြစ်မည်ဟု ဖေယွင်က ထင်နေခဲ့သည်။

ထို့ကြောင့် ဤစကားကို ပြောလိုက်ခြင်း ဖြစ်သည်။

(တောင်ညီဂေဟာသို့ အသွား ပိုင်ရင်ဟုန် အဖမ်းခံရပုံ အကြောင်းစုံကို စာရေးသူဘာသာပြန်ဆိုပြီး ဖြစ်သော 'မိစ္ဆာလေပွေ အန္တရယ်'ဝတ္ထုတွင် အသေးစိတ်ဖတ်ရှုနိုင်ပါသည်။ စကားချပ်)

"ခင်ဗျားပြောတာ မှားနေပြီ၊ ပိုင်ရင်ဟုန်ဆိုတာကို ကျုပ်တစ်ခါမှ မမြင်ဖူးပါဘူး"

ကျောက်ချိုးက ပြန်ပြောသည်။

"ရှင်က တကယ် မမြင်ဘူးတာလား၊ တမင်ပြောင်ငြင်းနေတာလားဆိုတာ ရှင့်ကိုယ်ရှင် သိမှာပါ၊ အဲဒီတုန်းက ကျွန်မသမီးဟာ ဘာမှမဖြစ်ခဲ့တဲ့အတွက် ဒီကိစ္စကို ကျွန်မ မေ့ပစ်လိုက်ပါ့မယ်၊ ဒီနေ့



တော့ ကျွန်မပြောတာကို ရှင်ယုံပါ၊ ယိစုကြည်ဟာ ရွှေနဂါးရဲတိုက်မှာ မရှိတော့ပါဘူး"

"ကောင်းပြီ၊ ခင်ဗျားပြောတာကို ကျုပ်ယုံလိုက်မယ်၊ ဒါပေမယ့် ကျုပ်မေးစရာတစ်ခုတော့ ရှိတယ်၊ ကျုပ်နားကို ခဏလာခဲ့ပါ"

"ယိစုကြည် ဘယ်နေရာ ရောက်နေသလဲလို့ ရှင်မေးမှာမဟုတ်လား၊ ကျွန်မ အမှန်အတိုင်းဖြေရယင် ယိစုကြည် ဘယ်ရောက်နေသလဲဆိုတာကို ကျွန်မကိုယ်တိုင်တောင် မသိပါဘူး"

ကျောက်ချိုး မေးမည့် မေးခွန်းမှာ ဤမေးခွန်းပင် ဖြစ်သည်။

ယခု ဖေယွင်က အဖြေပေးပြီးပြီမို့ ကျောက်ချိုးသည် စကားမရှည်တော့ဘဲ ခေါင်းကို ဆတ်ကနဲညိတ်ကာ ဓားကို ပြန်သိမ်းလိုက်သည်။

ဓားမောက်ဂေဟာမှ သိုင်းသမားများကလည်း သူတို့၏ ဓားများကို ပြန်သိမ်းလိုက်ကြသည်။

ကျောက်ချိုးက သူ့လူများကို လက်ဖြောက်ပြပြီး ထိုနေရာမှ ထွက်သွားရန် ဟန်ပြင်သည်။

"နေပါအုံး ကျောက်ချိုး၊ ခင်ဗျားက ကျုပ်ရဲ့ ရဲတိုက်ရှေ့မှာ ဓားကိုင်ဟန်ရေးပြပြီးမှ ဒီလိုအလွယ်နဲ့ ထွက်သွားမလို့လား"

ချို့ယွဲ့ထိုင်က လှမ်းအော်တားမြစ်လိုက်သောကြောင့် ကျောက်ချိုးတို့လူစု ခြေလှမ်းတုံ့သွားကြသည်။

"ခင်ဗျားက ဘယ်လိုများ လုပ်ချင်သလဲ"

ကျောက်ချုံးက ချိုယွဲ့ထိုင်ကို မေးသည်။

"ခင်ဗျားတို့ သတ္တိရှိမယ်ဆိုယင် ဒီနေ့ အရှုံးအနိုင် အပြ
ပေါ်အောင် တိုက်ခိုက်ကြမယ်"

ချိုယွဲ့ထိုင်က ဖြောင်ပင်စိန်ခေါ်လိုက်သည်။

"ခင်ဗျားက ဒီနည်းလမ်းကို ရွေးနေမှတော့ ကျုပ်ကလည်
မငြင်းပါဘူး"

ကျောက်ချုံးက ဤသို့ပြောပြီး ဓားမောက်ကို ဆွဲထုတ်လိုက်
သည်။

ကျန်ဓားမောက်ဂေဟာ၏ သိုင်းသမားများကလည်း ကိုယ်
စီပင် ဓားများကို ဆွဲထုတ်လိုက်ကြသည်။

ဓားမောက်ဂေဟာမှ သိုင်းသမားများနှင့် ရွှေနဂါးရဲတိုက်
သိုင်းသမားများ လက်နက်ကိုယ်စီ ကိုင်စွဲကာ ရင်ဆိုင်မိကြလေပြီ

ချိုယွဲ့ထိုင်က တိုက်ပွဲစတင်ရန် အချက်ပေးတော့မည် အပြ
တွင် မြင်းခွာသံတစ်ခွပ်ခွပ် ကြားရပြီး မြင်းစီးသမားတစ်ယော
မြင်းကို ဒုန်းစိုင်းစီးနင်းလာနေသည်ကို လှမ်းမြင်လိုက်ရသည်။

ချိုယွဲ့ထိုင်က အမိန့်မပေးသေးဘဲ မြင်းစီးသမား ရောက်
အလာကို စောင့်သည်။

မကြာပါ။

မြင်းကို အတင်းဒုန်းစိုင်းစီးလာသည်မို့ တခဏအတွင်းမှ



င် မြင်းစီးသမားသည် ထိုနေရာသို့ ရောက်လာသည်။

ထိုမြင်းစီးသမားမှာ ဓားမောက်ဂေဟာမှ သိုင်းသမားတစ်
ယောက် ဖြစ်သည်။ ထိုသူသည် မြင်းပေါ်မှ ခုန်ဆင်းပြီး ကျောက်ချုံး
ရှိရာသို့ ပြေးသွားကာ အရေးတကြီး သတင်းပို့သည်။

"အစ်ကိုလေးကျောက်ပေစင် အသတ်ခံလိုက်ရပြီ၊ ဆရာကြီး
ဂေဟာကို အမြန်ဆုံး ပြန်လာဖို့ ဆရာကြီးကတော်က မှာလိုက်ပါ
တယ်"

ဤစကားကို ကြားရသောအခါ ကျောက်ချုံးမှာ အလွန်ပင်
တုန်လှုပ်ချောက်ချားသွားသည်။

"ဘယ်လိုဖြစ်တာလဲ"

ကျောက်ချုံးက မေးသည်။

"အစ်ကိုလတ်ကျောက်နန်စင်ရဲ့အလောင်း တွေ့ရတဲ့ နေရာ
ပဲ အစ်ကိုလေးကျောက်ပေစင်ရဲ့အလောင်းကို တွေ့ရတယ်၊
ဏ်ရာဒဏ်ချက်က အစ်ကိုလတ်ကျောက်နန်စင် ရခဲ့တဲ့ ဒဏ်ရာဒဏ်
က်တွေနဲ့ အတူတူပဲ"

"တောက်"

ကျောက်ချုံးက တောက်တစ်ချက် ခေါက်လိုက်သည်။

ထို့နောက် ဓားကို ပြန်သိမ်းကာ ထိုနေရာမှ ပြေးထွက်သွား
သည်။

ဓားမောက်ဂေဟာမှ သိုင်းသမားများလည်း လက်နက်များ

ကို သိမ်းကာ ကျောက်ချိုးနောက်မှ ပြေးလိုက်သွားကြသည်။

မကြာမီပင် အားလုံး မြင်ကွင်းမှ ပျောက်သွားသည်။

ဤလိုအဖြစ်မျိုး ကြုံလာသည့်အတွက် ချိုယွဲ့ထိုင်မှာလည်း ဘာမျှ မတတ်နိုင်တော့ဘဲ ဓားမောက်ဂေဟာမှ သိုင်းသမားများ ထွက်သွားသည်ကို သည်အတိုင်း ကြည့်နေလိုက်ရသည်။

"မကောင်းမှု လုပ်မိယင် အန္တရာယ်ဟာ သားစဉ်မြေးဆက် လိုက်လာတတ်တာပဲ၊ ဒါပေမယ့် ကျုပ်ကတော့ ကျောက်ချိုးလို မကောင်းမှု မလုပ်ခဲ့ဘဲနဲ့ ဘာကြောင့် သားတစ်ယောက် ဆုံးရှုံးရတာ လဲ"

ထွက်ခွာသွားသော ဓားမောက်ဂေဟာမှ သိုင်းသမားများ ကို လှမ်းကြည့်ယင်း ချိုယွဲ့ထိုင် ရေရွတ်သည်။

"မကောင်းမှုလုပ်ယင် ဒဏ်ပြန်ခံရတတ်တယ်ဆိုတာ ရှင် နားလည်တယ်ဆိုယင် ဝမ်ကျုက်နဲ့ ပိုင်ရှင်ဟုန်တို့ကို ပြန်လွှတ်ပေး လိုက်ပါလား"

ဖေယွင်က ချိုယွဲ့ထိုင်ကို လှမ်းပြောသည်။

"ကောင်းပါပြီ သူတို့ကို လွှတ်ပေးလိုက်ပါ့မယ်၊ ဒါပေမယ့် သူတို့နောက်တစ်ခါ ကျုပ်တို့ရဲ့ရဲတိုက်မှာ လာပြီး ပြဿနာရှာယင် တော့ ကျုပ်သည်းမခံနိုင်တော့ဘူးနော်"

ချိုယွဲ့ထိုင်က ပြန်ပြောသည်။

* * *



ရွှေနဂါးရဲတိုက်၏ မြောက်ဘက်တံခါးမကြီးရှေ့တွင် ဓား [...]ာက်ဂေဟာမှ သိုင်းသမားများနှင့် ရွှေနဂါးရဲတိုက်မှ သိုင်းသမား [...]း ရင်ဆိုင်နေကြရသည့် အချိန်တွင်ပင် ရွှေနဂါးရဲတိုက်၏ ထင်းသို [...]ှာင်ရုံတွင်လည်း ထူးခြားသော အဖြစ်များ ဖြစ်ပျက်သွားခဲ့သည်။

အဖြူရောင်ဝတ်စုံဝတ်ပြီး မျက်နှာဖုံးအဖြူရောင် စွပ်ထား [...]သာ လူတစ်ယောက် ထင်းသိုလှောင်ရုံနားသို့ အပြေးရောက်လာ [...]ည်။

ထင်းသိုလှောင်ရုံအဝဝယ် စောင့်ကြပ်နေသော သိုင်းသမား [...]ယောက်က ထိုဝတ်စုံဖြူကို ဆီးကြိုကာ တိုက်ခိုက်ကြသည်။

ဝတ်စုံဖြူက သူတို့၏ဓားချက်များကို အရေးမထား။

ဟန်မပျက် ဆက်လက်လျှောက်လှမ်းလာယင်း ဘယ်ညာ [...]က်နှစ်ဘက်ကို လှစ်ကနဲ ဝှေ့ယမ်းလိုက်သည်။

လက်အလှုပ်တွင် လက်ဝါးရိုက်ချက်များက ဆက်တိုက်ပေါ် [...]ာသည်။

အစောင့်သိုင်းသမားနှစ်ယောက်မှာ လက်ဝါးရိုက်ချက် [...]ထိခံရပြီး ကြိုးပြတ်သော စွန်ကဲ့သို့ လွင့်ထွက်သွားသည်။

မြေကြီးပေါ်သို့ ပြန်အကျတွင်မူ မလှုပ်ရှားနိုင်တော့ဘဲ [...]တိလစ်ကာ မေ့မြောကုန်ကြသည်။

ဝတ်စုံဖြူက ထင်းသိုလှောင်ရုံထဲသို့ ဆက်လက်လျှောက် [...]မ်း ဝင်ရောက်လာသည်။

ထင်းသိုလှောင်ရုံထဲတွင် အစောင့်သိုင်းသမား ၄ ယောက်

ရှိနေသေးသည်။

ထိုအစောင့်သိုင်းသမားများက ဝတ်စုံဖြူကို ဝိုင်းဝန်းတိုက်

ခိုက်ရန် ဟန်ပြင်ကြသည်။

ဟန်ပြင်ရုံသာ ရှိသေးသည်။

ဝတ်စုံဖြူ၏လက်ဝါးရိုက်ချက်များကို ရင်ဆိုင်ရပြီးနောက်

၄ ယောက်စလုံး အကြောပိတ်ခံရကာ လဲကျကုန်သည်။

ဝတ်စုံဖြူသည် မြေအောက်ခန်းထဲသို့ ဆက်လက်ဝင်ရောက်

သွားသည်။

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့ကို ချည်နှောင်ထားသော သံ

လက်ထိပ်၊ သံခြေကျင်းများကို ဝတ်စုံဖြူက သူ၏ အလွန်ထက်မြက်

သော ဓားတိုလေးဖြင့် ခုတ်ဖြတ်ပေးသည်။

စကားမှ တစ်လုံးမျှ မပြော။

စကားမဆိုသော်လည်း ဝတ်စုံဖြူ မည်သူမည်ဝါ ဖြစ်

ကြောင်းကိုကား ဝမ်ကျက် ရိပ်မိသိရှိလိုက်ပြီး ဖြစ်သည်။

သို့သော် ဝမ်ကျက်က နှုတ်မှ ထုတ်ဖော်မပြောပေ။

အသာငြိမ်၍ နေသည်။

အချုပ်အနှောင်များကို ခုတ်ဖြတ်ပြီးနောက် ဝတ်စုံဖြူသည်

မြေအောက်ခန်းမှ ထွက်သွားသည်။

ဝမ်ကျက်တို့နှစ်ယောက်လည်း ဝတ်စုံဖြူ၏နောက်မှ လိုက်



ခဲ့ကြသည်။

သူတို့သုံးယောက် ထင်းသိုလှောင်ရုံမှ ထွက်ပြီး အုတ်တံ

တိုင်း ရှိရာသို့ လာခဲ့ကြရာတွင် အစောင့်သိုင်းသမားများ မြင်တွေ့

သွားပြီး ဝိုင်းလိုက်ကြသည်။

အားလုံး အင်အား ၇ ဦး။

ထိုသူများသည် ဝမ်ကျက်တို့နောက်သို့ ပြေးလိုက်လာကြရုံ

သာမက အချက်ပေးခရာများကိုလည်း မှုတ်လိုက်ကြသေးသည်။

သို့သော် ထိုအချိန်တွင် ရွှေနဂါးရဲတိုက်ရှိ အခြားသိုင်းသမား

များမှာ ရဲတိုက်မြောက်ဘက် တံခါးမကြီးတွင် ဖြစ်ပျက်နေပုံများကို

စိတ်ဝင်စားနေကြသောကြောင့် သူတို့၏အချက်ပေး ခရာမှုတ်သံကို

မည်သူမျှ မကြား။

မည်သူမျှလည်း စစ်ကူရောက်မလာ။

ဝမ်ကျက်တို့ကို လိုက်လံတိုက်ခိုက်ကြသူ (၇)ယောက်မှာ

လည်း ဝတ်စုံဖြူ၏လက်ချက်ဖြင့် အကြောပိတ်ခံရပြီး လဲကျကုန်

သည်။

ဝတ်စုံဖြူက ရှေ့ဆောင်ကာ အုတ်တံတိုင်းကို ဖြတ်ကျော်ခဲ့

ကြသည်။

ကျုံးကိုလည်း အခက်အခဲ မရှိဘဲ ဖြတ်ကူးနိုင်ကြသည်။

ကျုံးကို ဖြတ်ကူးပြီးသည်နှင့် ဝတ်စုံဖြူနှင့်လူသည် လျှင်မြန်

ပေါ့ပါးစွာ ပြေးသွားလေတော့သည်။

သူ၏ပြေးပုံမှာ အလွန်ပင် သွက်လက်မြန်ဆန်သည်။

ပြေးသည်နှင့်ပင် မတူ။

လေပေါ်တွင် ဝဲပျံ၍ သွားသည့်အလား ထင်မှတ်မှား[illegible]သည်။

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့နှစ်ယောက်လည်း ဝတ်စုံဖြူ၏နောက်မှ ကိုယ်ဖော့ပညာသုံးကာ အတင်းပြေးလိုက်ကြသည်။

သူတို့နှစ်ယောက်၏ ကိုယ်ဖော့ပညာမှာ အစွမ်းအစ[illegible]မသေးပေ။

သို့သော် ဝတ်စုံဖြူကိုကား မီအောင် မလိုက်နိုင်ကြ။

လိုက်လေဝေးလေ ဖြစ်ကာ နောက်ဆုံးတွင် ဝတ်စုံဖြူမှာ ဝမ်ကျက်တို့၏ မြင်ကွင်းမှပင် ပျောက်ကွယ်သွားလေတော့သည်။

ဝမ်ကျက်တို့ ဆက်လက်ပြေးလာခဲ့ကြရာ နှစ်မိုင်ခန့်အရောက်တွင် လမ်းဘေးတစ်နေရာ၌ ကျောက်တုံးကြီးတစ်တုံးပေါ်ဝယ် သေတ္တာလေးတစ်ခု တင်လျက်သား ရှိနေသည်ကို တွေ့ရသည်။

"ဟော.. ဟိုလူက ကျွန်တော်တို့အတွက် ပစ္စည်းထားခဲ့ပေးတယ်"

ဝမ်ကျက်က ဤသို့ပြောပြီး ခြေလှမ်းကို တုံ့ရပ်လိုက်သည်။

ပိုင်ရင်ဟုန်လည်း ဝမ်ကျက်နည်းတူ ရပ်လိုက်သည်။

ထိုသေတ္တာလေးမှာ သူတို့ရှေ့က ပြေးသွားသော ဝတ်စုံဖြူဝတ် ထားခဲ့မှန်း သံသယ ဖြသ်စရာ မလိုပေ။



ဝမ်ကျက်က သေတ္တာလေးကို ဖွင့်ကြည့်လိုက်သည်။

သေတ္တာလေးထဲဝယ် စာရွက်တစ်ရွက်နှင့် ကြွေပုလင်းလေး[illegible]စ်လုံး ရှိနေသည်။

ဝမ်ကျက်က စာရွက်ကို ထုတ်ယူကာ ပိုင်ရင်ဟုန်နှင့် နှစ်[illegible]ယာက်အတူ ဖတ်ကြည့်လိုက်ကြသည်။

"အားတိုးဆေး နှစ်ပုလင်း ထားခဲ့တယ်၊ တစ်ယောက် တစ်[illegible]လင်းစီ သောက်ကြ၊ အားအင်တိုးလာလိမ့်မယ်"

စာဖတ်ပြီးချိန်ဝယ် စာလုံးများမှာ တဖြည်းဖြည်း မှိန်လာပြီး [illegible]ပျောက်ကွယ်သွားသည်။

အထူးစီမံ ဖော်စပ်ထားသော မှင်တစ်မျိုးဖြင့် ရေးထားမှန်း[illegible]သိနိုင်သည်။

"အဲဒီလူက ကျွန်မတို့ကို ကယ်ပြီး အားတိုးဆေးလဲ ပေး[illegible]သွားတယ်၊ သူ ဘယ်သူလဲဟင် ရှင်သိသလား"

ပိုင်ရင်ဟုန်က ဝမ်ကျက်ကို မေးသည်။

"ဟင့်အင်း...မသိဘူး"

တကယ်တော့ ဝတ်စုံဖြူဝတ်လူ မည်သူမည်ဝါ ဖြစ်သည်ဆို[illegible]ခြင်းကို ဝမ်ကျက် သိရှိနေပြီး ဖြစ်သည်။

ပိုင်ရင်ဟုန်ကို ထုတ်မပြောလိုသောကြောင့် တမင်ငြင်း[illegible]လိုက်ခြင်း ဖြစ်သည်။

"အဲဒီ ပုလင်းတွေဟာ တကယ်ပဲ အားတိုးဆေး ပုလင်းတွေ

ဖြစ်မယ်လို့ ရှင်ယုံသလား"

"အင်း ယုံတယ်၊ သူက ကျွန်တော်တို့ကို ရွှေနဂါးရဲတိုက်က ကယ်ထုတ်လာခဲ့ပြီးမှတော့ အဆိပ်ဆေးကို ပေးမယ် မဟုတ်ပါဘူး"

"သူက ဘာကြောင့် ကျွန်မတို့အပေါ် ဒီလောက်တော် ကောင်းနေရတာလဲ"

"အဲဒါကိုတော့ ကျွန်တော်လဲ ဘယ်သိနိုင်မှာလဲ၊ ကဲ...ဆေးသောက်ကြရအောင်"

ဤသို့ပြောပြီးနောက် ဝမ်ကျက်သည် ပုလင်းတစ်လုံးကို ဖွင့်ကာ အတွင်းရှိ ဆေးရည်များကို မော့သောက်ပစ်လိုက်သည်။

ဆေးမှာ မွှေးကြိုင်ကာ ချိုမြမြ ဖြစ်သည်။

သောက်ချလိုက်သည်နှင့် အစပိုင်းဝယ် ရင်ထဲနွေးသလို ဖြစ်ပြီးနောက် အေး၍ သွားသည်။

"ရော့ ဒီပုလင်းကိုလဲ ရှင်ပဲ သောက်လိုက်စမ်းပါအုံး"

ပိုင်ရင်ဟုန်က ကျန်ဆေးပုလင်းကို ယူပြီး ပြောသည်။

"ဘာဖြစ်လို့ ကျွန်တော်က သောက်ရမှာလဲ"

"ရှင့်ရဲ့အားအင်တွေ ပိုတိုးလာအောင်ပေါ့၊ ရှင် အားသိပ်ကောင်းလာယင် ချိုယွဲ့ထိုင်တို့ကို ကြောက်နေစရာ မလိုတော့ဘူးလေ"

"ဘယ်ဟုတ်မှာလဲ၊ ဒါက ခင်ဗျားအတွက် ပေးထားတာပဲ ခင်ဗျားပဲ သောက်ပါ"



"ကျွန်မအတွက် အားအင်သိပ်ရှိစရာ မလိုပါဘူး"

"ခင်ဗျားသောက်ပါ"

"ဟင့်အင်း မသောက်ဘူး၊ ရှင်ပဲသောက်ပါ"

"ခင်ဗျား တကယ် မသောက်ဘူးလား"

"အင်း"

"ဒီလိုဆိုယင် ခင်ဗျားကို ကျွန်တော်နဲ့အတူ ခေါ်မသွားတော့ဘူး၊ ဒီနေရာကပဲ လမ်းခွဲကြစို့"

"ရှင်ဟာ အတော်ခက်တာပဲ၊ ရှင့်အပေါ် စေတနာထားတာကို ထားမှန်းမသိဘူး၊ ကဲသောက်မယ်"

ပိုင်ရင်ဟုန်က ဤသို့ပြောပြီး ပုလင်းကို ဖွင့်ကာ ဆေးရည်များကို မော့သောက်လိုက်သည်။

ထိုအချိန်မှာပင် ဝမ်ကျက်သည် ကိုယ်ခန္ဓာအတွင်း၌ အပူလှိုင်းတစ်ခု ဖြစ်ပေါ်လာမှုကို စတင်ခံစား သိရှိရသည်။

အစတွင် အပူရှိန်က သိပ်မပြင်း၊ ခပ်နွေးနွေးမျှသာ။

သို့သော် တဖြည်းဖြည်းနှင့် အပူဓာတ်က ပိုပြင်းလာသည်။

အပူဓာတ်ကြောင့် ဝမ်ကျက်၏ခေါင်းထဲတွင် မူးဝေလာသည်။

မရပ်နိုင်တော့ဘဲ မြေကြီးပေါ် ထိုင်ချလိုက်ရသည်။

"ဟင်...ဝမ်ကျက် ဘယ်လိုဖြစ်တာလဲ၊ ရှင့်မျက်နှာကလဲ ရဲနေပါလား"

ပိုင်ရင်ဟုန်က ပြောလိုက်သည်။

ထိုသို့ ပြောလိုက်ပြီး ခဏအကြာတွင်ပင် ပိုင်ရင်ဟုန်၏ ကိုယ်ခန္ဓာတွင်လည်း အပူလှိုင်း ဖြစ်ပေါ်လာသည်။

မဟာန်နိုင်တော့ဘဲ မြေကြီးပေါ် ထိုင်ချလိုက်ရသည်။

ဝမ်ကျက်မှာ ဘယ်လိုမှ မတင်းထားနိုင်တော့ဘဲ ခေါင်း မှိုက်ကနဲ ဖြစ်ကာ မြေကြီးပေါ် လဲကျသွားသည်။

ပိုင်ရင်ဟုန်လည်း မရှေးမနှောင်းမှာပင် ဝမ်ကျက်နည်းတူ လဲကျသွားပြန်သည်။

* * *

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့ ပြန်သတိရလာကြသည်။

နေရထိုင်ရာ အလွန်သက်သက်သာသာ ရှိနေသည်ကို သူ သိလိုက်ရသည်။

အမြင်အာရုံ၊ အကြားအာရုံတို့မှာလည်း မူလကထက် ကောင်းလာသည်။

စိတ်လည်း အလွန်ပင် ကြည်လင်ရွှင်လန်းနေသည်။

မျက်စိဖွင့်ကြည့်လိုက်ရာ သူတို့ဘေးဝယ် လူ(၆)ယော ရပ်နေကြသည်ကို တွေ့ရသည်။

ချိုယွဲ့ထိုင်၊ အိုးယန်ယိ၊ ဝန်ကျင့်ဦး၊ ကိုးကျုံးရိ၊ ဖေ့လုံ



ရိတို့ပင် ဖြစ်သည်။

မိမိတို့ကိုလည်း ချည်ကြိုးများဖြင့် တုပ်နှောင်ထားသည်ကို ကျက်တို့ တွေ့ရပြန်သည်။

တွေတွေထူးထူး စဉ်းစားနေစရာမလို၊ သတိလစ်မေ့မြောနေ ခိုက် ဤနေရာသို့ ချိုယွဲ့ထိုင်တို့လူစု ရောက်လာကာ မိမိတို့ကို ဖြင့် တုပ်နှောင်ဖမ်းဆီးလိုက်ကြခြင်း ဖြစ်ကြောင်း ဝမ်ကျက်တို့ လည်လိုက်ကြသည်။

"ဒီမယ် ဝမ်ကျက်၊ မင်းတို့နှစ်ယောက်ကို လွှတ်ပေးဖို့ ကျုပ် သဘောတူပြီးပြီ၊ ဒါပေမယ့် ကျုပ်ရဲ့ရဲတိုက်ကနေ တိတ်တဆိတ် က်ပြေးလွတ်မြောက်သွားတာကိုတော့ ကျုပ်က သည်းမခံနိုင်ဘူး၊ ပြောစမ်း၊ မင်းတို့ကို လာကယ်တဲ့ ဝတ်စုံဖြူနဲ့လူဟာ ဘယ်သူလဲ"

ဝမ်ကျက်တို့ သတိပြန်ရလာသည်ကို တွေ့သောအခါ ချိုယွဲ့ က မေးသည်။

"မသိဘူး၊ တကယ်လို့ သိယင်လဲ ခင်ဗျားတို့ကို ထုတ်ဖော် ဘူး"

ဝမ်ကျက်က ပြန်အဖြေပေးသည်။

"ကျွန်မအမေကော"

ပိုင်ရင်ဟုန်က မေးသည်။

"မင်းကို အခြားလူတစ်ယောက်က ကယ်ထုတ်သွားတဲ့ ကြောင်း သိတာနဲ့ မင်းအမေလဲ မင်းကို လိုက်ရှာဖို့ ထွက်သွား

တယ်၊ ဒါပေမယ့် သူက တောင်ဘက်ကို လိုက်သွားပြီး မင်းတို့
မြောက်ဘက်မှာ ရောက်နေတာဆိုတော့ အရပ်မျက်နှာ လွဲ
တယ်"

ချိုယွဲ့ထိုင်က ပြန်ပြောသည်။

"ရှင်က ကျွန်မတို့ကို ရွှေနဂါးရဲတိုက်ကို ပြန်ခေါ်သွား
ထပ်ဖမ်းချုပ်ထားအုံးမှာလား"

"ဟုတ်တယ်၊ မင်းတို့ကို ကယ်ထုတ်သွားတဲ့ ဝတ်စုံဖြူ
ဘယ်သူလဲဆိုတာကို ကျုပ်သိချင်တယ်၊ ဒီတစ်ခေါက်ထပ်ပြီး မင်း
ကို အဲဒီလူက လာကယ်နိုင်တယ် မကယ်နိုင်ဘူးဆိုတာ ကြည့်
တယ်"

ချိုယွဲ့ထိုင်က ပြောသည်။

"သူ ထပ်မလာတော့ပါဘူး"

ဝမ်ကျက်က ဝင်ပြောသည်။

"ဘာကြောင့် မလာတော့တာလဲ"

ချိုယွဲ့ထိုင်က မျက်မှောင်ကြုတ်ကာ မေးသည်။

"ဘာကြောင့်လဲဆိုတော့ သူလာကယ်စရာ မလိုတော့
လေ၊ ကျွန်တော်တို့ဘာသာ လွတ်မြောက်အောင် လုပ်နိုင်တဲ့ အ
အနေ ရှိနေပြီ"

စကားဆုံးသည်နှင့် ဝမ်ကျက်က အားစိုက်ရုန်းလိုက်
ချည်နှောင်ထားသော ကြိုးအားလုံး ပြတ်ကုန်သည်။



ဝမ်ကျက်သည် ဝတ်စုံဖြူ ထားပေးခဲ့သော အားတိုးဆေးကို
သောက်ပြီးနောက် အတွင်းအားနှစ်ဆ တိုးလာခဲ့သည်။

ထို့ကြောင့် တုပ်နှောင်ထားသော ကြိုးများကို အလွယ်
ကူ ဖြတ်ပစ်လိုက်နိုင်ခြင်း ဖြစ်သည်။

ဤအဖြစ်ကို မြင်ရသောအခါ ချိုယွဲ့ထိုင်မှာ မျက်လုံးပြူး
သွားရသည်။

ထိုအချိန်ဝယ် ပိုင်ရင်ဟုန်ကလည်း ဝမ်ကျက် နည်းတူပင်
အားစိုက်ကာ ရုန်းထွက်လိုက်ပြန်ရာ တုပ်နှောင်ထားသော ကြိုးများ
ပြတ်ကုန်သည်။

ဝမ်ကျက်သည် ကြိုးများကို ဖြတ်ပြီးသည်နှင့် ဆတ်ကနဲ
ထကာ ချိုယွဲ့ထိုင်ကို လက်ဝါးနှင့် လှမ်းရိုက်သည်။

ချိုယွဲ့ထိုင်မှာ အလွန်အံ့သြနေချိန်မို့ တိမ်းရှောင်ခုခံရန်ပင်
သတိမရဘဲ ငေးကြောင်၍ ကြည့်နေမိသည်။

အနီးတွင် ရှိနေသော အိုးယန်ယိက သတိရှိရှိဖြင့် လှုပ်ရှား
ကာ လက်ဝါးကို ဆန့်ထုတ်၍ ဝမ်ကျက်၏ရိုက်ချက်ကို ဆီးကြိုဆောင်
ချဖျက်ပေးလိုက်သည်

"ဖျန်း"

လက်ဝါးချင်း ဆိုင်ရိုက်မိသည်။

အိုးယန်ယိမှာ ဝမ်ကျက်၏ရိုက်ချက်အားကို မခံနိုင်။

နောက်သို့ ခြေလှမ်း(၅)လှမ်း ယိမ်းယိုင်ကာ ဆုတ်သွားရ

သည်။ အိုးယန်ယိ၏မျက်နှာမှာလည်း သွေးဆုတ်သလို ဖြူဖပ်ဖြူ ရော် ဖြစ်သွားသည်။

ဝမ်ကျက်က အိုးယန်ယိကို လက်ဝါးတစ်ချက်တည်းနှင့် အနိုင်ယူလိုက်သည်ကို တွေ့ရသောအခါ ပိုင်ရင်ဟုန်မှာ အလွန်ပ ဝမ်းသာအားတက်မိသည်။

မိမိတို့ သောက်လိုက်သည့် အားတိုးဆေး အလွန်အစွမ်း ထက်မြက်ကြောင်းလည်း စိတ်ချလက်ချပင် ယုံကြည်သွားသည်။

"ချူယွဲ့ထိုင်၊ ရှင်နဲ့ ကျွန်မနဲ့ လက်ဝါးတစ်ချက်စီလောက် ရင်ဆိုင်ကြည့်ကြရအောင်လား"

ပိုင်ရင်ဟုန်က ချူယွဲ့ထိုင်ကို စိန်ခေါ်သည်။

စိန်ခေါ်ပြီးသည်နှင့် ညာလက်ဝါးဖြင့် ချူယွဲ့ထိုင်ကို လှမ်း ရိုက်သည်။

ချူယွဲ့ထိုင်မှာ ဒေါသထွက်သွားသလို အတော်လည်း အနေ ရအထိုင်ရ ခက်သွားသည်။

ချူယွဲ့ထိုင်မှာ နာမည်ကျော်ကြားနေသော အဓိကရ သိုင်း သမားကြီးတစ်ယောက် ဖြစ်သည်။

ငယ်ရွယ်သော မိန်းမပျိုတစ်ယောက်၏ စိန်ခေါ်တိုက်ခိုက် ခြင်းကို ခံရသည်မှာ ချူယွဲ့ထိုင်အဖို့ သိက္ခာကျ အရှက်ရစရာ ဖြစ် သည်။

ထို့ပြင် ပိုင်ရင်ဟုန်ကို အရေးနိမ့်ခဲ့ရလျှင်လည်း ချူယွဲ့ထိုင်



ဖို့ အကြီးအကျယ် နာမည်ပျက်ရပေမည်။

ထို့ကြောင့် ချူယွဲ့ထိုင်သည် မိမိ လေ့ကျင့်ထားသမျှသော တွင်းအား အားလုံးကို ညာလက်ဝါးတွင် စုစည်းပြီးနောက် ညာ က်ဝါးကို ဆန့်ထုတ်၍ ပိုင်ရင်ဟုန်၏ ရိုက်ချက်ကို ခံဆောင်လိုက် ည်။

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့သည် ထူးခြားသော အကြောင်း စ်ခုခုကြောင့် အချိန်အနည်းငယ်အတွင်း အတွင်းအားများ တစ်ဆ ိုးတက်လာနေပြီ ဖြစ်ကြောင်းကို ချူယွဲ့ထိုင် ရိပ်မိပြီး ဖြစ်သည်။

ဤသို့ အတွင်းအား တိုးတက်လာမှုမှာလည်း ဝတ်စုံဖြူဝတ် နှင့် ဆက်စပ်ပတ်သက်နေမည်ကိုလည်း ချူယွဲ့ထိုင် တွေးမိသည်။

ထို့ကြောင့် အားကုန်အင်ကုန်သုံးကာ လက်ဝါးရိုက်ချက် က်ထုတ်ခံဆောင်လိုက်ခြင်း ဖြစ်သည်။

ပိုင်ရင်ဟုန်၏လက်ဝါးနှင့် ချူယွဲ့ထိုင်၏ လက်ဝါးတို့ ပြင်း န်စွာ ဆိုင်ရိုက်မိကြသည်။

ပိုင်ရင်ဟုန်မှာ ရင်ဘတ်တွင် အောင့်ကနဲ ဖြစ်ကာ ညာလက် ောင်းမှာလည်း ကျိုးထွက်သွားလေသည်လား ထင်ရလောက် ာင်ပင် နာကျင်သွားသည်။

မျက်စိပြာဝေကာ မည်သို့မျှ မဟန်နိုင်တော့ဘဲ သတိလစ် ေ့မြောသွားသည်။

* * *

ပိုင်ရင်ဟုန် ပြန်သတိရလာချိန်မှာ ညနေစောင်းအချိန် ဖြစ်
သည်။

သတိပြန်ရလာသည်နှင့် ပိုင်ရင်ဟုန် သိလိုက်သည်မှာ သူ
ဘေးနား၀ယ် ဝမ်ကျက်ထိုင်နေခြင်းပင်။

နာကျင်မှုဝေဒနာကိုလည်း ပိုင်ရင်ဟုန် မခံစားရ။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပြီး ပြန်နိုးလာသလို အလွန်ပင်
ကြည်လင်လန်းဆန်း၍ နေသည်။

"ကျွန်မတို့ ဘယ်ရောက်နေလဲ"

ပိုင်ရင်ဟုန်က မေးသည်။

"တောအုပ်တစ်ခုထဲမှာပါ"

ဝမ်ကျက်က ပြန်လည်အဖြေပေးသည်။

"ရှင်က ကျွန်မကို ဒီနေရာအရောက် ခေါ်လာတာလား"

"ဟုတ်တယ်"

"ချိုယွဲ့ထိုင်တို့ကော"

"သူတို့ ပြန်သွားကြပြီ"

"ဟင်.. ပြန်သွားကြပြီ ဟုတ်လား၊ ဘာကြောင့် ပြန်သွားကြ
တာလဲ"

"ခင်ဗျားနဲ့ လက်ဝါးချင်းဆိုင်ရိုက်ပြီးတဲ့နောက် ချိုယွဲ့ထိုင်ဟာ
ခင်ဗျားလိုပဲ ဒဏ်ဖြစ်ပြီး အားအင်ကုန်ခမ်းသွားတယ်၊ ခင်ဗျားလို
တော့ သတိလစ်မသွားဘူး၊ သူ့အနေနဲ့ ကျွန်တော့်ကို ရင်ဆိုင်နိုင်စ



အင်အား မရှိမှန်း ရိပ်မိပြီး ပြန်သွားကြတာပဲ"

"ကျွန်မဒဏ်ရာမရပါဘူး၊ အကောင်း ဖြစ်နေပါပြီ"

"ဟုတ်ပါတယ်၊ ခင်ဗျား အနားယူပြီး အားပြည့်လာလို့ ပြန်
ကောင်းနေတာပါ၊ ပြီးတော့ ဟိုအားတိုးဆေးရဲ့ အာနိသင်လဲ ရှိသေး
တယ်၊ တကယ်လို့ ဟိုအားတိုးဆေးကိုသာ သောက်မထားယင် အခု
လောက်ဆို ခင်ဗျားအသက်ရှင်နိုင်တော့မှာ မဟုတ်ဘူး"

"အဲဒီ ဝတ်စုံဖြူဝတ်လူဟာ သိုင်းပညာလဲ သိပ်မြင့်မား
တယ်၊ ကိုယ်ဖျော့ပညာလဲ သိပ်ကို ကောင်းတယ်၊ ပြီးတော့ အင်မ
တန်ရှားပါးပြီး အစွမ်းထက်တဲ့ အားတိုးဆေးလဲ သူ့လက်မှာ ရှိနေ
တယ်၊ ကျွန်မတို့အပေါ်လဲ စေတနာထားတယ်၊ ဒီလို လူစားမျိုးဟာ
တစ်ယောက်တစ်လေပဲ ရှိနိုင်တယ်၊ သူ ဘယ်သူဖြစ်မယ်လို့ ရှင်ထင်
သလဲ"

မိမိတို့ကို ကယ်တင်ပေးခဲ့သော ဝတ်စုံဖြူမှာ စစ်တုရင်
ကေရာဇ် ဖြစ်ကြောင်း ဝမ်ကျက် အကဲခတ် သိရှိထားပြီး ဖြစ်သည်။

သို့သော် စစ်တုရင်ကေရာဇ်နှင့် ပိုင်ရင်ဟုန်တို့ ပတ်သက်နေ
သည့် အကြောင်းများကို ထုတ်မပြောရန် ကတိပေးထားခဲ့ရသည်မို့
ဝမ်ကျက်က ခေါင်းခါယမ်းကာ ပြန်ဖြေလိုက်သည်။

"ကျွန်တော် မခန့်မှန်းတတ်ဘူး"

"ကျွန်မကတော့ သူ့ကို စစ်တုရင်ကေရာဇ် ဖြစ်မယ်လို့ပဲ
ထင်မိတယ်"

"ဟုတ်ပါ့မလား"

"ဟုတ်ပါတယ်၊ သူ့အပြင် ဒီလောက် သိုင်းပညာစွမ်းထက် ပြီး ကျွန်မတို့အပေါ် စေတနာထားမယ့်လူ မရှိပါဘူး"

"သူဟာ စစ်တုရင်ကေရာဇ် ဖြစ်မယ်ဆိုယင် ဘာကြော မျက်နှာဖုံးတပ်ထားရတာလဲ၊ ဘာကြောင့် ကျွန်တော်တို့ကို လ ကယ်ပြီး အတွင်းအား တိုးပွားမြင့်မားစေတဲ့ အားတိုးဆေး ပေးခဲ့ တာလဲ"

"အင်း၊ ကျွန်မစိတ်ထဲမှာတော့ သူဟာ ကျွန်မရဲ့ဖခင် ဖြ နေလိမ့်မယ်လို့ ထင်မိတယ်၊ ဒါကြောင့် သူက ဒီလိုမျိုး လုပ်တာပေါ့

ဝမ်ကျဲက ဘာမျှ ပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

"ဘယ့်နှယ်လဲ၊ ကျွန်မတွေးတာ ဟုတ်နိုင်သလား"

ပိုင်ရင်ဟုန်က ပြန်မေးသည်။

"ဒီကိစ္စဟာ အင်မတန်မှ အရေးကြီးတဲ့ အကြောင်းကိစ္စ ဖြ တယ်၊ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံ မရှိဘဲနဲ့တော့ ကျွန်တော့်အနေနဲ့ ဘာထင်မြင်ချက်မှ မပေးနိုင်ဘူး၊ အဖြေမှန် သိချင်ယင် ခင်ဗျားအမေကို သွားမေးကြည့်ပါလား"

ဝမ်ကျဲက အလိမ္မာသုံးကာ ပြန်အဖြေပေးသည်။

"မေမေ့ကို ကျွန်မမေးကြည့်တာများပြီ၊ သူက ကျွန်မအဖေ ဟာ ကျွန်မငယ်ရွယ်စဉ်ကပဲ သေဆုံးသွားခဲ့တယ်လို့ ပြန်ပြောတယ်

"သူပြောတာ ဟုတ်ချင်ဟုတ်မယ်၊ ဒါမှမဟုတ် သူက လိ



ပြောတာ ဖြစ်ချင်ဖြစ်မယ်၊ လိမ်ပြောတာဆိုယင်လဲ ခင်ဗျားအတွက် ကောင်းကျိုးရှိနိုင်အောင်လို့ လိမ်ပြောခဲ့တာပဲ ဖြစ်မယ်"

"အခုအချိန်မှာတော့ တွေ့နေရတဲ့ အကြောင်းခြင်းရာတွေက စစ်တုရင်ကေရာဇ်ဟာ ကျွန်မရဲ့ဖခင် ဖြစ်နိုင်တာကို ဖော်ပြနေတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မအနေနဲ့ကတော့ စုံစမ်းဖို့ လိုနေပြီ"

"ကျွန်တော်က မိစ္ဆာလေပွေကျွန်းကို နောက်တစ်ခေါက် ထပ်မသွားပါဘူးလို့ စစ်တုရင်ကေရာဇ်ကို ကတိပေးထားရတယ်၊ ဒီတော့ ကျွန်တော့်အနေနဲ့ မိစ္ဆာလေပွေကျွန်းကိုတော့ လိုက်ပြီး ကူညီ စုံစမ်းပေးလို့ မဖြစ်နိုင်ဘူး"

"ရှင်က ကတိပေးထားလို့ မသွားနိုင်ပေမယ့် ကျွန်မကတော့ သွားနိုင်တယ်"

"ဟာ…ခင်ဗျားသွားလို့လဲ မဖြစ်ပါဘူး၊ စစ်တုရင်ကေရဲ့ လက်ထဲကို ရောက်သွားယင် ဒုက္ခတွေ့လိမ့်မယ်"

"ကျွန်မ မကြောက်ပါဘူး"

ဝမ်ကျဲသည် ဤအကြောင်းကို ဆက်မပြောလိုတော့သောကြောင့် ထိုင်နေရာမှ ထရပ်ပြီး စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ကဲ၊ မိုးလဲချုပ်တော့မယ်၊ ကျွန်တော်တို့ မြို့ထဲသွားပြီး တည်းခိုနေထိုင်ဖို့ ရှာကြရအောင်"

ပိုင်ရင်ဟုန်က ခေါင်းညိတ်ပြပြီး ထိုင်ရာမှ ထသည်။

တောအုပ်မှာ မြို့နှင့် သိပ်မဝေး။

သုံးမိုင်ခန့် လျှောက်ပြီးနောက် မြို့လေးတစ်မြို့သို့ ရောက်သွားကြသည်။

တည်းခိုရိပ်သာတစ်ခုတွင် အခန်းနှစ်ခန်း ငှားလိုက်ကြသည်။

ညနေစာ စားသောက်ပြီးနောက် ခရီးလည်း ပန်းလာသောကြောင့် နှုတ်ဆက်စကားဆိုကာ မိမိတို့ အခန်းအသီးသီးသို့ ဝင်အိပ်ကြသည်။

အခန်း(၅)

နောက်တစ်နေ့နံနက်။

ဝမ်ကျက်သည် အိပ်ရာမှထကာ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးနောက် ပိုင်ရင်ဟုန်၏အခန်းသို့ သွားကာ တံခါးခေါက်သည်။

အခန်းတွင်းမှ ပြန်ထူးသံ မကြားရ။

"ပိုင်ရင်ဟုန်...ပိုင်ရင်ဟုန်"

ဝမ်ကျက်က အသံကျယ်ကျယ်ဖြင့် အော်ခေါ်သည်။

ဘာမျှမထူးခြား။

ဝမ်ကျက် စိတ်ထဲဝယ် သံသယ ဖြစ်လာပြီး တံခါးကို တွန်းကြည့်သည်။

ဂျက်ချမထားသည့်အတွက် တံခါးပွင့်သွားသည်။

ဝမ်ကျက်သည် အလောတကြီးပင် အခန်းထဲသို့ ပြေးဝင်သွားသည်။

အခန်းထဲဝယ် ပိုင်ရင်ဟုန် မရှိ။

ခုတင်ဘေးရှိ စားပွဲပေါ်တွင် စာရွက်တစ်ရွက်ကိုသာ တွေ့ရသည်။

ဝမ်ကျက်က စာရွက်ကို ယူကာ ဖတ်ကြည့်သည်။

ဝမ်ကျက်

ကျွန်မတို့ ခဏခွဲကြပါစို့၊ ရှင်က ကျောက်နန်စင်ကို သတ်တဲ့လူကို ဆက်စုံစမ်းပါ၊ ကျွန်မကတော့ မိစ္ဆာလေပွေကျွန်းကို သွားပြီး ကျွန်မအဖေအကြောင်း စုံစမ်းမယ်၊ ကျွန်မအတွက် မစိုးရိမ်ပါနဲ့၊ အစစအရာရာ အဆင်ပြေယင် ကျွန်မ အိမ်ကို ပြန်မယ်၊ ရှင်လည်း ကိစ္စအားလုံး ပြေလည်ယင် ကျွန်မအိမ်ကို အလည်လာခဲ့ပါ၊ အဲဒီကျမှ ပြန်ဆုံကြတာပေါ့၊

ရင်ဟုန်။

စာကို ဖတ်ပြီးနောက် ဝမ်ကျက် မျက်မှောင်ကြုတ်လိုက်မိသည်။

အန္တရာယ်ပြည့်လျှမ်းနေသော မိစ္ဆာလေပွေကျွန်းကို ပိုင်ရင်ဟုန်တစ်ယောက်တည်း သွားသည်ကို ဝမ်ကျက် ဘယ်လိုမှ စိတ်မချနိုင်။



သူ့အနေနှင့်ကလည်း စစ်တုရင်ကေရာဇ်ကို ကတိပေးထားသည့်အတွက် မိစ္ဆာလေပွေကျွန်းသို့ ပြန်သွား၍ မဖြစ်။

ဝမ်ကျက် အပြန်ပြန်အလှန်လှန် စဉ်းစားသည်။

ဘယ်လိုပဲဖြစ်ဖြစ် ပိုင်ရင်ဟုန်တစ်ယောက်တည်း သည်အတိုင်း လွှတ်ထားလိုက်လို့တော့ မသင့်။

မိမိလိုက်သွားမှ ဖြစ်မည်ဟု ဝမ်ကျက် ဆုံးဖြတ်လိုက်သည်။

မိမိ မိစ္ဆာလေပွေကျွန်းသို့ တစ်ခေါက် ပြန်ရောက်လာခြင်းမှာ ပိုင်ရင်ဟုန်ကို ကူညီကာကွယ်ပေးရန် ဖြစ်သောကြောင့် စစ်တုရင်ကေရာဇ်နှင့် ဆုံမိသည့်တိုင် အကျိုးအကြောင်း ပြောပြလျှင် နားလည်ခွင့်လွှတ်လိမ့်မည်ဟု ဝမ်ကျက် မျှော်လင့်ထားသည်။

ထို့ကြောင့် ဝမ်ကျက်သည် တည်းခိုခ ကျသင့်ငွေများကို ရှင်းပေးပြီးနောက် တည်းခိုရိပ်သာမှ ထွက်ကာ လိပ်ပြာကျွန်းဘက်သို့ ရှေးရှုခရီးနှင်လာခဲ့သည်။

* * *

လိပ်ပြာကန်ဘက်သို့ ဝမ်ကျက် ခရီးနှင်လာခဲ့သည်။

မွန်းတည့်ချိန်သို့ ရောက်သောအခါတွင် စားသောက်ဆိုင်တစ်ဆိုင်သို့ နေ့လယ်စာ စားသောက်ရန် ဝင်လာခဲ့သည်။

ခေါက်ဆွဲကြော်တစ်ပွဲ မှာယူစားသောက်နေဆဲမှာပင် ဆိုင်ထဲသို့ အဘွားအိုတစ်ယောက် ဝင်ရောက်လာသည်။

အဘွားအိုမှာ အသက်(၆ဝ)ခန့် ရှိသည်။

ဆံပင်များ ရှုပ်ပွကာ အဝတ်အစားများကလည်း အတော်ပင် ဟောင်းနွမ်းနေသည်။

"ခေါက်ဆွဲကြော်တစ်ပွဲ လုပ်ပေးပါ"

အဘွားကြီးက လှမ်းအော်မှာကြားလိုက်သည်။

ပထမတွင်တော့ ဝမ်ကျက်သည် ထိုအဘွားကြီးကို အရေးမထား။

မိမိ၏ခေါက်ဆွဲကိုသာ စားနေသည်။

သို့သော် အဘွားကြီး၏ ခေါက်ဆွဲကြော် မှာကြားလိုက်သံကို ကြားရသောအခါတွင်မူ ဝမ်ကျက် အတော်ပင် စိတ်ဝင်စားသွားမိသည်။

အဘွားကြီး၏အသံမှာ အတော်ပင် ကြည်လင်သာယာသည်။

အဘွားအိုတစ်ယောက်ထံမှ ယခုလို သာယာကြည်လင်သော အသံ ပေါ်လာသည့်အတွက် ဝမ်ကျက် အတော် စိတ်ဝင်စား



မိကာ အဘွားကြီးကို အကဲခတ်ကြည့်လိုက်သည်။

"ဒီစားပွဲမှာ ထိုင်ပါရစေနော်"

အဘွားကြီးက ဝမ်ကျက်ကို ပြုံးရယ်ကာ ပြောပြီး ဝမ်ကျက်ထိုင်နေသော စားပွဲရှိ ထိုင်ခုံလွတ်တစ်ခုတွင် ဝင်ထိုင်သည်။

"ရပါတယ် မိန်းကလေး ထိုင်ပါ"

ဤအဘွားကြီးမှာ တကယ့် အသက်အိုမင်းနေသည့် အဘွားကြီးအစစ် မဟုတ်ဘဲ မိန်းမပျိုတစ်ယောက်က အဘွားကြီးအယောင်ဆောင်ထားခြင်း ဖြစ်ကြောင်း ရိပ်မိသည့်အတွက် ဝမ်ကျက်က တမင် ဤသို့ ပြောလိုက်ခြင်း ဖြစ်သည်။

'မိန်းကလေး'ဟူသော အသုံးအနှုန်းကို ကြားလိုက်ရသောအခါ အဘွားကြီး၏အမူအရာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ရှင်က တယ်မျက်စိလျင်ပါလား၊ ဝမ်ကျက် ကျွန်မကို တစ်ခါတည်း မှတ်မိတာပဲ"

အဘွားကြီးက တီးတိုးပြောသည်။

ဤစကားအရ အဘွားကြီး အယောင်ဆောင်ထားသူမှာ မိမိကို သိကျွမ်းနေမှန်း ဝမ်ကျက် နားလည်လိုက်သည်။

သို့သော် ဝမ်ကျက်အဖို့မူ အဘွားကြီးယောင်ဆောင် ဖြစ်ကြောင်း သိသော်လည်း မည်သူမည်ဝါ ဖြစ်ကြောင်းကိုကား မသိသေးပေ။

"ခင်ဗျားက ဘယ်သူလဲ"

ဝမ်ကျက်က တီးတိုးပြန်မေးသည်။

“အင်း…ကျွန်မ ရုပ်ဖျက်အယောင်ဆောင်တာ သိပ်မဆိုးသေးပါဘူး၊ ကျွန်မ ဘယ်သူလဲဆိုတာ ရှင် မသိသေးဘဲကိုး”

ဝမ်ကျက်က အဘွားကြီးကို ထပ်မံ၍ သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

ဝမ်းဗိုက်ခပ်ဖောင်းဖောင်း ဖြစ်နေသည်ကို မြင်လိုက်သည်တွင် ဤအဘွားကြီး မည်သူမည်ဝါဖြစ်ကြောင်း ဝမ်ကျက် ရိပ်မိလိုက်သည်။

အဘွားကြီးအသွင် အယောင်ဆောင်ထားသူမှာ ယိစုကြည်ပင် ဖြစ်သည်။

ယိစုကြည်သည် အဝတ်အစား ခပ်ပွပွကို ဝတ်ထားသော်လည်း သူ၏ဖောင်းပွနေသော ဗိုက်ကိုကား လုံအောင် မဖုံးနိုင်သည့်အတွက် ဝမ်ကျက်က အကဲခတ် သိရှိသွားခဲ့သည်။

“လက်စသတ်တော့ ခင်ဗျားကိုး၊ ကျွန်တော့်နောက်ကို ဘယ်လိုလုပ်လိုက်လာတာလဲ”

ဝမ်ကျက်က ပြုံး၍ ပြောသည်။

“ကျွန်မလဲ ဒီအနားက ဖြတ်အသွား၊ အကြောင်းတိုက်ဆိုင်ချင်တော့ ရှင် ဒီဆိုင်ထဲ ဝင်သွားတာ လှမ်းမြင်လိုက်မိတယ်၊ ဒါကြောင့် ဝင်လိုက်လာတာ၊ ကျွန်မအသက်ကို ကယ်တင်ပေးခဲ့တဲ့အတွက်ရော၊ ကျွန်အတွက် ကူညီဆောင်ရွက်ပေးတဲ့အတွက်ပါ



အများကြီး ကျေးဇူးတင်ပါတယ်၊ အဲဒါနဲ့ ပိုင်ရင်ဟုန်ကော”

“မိစ္ဆာလေပွေကျွန်းကို ထွက်သွားတယ်”

“မိစ္ဆာလေပွေကျွန်း… ဟုတ်လား၊ အဲဒါ ဘယ်လိုနေရာမျိုးလဲ”

“လိပ်ပြာကန်ရဲ့ အလယ်က ကျွန်းတစ်ကျွန်းပါပဲ”

ဝမ်ကျက်က ဤသို့ အစချီပြီး မိစ္ဆာလေပွေကျွန်းပေါ်တွင် ဖြစ်ပျက်ခဲ့ပုံများနှင့် စစ်တုရင်ကေရာဇ်၊ စစ်တုရင်ဧကရီတို့ အကြောင်းများကို အကျဉ်းချုံးကာ ပြောပြလိုက်သည်။

“စစ်တုရင်ကေရာဇ်နဲ့ ဧကရီဆိုတာက ဘယ်လို လူစားမျိုးတွေလဲ”

ဝမ်ကျက် ပြောသည်များကို နားထောင်ပြီးနောက် ယိစုကြည်က မေးသည်။

“သူတို့ အကြောင်းကတော့ အတော်ပဟေဠိဆန်တယ်၊ ကြာဆာကိုဆိုတဲ့ လားမားတစ်ယောက် ပြောပြပုံအရ ဆိုယင်တော့ သူတို့ဟာ ဝတ်ရုံအနီလားမားဂိုဏ်းရဲ့ ဂိုဏ်းဝင်တွေ ဖြစ်ခဲ့ပြီး အကြောင်းတစ်ခုခုကြောင့် တိဗက်နယ်ကနေ တရုတ်ပြည်မကို ထွက်ပြေးလာကြတာ ဖြစ်ချင်ဖြစ်နိုင်တယ်၊ သူတို့နဲ့ ပတ်သက်ပြီး အသေးစိတ်သိတဲ့ လူလေးယောက်တော့ ရှိတယ်”

ဝမ်ကျက်က ပြန်ဖြေသည်။

“ဘယ်သူတွေများလဲ၊ ပြောစမ်းပါအုံး”

"ခင်ဗျားအဖေ ယိပေါက်ကျင့်ရယ်၊ ရွှေနဂါးရဲတိုက်ခေါင်းဆောင် ချိုယွဲ့ထိုင်ရယ်၊ ဓားမောက်ဂေဟာခေါင်းဆောင် ကျောက်ချိုးရယ်၊ ပိုင်ရင်ဟုန်ရဲ့အမေ ဖေယွင်ရယ်ပဲ၊ ဒါပေမယ့် သူတို့ကို ဘယ်လိုမှ မေးလို့ မြန်းလို့ မရဘူး၊ သူတို့က အတွင်သာဘူးကွယ်နေကြတယ်၊ ပြီးတော့ ခင်ဗျားကို ထူးဆန်းတဲ့ အကြောင်းတစ်ခု ပြောရအုံးမယ်၊ ကျွန်တော်က စစ်တုရင်ဧကရာဇ်နဲ့ ကေရီတို့ရဲ့နာမည်တွေကို ပြောပြလိုက်တာနဲ့ ကျောက်ချိုးဟာ သိသိသာသာ ပြောင်းလဲသွားတယ်၊ ကျောက်နန်စင် သေဆုံးရတာဟာ ခင်ဗျားရဲ့လက်ချက် မဟုတ်ဘူးလိုလဲ သူချက်ချင်းပဲ လက်ခံသွားတယ်၊ ပြီးတော့ ဒီကျောက်နန်စင် သေဆုံးရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဆက်လက်မစုံစမ်းဖို့လဲ ကျွန်တော့်ကို ပြောတယ်"

"ဟင်...ဘာကြောင့်များလဲ"

"ဘာကြောင့်လဲဆိုတာကိုတော့ ကျွန်တော်လဲ မသိဘူး၊ ဒါပေမယ့် ကျောက်နန်စင် သေဆုံးခဲ့ရတာဟာ စစ်တုရင်ဧကရာဇ်၊ ကေရီတို့နဲ့ တနည်းနည်း ပတ်သက်ချင် ပတ်သက်နေလိမ့်မယ်လို့တော့ ကျွန်တော်ထင်မိတယ်"

"ကျောက်နန်စင်ကို စစ်တုရင်ဧရာဇ် ဒါမှမဟုတ်၊ စစ်တုရင်ကေရီ တစ်ယောက်ယောက်က သတ်လိုက်တယ်လို့ ရှင်က ယူဆတာလား"

"ဒီလိုတော့လဲ မဟုတ်ပါဘူး၊ ပတ်သက်မှု တနည်းနည်းရှိမယ် ထင်မိတာပါ"



"ကျောက်ပေစင်လဲ သူ့အစ်ကို ကျောက်နန်စင် သေတဲ့နည်းအတိုင်း သေရပြန်တယ်ဆိုတော့ ဒီကိစ္စတွေကို လူတစ်ယောက်က စနစ်တကျ ကြံစည်လုပ်ဆောင်နေတာကတော့ ထင်ရှားနေပြီ"

ဝမ်ကျက်မှာ ကျောက်ပေစင် သေဆုံးကြောင်းကို မသိသေး။

ယခု ယိစုကြည်ထံမှ ထိုသတင်းကို ကြားရသောအခါ ဝမ်ကျက် အတော်ပင် အံ့အားသင့်သွားသည်။

"ကျောက်ပေစင် အသတ်ခံရတယ်၊ ဟုတ်လား"

ဝမ်ကျက်က တအံ့တဩမေးသည်။

"ရှင် ဒီသတင်းကို မကြားမိသေးဘူးလား"

"ဟင့်အင်း...အခု ခင်ဗျားပြောမှ သိရတာ"

"ကျွန်မလဲ သူများတွေ ပြောဆိုနေကြတာကို ကြားခဲ့ရတာပါ။ ကျောက်ပေစင်ရဲ့ အလောင်းကို ကျောက်နန်စင်ရဲ့ အလောင်းတွေ့ရှတဲ့ နေရာမှာပဲ တွေ့တယ်၊ ပြီးတော့ ဒဏ်ရာဒဏ်ချက်နဲ့ သေပုံသေနည်းကလဲ ကျောက်နန်စင် သေဆုံးတာနဲ့ အတူတူပဲလို့ ပြောကြတယ်"

ထိုအခိုက် ဆိုင်ရှင်အဘိုးအိုက ခေါက်ဆွဲကြော်ပန်းကန်တစ်ခု ချပေးသောကြောင့် စကားစပြတ်သွားသည်။

ဆိုင်ရှင်အဘိုးအို ထွက်သွားမှ ယိစုကြည်က စကားကို ပြန်

ဆက်သည်။

"ဒီလို ကျောက်နန်စင်နဲ့ ကျောက်ပေစင်တို့ သေဆုံးရတာဟာ ကျောက်ချိုး မကောင်းမှု အကျိုးဆက်ကြောင့်လို့ ကျွန်မထင်မိတယ်"

"ဘယ်လိုမကောင်းမှု အကျိုးဆက်လဲ"

"လွန်ခဲ့တဲ့ တစ်ချိန်ချိန်က ကျောက်ချိုးဟာ ကြီးမားတဲ့ မကောင်းမှုတစ်ခုခုကို လုပ်ခဲ့ပါလိမ့်မယ်၊ အဲဒီ မကောင်းမှုကြီးရဲ့ အကျိုးဆက်အဖြစ် သူ့သားတွေ ဒဏ်ခံရတာပဲလို့ ကျွန်မထင်မိတယ်"

"ဒါနဲ့ ကျောက်ချိုးက ခင်ဗျားကို ပြန်လွှတ်ပေးဖို့ ချူယွဲ့ထိုင်ဆီမှာ ပြောဆိုမေတ္တာရပ်ခံတဲ့အကြောင်းကိုကော ခင်ဗျားသိပြီးပြီလား"

"ဟင့်အင်း…မသိပါဘူး၊ သူက ဘာကြောင့် ဒီလို လုပ်ရတာလဲ"

"ခင်ဗျားလွယ်ထားတဲ့ ကျောက်နန်စင်ရဲ့ ရင်သွေးကို ကျောက်ချိုးက လိုချင်နေတယ်၊ သူ့သား ကျောက်နန်စင်ရဲ့ မျိုးဆက်ပြတ်မသွားရအောင် ထိန်းသိမ်းချင်လို့တဲ့"

"အင်း၊ ဒီလိုဆိုယင်လဲ တစ်မျိုးတော့ ကောင်းပါတယ်၊ ကျွန်မမှာ ကလေးမွေးပြီးတဲ့နောက် ဘယ်လို ထားရစ်ခဲ့မယ်ဆိုတာ စဉ်းစားလို့ မရအောင် ဖြစ်နေတယ်၊ အခု ကျောက်ချိုးက ကလေးကို



ကြည့်ရှုစောင့်ရှောက်ပေးမယ်ဆိုတော့ အတော်အဆင်ပြေသွားပြီ"

"ကဲ၊ ခေါက်ဆွဲစားလိုက်အုံး"

နှစ်ယောက်သား စကားမပြောကြတော့ဘဲ ခေါက်ဆွဲကြော်များကို မြိမ်သက်စွာ စားကြသည်။

ခေါက်ဆွဲကြော်စား၍ ပြီးသွားသောအခါ ယိစုကြည်က ခေါက်ဆွဲကြော်ဖိုး ကျသင့်ငွေကို ထုတ်ကာ စားပွဲပေါ်သို့ တင်လိုက်သည်။

"ကဲ…ကျွန်မသွားတော့မယ်၊ ရှင့်တို့ အဖွဲ့အရာရာအတွက် သိပ်ကိုကျေးဇူးတင်ပါတယ်၊ ရှင့်ကျေးဇူးကို ဒီတစ်သက်မှာတော့ ဆပ်နိုင်မယ် မထင်ပါဘူး၊ နောက်ဘဝကျမှပဲ ရှင့်ဆီမှာ မြင်း၊ နွားပဲ ဖြစ်ရဖြစ်ရ ပြန်ဆပ်ပါ့မယ်"

ယိစုကြည်က ပြောသည်။

"ဒီလိုမပြောပါနဲ့၊ ကျောက်နန်စင် သေဆုံးရတဲ့ကိစ္စကို ပြေလည်အောင် စုံစမ်းမဖော်ထုတ်နိုင်လို့ ကျွန်တော်ရှက်မိပါတယ်၊ ဒါပေမယ့် ကျွန်တော်လက်မလျှော့သေးပါဘူး၊ တတ်နိုင်သမျှ ဆက်စုံစမ်းပါအုံးမယ်၊ ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူး၊ တစ်နေ့နေ့မှာတော့ အမှုမှန် ပေါ်ပေါက်ပြီး လက်သည်တရားခံတွေ အပြစ်ရကြမှာပါ၊ ခင်ဗျားနဲ့ ဆက်သွယ်ချင်ယင် ဘယ်လိုဆက်သွယ်ရမှာလဲ၊ အယင်တစ်ခါ ခင်ဗျားပြောထားတဲ့ နည်းအတိုင်း ဆက်သွယ်ရမှာလား"

"ဟုတ်တယ်၊ ဝူထိုက်တောင်ရဲ့ အရှေ့ဘက် တောင်ကြော

ပေါ်က ရွှေသမင်ဘုံကျောင်းအရှေ့ဘက် သစ်တောအုပ်ထဲမှာ အလ ဖြူတစ်ခု သွားစိုက်ပါ၊ ပြီးယင် ထိုက်စွမ်မြို့က မိုးမခသစ်တောအစပ် နားက ဘုရားကျောင်းပျက်မှာ သွားစောင့်နေပါ၊ ကျွန်မ ရှင့်ကို လာ တွေ့ပါ့မယ်၊ ကဲ ကျွန်မသွားမယ်"

ယိစုကြည် ထိုင်ရာမှထကာ ဆိုင်ပြင်သို့ လျှောက်လှမ်းထွက် သွားသည်။

ဝမ်ကျက်လည်း ခေတ္တမျှဆိုင်းနေပြီးနောက် ခေါက်ဆွဲကြော် ဖိုး ကျသင့်ငွေကို ရှင်းပေးပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ဘုရားကျောင်းပျက်တစ်ခုဝယ် ကျန်နေခဲ့သည့် အိုက်တု ဟောက်တို့လူစုကို ဝမ်ကျက် မမေ့သေးပါ။

သို့သော် သူတို့လူစုကို မိစ္ဆာလေပွေကျွန်းသို့ ခေါ်ဆောင် သွားလျှင် အန္တရာယ်များနိုင်ကြောင်း စဉ်းစားမိသည့်အတွက် အိုက် တုဟောက်တို့ကို သွားမခေါ်တော့ဘဲ သူတစ်ယောက်တည်းပင် မိစ္ဆာ လေပွေကျွန်းရှိရာ လိပ်ပြာကန်ဘက်သို့ ထွက်လာခဲ့သည်။



ခိုချိန်းမြို့သို့ ဝမ်ကျက် ရောက်ရှိလာသည်။

ခိုချိန်းမြို့မှာ လိပ်ပြာကန်နှင့် (၁၅)မိုင်ခန့် အကွာတွင် တည်ရှိသည်။

ခိုချိန်းမြို့သို့ ဝမ်ကျက် ရောက်ရှိသွားချိန်မှာ ညနေ(၅)နာရီ ကျော်ကျော် ဖြစ်သည်။

လိပ်ပြာကန်သို့ ဆက်လက်သွားရောက်လျှင် အချိန်မီနိုင် သေးသော်လည်း လှေငှားရန်မှ အခက်တွေ့နိုင်ကြောင်း တွေးမိသည့် အတွက် ဝမ်ကျက်သည် ခိုချိန်းမြို့တွင်ပင် တစ်ညတာ တည်းခိုနေ ထိုင်ရန် ဆုံးဖြတ်လိုက်သည်။

ဝမ်ကျက်သည် လိပ်ပြာကန်သို့ မသွားတော့ဘဲ ခိုချိန်းမြို့ ထဲသို့ ဝင်ရောက်လာခဲ့သည်။

မြို့လယ်လမ်းမအတိုင်း လျှောက်လာခဲ့ရာတွင် လက်နက် ဆိုင်တစ်ခုရှေ့သို့ ရောက်လာရာ ဝမ်ကျက်၏ခေါင်းထဲဝယ် စိတ်ကူး တစ်ခု ရလာသည်။

ဝမ်ကျက်၏ဓားရှည်မှာ ရွှေနဂါးရဲတိုက်တွင် အဖမ်းခံရစဉ် က အသိမ်းခံခဲ့ရသည်။

ရွှေနဂါးရဲတိုက်မှ လွတ်မြောက်လာသော်လည်း ဓားရှည်ကို ပြန်မရခဲ့ပေ။

မိစ္ဆာလေပွေကျွန်းသို့ လက်နက်မပါဘဲ သွားရောက်ဖို့ သင့်လျော်။

လက်နက်တစ်ခုဝယ်မှ ဖြစ်တော့မည်။

ဝယ်ယူရာတွင်လည်း စစ်တုရင်ဓားသိုင်း၏ လက်နက်ဖြစ် သော ဓားတိုကိုသာ ဝယ်ရန် ဝမ်ကျက် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ဝမ်ကျက်သည် လက်နက်ဆိုင်ထဲသို့ ဝင်ရောက် ပြီး တစ်ပေခွဲသာသာခန့် အရှည်ရှိသော အကောင်းစား ဓားတိုတစ် လက် ဝယ်ယူလိုက်သည်။

ဓားမှာ အကောင်းစားဓား ဖြစ်သောကြောင့် အသပြာ (၁၀၀)ပေးရသည်။

ဝမ်ကျက်ထံတွင် အသပြာ(၁၅၀)ခန့်သာပါလာရာ ဓား ဝယ်ယူပြီးသောအခါ ငွေလက်ကျန် သိပ်မရှိတော့။

သို့ဖြစ်သည့်အတွက် တည်းခိုရိပ်သာတွင် မတည်းတော့ဘဲ ဘုံကျောင်းတစ်ခုခုတွင် ဝင်ရောက်တည်းခိုရန် လုပ်ဆောင်ရတော့ သည်။

ဝမ်ကျက်သည် စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်ပြီး ညစာကို ပြီးစလွယ်ပင် စားသောက်လိုက်သည်။

ထို့နောက် မိစ္ဆာလေပွေကျွန်းပေါ်ဝယ် စားသောက်နိုင်ရန် အတွက် ရိက္ခာခြောက်များ ဝယ်ယူသည်။

ပြီးလျှင် တစ်ညတာ အခမဲ့ တည်းခိုနိုင်မည့် နေရာကို လိုက် ရှာသည်။ နိချိန်းမြို့ထဲဝယ် ဤလို တည်းခိုနေထိုင်နိုင်မည့် နေရာကို ရှာ၍မရ။



နောက်ဆုံးတွင် ဝမ်ကျက် လက်လျှော့ကာ နိချိန်းမြို့မှ ထွက်ပြီး လိပ်ပြာကန်ဘက်သို့ လာခဲ့သည်။

လိပ်ပြာကန်နှင့် မိုင်ဝက်ခန့် အကွာသို့ ရောက်သောအခါ ဇရပ်တစ်ဆောင်ကို တွေ့ရသည်။

ဝမ်ကျက် ဝမ်းသာသွားကာ ဇရပ်ပေါ်သို့ တက်လာခဲ့ သည်။

ဇရပ်ပေါ်ရှိ အမွေးတိုင်အိုးထဲဝယ် အမွေးတိုင်(၂)တိုင် ထွန်း ညှိထားသည်ကို တွေ့ရသည်။

သို့သော် ဇရပ်ပေါ်ဝယ် မည်သူမျှမရှိ။

ဇရပ်စောင့်ကိုလည်း ရှာ၍မရ။

မည်သို့ပင်ဖြစ်စေ ဤဇရပ်ပေါ်တွင် တစ်ညတာနားနေ အိပ်စက်ရန် ဆုံးဖြတ်လိုက်ပြီး ဇရပ်ထောင့်တစ်နေရာကို လှည်းကျင်း လိုက်သည်။

အချိန်ရခိုက် စစ်တုရင်ဓားသိုင်းကို လေ့ကျင့်ကြည့်ရန် ဝမ် ကျက် စဉ်းစားမိသည်။

ထို့ကြောင့် အသာထိုင်ယင်း စစ်တုရင်ဓားသိုင်းကျင့်စဉ်များ ကို စဉ်းစားဆင်ခြင်ကြည့်သည်။

စစ်တုရင်ဓားသိုင်းကျမ်းကို ရှေးဟောင်းစာများဖြင့် ရေး သားထားခြင်း ဖြစ်သော်လည်း ပိုင်ရင်ဟုန် ဘာသာပြန်ဆိုပေးမှု ကြောင့် ဝမ်ကျက် အနေဖြင့် နားလည်သိရှိနိုင်ခဲ့သည်။

စစ်တုရင်စားသိုင်းကျင့်စဉ်ကို အလွတ်ရအောင် ကျက်မှတ်ပြီးနောက် ဝမ်ကျက်က ပိုင်ရင်ဟုန် ဘာသာပြန်ပေးထားသည့် စာရွက်များကို မီးရှို့ဖျက်ဆီးပစ်လိုက်သည်။

မူရင်း ရှေးဟောင်းစာ ရေးသားထားသော စစ်တုရင်စားသိုင်းကျမ်းကိုမူ အင်္ကျီအတွင်းအိတ်ထဲဝယ် သိမ်းဆည်းထားခဲ့သည်။

ရွှေနဂါးရဲတိုက်ဝယ် အဖမ်းခံရစဉ်က ဝမ်ကျက်၏ကိုယ်ပေါ်ဝယ် မရှာဖွေကြသောကြောင့် စားရည်သာ အသိမ်းခံရပြီး စစ်တုရင်စားသိုင်းကျမ်းမှာမူ မပျောက်မပျက်ဘဲ ကျန်ရှိနေခဲ့သည်။

ဝမ်ကျက်သည် စစ်တုရင်စားသိုင်းကျင့်စဉ်များကို အလွတ်ရထားသော်လည်း အစာများစွာစားပြီး အစာမကြေသူကဲ့သို့ ဖြစ်နေသည်။

စစ်တုရင်စားသိုင်း၏ စားကွက်(၃)ကွက်မှာ ရိုးရိုးလွယ်လွယ်သာ ဖြစ်သည်။

သို့သော် စစ်တုရင်စားသိုင်း၏ အခြေခံအင်အားဖြစ်သော စိတ်အာရုံ ရင့်ကျက်တည်ငြိမ်မှုကို ရရှိရန်ကား အလွန်ပင် ခက်ခဲသည်။

စိတ်အင်အားကောင်းရန် အဆင့်ဆင့် လေ့ကျင့်ဖို့ လိုသည်။

ဝမ်ကျက် အနေဖြင့် ပြေးလွှားလုပ်ဆောင်နေခဲ့ရသည် ဖြစ်၍ စစ်တုရင်စားသိုင်းကျင့်စဉ်ကို တစ်ကြိမ်တစ်ခါမျှ မလေ့ကျင့်ရသေးပေ။



ယခု အချိန်ရခိုက် စမ်းသပ်လေ့ကျင့်ကြည့်ရန် ဝမ်ကျက် ာ်ကူးရမိသည်။

စစ်တုရင်စားသိုင်းကျင့်စဉ် စိတ်အင်အားလေ့ကျင့်မှု ရရှိရန် တွက် ဝမ်ကျက် တင်ပျဉ်ခွေထိုင်သည်။

တင်ပျဉ်ခွေထိုင်ပုံ အနေအထားမှာ အခြားအတွင်းအားကျင့် ်များနှင့်မတူ။

တမူထူးခြားသည်။

ဘယ်ညာခြေဖဝါးများကို အပေါ်သို့ လန်နေစေအောင် ခြေ ာက်နှစ်ဘက်ကို ချိတ်ထိုင်ရသည်။

ခါးကို မတ်မတ်ရှိစေပြီး ဘယ်လက်ပေါ်ဝယ် ညာလက်တင် က် ရင်ဘတ်တွင် အသာကပ်ထားရသည်။

ခေါင်းကိုလည်း မတ်မတ်ထားပြီး အသက်မှန်မှန်ရှူရသည်။

ပထမဦးဆုံး စိတ်ထဲဝယ် မည်သည့် အာရုံခံစားမှုမျှ မရှိဘဲ ာတိ ကြည်လင်နေမှုရအောင် လေ့ကျင့်ရသည်။

ထိုသို့ ဝမ်ကျက် စစ်တုရင်စားသိုင်း စိတ်အင်အားကျင့်စဉ်ကို ့ကျင့်နေချိန်ဝယ် ဇရပ်ပေါ်သို့ လားမားအိုနှစ်ယောက် တက်လာ ်သည်။

တစ်ယောက်ကပိန်ပိန်၊ ကျန်တစ်ယောက်ကဝဝ။

နှစ်ယောက်စလုံး အသက်(၆၀)ကျော်။

အနီရောင်သင်တိုင်း ဝတ်စုံများ ဝတ်ထားကြသည်။

လားမားအိုနှစ်ယောက်၏ ခြေလှမ်းလာပုံမှာ အလွန်ညင်
သာပေ့ါပါးသည်။

မြေပြင်နှင့် ခြေထောက် ထိမိသည်ဟုပင် မထင်ရ။

အသံလည်း လုံးဝမထွက်။

ထို့ကြောင့် ဝမ်ကျက်မှာ လားမားအိုနှစ်ယောက် ရောက်ရှိ
လာသည်ကို လုံးဝမသိခဲ့ပေ။

ဝမ်ကျက်၏ထူးခြားသော တင်ပျဉ်ခွေထိုင်ဟန်ကို မြင်ရ
သောအခါ လားမားအိုနှစ်ယောက်မှာ ခြေလှမ်း တုံ့ရပ်သွားကြသည်။

သူတို့၏မျက်နှာများဝယ် အံ့ဩသည့် အရိပ်အသွင်များ
လည်း ပေါ်လာသည်။

တစ်ယောက်မျက်နှာကိုလည်း တစ်ယောက် ကြည့်
သည်။

မျက်လုံးများကို လှုပ်ရှားကာ တစ်ယောက်နှင့်တစ်ယောက်
အချက်ပြကြသည်။

ထို့နောက် ဝဝလားမားသည် ဝမ်ကျက်၏အနီးသို့ လှစ်ကနဲ
ကပ်သွားပြီး ဝမ်ကျက်၏ခေါင်းပေါ် တည့်တည့်ရှိ 'ဗဟိုချက်ချာ' သွေး
ကြောကွက်နေရာကို ညာလက်ဝါးဖြင့် အသာဖိလိုက်သည်။

ဤအခါတွင်မှ ရန်သူ ရောက်နေပြီမှန်း ဝမ်ကျက် သိရှိရကာ
မှိတ်ထားသော မျက်စိအစုံကို ဖွင့်ကြည့်သည်။

သို့သော် 'ဗဟိုချက်ချာ' သွေးကြောကွက်နေရာကို လက်ဝါး



ဖြင့် အဖိခံထားရပြီမို့ ဝမ်ကျက် ဘာမျှမတတ်နိုင်။

လှုပ်ပင် မလှုပ်ဝံ့တော့။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

ဝိန်ဝိန်လားမားအိုက မေးသည်။

"ဝမ်ကျက်"

ဝမ်ကျက်က ပြန်အဖြေပေးသည်။

"မင်းဆရာ ဘယ်သူလဲ"

"ကျွန်တော့်မှာ ဆရာ မရှိပါဘူး၊ ကျွန်တော့်သိုင်းပညာက
ဘိုးဘွားအမွေမျိုးဆက် သိုင်းပညာပါ၊ ကျွန်တော့်အဘိုး ဓားဝိဇ္ဇာ
ဝမ်တုံးဟောက်က ကျွန်တော့်ကို သိုင်းပညာ သင်ပေးခဲ့ပါတယ်"

"စစ်တုရင်ဓားသိုင်းကျင့်စဉ်ကိုကော မင်းအဘိုးက သင်ပေး
ခဲ့တာပဲလား"

လားမားအို၏ပါးစပ်မှ စစ်တုရင် ဓားသိုင်းကျင့်စဉ်ကို
ထုတ်ပြောကာ မေးမြန်းလာသည့်အတွက် ဝမ်ကျက် အတော်အံ့ဩ
သွားရသည်။

ဤလားမားအိုနှစ်ယောက်သည် စစ်တုရင်ဓားသိုင်းကျမ်း
အကြောင်း ကောင်းစွာ သိထားသူများ ဖြစ်ကြောင်းကိုလည်း ဝမ်
ကျက် အကဲခတ် သိရှိလိုက်သည်။

သူတို့ကို အတင်းဘူးခံကာ ငြင်းနေလို့တော့မရ။

အလိမ္မာသုံးကာ ဖြောင့်ကွယ် ကွယ်မှ ဖြစ်ပေတော့မည်။

“မဟုတ်ပါဘူး”

ဝမ်ကျက်က ပြန်အဖြေပေးသည်။

“ဒါဖြင့် ဘယ်သူသင်ပေးတာလဲ၊ အမှန်အတိုင်းပြော”

“လားမားအိုတစ်ယောက် သင်ပေးတာပါ”

“အဲဒီ လားမားအိုရဲ့ နာမည်ပြော”

“သူ့နာမည်ကိုတော့ ကျွန်တော် မသိဘူး”

“ကောင်းပြီ ဒါဖြင့် ပုံပန်းသဏ္ဌာန်ကိုပြော”

“အသက်က ခင်ဗျားတို့ထက် နည်းနည်းငယ်တယ်၊ အရပ်အမောင်းက အနေတော်ပဲ၊ မျက်လုံးပြူးပြူး မုတ်ဆိတ်မွေး ရှိတယ်”

ဝမ်ကျက်က တိဗက်လားမားများ ရှိတတ်သော ပုံပန်းသဏ္ဌာန်ကို မှန်းဆကာ ခပ်တည်တည်ပြောသည်။

“အဲဒီ လားမားက ဘာအရောင် သင်တိုင်းဝတ်စုံ ဝတ်ထားသလဲ”

ဝဝလားမားအိုက မေးသည်။

“အနီရောင်”

“သူ့ရဲ့ ဘယ်ဘက်မျက်ခုံးပေါ်မှာ မှဲ့နီတစ်လုံး ရှိသလား”

ဝိန်ဝိန်လားမားအိုက ပြောသည်။

“ဟုတ်တယ်၊ ဟုတ်တယ် ရှိတယ်”

ဝမ်ကျက်က ချော်လဲ ရောထိုင်သဘောမျိုးဖြင့် ခေါင်းညိတ်အဖြေပေးသည်။



“သွားလဲ နည်းနည်းခေါတယ်လေ”

“ဟုတ်တယ် ဟုတ်တယ်”

လားမားအိုနှစ်ယောက်က သဘောကျစွာ တဟားဟားရယ်လိုက်ကြသည်။

မိမိမှာ လားမားအိုနှစ်ယောက်၏ လှည့်ကွက်ဆင်မှုထဲသို့ တိုးဝင်မိပြီ ဖြစ်ကြောင်း ဝမ်ကျက် နားလည်လိုက်သည်။

“ဟာ.. နေအုံး.. မဟုတ်ဘူး.. ဟို..”

ဝမ်ကျက် စကားဆုံးအောင် မပြောနိုင်တော့။

ခေါင်းပေါ်ရှိ ‘ဗဟိုချက်ချာ’ သွေးကြောနေရာဝယ် ကျင်ကနဲဖြစ်ကာ အလွန်လေးလံသော ကျောက်တုံးကြီးဖြင့် အဖိခံရသလို ခံစားရပြီးနောက် မူးမိုက်ကာ သတိလစ်သွားလေတော့သည်။

* * *

ဝမ်ကျက် ပြန်သတိရလာသည်။

အချိန်မှာ နေ့လယ်ပိုင်းအချိန် ဖြစ်နေပြီး နေရာမှာလည်း လိပ်ပြာကန်အနားရှိ ဇရပ်မဟုတ်တော့ဘဲ ကျောက်ဆောင်တစ်ခု၏ ခြေရင်းရှိ ကျောက်တုံးကျောက်ခဲ ကျောက်ပုံများကြားဝယ် ဖြစ်နေ ကြောင်း တွေ့ရသည်။

ပိန်ပိန် ဝဝ လားမားအိုနှစ်ယောက်မှာ ဝမ်ကျက်နှင့် မလှမ်း မကမ်းဝယ် တင်ပျဉ်ခွေထိုင်ကာ ဘယ်ညာလက်နှစ်ဘက်ကို ထပ် ရင်ဘတ်ကို ကပ်လျက် ငြိမ်သက်စွာ ရှိနေကြသည်။

သူတို့နှစ်ယောက် ထိုင်နေပုံမှာ စစ်တုရင်စားသိုင်း၏ စိတ် အင်အားကျင့်စဉ် လေ့ကျင့်မှု အနေအထားအတိုင်း ဖြစ်သည်။

ဝမ်ကျက်က အတွင်းအားကို စုစည်းလည်ပတ်ကြည့်သည်။

ကိုယ်ခန္ဓာအတွင်း အတွင်းအားနှင့် သွေးလေလည်ပတ် အားလုံးကောင်းသည်။

မည်သည့်အတွင်းဒဏ်မျှမရှိ။

လားမားအိုနှစ်ယောက်ကို ဝမ်ကျက် အကဲခတ်ကြည့်လိုက် ပြန်သည်။

နှစ်ယောက်စလုံး ငြိမ်သက်စွာ ထိုင်ကာ မျက်စိစုံမှိတ်ပြီး အသက်မှန်မှန်ရှူနေကြသည်။

ဝမ်ကျက်က ယင်းကို အခွင့်ကောင်းယူကာ အလွတ်ရုန်း ထွက်ပြေးရန် အကြံရသည့်အတွက် လဲလျောင်းလျက်သား ရှိနေရာ မှ အသာထရပ်လိုက်သည်။

"ကောင်လေး ငြိမ်ငြိမ်ထိုင်နေပါ၊ ဘာဏ်များမယ် မကြံနဲ့"

ပိန်ပိန်လားမားအိုက လှမ်းပြောသည်။

မျက်စိကတော့ ပိတ်မြဲပိတ်လျက်၊ မျက်စိဖွင့်မကြည့်ဘဲနှင့် မိမိ၏ လှုပ်ရှားမှုကို ကြားသိနေသည့်အတွက် ဝမ်ကျက်မှာ အတော် လန့်သွားသည်။

ထွက်ပြေးရန် အကြံကို စွန့်လွှတ်ကာ အသာထိုင်နေလိုက် ရသည်။

"အခု ကျွန်တော် ရောက်နေတာ ဘယ်နေရာလဲ"

ထိုင်ချပြီးနောက် ဝမ်ကျက်က မေးသည်။

"မိစ္ဆာလေပွေကျွန်း"

ပိန်ပိန်လားမားအိုက ပြန်ဖြေသည်။

ထို့နောက် လားမားအိုနှစ်ယောက်စလုံး၏ မှိတ်နေသော မျက်စိများပွင့်ကာ တင်ပျဉ်ခွေထိုင်နေရာမှ ထလိုက်ကြသည်။

"ကျွန်တော့်ကို ဘာကြောင့် ဒီနေရာ ခေါ်လာရတာလဲ"

ဝဝလားမားအိုက အင်္ကျီအိတ်ထဲမှ စစ်တုရင်စားသိုင်းကျမ်း စာအုပ်ကို အသာထုတ်ပြသည်။

"မင်းကိုယ်ပေါ်မှာ ရှာကြည့်တော့ ဒီစာအုပ် တွေ့ရတယ်၊ မင်းဟာ စစ်တုရင်ကေရာဇ် ကေရီတို့နဲ့ အတော့်ကို နက်နက်ရှိုင်းရှိုင်း ပတ်သက်နေမှန်း ကျုပ်တို့သိပြီ၊ ဒီတော့ သူတို့နဲ့ ဘယ်လိုပတ်သက်

နေတယ်ဆိုတာကို အမှန်အတိုင်းပြောစမ်း"

စစ်တုရင်ဓားသိုင်းစာအုပ်ကို ထုတ်ပြပြီးနောက် ဝဝလားမ
အိုက ပြောသည်။

"ခင်ဗျားတို့ အထင်မှားနေပြီ၊ စစ်တုရင်ကေရာဇ် ကေရီတို့
ကျွန်တော်နဲ့ ဘယ်လိုမှ မပတ်သက်ကြပါဘူး"

ဝမ်ကျက်က ပြန်ဖြေသည်။

"ဒီလိုဆိုယင် ဟောဒီ စစ်တုရင်ဓားသိုင်းကျမ်းကို မင်း ဘယ
က ရသလဲ"

"စစ်တုရင်ကေရာဇ်က ပေးလိုက်တာပါ"

"မင်းဟာက ဘယ်လိုလဲ၊ စောစောက ပြောတော့ မင်း
စစ်တုရင်ကေရာဇ် ကေရီတို့နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူးဆို၊ အ
တော့ ဘာကြောင့် စစ်တုရင်ကေရာဇ်က မင်းကို စစ်တုရင်ဓားသိုင်း
ကျမ်း ပေးလိုက်ရတာလဲ"

"ဒီစစ်တုရင်ဓားသိုင်းကို အောင်မြင်အောင် လေ့ကျင့်ပြီးယ
တစ်ခြားတစ်ယောက်ကို ထပ်သင်ပေးစေချင်တဲ့အတွက် ကျွန်တေ
လက်ကို စစ်တုရင်ဓားသိုင်းကျမ်း ပေးလိုက်တာပါ"

"အဲဒီ အခြားတစ်ယောက်ဆိုတာက ဘယ်သူလဲ"

"ဝမ်းနည်းပါတယ်၊ အဲဒါကိုတော့ ပြောမပြနိုင်ပါဘူး"

"မင်းက စစ်တုရင်ကေရာဇ်ဆီက ဒီဓားသိုင်းကျမ်း ရခဲ့ဘ
ဆိုတော့ သူနဲ့ တွေ့ဖူးမြင်ဖူးမှာပေါ့"



"ဟုတ်ကဲ့.. စစ်တုရင်ကေရာဇ်နဲ့တော့ တွေ့ဖူးပါတယ်၊
ဒါပေမယ့် စစ်တုရင်ကေရီကိုတော့ မတွေ့ဖူးဘူး"

"စစ်တုရင်ကေရာဇ်နဲ့ ဘယ်မှာ တွေ့ခဲ့တာလဲ"

"ဒီကျွန်းပေါ်မှာ တွေ့ခဲ့တာပဲ"

"စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့နှစ်ယောက်ဟာ ဒီကျွန်းပေါ်
မှာ ပုန်းအောင်းနေကြတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ကျုပ် ဒီကျွန်းပေါ်မှာ တစ်မနက်လုံး လိုက်ရှာကြည့်ပြီးပြီ၊
ဘယ်သူ့ကိုမှ မတွေ့ရဘူး"

"သူတို့က မြေအောက်လျှို့ဝှက်လိုဏ်ဂူထဲမှာ နေတာပဲ၊
ဘယ်ရှာလို့ တွေ့မှာလဲ"

"မြေအောက်လျှို့ဝှက်လိုဏ်ဂူကို ဝင်တဲ့ အပေါက်ကကော"

"မသိဘူး"

"ကောင်လေး ခေါင်းမာမယ် မကြံနဲ့နော်၊ ကောင်းကောင်း
ပြော"

"ကျွန်တော် အမှန်အတိုင်း ပြောတာပါ။ မြေအောက်လျှို့
ဝှက်လိုဏ်ဂူဝင်တဲ့ လမ်းရှိတာကိုတော့ ကျွန်တော်သိပါတယ်၊ ဒါပေ
မယ့် အဲဒီ လမ်းပေါက်ရှိတဲ့နေရာက ရေအောက်မှာဆိုတော့ နေရာ
အတိအကျကို ကျွန်တော်မပြောတတ်ဘူး၊ လိုက်ရှာလို့လဲ တွေ့ချင်မှ
တွေ့လိမ့်မယ်"

လားမားအိုနှစ်ယောက်သည် မျက်စိလှုပ်ရှား အချက်ပြကာ တစ်ယောက်နှင့်တစ်ယောက် အသံတိတ် စကားပြောကြသည်။

ဝမ်ကျက်လည်း ဘာမှုမပြောဘဲ အသာငြိမ်နေသည်။

"မင်း...ရေငုပ်တတ်လား"

ခဏအကြာတွင် ပိန်ပိန်လားမားအိုက ဝမ်ကျက်ကို မေးသည်။

"ဟုတ်ကဲ့.. နည်းနည်းပါးပါးတော့ တတ်ပါတယ်"

ဝမ်ကျက်က ပြန်အဖြေပေးသည်။

"ကောင်းပြီ၊ ဒါဆိုယင် မြေအောက်လှိုဏ်ဂူခန်းကို သွားတဲ့ လမ်းပေါက်ကို လိုက်ရှာပေးပါ"

"ဟုတ်ကဲ့၊ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားရှာပေးပါ့မယ်"

"ဝင်ပေါက်က ဘယ်နေရာလောက်မှာ ရှိတာလဲ"

"ကျွန်းရဲ့ အရှေ့ဘက် ကမ်းစပ်နားက ရေအောက်မှာ ရှိပါတယ်"



ဝမ်ကျက်နှင့် လားမားအိုနှစ်ယောက်တို့ မိစ္ဆာလေပွေကျွန်း အရှေ့ဘက်ကမ်းစပ်သို့ ရောက်လာကြသည်။

"ကဲ၊ မင်းရေထဲဆင်းပြီး မြေအောက်လိုဏ်ဂူကို ဝင်တဲ့ ါက်ကို လိုက်ရှာပေတော့၊ ရေငုပ်ပြီး ထွက်ပြေးမယ်တော့ မကြံ ့၊ လိပ်ပြာကန်ရေပြင်က အကျယ်ကြီး၊ မင်း ဘယ်လောက် ရေ ကောင်းကောင်း ကမ်းစပ်ကို ပြန်ရောက်အောင် ကူးနိုင်မှာ တ်ဘူး"

မိစ္ဆာလေပွေကျွန်း အရှေ့ဘက်ကမ်းခြေသို့ ရောက်သော ါ ဝဝလားမားအိုက ပြောသည်။

ဝမ်ကျက်က ခေါင်းညိတ်ပြပြီးနောက် ရေထဲသို့ ဆင်းကာ သွားသည်။

ရေအောက်သို့ ရောက်သောအခါ မြေအောက်လိုဏ်ဂူ င်ဝကို လိုက်မရှာ၊ ကျောက်ဆောင်တစ်ခုနားဝယ် အသာအယာ က်အောင်ကာ ကပ်နေသည်။

အတန်ကြာအောင် ငုပ်နေပြီးနောက် ရေပေါ်သို့ ပြန်တက် ပြီး အသက်ရှူသည်။

"ဝင်ပေါက်ကို ရှာတွေ့ပြီလား"

ဝဝလားမားအိုက ကမ်းစပ်မှ လှမ်းမေးသည်။

"မတွေ့သေးဘူး"

ဝမ်ကျက်က ဤသို့ အဖြေပေးပြီး ရေအောက်သို့ ပြန်ငုပ်

သွားသည်။

ဤသို့ သုံးကြိမ်မျှ ရေငုပ်လိုက်၊ ပြန်ပေါ်လာလိုက် လုပ်
နောက် ဝမ်ကျက်သည် အားအင်ကုန်ခမ်း မောပန်းသည်ဟု
ကြောင်းပြကာ ကမ်းပေါ်ပြန်တက်၍ ကမ်းစပ်တွင် လဲလျော
အနားယူနေသည်။

ဝဝ ပိန်ပိန် လားမားနှစ်ယောက်က ဝမ်ကျက်၏ အနား
ထိုင်၍ စောင့်နေကြသည်။

"ခင်ဗျားတို့နှစ်ယောက်ရဲ့ နာမည်ကို ပြောပါအုံး"

ခေတ္တလဲလျောင်း အပန်းဖြေပြီးနောက် ဝမ်ကျက်က
သည်။

"ကျုပ်နာမည် ဗှာစမ်းကို၊ သူ့နာမည် မာစုကို"

ပိန်ပိန်လားမားအိုက ပြောသည်။

"ခင်ဗျားတို့က ကြာဝါစဉ်ထက် မြင့်သလား၊ နိမ့်သလား"

"ဗှာဝါစဉ်က ကြာဝါစဉ်ထက် တစ်ဆင့်မြင့်တယ်၊ မာဝါ
ကတော့ ကြာဝါစဉ်ထက် နှစ်ဆင့်မြင့်တယ်"

"ခင်ဗျားတို့က စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့ကို ဘာကြော
လိုက်ရှာနေကြတာလဲ"

"လိပ်ပြာကန်သခင်နဲ့ နဂါးမယ်တို့ဟာ ကျုပ်တို့ ဝတ်ရုံ
လားမားဂိုဏ်းဝင်တွေ ဖြစ်တယ်၊ သူတို့က ဂိုဏ်းရဲ့ အထွတ်အမြတ်

"စမ်းကို တော်တော့"



ဗှာစမ်းကို စကားပြောနေဆဲဝယ် မာစုကိုက ကြားဖြတ်ကာ
သံမာမာဖြင့် ဟန့်တားလိုက်သည်။

ဗှာစမ်းကို စကားပြတ်ကာ နှုတ်ပိတ်သွားသည်။

ဗှာဝမ်းကိုနှင့် မာစုကိုတို့နှစ်ယောက် ရောက်ရှိလာကြခြင်း
မိတို့နှင့် ဘုရားကျောင်းပျက်ဝယ် ဆုံတွေ့ခဲ့ရသည့် ကြာဆာကို
အတူတူပင် ဖြစ်ကြောင်း သိလိုက်ရလေပြီ။

သူတို့နှစ်ယောက်၏ ဝါစဉ်မှာ ကြာဆာကိုထက် ပိုမြင့်သည်
ရာ သိုင်းပညာလည်း ပိုမိုအစွမ်းထက်မြက်မည်ဟု ဝမ်ကျက် ခန့်
းမိသည်။

"ကောင်လေး မင်းအနားယူတာ တော်လောက်ပြီ၊ ရေထဲ
ငုပ်ပြီး သမ်းပေါက်ကို ရှာလိုက်အုံး"

မာစုကိုက ဝမ်ကျက်ကို ဆက်ပြောသည်။

"ကောင်းပါပြီ၊ ဆင်းရှာပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ လုပ်
းကြဖို့ မှာခဲ့ပါရစေ"

ဝမ်ကျက်က လဲလျောင်းနေရာမှ ထရပ်ပြီး ပြောသည်။

"ဘာများလဲ"

"စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့က သူတို့နေတဲ့ နေရာကို
ပြင်လူတွေ လာတာကို ကြိုက်ကြတာ မဟုတ်ဘူး၊ ဟိုတစ်ခေါက်
နန်းတော်ရောက်သွားတုန်းက ထူးခြားတဲ့ အကြောင်းတစ်ခုကြောင့်
နန်းတော် ဘေးကင်းရန်ကင်း ပြန်ထွက်လာနိုင်ခဲ့ပေမယ့် အခုတစ်

ခေါက်တော့ ကံကောင်းတော့မှာ မဟုတ်ဘူး၊ ကျွန်တော့်ကို စစ်
ရင်ကေရာဇ်က အသက်အန္တရာယ်တောင် ရှာချင်ရှာမယ်၊ တကယ်
ကျွန်တော် ရေအောက်မှာ အသက်ပျောက်ခဲ့ယင် ကျွန်တော့်
လောင်းကို ကမ်းပေါ် ဆယ်တင်ပြီး မြေမြှုပ်ပေးကြပါ၊ ကျွန်တော့်
လောင်း ငါးစာ မဖြစ်ပါစေနဲ့၊ ခင်ဗျားတို့နဲ့ ကျွန်တော်တို့နဲ့က ရန်ငြိ
ရန်စလဲရှိကြတာ မဟုတ်တော့ ဒီတောင်းဆိုချက်ကို လိုက်လျေ
နိုင်လိမ့်မယ် ထင်ပါတယ်"

"ကောင်းပြီ၊ မင်းတောင်းဆိုတဲ့အတိုင်း ကျုပ်တို့ ဆောင်ရွ
ပေးမယ်"

"ကျေးဇူးတင်ပါတယ်"

ဝမ်ကျက်က ဤသို့ပြောပြီး ရေထဲသို့ ဆင်းလာခဲ့သည်။

ခဏအကြာဝယ် ဝမ်ကျက် ရေမျက်နှာပြင်ထက်သို့ ပြ
ပေါ်လာသည်။

"မြေအောက်လိုဏ်ဂူရဲ့ ဝင်ပေါက်လို့ ထင်ရတဲ့ နေရာ
တွေ့ထားပြီး ရေထပ်ငုပ်ပြီး သေသေချာချာ ကြည့်လိုက်အုံးမယ်"

ဝမ်ကျက်က ဗှာစမ်းကိုတို့ကို လှမ်းပြောပြီး ရေအောက်
ပြန်ငုပ်သွားသည်။

ဗှာစမ်းကိုနှင့် မာစုကိုတို့နှစ်ယောက်သည် ဝမ်ကျက် ပြ
ပေါ်လာပြီး သတင်းပေးမည့်အချိန်ကို စောင့်နေသည်။

အချိန်သာ ကုန်သွားသည်။



ဝမ်ကျက်က ပေါ်မလာ။

"တယ်ဆန်းပါလား သူ အခုထက်ထိ ပြန်ပေါ်မလာသေး
ဘူး၊ ဝင်ပေါက်ကို တွေ့တွေ့ မတွေ့တွေ့ အသက်ရှူဖို့တော့ ရေပေါ်
ပြန်ပေါ်လာဖို့ ကောင်းတယ်"

ဗှာစမ်းကိုက ပြောသည်။

"ဝင်ပေါက်ကို ရှာယင်း ရန်သူနဲ့တွေ့ပြီး အန္တရာယ်ကြုံရပြီ
ထင်တယ်"

မာစုကိုက ပြောသည်။

"ဒီလိုဖြစ်ယင် ကျွန်တော်တို့ အပြစ်မကင်းဘူး၊ အဲ ကျွန်
တော် ရေအောက်ဆင်းကြည့်လိုက်မယ်"

"သတိလဲထားအုံး"

ဗှာစမ်းကိုသည် အင်္ကျီအဝတ်အစားများနှင့် ဖိနပ်တို့ကို
ချွတ်ပြီး ရေထဲသို့ ဆင်းသွားသည်။

ဗှာစမ်းကိုမှာ ရေငုပ်တော့ သိပ်မကျွမ်းကျင်ပေ။

သို့သော် အတွင်းအား မြင့်မားနက်ရှိုင်းသည် ဖြစ်၍ အ
သက်ကို ကြာရှည်စွာ အောင့်ထားနိုင်သည်။

ဤအချက်ကို အားကိုးပြီး ဗှာစမ်းကိုက ရေအောက်သို့
ဆင်းလာခြင်း ဖြစ်သည်။

ရေအောက်သို့ ရောက်၍ မျက်စိကို ဖြကာ ဟိုဟိုသည်သည်
အကဲခတ်ကြည့်ရာ ရေအောက်၌ ကျောက်ဆောင် ကျောက်တုံးများ

အတော်ပင် ထူထပ်များပြားကြောင်း တွေ့ရသည်။

ကျောက်ဆောင် ကျောက်တုံးများကြားဝယ် ဟိုမှ ဤမှ လျှောက်သွားပြီး ဝမ်ကျက်ကို ရှာဖွေကြည့်သည်။

ဤသို့ ရှာဖွေယင်း အသက်ဆက်မအောင့်နိုင်တော့၍ လေရှူရန် ရေပြင်သို့ ပြန်တက်အလာတွင် သူ၏နောက်ဘက်မှ ရေလှိုင်းလှုပ်ရှားလာမှုကို ဟာစမ်းကို သတိပြုမိလိုက်သည်။

ဟာစမ်းကိုမှာ ရင်ထဲဝယ် ထိတ်ကနဲ ဖြစ်သွားပြီး နောက်ဘက်သို့ လက်ပြန်လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

ဒါပေမယ့် အချိန်အနည်းငယ် နောက်ကျသွားသည်။

နောက်ဘက်မှ ချဉ်းကပ်ရောက်ရှိလာသူက ဟာစမ်းကို၏ ပျော့ခွေကြောကို အလျင်လက်ဦးအောင် ဖိတ်လိုက်နိုင်သည်။

ပျော့ခွေကြော အဖိတ်ခံရသည့်အတွက် ဟာစမ်းကိုမှာ အသက်ဆက်မအောင့်နိုင်တော့။

ပါးစပ်ထဲသို့ ရေများ ဝင်လာပြီးနောက် သတိလစ်ကာ မေ့မြောသွားလေတော့သည်။

ဟာစမ်းကိုအား နောက်မှ ချဉ်းကပ်တိုက်ခိုက်သူက ဟာစမ်းကို၏ ကိုယ်ခန္ဓာကို ပေတစ်ရာနည်းပါးမျှ အကွာသို့ အရောက်ဆွဲယူသွားပြီးနောက် မိစ္ဆာလေပွေကျွန်း ကမ်းခြေပေါ်သို့ ပြန်တက်လာသည်။

ဟာစမ်းကိုအား နောက်ဘက်မှ ချဉ်းကပ်ပြီး အလစ်ဖမ်း



ကြောဖိတ် တိုက်ခိုက်သူမှာ ဝမ်ကျက်ပင် ဖြစ်သည်။

ယခု ဝမ်ကျက် ကမ်းပေါ်သို့ တက်လာသည့် နေရာမှာ ကျောက်ဆောင်တစ်ခု အကာအကွယ် ရှိနေသောကြောင့် ကမ်းပေါ် ွင် စောင့်ကျန်နေခဲ့သည့် မာစုကို အနေဖြင့် လှမ်းမမြင်နိုင်ပေ။

ဝမ်ကျက်သည် ဟာစမ်းကို သတိလစ်ပျော့ခွေနေသော ိုယ်ခန္ဓာကို ကျောက်ဆောင်အောက်ဘက်နားဝယ် အသာချထား ီးနောက် ကျောက်ဆောင်ဘေးမှ ခေါင်းပြူကာ မာစုကိုအား လှမ်း ကဲခတ်ကြည့်သည်။

မာစုကိုသည် စိတ်လှုပ်ရှားသည့် အမူအရာဖြင့် ကမ်းစပ် ယ် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

ရေငုပ်သွားသော ဟာဝမ်းကို ရေပေါ်သို့ ပြန်ပေါ်မလာ သည့်အတွက် စိုးရိမ်ပူပန်နေကြောင်း ဝမ်ကျက် ရိပ်မိလိုက်သည်။

မာစုကို ရေအောက်သို့ ငုပ်ဆင်းလိုက်ကြည့်မည်ကို ဝမ် ကျက်က ကြိုတင်တွက်ထားပြီး ဖြစ်သည်။

မာစုကို ရေအောက်သို့ ငုပ်ဆင်းမှ ဟာစမ်းကိုနည်းတူ နောက်ဘက်မှ ချဉ်းကပ်ကာ အလစ်ဖမ်းတိုက်ခိုက်ရန် ဝမ်ကျက်က ကြိတ်၍ ကြံစည်ထားသည်။

သိုင်းပညာမြင့်မားသော လားမားအိုနှစ်ယောက်ကို ဤလို ရိယာယ်ဆင်မှသာ အနိုင်ယူနိုင်မည် မဟုတ်ပါလား။

သိပ်ကြာကြာ မစောင့်ရပါ။

မာစုကိုသည် အဝတ်အစားနှင့် ဖိနပ်များကို ချွတ်ပြီး ရေ
သို့ ဆင်းသွားသည်ကို ဝမ်ကျက် မြင်လိုက်ရသည်။

ဝမ်ကျက်သည် တွံ့နေးမနေ။

ပုန်းအောင်းနေရာမှ အပြေးလေး ထွက်လာပြီး ပုံထာ
သော လားမားများ၏ အဝတ်အစားများကြားမှ စစ်တုရင်ခါးသိုင်
ကျမ်းစာအုပ်ကို ရှာဖွေယူသည်။

ထို့နောက် မာစုကိုအား လိုက်လံတိုက်ခိုက် ဖမ်းဆီးရ
အတွက် ရေထဲသို့ ဆင်းမည်ပြုသည်။

"ရေထဲဆင်းလိုက်ဖို့ မလိုတော့ပါဘူး"

နောက်ကျောဘက်ဆီမှ စကားသံတစ်ခု ပေါ်လာသည်။

ဝမ်ကျက် လန့်သွားသည်။

ချာကနဲ လှည့်ကြည့်လိုက်ရာ သူ့နောက်ဘက်တွင် ဝတ်စုံဖြ
ဝတ်ပြီး မျက်နှာဖုံးစွပ်ထားသော လူတစ်ယောက် ရပ်နေသည်ကို
တွေ့ရသည်။

ထိုသူမှာ စစ်တုရင်ကေရာဇ် ဖြစ်ကြောင်း သိရှိထားပြီးမို
ဝမ်ကျက်က အသာဦးညွှတ်အရိုအသေပေးပြီး ပြောလိုက်သည်။

"ခင်ဗျား ရောက်လာပြီကိုး၊ ဒီနေ့ ဒီကျွန်းပေါ်ကို လာရတာ
က..."

"ရှင်းပြနေစရာ မလိုပါဘူး၊ မင်းကို မာစုကိုတို့က ဖမ်းခေါ်
လာတာ ကျုပ်သိပါတယ်"



စစ်တုရင်ကေရာဇ် ကြားဖြတ်ပြောသည်။

"သူတို့က ဖမ်းမခေါ်လာဘူးဆိုယင်လဲ ကျွန်တော်တို့က
တော့ ဒီကျွန်းပေါ်ကို ရောက်လာရမှာပါပဲ"

"မင်းက ဒီကျွန်းကို လာဖို့ စိတ်ကူးထားတယ် ဟုတ်စ၊ ကျုပ်
ကို ကတိပေးထားတာ မေ့နေပြီလား"

"မမေ့ပါဘူး၊ ခင်ဗျားရဲ့သမီး ပိုင်ရင်ဟုန် အတွက်ကြောင့်
လာရမှာပါ"

စစ်တုရင်ကေရာဇ်က ဘေးပတ်ဝန်းကျင်ကို မျက်စိကစား
ကာ အကဲခတ်ကြည့်သည်။

ထိုနေရာဝယ် သူတို့နှစ်ယောက်တည်းသာ ရှိနေပြီး ဝမ်
ကျက် ပြောသော စကားများကို အခြားလူများ မကြားနိုင်ကြောင်း
သေချာတော့မှ ဝမ်ကျက်ကို စူးစိုက်ကြည့်ပြီး မေးခွန်းထုတ်သည်။

"အကြောင်းစုံရှင်းပြစမ်းပါအုံး"

"ပိုင်ရင်ဟုန်ဟာ ကျွန်တော်နဲ့အတူ ရှိနေခဲ့တယ်၊ လွန်ခဲ့တဲ့
ရက်အနည်းငယ်ကတော့ မိစ္ဆာလေပွေကျွန်းကို သွားပြီး ခင်ဗျားကို
ရှာမယ်လို့ စာရေးထားပြီး ထွက်သွားတယ်"

"သူက ဘာကြောင့် ကျုပ်ကို ရှာချင်ရတာလဲ"

"ခင်ဗျားဟာ သူ့အဖေအရင်း ဖြစ်နိုင်ကြောင်း သူ့စိတ်ထဲ
မှာ သံသယ ဖြစ်နေလို့ပဲ"

"သူ ဒီကျွန်းပေါ်ကို ဒီနေ့အထိ ရောက်မလာသေးဘူး"

ထိုအချိန်မှာပင် ရေငုပ်သွားသော လားမားကြီးမာစုကို သည် အသက်ပြန်ရှူနိုင်ရန်အတွက် ရေပြင်ပေါ်သို့ တက်လာသည်။

ကမ်းပေါ်ဝယ် ဝမ်ကျက်နှင့် ဝတ်စုံဖြူဝတ်လူတစ်ယောက် ရပ်နေသည်ကို လှမ်းတွေ့လိုက်ရသည်တွင် မာစုကိုမှာ မျက်နှာပျက်သွားသည်။

ဒေါသလည်း ထွက်လာသည်။

ထို့ကြောင့် မာစုကိုသည် ရေထဲသို့ ပြန်မငုပ်တော့ဘဲ ကျွန်းပေါ်သို့ ပြန်တက်လာသည်။

“ပိုင်ရင်ဟုန် ဒီကျွန်းကို လာမယ်ဆိုတာ သေချာရဲ့လား”

စစ်တုရင်ဧကရာဇ်က သူတို့ ရပ်နေရာသို့ ရှေးရှူပြေးလာနေသော မာစုကိုအား ဂရုမစိုက်ဘဲ ဝမ်ကျက်ကိုသာ မေးခွန်းထုတ်လိုက်သည်။

“တကယ်လို့ လမ်းခရီးမှာ ထူးခြားတဲ့ အရေးကိစ္စနဲ့ မကြုံဘူးဆိုယင် သူရောက်လာမှာ သေချာပါတယ်”

ဝမ်ကျက်က ပြန်ပြောသည်။

“ဒုက္ခပါပဲ၊ အားလုံး ခက်ကုန်တော့မယ်”

ထိုအချိန်ဝယ် မာစုကိုမှာ သူတို့အနီးသို့ ရောက်လာပြီ ဖြစ်သည်။

မိမိကို ရှိသည်ဟုပင် အရေးမထားဘဲ စကားအချီအချ ပြောနေကြသည့်အတွက် မာစုကိုမှာ အလွန်ဒေါသ ဖြစ်သွားသည်။



မာစုကိုသည် ရှေ့ကို ခြေတစ်လှမ်းတက်ပြီး စစ်တုရင်ကရာဇ်၏ ရင်ဘတ်ကို လက်ဝါးဖြင့် လှမ်းရိုက်သည်။

စစ်တုရင်ဧကရာဇ်က ကိုယ်ကို အသာယိမ်းလျက် မာစုကို၏ ရိုက်ချက်ကို အလွယ်ပင် တိမ်းရှောင်လိုက်သည်။

“ကျုပ်ဟာ ဒုသူ့အဖေအရင်း ဖြစ်တယ်လို့ သူက ဘာကြောင့် သံသယ ဖြစ်ရတာလဲ၊ မင်းက ပြောပြလိုက်လို့လား”

စစ်တုရင်ဧကရာဇ်က မာစုကိုကို ကြည့်ပင် မကြည့်ဘဲ ဝမ်ကျက်ကို မေးခွန်းထုတ်သည်။

“ကျွန်တော် မပြောပါဘူး၊ သူက အကြောင်းခြင်းရာတွေကို မြန်မြန်ရှောင်လိုက်”

စကားပြောနေဆဲဝယ် မာစုကိုက စစ်တုရင်ဧကရာဇ်ကို လက်ဝါးတစ်ချက် ရိုက်နှက်တိုက်ခိုက်လာပြန်သောကြောင့် ဝမ်ကျက်က အလောတကြီး သတိပေးလိုက်ရခြင်း ဖြစ်သည်။

စစ်တုရင်ဧကရာဇ်ကတော့ မာစုကိုကို မည်သို့မျှ အရေးမစိုက်ဘဲ ကိုယ်ကို ပေါ့ပါးမြန်ဆန်စွာ ရွေ့လျားနေရာပြောင်းပြီး လက်ဝါးရိုက်ချက်ကို ရှောင်လိုက်သည်။

“ဘာအကြောင်းခြင်းရာလဲ ပြောစမ်း”

စစ်တုရင်ဧကရာဇ်က ဝမ်ကျက်ကို မေးပြန်သည်။

“ကျွန်တော် အမှန်အတိုင်း ဖြေရမှာလား”

“ပြောသာပြော ဘာမှ အရေးမကြီးဘူး”

ဝမ်ကျက် ရှင်းပြမည် ပြုဆဲမှာပင် မာစုကိုက ဘယ်ညာ လက်နှစ်ဘက်ကို ဆန့်ထုတ်ကာ ပြင်းထန်ကြမ်းတမ်းသော လက်ဝါး ရိုက်ချက်တစ်စုံကို ရိုက်ထုတ်လိုက်သည်။

ညာလက်ဝါးက စစ်တုရင်ဧကရာဇ်ထံ ဝင်လာသည်။

ဘယ်လက်ဝါးရိုက်ချက်ကတော့ ဝမ်ကျက်ထံသို့ ဦးတည် လာသည်။

လက်ဝါးရိုက်ချက် ပြင်းထန်လှသောကြောင့် ဝမ်ကျက် အန္တရာယ် ဖြစ်မည်ကို စစ်တုရင်ဧကရာဇ် စိုးရိမ်မိသည်။

ထို့ကြောင့် စစ်တုရင်ဧကရာဇ်သည် သည်တစ်ခါတွင်တော့ စောစောပိုင်းကလို ကိုယ်ဖော့ပညာကို သုံးကာ တိမ်းရှောင်ခြင်း မပြု တော့ဘဲ လက်ဝါးရိုက်ချက် တုံ့ပြန်ရိုက်ထုတ်ပြီး မာစုကို၏ တိုက်ခိုက်မှုကို ရင်ဆိုင်လိုက်သည်။

"ဖြန်း..ဖြန်း"

မာစုကိုနှင့် စစ်တုရင်ဧကရာဇ်တို့ လက်ဝါးချင်းဆိုင်ကာ ရိုက် မိကြသည်။

မာစုကိုနောက်သို့ ခြေလှမ်း(၃)လှမ်း ဆုတ်ပေးလိုက်ရ သည်။

ဤသို့ လက်ဝါးချင်းဆိုင် ရိုက်မိကြသည်တွင် မာစုကိုမှာ မိမိရင်ဆိုင်နေရသူ မည်သူမည်ဝါ ဖြစ်မည်ကို ခန့်မှန်းသိရှိသွားခဲ့ သည်။



"လက်စသတ်တော့ ခင်ဗျားကိုး"

မာစုကိုက မဲ့ပြုံးပြုံးကာ ပြောသည်။

"အင်း..ဟုတ်တယ်"

စစ်တုရင်ဧကရာဇ်က အေးစက်စက် အသံဖြင့် ပြန်ပြော ည်။

"ကောင်းတယ်၊ ကျုပ်တို့အဖို့ ခင်ဗျားကို ရှည်ရှည်ဝေးဝေး က်ရှာဖို့ မလိုတော့ဘူး"

"ခင်ဗျားဟာ လိပ်ပြာကန်သခင် မှုဟုတ်ပါဘူး၊ ဒါပေမယ့် ဗျားကို တွေ့ပြီးတဲ့နောက် ဒီနဂါးမယ်ကို တွေ့ဖို့ သိပ်မခက်တော့ း"

"နဂါးမယ်ဟာ အခု အတော်အသက်ကြီးနေပါပြီ၊ သူ့ ပေါ် အငြိုးကြီးကြီးနဲ့ အပြစ်ယူမနေပါနဲ့တော့"

"သူကျူးလွန်ခဲ့တဲ့ အပြစ်ကသိပ်ကြီးတယ်၊ ဂိုဏ်းကနေ သစ္စာ ောက်ထွက်သွားတာကို ခွင့်လွှတ်လို့ ရချင်ရနိုင်ပေမယ့် ဂိုဏ်းရဲ့ ထွတ်အမြတ် ပစ္စည်းကို ယူသွားတာကိုတော့ သည်းခံခွင့်လွှတ်လို့ ဖြစ်ဘူး၊ နဂါးမယ် အခု ဘယ်မှာရှိသလဲ"

"ကျုပ်အသက်သာ အသေခံမယ်၊ အဲဒါကိုတော့ ထုတ် ပြောဘူး"

"ဝတ်ရုံနီလားမားဂိုဏ်းက အဆင့်မြင့် သိုင်းသမားတွေ တစ် ယောက်ပြီးတစ်ယောက် ဒီကို ရောက်လာလိမ့်မယ်၊ ခင်ဗျားရဲ့ သိုင်း

ပညာ မညံ့ပါဘူး၊ ဒါပေမယ့် ကျုပ်တို့ ဝတ်စုံနီလားမားဂိုဏ်းကိုတေ
အနိမ့်မတုနိုင်သေးဘူး”

“လေလုံးထွားမနေနဲ့၊ ခင်ဗျားနဲ့ အတူ ပါလာတဲ့ ဟှာစမ်း
ကို ခေါ်ပြီး ဒီကျွန်းက အမြန်ဆုံး ပြန်သွားကြ၊ ကြာယင် ခင်ဗျားတို့
ယောက်စလုံး ဒုက္ခတွေ့ရလိမ့်မယ်”

“ဟှာစမ်းကို ဘယ်မှာလဲ၊ ခင်ဗျားဖမ်းထားသလား”

“ဝမ်ကျက်၊ ဟှာစမ်းကိုကို ပြန်လွှတ်ပေးလိုက်ပါ”

စစ်တုရင်ကေရာဇ်က ဝမ်ကျက်ကို လှမ်းပြောသည်။

ထိုအချိန်မှာပင် မလှမ်းမကမ်းရှိ ကျောက်ဆောင်တစ်ခု
နောက်ကွယ်မှ လူတစ်ယောက် ပြေးထွက်လာသည်။

ဟှာစမ်းကိုပင် ဖြစ်သည်။

ဟှာစမ်းကိုသည် ရေမွန်းကာ သတိလစ် မေ့မြောနေရာ
သတိပြန်ရလာသောအခါ အတွင်းအားလည်ပတ်မှုဖြင့် ပိတ်နေသေ
အကြောများ ပြန်ပွင့်အောင် လုပ်ပြီး ကျောက်ဆောင်နောက်ကွယ်
ထွက်လာခဲ့ခြင်း ဖြစ်သည်။

ဝမ်ကျက်ကို လှမ်းတွေ့ရသည်တွင် မိမိခံရသည်မှာ ဝ
ကျက်၏လက်ချက်ပင် ဖြစ်ကြောင်း တွေးမိကာ ဟှာစမ်းကို အကြီးအ
ကျယ် ဒေါသထွက်သွားသည်။

ဟှာစမ်းကိုသည် ပါးစပ်မှ အော်ဟစ်ကြိမ်းဝါးပြီး ဝမ်ကျက်
ထံသို့ ပြေးဝင်ကာ လက်ဝါးဖြင့် ရိုက်ချသည်။



ဝမ်ကျက်က အသာဘေးသို့ တစ်ကွက် ခုန်ရှောင်လိုက်
သည်။

“ဝမ်ကျက်၊ ကျုပ်နောက်မှာ လာရပ်နေ”

စစ်တုရင်ကေရာဇ်က ဝမ်ကျက်ကို လှမ်းပြောသည်။

ဝမ်ကျက်ကမူ စစ်တုရင်ကေရာဇ်၏ အကာအကွယ်ပေးမှု
ကို မလိုလား။

ထို့ကြောင့် စစ်တုရင်ကေရာဇ်ဘက်သို့ မသွားဘဲ ခပ်လှမ်း
လှမ်းသို့သာ ထွက်ပြေးလာခဲ့သည်။

ဟှာစမ်းကိုက ဝမ်ကျက် ထွက်ပြေးရာ နောက်သို့ အတင်း
လိုက်သည်။

ဝမ်ကျက်က ကျောက်ခဲတစ်တုံးကို ကောက်ယူကာ ဟှာစမ်း
ကိုအား လှမ်းပစ်သည်။

“ကျောက်ခဲလာပြီ သတိ”

ပါးစပ်မှလည်း လှမ်းအော်ပြောလိုက်သေးသည်။

ဟှာစမ်းကိုက ဝမ်ကျက် လှမ်းပစ်လိုက်သော ကျောက်ခဲကို
လက်ဝါးဖြင့် အသာပုတ်ထုတ်ဖယ်ရှားပြီး ဝမ်ကျက်နောက်သို့ ဆက်
၍ လိုက်သည်။

ဟှာစမ်းကို၏ ကိုယ်ဖော့ပညာမှာ ဝမ်ကျက်ထက် ပိုမို
ကောင်းမွန်သည်။ တခဏအတွင်းမှာပင် ဝမ်ကျက်ကို မီလုမီခင် ဖြစ်
လာပြီး ဝမ်ကျက်၏နောက်ကို ညာလက်ဖြင့် လှမ်း၍ ကုတ်ဆွဲသည်။

ဝမ်ကျက်က ပြေးနေယင်းမှ ခြေဖြင့် နောက်ပြန်ခတ်၍ ကန်သည်။ စွန့်စွန့်စားစား တိုက်ခိုက်လိုက်ခြင်းပင်။

ဤလို စွန့်စားတိုက်ခိုက်မှုမျိုးမှာ အကွက်ဝင်လျှင် အလွန်အကျိုးရှိသည်။

သို့သော် ဝှာစမ်းကို၏ လျှင်မြန်ဖျတ်လတ်မှုနှင့် မျက်စိရှင်မှုတို့ကြောင့် ဝမ်ကျက်၏တိုက်ခိုက်မှုမှာ အလဟဿ ဖြစ်သွားရသည်။

ဝှာစမ်းကိုက ဝမ်ကျက်၏နောက်ကျောကို ကုတ်ဆွဲရန် လှမ်းလင့်ထားသော လက်ကို လမ်းကြောင်းပြောင်းပြီး ဝမ်ကျက်၏ နောက်ပြန်ကန်လာသော ခြေထောက်ကို ဆီး၍ ဆုပ်ဖမ်းလိုက်သည်။

ဝမ်ကျက်အဖို့ မရှောင်သာတော့။

ခြေထောက်ကို အဆုပ်ဖမ်းခံရလုလု ဖြစ်သွားသည်။

"မြှားလာပြီ သတိ"

အကြံကောင်းတစ်ချက် ရသောကြောင့် ဝမ်ကျက်က ပါးစပ်မှ အော်လိုက်သည်။

ညာလက်ကိုလည်း အသာလှုပ်ရှားလိုက်သည်။

ဝှာစမ်းကိုမှာ ဝမ်ကျက် တကယ်ပင် မြှားဖြင့်လှမ်းပစ်သည်ထင်၍ ကမန်းကတန်း ဘေးသို့ တိမ်းရှောင်ပေးလိုက်သည်။

ဤအတွက် ဝမ်ကျက်၏ခြေထောက်ကို အမိအရ ကုတ်မဖမ်းနိုင်တော့။



လက်လွတ်ထွက်သွားသည်။

ပရိယာယ်ဆင်ကာ အကျဉ်းအကျပ်မှ ရုန်းထွက်ပြီးနောက် မ်ကျက်သည် အတင်းအားသွန်ကာ ဆက်ပြေးသွားသည်။

အလှည့်စားခံလိုက်ရသောကြောင့် ဝှာဝမ်းကို ပိုမို၍ ဒေါသ စ်သွားသည်။

ဒေါသတကြီး အော်ဟစ်ကြိမ်းမောင်းယင်း ဝမ်ကျက်ကို တင်းဝင်ရောက် တိုက်ခိုက်သည်။

ဝှာဝမ်းကို၏တိုက်ခိုက်ပုံမှာ ကြမ်းတမ်းပြင်းထန်လှသော ကြောင့် ဝမ်ကျက်မှာ တိုက်ရိုက်ရင်ဆိုင် မခုခံဝံ့။

လိပ်ပြာ(၁၈)ကွက် ကိုယ်ဖော့ပညာကို သုံးကာ ခုန်လွှား မ်းရှောင်ပေးရသည်။

"ကောင်လေး လိပ်ပြာဆယ့်ရှစ်ကွက် ကိုယ်ဖော့ပညာကို င်းဘယ်ကနေ တတ်မြောက်လာတာလဲ"

ဝှာစမ်းကိုက တအံ့တဩ မေးသည်။

"ဟို ဘယ်ဘက်မျက်ခုံးပေါ်မှာ မှဲ့ရှိပြီး သွားနည်းနည်းခေါ တဲ့ လားမားအိုကြီးက သင်ပေးထားခဲ့တာ"

မိမိကို အစ်အောက်မေးရာ၌ ဝှာစမ်းကိုတို့ ပြောခဲ့ကြသော းမား၏ပုံပန်းသဏ္ဍာန်ကို ဝမ်ကျက်က တမင်ပြောပြပြီး သရော် ိုက်သည်။

ဤအဖြေစကားကြောင့် ဝှာစမ်းကိုမှာ ပို၍ ဒေါပွလာပြီး

ဝမ်ကျက်ကို အတင်းဝင်ရောက် တိုက်ခိုက်ပြန်သည်။

ဝမ်ကျက်ကလည်း လိပ်ပြာ(၁၈)ကွက် ကိုယ်ဖော့သို

ပညာကို သုံးကာ တိမ်းရှောင်ပေးနေသည်။

လားမားအို၏တိုက်ခိုက်မှုကို ကျောက်ဆောင်ကျောက်

များ၏ အကာအကွယ်ယူကာ တိမ်းရှောင်လျှင် ပိုမိုကောင်းမွန်မ

ဖြစ်ကြောင်း တွေးမိသည့်အတွက် ဝမ်ကျက်သည် ကျောက်

ကျောက်ဆောင်များ ထူထပ်ရာနေရာဘက်သို့ ရှေးရှုကာ ပြေးထွ

လာခဲ့သည်။

ကျောက်ဆောင်တစ်ခုနောက်သို့ ဝမ်ကျက် ပြေးဝင်လို

ရာ ရုတ်တရက် သူ့ဘေးဝယ် လူရိပ်သဏ္ဍာန်တစ်ခု လှစ်ကနဲ လှ

ရှားချဉ်းကပ်လာသည်ကို ဝမ်ကျက် သိလိုက်သည်။

ထိုသူ မည်သူမည်ဝါ ဖြစ်ကြောင်း ခွဲခြားမသိနိုင်မီမှာ

ဝမ်ကျက်၏လည်ကုပ်ပေါ်ရှိ ကြယ်စုသွေးကြောကွက်သို့ လ

ဝါးတစ်ချက် ဖြန်းကနဲ အရိုက်ခံလိုက်ရသည်။

ဝမ်ကျက်မှာ မိုက်ကနဲဖြစ်ကာ သတိလစ်ပြီး မြေကြီးပေ

လဲကျသွားသည်။

* * *

အခန်း(၆)

ဝမ်ကျက် သတိလှစ်ကာ မေ့မြောနေသည်။

အေးမြသော ရေများ မျက်နှာပေါ်သို့ ကျလာသည့်အတွက်

ဝမ်ကျက် သတိပြန်ရလာသည်။

ဝမ်ကျက် မျက်စိဖွင့်ကြည့်လိုက်သည်။

သူ ပထမဆုံး တွေ့သည်မှာ သူအိပ်နေရာအနီးပါ တည့်

တည့်တွင် ရှိသော ဖန်မီးအိမ် ဖြစ်သည်။

သူအိပ်နေရသော အိပ်ရာမှာလည်း အတော်ပင် သေသပ်

သည်။

အိပ်ရာဘေးတွင်တော့ ဝတ်စုံနက်များဝတ်ထားသည့် မိန်း

ပျို(၄)ယောက် ဓားရှည်ကိုယ်စီကိုင်ကာ ရပ်နေကြသည်။

ဝမ်ကျက်နှင့် ဘုရားကျောင်းပျက်တွင် ဆုံခဲ့ဖူးသည့် ပုလဲ
နက် မိန်းမပျို(၄)ဦးတို့၏ ဝတ်စားပုံနှင့် ဆင်တူဖြစ်သည်။

ဤမိန်းကလေးများမှာ စစ်တုရင်ဧကရီက စစ်တုရင်အဖြစ် အသုံးချနေသော ပုလဲနက်မိန်းမပျိုများ ဖြစ်ကြကြောင်း ဝမ်ကျက် နားလည်လိုက်သည်။

"ခင်ဗျားတို့က ပုလဲနက်မိန်းမပျိုတွေ မဟုတ်လား၊ အမှတ်စဉ် ဘယ်လောက်တွေလဲ"

ဝမ်ကျက်က မေးလိုက်သည်။

"ကျွန်မက ပုလဲနက်နှစ်၊ သူတို့တွေက ပုလဲနက် သုံး လေးနဲ့ ငါး"

ဝမ်ကျက်၏ ဘယ်ဘက်နားတွင် ရပ်နေသည့် မိန်းမပျိုက ပြန်အဖြေပေးသည်။

ဝမ်ကျက်သည် လဲလျောင်းလျက်သား ရှိနေရာမှ ထထိုင်ရန် ကြိုးစားသည်။

မရ၊ မည်သို့မျှ လှုပ်ရှား၍ မရ။

ဤအခါတွင်မှ သူ့ကို မလှုပ်ရှားနိုင်အောင် အကြောဖိတ် ထားကြောင်း ဝမ်ကျက် နားလည်ရတော့သည်။

"ကျွန်တော့်ကို ဘာလုပ်ဖို့ ဖမ်းထားကြတာလဲ"

ဝမ်ကျက်က မေးလိုက်သည်။

"ကျွန်မတို့ရဲ့ သခင်မကြီးက မိစ္ဆာလေပွေကျွန်းပေါ်ကို



ကျူးကျော်လာတဲ့လူမှန်ယင် သုတ်သင်ပစ်ရမယ်လို့ စည်းကမ်းချက် မှတ်ထားတယ်၊ ဒီတော့ ရှင့်ကို ဘာလုပ်ဖို့ဆိုတာ နားလည်ရော ပေါ့"

ပုလဲနက်(၂)က ပြန်အဖြေပေးသည်။

"ကျွန်တော် ဒီတစ်ခေါက် မိစ္ဆာလေပွေကျွန်းပေါ်ကို ရောက် လာတာဟာ ကျွန်တော့်သဘောနဲ့ ကျွန်တော် မဟုတ်ပါဘူး၊ ဟိုလား မားအိုနှစ်ယောက်က ကျွန်တော့်ကို အတင်းခေါ်လာတာပါ"

"ဘယ်လိုနည်းနဲ့ပဲ ရောက်လာရောက်လာ မိစ္ဆာလေပွေ ကျွန်းပေါ်ကို ရောက်လာတယ်ဆိုယင် အသုတ်သင်ခံရမှာပဲ"

"ဒါကတော့ မတရားပါဘူး၊ ဟိုလားမားအိုနှစ်ယောက်ကို ကော ဘာကြောင့် မသုတ်သင်တာလဲ၊ သူတို့ကိုကော ဘာကြောင့် ဖမ်းမထားတာလဲ"

"အဲဒီ လားမားအိုနှစ်ယောက် ကိစ္စကို စစ်တုရင်ဧကရာဇ်က ကြည့်ရှင်းလိမ့်မယ်၊ ကျွန်မတို့နဲ့ မဆိုင်ဘူး"

"ဟာ..ဒီလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ၊ ဖမ်းပြီး သုတ်သင်မယ် ဆိုယင် အားလုံးကို လုပ်ရမှာပေါ့"

"အဲဒီ လားမားအိုနှစ်ယောက်လဲ ထိုက်သင့်တဲ့ အပြစ်ဒဏ် ခံရကြမှာပါပဲ၊ ရှင် ဘာမှ မနာလိုဝန်တို ဖြစ်မနေပါနဲ့"

"ခင်ဗျားတို့က ကျွန်တော့်ကို ဘယ်တော့ စီရင်သုတ်သင် ကြမှာလဲ"

"အခု ကျွန်မတို့ရဲ့ သခင်မကြီး အနားယူအိပ်စက်နေတယ်၊ သူအိပ်ရာက နိုးလာပြီး အမိန့်ချမှတ်တာနဲ့ ရှင်သေရမှာပဲ"

"ပိုင်ရင်ဟုန်ဆိုတဲ့မိန်းကလေးကိုကော ခင်ဗျားတို့ ဖမ်းထားကြသလား"

"ဟင့်အင်း၊ ဖမ်းမထားပါဘူး"

"အင်း၊ တော်ပါသေးရဲ့၊ ဒါနဲ့ ငွေပန်းဖြူနဲ့ ငွေပန်းနက်တို့ ညီအစ်ကော ဘယ်ရောက်နေလဲ"

"သူတို့နှစ်ယောက် အဆင့်မြင့်သိုင်းပညာတွေကို တိုက်ပိတ်ပြီး လေ့ကျင့်နေကြတယ်၊ နောက်သုံးလကြာမှ သူတို့ရဲ့ လေ့ကျင့်မှု ပြီးမယ်"

"ခင်ဗျားတို့တတွေ ဘာကြောင့်များ အသက်အန္တရာယ်ရှိတဲ့ စစ်တုရင်ရုပ်အဖြစ် အသုံးချခံနေကြရတာလဲ"

"ဒီအကြောင်းကို ပြောမပြနိုင်ဘူး"

"ကျွန်တော်ဟာ မကြာခင် သေရတော့မယ့်လူပါ၊ ကျွန်တော့်ကို ပြောပြလိုက်လို့ ဘာမှအကြောင်းမထူးပါဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် ပြောမပြနိုင်ဘူး"

"ခင်ဗျားတို့ဟာ အသက်လဲငယ်တယ်၊ ရုပ်ရည်လဲ ချောမောကြတယ်၊ ဒါနဲ့များတောင် ဟောဒီမြေအောက်မှာ အချိန်ကုန်ခံပြီး အသက်အန္တရာယ် အပြည့်ရှိနေတဲ့ စစ်တုရင်ရုပ်အဖြစ် အသုံးချခံနေကြတယ်၊ သိပ်ကို အံ့သြဖို့ ကောင်းတာပဲ"



ထိုအခိုက်တွင် ခေါင်းလောင်းထိုးသံ(၃)ချက် ရုတ်တရက် ါလာသည်။

ခေါင်းလောင်းသံမှာ အလွန်ပင် သာယာသည်။

ခေါင်းလောင်းသံကို ကြားလိုက်ရသည်နှင့် ပုလဲနက်မိန်းမ (၄)ယောက်မှာ ချက်ချင်းပင် အလွန်ရိုသေလေးစားသည့် အသွင် း ဖြစ်သွားကြသည်။

မိန်းကလေးများ၏ အမူအရာကို ကြည့်ပြီး စစ်တုရင်ဧကရီ ရောက်လာလေပြီလားဟု ဝမ်ကျုက် စိတ်ထဲဝယ် ထင်လိုက်မိ သည်။

သို့သော် အခန်းထဲသို့ မည်သူမျှ ဝင်ရောက်မလာ။

ပုလဲနက်(၂)ကသာ ဝမ်ကျုက်၏အကြောပိတ်ခံရ၍ ပျော့ ခွေနေသော ကိုယ်ခန္ဓာကို ကောက်၍ ထမ်းလိုက်သည်။

"ဟေ့ ဒါက ဘာလုပ်တာလဲ"

ဝမ်ကျုက်က အလန့်တကြား မေးသည်။

"သခင်မကြီးက ရှင့်ကို ချက်ချင်းသုတ်သင်ဖို့ အမိန့်ချမှတ် လိုက်ပြီ၊ ရှင့်ကို စီရင်သုတ်သင်မယ့် နေရာကို ပို့ပေးမလို့"

ပုလဲနက်(၂)က ပြန်ဖြေသည်။

ဤအခါတွင်မှ စောစောက ခေါင်းလောင်းတီးသံ(၃)ချက်မှာ စစ်တုရင်ဧကရီ၏ အချက်ပြ အမိန့်ပေးမှု ဖြစ်ကြောင်း ဝမ်ကျုက် ားလည်ရတော့သည်။

ပုလဲနက်(၂)က ဝမ်ကျက်ကို ထမ်းပြီး အခန်းပြင်သို့ ထွက်လာခဲ့သည်။

ကျန်ပုလဲနက်မိန်းမပျို(၃)ယောက်က နောက်မှ လိုက်လာကြသည်။

အခန်းမှ ထွက်လိုက်သောအခါတွင် မြေအောက်ဥမင်လမ်းတစ်ခုထဲသို့ ရောက်လာသည်။

မြေအောက်ဥမင်လမ်းမှာ အတော်ပင် ရှည်လျားသည်။

ခြေလှမ်းတစ်ရာခန့် လျှောက်လာကြပြီးနောက် ပိတ်ထားသော တံခါးကို ပုလဲနက်(၂)က တံခါးကို ခပ်သာသာ (၃)ချက်ခေါက်လိုက်ရာ ပိတ်နေသောတံခါး ပွင့်သွားသည်။

ထိုတံခါးကို ဖြတ်ကျော်ဝင်ရောက်လိုက်သောအခါ ကျယ်ပြန့်သော လိုဏ်ဂူတစ်ခုထဲသို့ ရောက်လာသည်။

လိုဏ်ဂူတွင် မီးအိမ်များ နေရာအနှံ့ ချိတ်ဆွဲထားသောကြောင့် လင်းလင်းချင်းချင်း ရှိနေသည်။

လိုဏ်ဂူမှာ အတော်ပင် ကြီးသည်။

လိုဏ်ဂူ၏အလယ်ဗဟိုတွင် စမ်းချောင်းလေးတစ်ခု ရှိနေသည်။

ယခင်တစ်ကြိမ် ဤစမ်းချောင်းလေးမှ နေ၍ အပြင်ဘက်သို့ ရေငုပ်ကာ ထွက်ခဲ့ရပုံကို ဝမ်ကျက် သတိရမိသည်။

စမ်းချောင်းလေး၏ ဘေးနားဝယ် အမျိုးသမီးတစ်ယောက်



ရပ်နေသည်။

အရပ်အမောင်း မြင့်မားပြီး ကိုယ်ကာယကြံ့ခိုင်ထွားကျိုင်းလှသည်။ အမျိုးသမီးနှင့်ပင် မတူ။

ထိုအမျိုးသမီးသည် ကျားသစ်ရေဝတ်စုံကိုဝတ်ပြီး ညာလက်တွင် ကြီးမားတောက်ပြောင်သော ဓားကြီးတစ်လက် ကိုင်ထားသည်။

ကြည့်လိုက်သည်နှင့် လက်မရွံ့ အာဏာ ပါးကွက် သမဖြစ်ကြောင်း သိသာနိုင်သည်။

"ယူးဝါ၊ ဒီလူကို သခင်မကြီးက သေဒဏ်ချလိုက်တယ်"

ပုလဲနက်(၂)က ကျားသစ်ရေဝတ်စုံဝတ် အမျိုးသမီးကို လှမ်းပြောသည်။

"ကောင်းပြီ၊ သူ့ကို မြေပြင်မှာ ဒူးထောက်ခိုင်းလိုက်ပါ"

ယူးဝါးဟု အခေါ်ခံရသော အမျိုးသမီးက ပြန်ပြောသည်။

ယူးဝါး စကားကြောင့် ဝမ်ကျက် အတော်ပင် ဒေါသ ဖြစ်သွားရသည်။

"ကျွန်တော့်မှာ ဘာပြစ်ချက်မှမရှိဘူး၊ ဒူးထောက်ပြီး အသတ်မခံနိုင်ဘူး"

ဝမ်ကျက်က လေသံမာမာဖြင့် ပြောလိုက်သည်။

"ဒါဖြင့် ရှင်က မတ်တတ်ရပ်လျက် ခေါင်းအဖြတ်ခံချင်သလား"

ယူးဝါးက ပြန်မေးသည်။

"ဟုတ်တယ်၊ သေချင်းသေယင် ခေါင်းမတ်မတ်ထားပြီး အသေခံမယ်"

"ဒါဆိုယင်လဲ ဖြစ်ပါတယ်၊ ဒူးထောက်ထောက် မတ်တတ်ရပ်နေနေ ကျွန်မအဖို့ မထူးပါဘူး၊ ဓားတစ်ချက် ဝင့်ပြီး ခုတ်ဖြတ်လိုက်ရုံပါပဲ၊ ကဲ.. ရှင်မတ်တတ်ရပ်လိုက်လေ"

"ကျွန်တော့်ကို သွေးကြောပိတ်ထားကြတယ်၊ ကျွန်တော်မတ်တတ်ရပ်လို့ မရနိုင်ဘူး"

"ဒါဆိုယင် ဘယ်လိုလုပ်မှာလဲ၊ ကျွန်မက ရှင့်ကို လက်တစ်ဘက်နဲ့ မတ်တတ်ရပ်လျက် ဖြစ်အောင် ကိုင်ထားပြီး အခြားလက်နဲ့ ရှင့်ကို ခုတ်ဖြတ်လို့တော့ မရနိုင်ဘူး"

"ကျွန်တော့်ကို မတ်တတ်ရပ်လျက် ဖြစ်အောင် သူတို့ကို အလုပ်ခိုင်းပေးပါ"

"ဟာ..ဒါတော့ မဖြစ်နိုင်ဘူး၊ သူတို့က ကျွန်မထက် ရာထူးပိုကြီးတယ်၊ သူတို့ကို ကျွန်မအနေနဲ့ မခိုင်းနိုင်ဘူး"

ဤတွင် ဝမ်ကျက်က ပုလဲနက်မိန်းမပျိုများကို ပြောဆိုမေတ္တာရပ်ခံရတော့သည်။

"ကဲ..ခင်ဗျားတို့ ကောင်းမှုကုသိုလ်လုပ်တဲ့ အနေနဲ့ ကျွန်တော့်ကို မတ်တတ်ရပ်လျက် ဖြစ်အောင် လုပ်ပေးကြပါလား"

"ရှင်က သေတာတောင်မှ အနေအထား ရွေးနေသေးတာ



ကို၊ ကောင်းပါပြီ၊ ရှင်နဲ့ ငွေပန်းဖြူ ငွေပန်းနက်တို့ သိကျွမ်းကြတာကိုထောက်ထားပြီး ရှင့်ဆန္ဒကို ကျွန်မဖြည့်စွမ်းပေးပါ့မယ်"

ပုလဲနက်(၂)က ဤသို့ ပြောပြီးနောက် ဝမ်ကျက်ကို မတ်တတ်ရပ်လျက်သား ဖြစ်အောင် ဖေးမထိန်းကိုင်ပေးလိုက်သည်။

ဤသို့ ပုလဲနက်(၂)က ဖေးမထိန်းကိုင်ပေးလိုက်သည်နှင့် ယူးဝါးက ချက်ချင်းပင် ဓားကြီးကို ဝင့်ကာ ဝမ်ကျက်၏ လည်ပင်းကို ခုတ်ပိုင်းလိုက်သည်။

ဝမ်ကျက်၏လည်ပင်းကို ယူးဝါးက ဓားဖြင့် ခုတ်ပိုင်းလိုက်သည်။

ဓားသွားက ဝမ်ကျက်၏လည်မျိုကို ခုတ်မိရန် တစ်လက်မခန့် အလိုဝယ် အရှိန်ပြင်းစွာ လွင့်ပျံဝင်ရောက်လာသော ကျောက်ခဲတစ်ခုက ဓားသွားကို လာရောက်ထိမှန်သည်။

ကျောက်ခဲမှာ သေးငယ်သော်လည်း လွင့်ပျံဝင်ရောက်လာသည့် အားအဟုန်ကမူ အလွန်ပင် ပြင်းထန်သည်။

ကျောက်ခဲဖြင့် အထိခံရသည့်အတွက် ဓားသွားမှာ ဘေးသို့လွဲချော်တိမ်းစောင်း ထွက်သွားသည်။

ဝမ်ကျက်၏လည်ပင်းကို မခုတ်မိတော့။

ယူးဝါးမှာလည်း ဟန်ချက်ပျက်ကာ ယိမ်းယိုင်သွားရာ နောက်သို့ ခြေ ၃ လှမ်းဆုတ်ပြီး ကိုယ်ဟန်ကို ထိန်းလိုက်ရသည်။

ဘေးတွင် ရပ်နေသော ပုလဲနက်မိန်းမပျို ၃ ယောက်တို့က တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။

ဝမ်ကျက်ကို ဖေးမထိန်းကိုင်ပေးသော ပုလဲနက်(၂)ကလည်း အသာနောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

"ဘယ်သူလဲ"

ပုလဲနက်(၂)က လှမ်းမေးသည်။

အသံမှာ မသိမသာ တုန်ယင်နေသည်။

ထိတ်လန့်ကြောက်နေဟန်ရှိကြောင်း ဝမ်ကျက် အကဲခတ်



လိုက်သည်။

"ကျုပ်ပဲ"

ခြေသံနှင့်အတူ လူတစ်ယောက် စမ်းချောင်း၏ တစ်ဘက်မ်းဝယ် ပေါ်လာသည်။

စစ်တုရင်ဧကရာဇ်ပင် ဖြစ်သည်။

စစ်တုရင်ဧကရာဇ်သည် ဝတ်စုံဖြူကိုပင် ဝတ်ထားသည်။ သို့သော် မျက်နှာပေါ်တွင်မူ မျက်နှာဖုံးတပ်ဆင်မထားဘူ။

"သခင်မကြီးရဲ့ အမိန့်အရ ကျွန်မတို့က အပြစ်ဒဏ်ပေးကြသို့ပါ"

ပုလဲနက်(၂)က စစ်တုရင်ဧကရာဇ်ကို ပြောလိုက်သည်။

ဝမ်ကျက်ကို မကာ နောက်သို့ ခြေနှစ်လှမ်း ထပ်ဆုတ်လိုက်သည်။

ကျန်ပုလဲနက် မိန်းကလေး(၃)ယောက်က ရှေ့မှ အသာသီး ကာကွယ်ပေးထားကြသည်။

ယူးဝါးကမူ သူနှင့် မဆိုင်သလို ဓားကို မြေကြီးပေါ်ထောက် အသာရပ်ကြည့်နေသည်။

"ကျုပ်သိပါတယ်၊ ဒါပေမယ့် အပြစ်ပေး စီရင်တာကိုတော့ဆိုင်းထားကြပါ၊ မင်းတို့ သခင်မကြီးကို ကျုပ် သွားတွေ့ပြီးားပြောလိုက်ပါအုံးမယ်"

"ဖြစ်ပါတယ်၊ အရင်တစ်ခါတုန်းက လူကယ်ဖို့အတွက် ပ
ညာလက်မောင်း ဆုံးရှုံးခဲ့ရတယ်၊ အခုတစ်ခါ ကျန်နေသေးတဲ့ ဘ
လက်မောင်း အဆုံးခံအုံးမလို့လား"

"လက်မောင်းတစ်ဘက်နဲ့ လူအသက် လဲလှယ်တာ တ
တယ်လေ"

"ဒါပေမယ့် ကျန်နေသေးတဲ့ လက်မောင်းတစ်ဘက်ပါ
ရှုံးသွားယင် ရှင့်အဖို့ ဘဝဆုံးတော့မှာ မဟုတ်လား၊ ဘာများ က
တော့မှာလဲ"

"ဒီလိုလဲ မဟုတ်သေးပါဘူးလေ၊ မင်းတို့ သခင်မကြီး
ကျုပ်သွားတွေ့မယ်၊ ကျုပ်ပြန်မလာမချင်း သူ့ကို ဘာမှ မလုပ်
နဲ့"


စစ်တုရင်ကေရာဇ်က ဤသို့ပြောပြီး စမ်းချောင်းလေး
ခုန်ကူးလာသည်။

ထို့နောက် ဝမ်ကျက်တို့ ထွက်လာခဲ့ကြသော လိုဏ်
ပေါက်ထဲသို့ ဝင်ရောက်သွားသည်။

စာစဉ်(၃) ပြီး၏။

စာစဉ်(၄)ဓာတ်သိမ်းဗွင် ဆက်လက်ဖတ်ရှုပါရန်။


ဘုန်းကြွယ်
ချင်းဟုန်၏ချန်းကျန်ကျောက်ဟန်ရန်
မိစ္ဆာလေပွေ


ဘုန်းကြွယ်
ချင်းဟုန်၏ချန်းကျန်ကျောက်ဟန်ရန်
မိစ္ဆာလေပွေ
စာစဉ် ၄
ဇာတ်သိမ်း

ဘုန်းကြွယ်

# မိစ္ဆာလေပွေ အန္တရာယ်

စာစဥ် ( ၄ ) ဇာတ်သိမ်း

စာမူခွင့်ပြုချက် - ၅၀၀၃၇၇၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၄၁၀၀၄၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ(၅၀၀)
တန်ဖိုး ၁၀၀/-ကျပ်။

ထုတ်ဝေသူ
ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
အမှတ်(၁၁၁)၊ (၃၃)လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
9 (H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံး ပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## အခန်း(၁)

အလွှန်ခမ်းနားထည်ဝါစွာ ပြင်ဆင်ထားသော မြေအောက်ခန်းတစ်ခု။

ရုတ်တရက်ကြည့်လျှင် မြေအောက်ခန်းဟုပင် မထင်နိုင်။ နန်းဆောင်တစ်ခုလားဟုပင် ထင်မှတ်မှားရသည်။

အခန်းအလယ်နားတွင် ရှိသော ကျားသစ်ရေဖုံး ထိုင်ခုံကြီးတစ်ခုပေါ်တွင် စစ်တုရင်ဧကရီသည် မိဖုရားတစ်ပါး၏ အသွင်မျိုးဖြင့် ခန့်ထည်စွာ ထိုင်နေသည်။

ထိုင်ခုံကြီး၏ ရှေ့နားဝယ် အနက်ရောင်ဝတ်စုံများ ဝတ်ထားသည့် မိန်းမပျိုလေး(၃)ယောက် ရှိနေသည်။

စစ်တုရင်ကေရီ၏ခေါင်းမှ ဆံပင်အားလုံး ဖြူဖွေးနေသည်။ သို့သော် မျက်နှာမှာမူ အိုစာပုံ မရသေး။

မျက်လုံးများကလဲ အရည်လဲ့ကာ ညို့မြူနိုင်သည့် စွမ်းအား ရှိနေသေးသည်။

အနက်ရောင်ဝတ်စုံဝတ်ထားသည့် မိန်းမပျိုလေးတစ်ယောက် အခန်းတွင်းသို့ အသာဝင်ရောက်လာပြီး စစ်တုရင်ကေရီကို ဦးညွှတ်အရိုအသေပေးသည်။

"ဘာကိစ္စ ရှိလို့လဲ"

စစ်တုရင်ကေရီက မေးလိုက်သည်။

"စစ်တုရင်ကေရာဇ်က သခင်မကြီးကို တွေ့ချင်လို့ ရောက်ရှိနေပါတယ်"

မိန်းမပျိုက ပြန်ပြောသည်။

"ကောင်းပြီ သူ့ကို ဝင်ခွင့်ပေးလိုက်"

အနက်ရောင်ဝတ်စုံဝတ် မိန်းမပျို အရိုအသေပေးပြီး အခန်းထဲမှ ပြန်ထွက်သွားသည်။

ခဏအကြာဝယ် စစ်တုရင်ကေရာဇ် အခန်းထဲသို့ လျှောက်လှမ်းဝင်ရောက်လာသည်။

"ဆရာကတော်ကို တပည့်ကြီးက ဂါရဝပြုပါတယ်"

စစ်တုရင်ကေရာဇ်က ဤသို့ ပြောပြီးနောက် စစ်တုရင် ကေရီကို ဦးညွှတ်အရိုအသေပေးသည်။

ဆရာကတော်ဟုခေါ်ကာ သူ့ကိုယ်သူ တပည့်ကြီးဟု သုံးနှုန်းသော်လည်း စစ်တုရင်ကေရာဇ်၏ အသွင်အပြင်မှာ လေးလေးစားစား မရှိပေ။

"ပြောစရာရှိတာကို ပြောစမ်း"

စစ်တုရင်ကေရီက စစ်တုရင်ကေရာဇ်ကို မနှစ်မြို့သည့် အသွင်ဖြင့် မျက်မှောင်ကြုတ်ကာ ကြည့်ပြီးမေးသည်။

"ကျွန်းပေါ်ကို လားမားအိုနှစ်ယောက် ရောက်လာပါတယ်၊ ဂုတစမ်းကိုနဲ့ မာစုကိုတို့နှစ်ယောက်ပါ၊ သူတို့နှစ်ယောက်စလုံးကို ကျွန်တော်က ဒဏ်ရာအနာတစ်ခု ဖြစ်အောင် တိုက်ခိုက်ဆုံးမပြီး ကျွန်းပေါ်က နှင်ထုတ်လိုက်ပါပြီ"

"အင်း...ဟုတ်ပြီ၊ အဲဒါ ဘာဖြစ်သလဲ၊ ဒါက မင်းလုပ်ရမယ့် ဝတ္တရားပဲ"

"အခြေအနေ ကြည့်ရတာ ဝတ်စုံနီလားမားဂိုဏ်းက လားမားတွေ တစ်သုတ်ပြီးတစ်သုတ် ဒီကျွန်းကို ရောက်လာလိမ့်မယ်လို့ ထင်ရပါတယ်"

"သူတို့တွေ ကျုပ်တို့ကို လိုက်ရှာနေကြတာ နှစ်ပေါင်းသုံးဆယ်လောက်တောင် ရှိနေပြီ၊ နေရာလဲ အတော်နဲ့နေမှာပဲ၊ နောက်ဆုံးတော့ တစ်နေ့မဟုတ်တစ်နေ့ ဒီနေရာကို ရှာတွေ့သွားမှာ ကျုပ်

သိထားပါတယ်"

"ဆရာကတော် ဘာမှ မစိုးရိမ်ပါနဲ့၊ သူတို့ကို ကျွန်တော် ခုခံတားဆီးပေးပါ့မယ်"

"မင်းတတ်နိုင်ပါ့မလား၊ ဦးစီးလားမားကြီးနဲ့ ချင်ဝါစဉ်က လားမားတွေ ရောက်လာယင်တော့ မင်းတားဆီးနိုင်မယ် မထင်ဘူး"

"ကျွန်တော်ယှဉ်နိုင်ပါလိမ့်မယ်"

"စကားကို အကုန်မပြောနဲ့၊ ကျုပ်က ဝတ်ရုံနီလားမားဂိုဏ်း အကြောင်း ကောင်းကောင်းသိတယ်၊ ဦးစီးလားမားကြီးနဲ့ ချင်ဝါစဉ် က လားမားတွေဟာ သိုင်းပညာ သိပ်ကောင်းတယ်၊ အံ့မခန်းနိုင်တဲ့ အတွင်းအားတွေလဲ ရှိတယ်"

"ကျွန်တော်တို့ကလဲ အလကားနေကြတာ မဟုတ်ပါဘူး၊ စစ်တုရင်သိုင်းပညာရပ်ကို နှစ်ပေါင်းသုံးလေးဆယ်ကြာအောင် လေ့ ကျင့်ထားကြတာဆိုတော့ သူတို့တတွေ အုပ်စုဖွဲ့ပြီး အင်ကြီးအားကြီး ရောက်မလာယင်တော့ ကောင်းကောင်းရင်ဆိုင်နိုင်ပါလိမ့်မယ်"

"အေးလေ၊ ဒါတွေ ထားလိုက်ပါတော့၊ မင်းက ကျုပ်ကို တကယ်ပဲ ဆက်အသက်ရှင်နေစေချင်ရဲ့လား"

"ဆရာကတော်ကို လုံခြုံမှုရှိအောင် ကာကွယ်စောင့်ရှောက် ပေးရမှာက ကျွန်တော့်ဝတ္တရားပါ၊ ဆရာ မကွယ်လွန်မီမှာ..."

စစ်တုရင်ကေရာဇ်သည် စကားကို ဆုံးအောင် မပြော။



တစ်ဝက်တစ်ပျက်နှင့် ရပ်လိုက်သည်။

စကားမလွှန်ခင် ရပ်လိုက်ခြင်း ဖြစ်သော်လည်း စစ်တုရင် ကေရီ၏မျက်နှာပေါ်တွင် ဒေါသဖြစ်ခြင်းနှင့် ဝမ်းနည်းခြင်း အရိပ်အ ယွင်များ ချက်ချင်းပေါ်လာသည်။

"တောက်...ဒီအဘိုးကြီးဟာ သိပ်ကို အစီအစဉ်ကောင်း တယ်၊ တကယ်လို့ သူကသာ ဒီစည်းကမ်းကို ချမှတ်မထားခဲ့ယင် ကျုပ်အဖို့ အစောကြီးကတည်းက...၊ တောက်၊ သူ့အကြောင်း စဉ်းစား မိလေ ဒေါသဖြစ်လေပဲ"

စစ်တုရင်ကေရီက ကြိတ်မနိုင် ခဲမရ ပြောသည်။

"ဆရာကတော်ဟာ ဆရာ့အပေါ် တကယ်ပဲ ချစ်ခင်မြတ် နိုးတယ်ဆိုယင် သူမှာကြားခဲ့တဲ့ စကားကို လိုက်နာသင့်ပါတယ်"

စစ်တုရင်ကေရာဇ်က ပြောသည်။

"သူ့အပေါ်မှာ ထားခဲ့တဲ့ ကျုပ်ရဲ့မေတ္တာနဲ့ မြတ်နိုးမှုတွေ ဟာ ကမ္ဘာတည်သရွေ့ တည်ရှိနေမှာပါပဲ၊ ဘယ်တော့မှ မလျော့ပါး၊ မပျောက်ကွယ်ပါဘူး၊ ဒါပေမယ့် အခု ဝတ်ရုံနီလားမားဂိုဏ်းက ကျုပ် တို့ကို ခြေရာခံမိသွားကြပြီဆိုတော့ ဒီမှာ နေရတာ လုံခြုံမှု မရှိတော့ ဘူး၊ ဒီတော့ သူချမှတ်ထားတဲ့ စည်းမျဉ်းကို ပယ်ဖျက်ပြီး ကျုပ်ကို ဒီနေရာကနေ ထွက်သွားခွင့်ပေးပါတော့"

"ဝမ်းနည်းပါတယ်၊ ဒါကိုတော့ ခွင့်မပြုနိုင်ပါဘူး၊ ကျွန်တော့်

အသက်နဲ့ ခန္ဓာကိုယ်မြဲနေသရွေ့ ဆရာချမှတ်ထားရစ်ခဲ့တဲ့ စည်းမျဉ်းကို ထိန်းသိမ်းရပါလိမ့်မယ်၊ ဒီလို လုပ်ပါ့မယ်လို့လဲ ဆရာ့ရှေ့မှောက်မှာ ကျွန်တော် အခိုင်အမာ ကတိပြုခဲ့တာ ဆရာကတော် သိပါတယ်"

"သွား...သွား... မင်းထွက်သွားတော့၊ မင်းကို မြင်ယင် ကျုပ်ပိုဒေါသထွက်တယ်"

စစ်တုရင်ဧကရီက ဒေါသတကြီး အော်ပြောသည်။

"ဆရာကတော် စိတ်မဆိုးပါနဲ့၊ ကျွန်တော်လာတာဟာ ကိစ္စတစ်ခုအတွက် အရေးဆိုစရာရှိလို့ပါ"

စစ်တုရင်ဧကရာဇ်က ပြောသည်။

"ဘာကိစ္စလဲ"

"ဝမ်ကျက်ကို အဆုံးမစီရင်ပါနဲ့၊ သူ့ကို ချမ်းသာပေးလိုက်ပါ"

"ဘာဖြစ်လို့ သူ့ကို ချမ်းသာပေးရမှာလဲ"

"သူဟာ ရဲရင့်တည်ကြည်ပြီး စိတ်ထားသိပ်ကို ဖြောင့်မတ်ကောင်းမွန်တဲ့ သိုင်းလုလင်တစ်ယောက်ပါ၊ တကယ်လို့ သူသာ သေဆုံးသွားရယင် သိုင်းလောကအဖို့ အကြီးအကျယ် ဆုံးရှုံးနစ်နာပါလိမ့်မယ်၊ ပြီးတော့ သူ ဒီကျွန်းပေါ်ကို ရောက်လာရတာဟာလဲ သူ့သဘောနဲ့သူ ရောက်လာတာ မဟုတ်ပါဘူး၊ ဟိုလားမားအိုနှစ်ယောက်က အတင်းခေါ်လာခဲ့တာပါ"



"ဒီအကြောင်းလောက်တင်ပဲလား"

"ဒါအပြင် နောက်ထပ် အကြောင်းရင်းတစ်ခု ရှိပါသေးတယ်၊ သူဟာ ကျွန်တော့်သမီးနဲ့ ရင်းနှီးခင်မင်ပါတယ်၊ ပြီးတော့ ကျွန်တော့်သမီးက သူ့အပေါ် မေတ္တာရှိနေသလိုပါပဲ၊ တကယ်လို့ သူနဲ့ ကျွန်တော့်သမီး လက်ဆက်နိုင်ကြယင် ကျွန်တော့်အဖို့ သမီးအတွက် နောင်ရေးစိတ်အေးရမှာပါ"

"ဝမ်ကျက်ကို ချမ်းသာပေးစေချင်ယင် တန်ရာတန်ကြေးတော့ ပေးရလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျွန်တော့် ဘယ်လက်မောင်းကို အဖြတ်ခံဖို့ အသင့်ပါ"

"ဝတ်ရုံနီဂိုဏ်းက အဆင့်မြင့်သိုင်းသမားတွေ မကြာခင် ဒီကို ရောက်လာကြတော့မယ်၊ မင်းကို လက်နှစ်ဘက်စလုံး ပြတ်အောင် လုပ်လိုက်ယင် သူတို့ကို ဘယ်လိုလုပ်ရင်ဆိုင်နိုင်မှာလဲ၊ ကျုပ်ကို ဘယ်သူက လာပြီး ကာကွယ်စောင့်ရှောက်ပေးမှာတဲ့"

"လက်နှစ်ဘက်စလုံး မရှိပေမယ့် ဆရာကတော်ကို ကျွန်တော် ကာကွယ်စောင့်ရှောက်ပေးနိုင်ပါတယ်"

"မဖြစ်နိုင်တာတွေ ပြောမနေနဲ့၊ မင်းရဲ့ လက်မောင်းတစ်ဘက် ဖြတ်ပေးတာကို ကျုပ် မလိုချင်ဘူး"

"ဒါဖြင့် ဆရာကတော် လိုချင်တာကို ပြောပါ၊ ကျွန်တော်

တတ်နိုင်တဲ့ ကိစ္စဆိုယင် ဘာမဆို လိုက်လျှောပါ့မယ်၊ ဝမ်ကျက်ကို
သာ ချမ်းသာပေးပါ"

"မင်းစကားတည်ရမယ်နော်"

"တည်ပါတယ်"

"ကောင်းပြီ၊ နောင်နှစ်ခါ သုံးလပိုင်းမှာ မင်းနဲ့ ကျုပ်နဲ့ စစ်
တုရင် ယှဉ်ကစားကြတဲ့အခါကျယင် ကျုပ်ကို ရထားတစ်လုံး အသာ
ပေးရမယ်"

"ဟင်...ရထားတစ်လုံး အသာပေးရမယ် ဟုတ်လား"

စစ်တုရင်ကေရာဇ်က တအံ့တသြ ပြန်မေးသည်။

"ဟုတ်တယ်၊ ဒါဟာ မင်းအနေနဲ့ လိုက်လျှောလို့ ဖြစ်နိုင်တဲ့
တောင်းဆိုချက် မဟုတ်လား၊ မင်းနဲ့ ကျုပ်နဲ့ နှစ်စဉ်နှစ်တိုင်း စစ်တုရင်
တစ်ပွဲစီ ယှဉ်ထိုးလာခဲ့ကြတာ နှစ်ပေါင်းများစွာ ကြာပြီ၊ အရှုံးအနိုင်
မပေါ်ဘဲ သရေပွဲတွေချည်းပဲ ဖြစ်ခဲ့ရတယ်၊ ဒီစစ်တုရင်ထိုးပွဲကို လာ
မယ့်နှစ်မှာတော့ အပြီးသတ်ဖို့ သင့်ပြီ"

"ရထားတစ်လုံး အသာပေးရယင် ကျွန်တော်ရှုံးမှာ သေချာ
နေပြီ၊ စစ်တုရင်ပွဲ အနိုင်ရပြီးယင် ဆရာကတော်က ဘာဆက်လုပ်
မယ် စိတ်ကူးထားသလဲ"

"ဒီမေးခွန်းကို မေးစရာ မလိုဘူးလို့ ကျုပ်ထင်တယ်"

စစ်တုရင်ကေရာဇ်က သက်ပြင်းလေးလေးကြီးတစ်ချက်ချ



လိုက်လေသည်။

"ကောင်းပါပြီ၊ ဆရာကတော် တောင်းဆိုတာကို ကျွန်တော်
လိုက်လျှောပါ့မယ်"

စစ်တုရင်ကေရာဇ်က ဤသို့ပြောပြီး စစ်တုရင်ကေရီကို
ဦးညွှတ်အရိုအသေပေးကာ အခန်းထဲမှ ထွက်သွားသည်။

အနက်ရောင်ဝတ်စုံဝတ် မိန်းမပျိုတစ်ယောက် စစ်တုရင်
ကေရာဇ်၏နောက်သို့ လိုက်သွားသည်။

စမ်းချောင်းလေးဘေးနားရှိ ဝမ်ကျက်တို့ ရှိနေသော နေရာ သို့ စစ်တုရင်ကေရာဇ် ပြန်ရောက်လာသည်။

သူ့နောက်ဝယ် ဝတ်စုံနက်ဝတ် မိန်းမပျိုလေးတစ်ယောက် ပါရှိလာသည်။

"သခင်မကြီးက ဝမ်ကျက်ကို ချမ်းသာပေးဖို့ အမိန့်ချလိုက် တယ်၊ သူ့ကို လွှတ်ပေးလိုက်ကြပါတော့"

စစ်တုရင်ကေရာဇ်နောက်မှ လိုက်ပါလာသော မိန်းမပျို ပြောသည်။

ပုလဲနက်(၂)က ဝမ်ကျက်ကို အကြောပြန်ဖွင့်ပေးသည်။

ထို့နောက် မိန်းမပျိုအားလုံး နောက်ကြောင်းပြန်လှည့်က ဥမင်လမ်းပေါက်ထဲသို့ ဝင်ရောက်သွားကြသည်။

စစ်တုရင်ကေရာဇ်က ဝမ်ကျက်ကို ခေါင်းတစ်ချက် ဆတ် ပြီး စမ်းချောင်းလေး၏ တစ်ဘက်ကမ်းသို့ ခုန်ကူးလိုက်သည်။

ဝမ်ကျက်လည်း စစ်တုရင်ကေရာဇ်နည်းတူ ခုန်ကူးလိုက် လာခဲ့သည်။

စစ်တုရင်ကေရာဇ်၏ ကျန်နေသေးသည့် လက်မောင်းတစ် ဘက် မဆုံးရှုံးရဘဲနှင့် မိမိအသက်ချမ်းသာရသည့်အတွက် ဝမ်ကျ မှာ အတော်ဝမ်းသာသွားသည်။

စမ်းချောင်းတစ်ဘက်သို့ ခုန်ကူးပြီးနောက် ဝမ်ကျက်က စ



တုရင်ကေရာဇ်ကို ကျေးဇူးတင်စကားဆိုသည်။

"ကျုပ်ကို ကျေးဇူးတင်ဖို့ မလိုပါဘူး၊ အင်း မင်းရဲ့အသက် ချမ်းသာရာရဖို့အတွက် ကျုပ်အနေနဲ့ ကြီးမားတဲ့ လိုက်လျောမှုကို လုပ်ခဲ့ရတယ်၊ နောက်နှစ်သုံးလပိုင်းကျော်ယင် လူများစွာ ဘေးတွေ့ နိုင်တယ်၊ အဲဒီအန္တရာယ်ကို ဘယ်လိုလုပ် ကာကွယ်ရမယ်မှန်းတောင် မသိတော့ဘူး"

စစ်တုရင်ကေရာဇ်က ခေါင်းကို ခါယမ်းပြီး ပြောသည်။

အလွန်စိတ်ရှုပ်ကာ အားမရ ဖြစ်နေသည့်အသွင်။

"ခင်ဗျားက ဘယ်လိုလိုက်လျောမှုမျိုး လုပ်ခဲ့ရလို့လဲ"

"နောင်နှစ်သုံးလပိုင်းမှာ စစ်တုရင် ယှဉ်ထိုးကြတဲ့အခါ ရထားတစ်လုံး အသာပေးပါ့မယ်လို့ ကျုပ်ကတိပေးခဲ့ရတယ်၊ သူနဲ့ ကျုပ်နဲ့က စစ်တုရင်ပညာမှာ တန်းတူရည်တူလောက် ရှိတယ်၊ နယ်ရုပ်တစ်ရုပ် အသာပေးလို့တောင် မရဘူး၊ အခုတော့ ရထားတစ် လုံး အသာပေးရမယ်ဆိုတော့ အဲဒီပွဲမှာ ကျုပ်အရေးနိမ့်ဖို့ သေချာ နေပြီ၊ ခက်တာပါပဲ"

"စစ်တုရင်တစ်ပွဲ ရှုံးတာ နိုင်တာဟာ ဘာမှ အရေးမဟုတ် ပါဘူး၊ ခင်ဗျား ဒီလောက် ဖြစ်နေပုံထောက်ယင် ခင်ဗျားတို့နှစ် ယောက် စစ်တုရင်နှစ်စဉ် ယှဉ်ပြိုင်ကြတာမှာ လောင်းကြေးအကြီး အကျယ် လုပ်ထားလို့ ဖြစ်ရမယ်၊ ဟုတ်ရဲ့လား"

"ဟုတ်တယ်၊ သိပ်ကိုကြီးလေးတဲ့ လောင်းကြေး ရှိနေတယ်"

"အကြီးဆုံးလောင်းကြေးဟာ အသက် အသေအရှင်ပဲ

ခင်ဗျားနဲ့ စစ်တုရင်ဧကရီတို့က အသက်အသေအရှင် လောင်းကြေ

လုပ်ထားကြသလား"

"ကျုပ်တို့ရဲ့ လောင်းကြေးဟာ အသက်အသေအရှင်ထက်

တောင် ပိုကြီးလေးသေးတယ်"

"အသက်အသေအရှင်ထက် ပိုကြီးလေးတဲ့ လောင်းကြေ

ဟာ ဘာများ ရှိသေးလို့လဲ"

စစ်တုရင်ဧကရာဇ်က ဝမ်ကျက် မေးသည်ကို မဖြေလိုဟန်

ဖြင့် စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ပိုင်ရင်ဟုန် ဒီကျွန်းကို ရောက်လာမယ်လို့ မင်းပြောခဲ့ပေ

မယ့် အခုထက်ထိ ရောက်မလာသေးဘူး၊ ဘာများ ဖြစ်နေလို့လဲ

သူ့စိတ်များ ပြောင်းသွားလို့လား၊ အခြားအကြောင်း တစ်ခုခုများ

ရှိနေလို့လား"

စစ်တုရင်ဧကရာဇ်က ပြောသည်။

"စိတ်ကူးတော့ ပြောင်းမှာ မဟုတ်ဘူး၊ အခြားအကြောင်

ကိစ္စတစ်ခု ရှိနေလို့နဲ့ တူတယ်"

ဝမ်ကျက်က ပြန်ပြောသည်။

"မင်းကို တစ်ခု အကူအညီ တောင်းချင်တယ်"



"ဟုတ်ကဲ့ ပြောပါ"

"တကယ်လို့ မင်း ဒီကျွန်းက ထွက်သွားခဲ့ပြီး ပိုင်ရင်ဟုန်ကို ရှာတွေ့တယ်ဆိုယင် သူ့ကို ဒီကျွန်းပေါ် မလာဖို့ အတတ်နိုင်ဆုံး တားဆီးပါ၊ သူ့အမေ ဖေယွင်ဆီကို အရောက်ပြန်ပို့ပေးပါ"

"ဟုတ်ကဲ့၊ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

"ကျုပ်ဟာ သူ့အဖေ လုံးဝမဟုတ်ဘူးလို့ပဲ ပြောလိုက်ပါ၊ သူယုံချင်ယုံ မယုံချင်လဲနေပေါ့၊ ဒါပေမယ့် မိစ္ဆာလေပွေကျွန်းပေါ်ကို တော့ ဘယ်နည်းနဲ့မှ မလာပါစေနဲ့တော့၊ ဒါနဲ့ မင်းကို ကျုပ်ပေးလိုက်တဲ့ စစ်တုရင်ဓားသိုင်းကို လေ့ကျင့်နေပြီလား၊ ဘယ်လောက်အောင်မြင်ပြီလဲ"

"တစ်ခါ နှစ်ခါလောက်တော့ ကြိုးစားလေ့ကျင့်ပြီးပြီ၊ ဒါပေမယ့် သိပ်အားမရဘူး၊ စိတ်ကို အကြွင်းမဲ့ ရှင်းရှင်းလင်းလင်း ဖြစ်အောင်တောင် လုပ်လို့ မရနိုင်သေးဘူး"

"မင်းဆီက သူသိမ်းယူထားတဲ့ စစ်တုရင်ဓားသိုင်းကျမ်းနဲ့ ဓားတိုလေးကိုလဲ ကျုပ်ပြန်ပေးမယ်၊ စစ်တုရင်ဓားသိုင်းကျမ်းကို အောင်မြင်အောင် ကြိုးစားလေ့ကျင့်ပါ၊ တကယ်လို့ နားမလည်တာတွေ ရှိယင် ပိုင်ရင်ဟုန်ရဲ့ အမေကို မေးမြန်းအကူအညီ တောင်းကြည့်ပေါ့၊ သူက စစ်တုရင်ဓားသိုင်းကို မတတ်ပေမယ့် စစ်တုရင်စိတ်စွမ်းအား လေ့ကျင့်မှုကိုတော့ ကောင်းကောင်းနားလည်တယ်၊ မင်းကို

အကူအညီ ပေးနိုင်လိမ့်မယ်”

ဤသို့ပြောပြီးနောက် စစ်တုရင်ဧကရာဇ်က စစ်တုရင်ဓားသိုင်းကျမ်းနှင့် ဝမ်ကျက်၏ ဓားတိုတို့ကို ထုတ်ပေးသည်။

ဝမ်းကျက်က ကျေးဇူးတင်စကားပြောပြီး ပြန်ယူလိုက်သည်။

“အခုလောလောဆယ်တော့ ဖေယွင်ဆီကို သွားနိုင်အုံးမယ် မထင်ဘူး၊ ကျောက်နန်စင် သေဆုံးရတဲ့ ကိစ္စကို ကျွန်တော် စုံစမ်းဖော်ထုတ်ရအုံးမယ်”

ဝမ်ကျက်က စစ်တုရင်ဓားသိုင်းကျမ်းနှင့် ဓားတိုတို့ကို ယူပြီးနောက်ပြောသည်။

ဤစကားကို ကြားရသောအခါ စစ်တုရင်ဧကရာဇ်၏မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

“ဒီကိစ္စကို မင်း ဝင်မစွက်ဖက်ဘဲနေယင် ကောင်းလိမ့်မယ်”

“ဘာကြောင့်လဲ”

“အကြောင်းရင်းကိုတော့ မမေးပါနဲ့၊ ကျုပ် ရှင်းမပြချင်ဘူး၊ ကျုပ်ကို ယုံကြည်စိတ်ချတယ်ဆိုယင် ကျုပ်ပြောတာကို နားထောင်ပါ၊ အဲဒီကိစ္စမှာ လုံးဝ ဝင်ရောက်မစွက်ဖက်ပါနဲ့တော့”

“ဒါကတော့ မဖြစ်ဘူး၊ ကျောက်ချုံးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကြီးမားတဲ့ မကောင်းမှုတစ်ခုခုကို ကျူးလွန်ခဲ့တာကြောင့်



နေ သူ့သား ဒဏ်ခံရတာပဲလို့ ကျွန်တော်က ယူဆတယ်၊ ဒါပေမယ့် ကျောက်ချုံး ကျူးလွန်ခဲ့တဲ့ မကောင်းမှုအတွက် သူ့သားတွေ ဖြစ်က်မခံထိုက်ပါဘူး၊ အပြစ်ဒဏ်ခံခြင်းခံယင် ကျောက်ချုံးပဲ ခံသင့်ပါယ်”

“အင်း...တယ်လဲ ခက်ပါလား၊ ဒီမယ် ဝမ်ကျက်၊ မင်းဟာ မှန်တရားဘက် ရပ်တည်ပြီး အများအကျိုး ဆောင်ရွက်တတ်မှန်း ျုပ်သိပါတယ်၊ ဒါပေမယ့် လောကမှာ မတရားမှုတွေက သိပ်များန်းတယ်၊ အချို့ကိစ္စတွေမှာတော့ အမှားအမှန် ဝေဖန်ခွဲခြားဖို့ ာင် ခက်တယ်၊ ဒီတော့ တစ်ခါတစ်လေ မျက်စိမှိတ်သင့်ယင် မှိတ်ားရတယ်၊ ပြီးတော့ မင်းရဲ့လက်ရှိ သိုင်းပညာအရည်အချင်းနဲ့ဆို် ဒီကိစ္စမှာ ဘယ်လိုမှ ဝင်မဖြေရှင်းနိုင်ဘူး၊ ဒီတော့ မင်း မတတ်တဲ့ အရေးကိစ္စမှာ ဝင်မစွက်ဖက်ဘဲနဲ့ စစ်တုရင်ဓားသိုင်းကို အောင််အောင် လေ့ကျင့်ပါ၊ စစ်တုရင်ဓားသိုင်းကို အောင်မြင်အောင် လေ့ျင့်နိုင်ယင် မင်းဟာ ပြိုင်ဘက်ကင်းတဲ့ သိုင်းသမားတစ်ယောက််လာလိမ့်မယ်”

“လူတစ်ယောက်ရဲ့ သိုင်းပညာမြင့်မားမှုထက် အကျင့်စာ ကောင်းမွန်ဖို့က ပိုအရေးကြီးတယ်လို့ မြင်တယ်၊ ဘယ်လောက််းပညာ မြင့်မားတယ်ဖြစ်စေ၊ မကောင်းမှု လုပ်နေယင်တော့ က်သင့်တဲ့ အပြစ်ဒဏ်ကို ခံရမှာပဲ”

"မင်းရဲ့အယူအဆကို ကျုပ်လက်ခံပါတယ်၊ ဒါပေမယ့် အ
မင်းမှာက ကျောက်နန်စင်တို့ အသတ်ခံရတဲ့ကိစ္စကို စွက်ဖက်ဖြေရှ
နိုင်တဲ့ အင်အားနဲ့ စွမ်းရည်မရှိသေးလို့ ကျုပ်က ပြောဆိုတားမြစ်
တာပါ"

"ခင်ဗျားကို ကျွန်တော်တစ်ခု မေးချင်တယ်၊ မေး
ရမလား"

"မင်းမေးချင်တာကို မေးပါ၊ ဒါပေမယ့် ကျုပ်ဖြေချင်
ဖြေမယ်"

"ခင်ဗျားဟာ ကျောက်နန်စင်နဲ့ ကျောက်ပေစင်တို့ကို သ
တဲ့လူလား"

"ကျုပ်ဟာ အဲဒီလို လူစားလို့ မင်းထင်သလား"

"ဒါဟာ ခင်ဗျားရဲ့အဖြေပဲပေါ့"

"ဟုတ်တယ်၊ ကဲ.. မင်းလဲ ဒီစမ်းချောင်းအတိုင်း အပြင်
ထွက်တဲ့ လမ်းကြောင်းကို သိပြီးသားပဲ၊ အပြင်ကို ထွက်သွား
တော့၊ ကျွန်းရဲ့ အနောက်ဘက်ကမ်းစပ်နားမှာ လှေတစ်စီး မ
အတွက် အသင့်ရှိနေတယ်၊ ကျုပ်အနေနဲ့ မင်းကို ချက်ချင်းတေ
ထွက်မသွားစေချင်ဘူး၊ နေ့ဝက်လောက်တော့ ကျွန်းပေါ်မှာ စော
ကြည့်ပါ၊ တကယ်လို့ အဲဒီ အချိန်အတွင်းမှာ ပိုင်ရင်ဟုန် ရောက်လ
ယင် သူ့ကို ချော့မော့ပြီး မင်းနဲ့ တစ်ပါတည်း ခေါ်သွားပါ"



"ကောင်းပါပြီ၊ တကယ်လို့ သူက ကျွန်တော်ဖျောင်းဖျချော့
မှာပြောတာကို နားမထောင်ဘူးဆိုယင်ကော"

"အဲဒီလိုဆိုယင်တော့ သူ့ကို အတင်းပဲရအောင် ခေါ်သွား
ပတော့၊ သူ့ကို စစ်တုရင်ကေရီက ဖမ်းသွားယင် ခက်မယ်၊ သူ့ကို
ကယ်ဖို့အတွက် ကျုပ်အနေနဲ့ နောက်ထပ်ပေးနိုင်စရာ မရှိတော့ဘူး"

'ဟုတ်ကဲ့၊ ကျွန်တော်နားလည်ပါပြီ"

"ပိုင်ရင်ဟုန်ကို သူ့အမေဆီရောက်အောင် လိုက်ပို့ပေး
လိုက်ပါ၊ ပြီးတော့ မင်းတို့နှစ်ယောက်ရဲ့ အခြေအနေ ဘယ်လိုရှိမှန်း
တော့ ကျုပ်မသိဘူး၊ တကယ်လို့ မင်းတို့နှစ်ယောက် တစ်ယောက်
ပေါ်တစ်ယောက် မေတ္တာရှိကြဝယ်ဆိုယင် လက်ထပ်ဖို့ ကျုပ်
သဘောတူကြောင်း ကြို့ပြောထားချင်တယ်"

ဝမ်ကျက် အတော်မျက်နှာအထားရ ခက်သွားသည်။

ဘာမျှမပြောဘဲ အသာခေါင်းငုံ့ထားလိုက်သည်။

"မင်းဘာများ ပြောစရာ ရှိသေးလဲ"

စစ်တုရင်ကေရာဇ်က မေးသည်။

"ကျွန်တော့်ကို ဖမ်းခေါ်လာတဲ့ လားမားအိုနှစ်ယောက်
ကော ဘာဖြစ်ကုန်ကြပြီလဲ"

"ဘာမှမဖြစ်ဘူး၊ သူတို့ကို နည်းနည်းပါးပါး တိုက်ခိုက်ဆုံးမ
ပြီး ဒီကျွန်းကနေ နှင်ထုတ်ပစ်လိုက်တယ်၊ မင်းအနေနဲ့ သူတို့နဲ့

နောက်ထပ်မတိုးမိအောင် ကြိုးစားပြီး ရှောင်ရှားပါ”

“ဟုတ်ကဲ့”

“ကျောက်နန်စင်တို့ သေဆုံးကြတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုမှ ဝင်ရောက်မစွက်ဖက်ဖို့ ထပ်ပြောချင်တယ်၊ ကဲ.. မင်းသွား ပေတော့”

ဝမ်ကျက်သည် စစ်တုရင်ဧကရာဇ်အား ဦးညွှတ်နှုတ်ဆက် ပြီး စမ်းချောင်းမှ ငုပ်လျှိုးကာ မြေအောက်လှိုဏ်ဂူကြီး ထွက်လာခဲ့သည်။

* * *



အခန်း(၂)

ညနေဆည်းဆာချိန်။

လှေငယ်တစ်စင်း မိစ္ဆာလေပွေကျွန်း ရှိရာသို့ ဦးတည်၍ လာနေသည်။

လှေပေါ်တွင် ပါလာသူက ပိုင်ရင်ဟုန်။

ပိုင်ရင်ဟုန် လှော်လာပုံမှာ သိပ်မဟုတ်။

လှေကို ကောင်းစွာ မလှော်နိုင်သလို၊ လှေပဲ့ကိုလည်း ကောင်းစွာ မကိုင်နိုင်။

လှေက ဟိုဘက်သို့ ယိမ်းလိုက်၊ သည်ဘက်သို့ ယိမ်းလိုက် ဖြစ်နေသည်။

ကန်ရေပြင်ဝယ် လေမထန် လှိုင်းမကြီး၍သာ ...

သည်။

မဟုတ်လျှင် ဤလိုလှော်ပုံမျိုးဖြင့် လှေမှောက်သွားမည်

မလွဲ။

ကျွန်းကမ်းစပ်တစ်နေရာဝယ် လှေဆိုက်ကပ်မိအောင် ပိုင်ရင်ဟုန် မနည်းပင် ကြိုးစားရသည်။

အကြိမ်ကြိမ် ကြိုးစားပြီးမှ နောက်ဆုံးတွင် ကျွန်းကမ်းခြေ၌ လှေဆိုက်ကပ်နိုင်ခဲ့သည်။

ဤသို့ လှေဆိုက်ကပ်ရာတွင် ပဲ့ကိုင်မကျွမ်းကျင်မှုကြောင့် လှေဦးမှာ ကမ်းစပ်ရှိ ကျောက်ဆောင်တစ်ခုနှင့် တိုက်မိကာ အက်ကွဲသွားသည်။

ပိုင်ရင်ဟုန်မှာ ဤအချက်ကို သတိမပြုမိ။

ကျွန်းကမ်းစပ်သို့ လှေဆိုက်ကပ်မိသည်နှင့် ကမ်းစပ်ပေါ်ကို ခုန်တက်လိုက်သည်။

ကမ်းပေါ်သို့ ရောက်သောအခါ တင်းထားသမျှစိတ် လျော့သွားသောကြောင့် ခြေပစ်လက်ပစ်ပင် လဲကျသွားသည်။

ခေတ္တမျှ လဲလျောင်းအပန်းဖြေပြီးမှ ပိုင်ရင်ဟုန် မတ်တတ်ထရပ်နိုင်သည်။

မတ်တတ်ထရပ်ပြီး ဆက်လက်လျှောက်လှမ်းမည် အပြု



ယ် သူ့ရှေ့နားရှိ ကျောက်ဆောင်ပေါ်ဝယ် ထိုင်ပြီး သူ့ကို ပြုံးကြည့်နေသူတစ်ယောက်ကို တွေ့လိုက်ရသည်တွင် ပိုင်ရင်ဟုန်မှာ အံ့ဩကာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

အစတွင် မြင်ရသည်ကို မယုံနိုင်။

မိမိ ထင်ယောင်ထင်မှား ဖြစ်လေသည်လားဟုပင် ပိုင်ရင်ဟုန် ထင်မှတ်ကာ မျက်စိကို ပွတ်သပ်ကြည့်မိသည်။

ပိုင်ရင်ဟုန် အမြင်မမှား။

သူ့ရှေ့ဝယ် ရောက်နေသူမှာ ဝမ်ကျက်အစစ်ပင် ဖြစ်နေသည်။

"ရှင်က ဘာကြောင့် ကျွန်မထက် စောပြီး ဒီကျွန်းပေါ်ကို ရောက်နေရတာလဲ"

ခေတ္တမျှ အံ့အားသင့်ကာ ငေးကြောင်နေပြီးနောက် ပိုင်ရင်ဟုန်က ဝမ်ကျက်ကို မေးလိုက်သည်။

"ခင်ဗျား ဘာကြောင့် ဒီလောက်အထိ နောက်ကျပြီးမှ ရောက်လာရတာလဲလို့ ကျွန်တော်က ပြန်မေးချင်တယ်"

ဝမ်ကျက်က ကျောက်ဆောင်ပေါ်မှ ခုန်ဆင်းလာပြီး ပြန်မေးသည်။

"ကျွန်မ လိပ်ပြာကန် ကန်စပ်ကို ရောက်နေတာကတော့ ကြာပါပြီ၊ ဒါပေမယ့် ဟောဒီ မိစ္ဆာလေပွေကျွန်းကို လာဖို့ လှေရှာလို့

မရှာဘဲ အခက်တွေ့နေတယ်၊ ဒါနဲ့ နောက်ဆုံးမှာတော့ လှေတစ်စင်းကို
အတင်းဝယ်ပြီး ကိုယ်တိုင်လှော်ခတ်လာခဲ့တယ်၊ ကျွန်မက လှေ
ကောင်းကောင်း မလှော်တတ်တော့ လှေက ကောင်းကောင်း မသွား
ဘူး၊ ဟိုတိမ်းလိုက် ဒီစောင်းလိုက်နဲ့ အတင်းကြိုးစားပမ်းစား ပဲ့ကိုင်
လှော်ခတ်လာတော့မှ နောက်ဆုံး ဒီကျွန်းကို ရောက်လာနိုင်တာ"

"ခင်ဗျားမောနေတယ်ဆိုယင် ကောင်းကောင်း အနားယူ
လိုက်ပါအုံး"

"ကျွန်မ အမောပြေပြီးပါပြီ၊ ရှင်က ဘယ်တုန်းက ဒီကျွန်းကို
ရောက်နေတာလဲ"

"မနက်ကပဲ ရောက်နေတာပါ"

"ကျွန်မရေးထားခဲ့တဲ့စာကို ရှင်မဖတ်ရဘူးလား"

"ဖတ်ရသားပဲ"

"ကျွန်မအတွက် မစိုးရိမ်ပါနဲ့လို့ ရေးခဲ့တာ ရှင်က ဘာ
ကြောင့် ကျွန်မနောက်ကို လိုက်လာရတာလဲ"

"ခင်ဗျားနောက်ကို မလိုက်ဘဲ နေလို့ ဘယ်ဖြစ်မှာလဲ"

"ရှင်က ကျွန်မနောက်ကို လိုက်လာတာဟာ စစ်တုရင်ကေ
ရာဇ်ကို ရှာဖွေတဲ့နေရာမှာ ကျွန်မကို ကူညီပေးမလို့လား"

"မဟုတ်ပါဘူး၊ ခင်ဗျားကို ဒီကျွန်းကနေ ပြန်ခေါ်သွား မလို့
ပါ"



"ရှင်ခေါ်လဲ အပိုပဲ၊ ကျွန်မက စစ်တုရင်ကေရာဇ်ကို မတွေ့
ရမချင်း ဒီကျွန်းကနေ မခွာဘူး"

"ဒီလိုလဲ ဇွတ်မလုပ်နဲ့လေ၊ ခင်ဗျား တဇွတ်ထိုး လုပ်လိုက်
တဲ့အတွက် စစ်တုရင်ကေရာဇ်မှာ ဘယ်လောက် ဒုက္ခရောက်သွားရ
တယ်ဆိုတာ ခင်ဗျားမသိဘူး၊ ပြီးတော့ ကျွန်တော့်မှာလဲ ခေါင်းဖြတ်
အသတ်ခံရတော့မယ့်ဘေး ကြုံခဲ့ရတာ၊ ကံကောင်းထောက်မလို့ သီ
သီလေး လွတ်ခဲ့ရတယ်"

"အဲဒါတွေက ဘယ်လိုဖြစ်တာလဲ၊ ပြောပြစမ်းပါအုံး"

ဤတွင် ဝမ်ကျက်က မိမိလိပ်ပြာကန်အနီးရှိ ဇရပ်တွင် ည
အိပ်တည်းခိုနေခိုက် လားမားအိုနှစ်ယောက် ရောက်ရှိလာသည်မှ
စကာ မိမိ မိစ္ဆာလေပွေကျွန်းသို့ ရောက်လာပုံ၊ စစ်တုရင်ကေရီက
မိမိကို သုတ်သင်ပစ်ရန် အမိန့်ပေးပုံ၊ စစ်တုရင်ကေရာဇ်က ကူညီ
ကယ်တင်ပေးမှုကြောင့် အသက်ဘေးမှ လွတ်ကင်းခဲ့ရပုံနှင့် စစ်တုရင်
ကေရာဇ်က မိမိလွတ်မြောက်ရေးအတွက် စစ်တုရင်ကေရီကို လိုက်
လျောခဲ့ရပုံအကြောင်းများကို ပြန်ပြောပြလိုက်သည်။

"လာမယ့် သုံးလပိုင်းမှာ ပြုလုပ်မယ့် စစ်တုရင်ပြိုင်ပွဲမှာ
စစ်တုရင်ကေရာဇ် ရှုံးနိမ့်ခဲ့ယင် ဘယ်လိုဆိုးကျိုးတွေ ပေါ်လာမှာလဲ"

ဝမ်ကျက် ပြောသည်များကို စိတ်ဝင်စားစွာ နားထောင်ပြီး
နောက် ပိုင်ရင်ဟုန်က မေးသည်။

"အဲဒါကိုတော့ စစ်တုရင်ကေရာဇ်က ပြောမပြဘူး၊ ဆိုးကျိုး တွေ ပေါ်လာမယ်လို့ပဲ ပြောတယ်"

ဝမ်ကျက်က ပြန်အဖြေပေးသည်။

"စစ်တုရင်ပွဲရှုံးယင် စစ်တုရင်ကေရာဇ်က လည်စင်းပြီး အ သတ်ခံရမယ်တဲ့လား"

"အဲဒီအဖြစ်ထက် ပိုဆိုးတယ်လို့ ပြောတယ်"

"အသက်ဆုံးရှုံးရတာထက် ပိုဆိုးတဲ့အဖြစ် ဘာများ ရှိသေး လို့လဲ"

"အဲဒါကိုတော့ ကျွန်တော်လဲ မပြောတတ်ဘူး"

"ကျွန်မ ဒီကိုလာမယ်ဆိုတဲ့ အကြောင်းကို ရှင်က စစ် တုရင်ကေရာဇ်ကို ပြောပြလိုက်သေးလား"

"အင်းပြောပြလိုက်တယ်၊ သူက သူဟာ ခင်ဗျားရဲ့အဖေ မဟုတ်ဘူးလို့ အတည့်အလင်း ငြင်းဆိုတယ်၊ ခင်ဗျားကို လက်ခံ မတွေ့ချင်ဘူးလို့ ပြောတယ်"

"အို ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မကတော့ သူ့ကို တွေ့ကိုတွေ့ ရမယ်၊ သူဟာ ကျွန်မရဲ့အဖေအရင်း မဟုတ်ဘူးထားအုံး၊ ကျွန်မရဲ့ အဖေအရင်းဆိုတာကိုတော့ သူသိချင်သိနိုင်တယ်"

"သူ့ကို အတင်းသွားတွေ့ယင် သူ့ကို ဒုက္ခဖြစ်အောင် ဖန် တီးပေးတာနဲ့ အတူတူပဲ"



"သူ့ကို ကျွန်မက ဘာကြောင့် ဒုက္ခပေးရမှာလဲ"

"ဟိုအရင်တစ်ခါတုန်းက ခင်ဗျားကို ကယ်တင်ဖို့အတွက် စစ်တုရင်ကေရာဇ်ဟာ လက်မောင်းတစ်ဘက် အဆုံးခံခဲ့ရတယ်၊ အခု ခင်ဗျားအတွက် စိုးရိမ်ပြီး ဒီကို လိုက်လာခဲ့မိတဲ့ ကျွန်တော့်ကို စစ် တုရင်ကေရီလက်က ကယ်တင်ပေးရာမှာ သူက နောင်နှစ်ခါ ယှဉ် ပြိုင်မယ့် စစ်တုရင်ပွဲမှာ စစ်တုရင်ကေရီကို ရထားတစ်လုံး အသာ ပေးပါမယ်လို့ ကတိပြုလိုက်ရတယ်၊ အဲဒီ စစ်တုရင်ပွဲမှာ စစ်တုရင် ကေရီ အနိုင်ရသွားယင် မကောင်းတဲ့ အကျိုးဆက်တွေ ဖြစ်လာလိမ့် မယ်၊ ဘယ်လိုမကောင်းတဲ့ အကျိုးဆက်တွေလဲဆိုတာကို ကျွန်တော် တိတိကျကျ မပြောနိုင်ပေမယ့် သိပ်ကို ကြီးမားတဲ့ အန္တရာယ်ဖြစ်မှာ ကတော့ အမှန်ပဲ၊ ဒီတော့ သူဟာ ခင်ဗျားရဲ့အဖေအရင်း ဟုတ်တယ် မဟုတ်ဘူးဆိုတာ အသာထားလိုက်အုံး၊ သူ့အဖို့ အကျပ်အတည်း တွေ့ပြီး ဒုက္ခကြုံရအောင် ချင်ဗျား မလုပ်သင့်ဘူး"

ပိုင်ရင်ဟုန်မှာ စဉ်းစားဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသော မိန်းမ ပျိုလေးတစ်ယောက် ဖြစ်သည်။

ဝမ်ကျက် အကျိုးသင့်အကြောင်းသင့် ပြောဆိုရှင်းပြသော အခါ နားလည်သဘောပေါက်သွားသည်။

"ဒီလောက်တောင်မှ ဖြစ်နေယင်တော့ ကျွန်မ သူ့ကို အတင်းလိုက်မရှာတော့ပါဘူး"

ပိုင်ရင်ဟုန်က ပြောသည်။

ပိုင်ရင်ဟုန် စိတ်ပြောင်းသွားသည့်အတွက် ဝမ်ကျက် အ
တော်ဝမ်းသာသွားသည်။

"ကဲ..ဒီလိုဆိုယင်ဖြင့် ကျွန်တော်တို့ ဒီကျွန်းကနေ ပြန်ကြရ
အောင်"

ပိုင်ရင်ဟုန်က ကမ်းစပ်ရှိ လှေကို လှမ်းကြည့်သည်။

ပိုင်ရင်ဟုန် စီးလာသော လှေမှာ ရေပေါ်တွင် မရှိတော့။

ကျောက်ဆောင်နှင့် တိုက်မိကာ ပျက်စီးသွားသော ဦးပိုင်း
မှ ရေဝင်ကာ ဦးမြုပ်ပွဲထောင် အနေအထားဖြင့် ရေထဲ နစ်နေလေ
ပြီ။

"ဟောတော့၊ ကျွန်မလှေ ရေနစ်နေပြီ ဒုက္ခပါပဲ"

ပိုင်ရင်ဟုန်က အလန့်တကြား အော်လိုက်သည်။

"ဘာမှ ကြောက်မနေပါနဲ့၊ ကျွန်တော့်မှာ လှေတစ်စင်း ရှိပါ
တယ်၊ အဲဒီ လှေနဲ့ သွားကြတာပေါ့"

ဝမ်ကျက်က လေသံအေးအေးဖြင့် ဝင်ပြောသည်။

* * *

အခန်း(၃)

လိပ်ပြာကန်၏ ညရှုခင်းမှာ အလွန်ပင် သာယာသည်။

ကောင်းကင်ဝယ် လမသာသော်လည်း ကြယ်ရောင်က
...င်းလက်နေရာ အေးမြသော ပိုးတဝါး အလင်းရောင်က လိပ်ပြာ
...န်ကို လွှမ်းခြုံထားသည်။

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့နှစ်ယောက်သည် လှော်ငယ်တစ်
...င်းဖြင့် လိပ်ပြာကန်ကို ဖြတ်ကျော်နေသည်။

စစ်တုရင်ကေရာဇ် စီစဉ်ပေးသော လှေငယ်လေးပေါ်ဝယ်
...းနပ်ရိက္ခာများပါ ပါရှိသည့်အတွက် သူတို့အဖို့ ဘာမျှ ပူပန်စရာ
...လိုပေ။

"စစ်တုရင်ကေရာဇ်နှင့် ကေရီတို့ဟာ ဝတ်ရုံနီလားမားဂိုဏ်
နဲ့ ဘယ်လိုပတ်သက်မှု ရှိသလဲ"

လှေလှော်ခတ်လာယင်း ပိုင်ရင်ဟုန်က ဝမ်ကျက်ကို မေ
သည်။

"လိပ်ပြာကန်သခင်နဲ့ နဂါးမယ်တို့ဟာ အစတုန်းက ဝတ်ရုံ
လားမားဂိုဏ်းဝင်တွေ ဖြစ်ပြီး အကြောင်းတစ်ခုခုကြောင့် တိဗက်နယ
ကနေ ထွက်ပြေးလာကြတာ ဖြစ်တယ်၊ နဂါးမယ်ဆိုတာက အ
စစ်တုရင်ကေရီဆိုတဲ့ အဘွားကြီး ဖြစ်နေတယ်၊ အခု စစ်တုရင်ကေ
ရာဇ်ကတော့ လိပ်ပြာကန်သခင် မဟုတ်ဘူး၊ လိပ်ပြာကန်သခင်
သေဆုံးသွားခဲ့ပြီ"

ဝမ်ကျက်က ပြန်အဖြေပေးသည်။

"ဒါဖြင့် လိပ်ပြာကန်သခင်ဆိုတာ ဘယ်သူလဲ"

"အဲဒါကိုတော့ ကျွန်တော်လဲ မသိဘူး"

"ဟော..ဟိုမှာ ကြည့်စမ်း၊ မီးရောင်လေး လက်လက် တွေ့
ရတယ်၊ လှေတစ်စင်းများလား မသိဘူး"

ပိုင်ရင်ဟုန်က လိပ်ပြာကန်တစ်နေရာကို လက်ညှိုးညွှန်ပြ
ပြောသည်။

ဝမ်ကျက်က ပိုင်ရင်ဟုန် ညွှန်ပြသော နေရာကို ကြည့်လိုက်
သည်။



အမှန်ပင် မီးရောင်လေး တလက်လက် ဖြစ်နေသည်ကို
တွေ့ရသည်။

မီးရောင်လေးမှာ သူတို့ ရှိရာဘက်သို့ ဦးတည်ရွေ့လျားလာ
နေသည်။

"ဟုတ်တယ်၊ လှေတစ်စင်းပဲ"

ဝမ်ကျက်က ပြန်ပြောသည်။

"ဘာလှေလဲ၊ ငါးဖမ်းထွက်လာတဲ့လှေလား"

"မဟုတ်နိုင်ဘူး၊ ငါးဖမ်းလှေဆိုယင် တစ်စင်းတည်း မရှိဘူး၊
အနည်းဆုံး သုံးလေးငါးစင်းတော့ ရှိရမယ်၊ ပြီးတော့ ဒီနေရာက ကမ်း
ခြေနဲ့ အတော့်ကို အလှမ်းဝေးတယ်၊ ဒီလို အလှမ်းဝေးဝေးနေရာမှာ
ညအချိန်မတော် တွေ့ရတဲ့လှေဟာ ထူးခြားတယ်၊ မိစ္ဆာလေပွေကျွန်း
ကို လာတဲ့ ဝတ်ရုံနီလားမားတွေရဲ့ လှေ ဖြစ်ဖို့ များတယ်"

ဝမ်ကျက်က ပြန်ပြောသည်။

ထို့နောက် ဝမ်ကျက်က ထိုလှေနှင့် မတိုးမိစေရန်အတွက်
မိမိ၏လှေကို လမ်းကြောင်းပြောင်းကာ ပဲ့ထိန်းပေးလိုက်သည်။

"ဝမ်ကျက် ဘာကြောင့် လှေကို လမ်းကြောင်းပြောင်းလိုက်
တာလဲ"

ပိုင်ရင်ဟုန်က မကျေမနပ်ဖြင့် ပြောသည်။

"အခုန မြင်လိုက်ရတဲ့လှေဟာ ဝတ်ရုံနီလားမားတွေရဲ့ လှေ

ဖြစ်နိုင်တယ်၊ သူတို့နဲ့ ရင်းဆိုင်ချင်လို့”

ပိုင်ရင်ဟုန်က ဘာမျှပြန်မပြော၊ ခေတ္တမျှ ငြိမ်နေသည်။

“ရှင့်ကို ကျွန်မ သီချင်းတစ်ပုဒ်ဆိုပြမယ်၊ နားထောင်မလား

ခေတ္တမျှ ငြိမ်နေပြီးနောက် ပိုင်ရင်ဟုန်က ဝမ်ကျက်ကို ပြော

သည်။

“ဟာ...မဟုတ်တာ၊ မဆိုပါနဲ့”

ဝမ်ကျက်က ကန့်ကွက်လိုက်သည်။

“အခုလို သာယာတဲ့ အချိန်မှာ သီချင်းဆိုဖို့ သိပ်ကောင်း

တာပေါ့၊ ရှင်နားမထောင်ချင်ယင်နေ ကျွန်မဘာသာဆိုမယ်”

ဤသို့ ပြောပြီးနောက် ပိုင်ရင်ဟုန်က သီချင်းဆိုသည်။

သီချင်းက ကောင်းသလို အသံကလည်း သာယာသည်။

ပြီးတော့ အသံကျယ်ကျယ်နှင့် ဟစ်ကာ ဆိုလိုက်သည် ဖြစ်

သောကြောင့် သီချင်းသံက ညဥ့်ယံကို လွှမ်းမိုးသွားသည်။

“ပိုင်ရင်ဟုန် ဒါဘာလုပ်တာလဲ၊ ပြဿနာရှာပြန်တာလား

ဝမ်ကျက်က ပိုင်ရင်ဟုန်ကို မကျေမနပ်ဖြင့် လှမ်းပြော

သည်။

“ကျွန်မဘာသာကျွန်မ သီချင်းဆိုတာပဲဟာ၊ ဘာပြဿနာ

ရှာလို့လဲ”

ပိုင်ရင်ဟုန်က ပြန်ပြောသည်။



“ခင်ဗျားက ကျွန်တော်တို့ ရှိတဲ့ နေရာကို ဟိုလှေက သိသွား

အောင် သီချင်းဆိုပြီး အသံပေးလိုက်တာ မဟုတ်လို့ ဘာလဲ”

ပိုင်ရင်ဟုန်က ဘာမျှ ပြန်မပြော၊ စပ်ဖြဲဖြဲ လုပ်နေသည်။

တစ်ဘက်မှ လှေမှာ တကယ်ပင် ပိုင်ရင်ဟုန်၏သီချင်းသံကို

ကြားသွားကြောင်း ထင်ရှားသည်။

ဝမ်ကျက်တို့၏ လှေငယ် ရှိရာဘက်သို့ ဦးတည်ကာ လျင်

မြန်စွာ လှော်ခတ်လာသည်။

ဝမ်ကျက်မှာ ရင်ထဲဝယ် ထိတ်ကနဲ ဖြစ်သွားသလို ပိုင်ရင်

ဟုန်၏ ကလေးဆန်ဆန် မဆင်မခြင် လုပ်ပုံကိုလည်း အတော်ပင်

ဒေါသထွက်မိသည်။

ပိုင်ရင်ဟုန်ကို ဒေါသထွက်မိသော်လည်း လက်ကိုတော့

မနေးဝံ့။

ပိုင်ရင်ဟုန်နှင့်လည်း အချေအတင် ပြောဆိုငြင်းခုန်ခြင်း

မပြုနိုင်။

လှေကို လမ်းကြောင်းပြောင်းကာ အတွင်သာ ဆက်လှော်

နေရသည်။

လှေငယ်လေးဝယ် မီးထွန်းမထားပေ။

အမှောင်ကို အားကိုးကာ လမ်းကြောင်းပြောင်း ကိုယ်ရောင်

ဖျောက်ကာ ရှောင်ထွက်သွားနိုင်သည်။

သို့သော် ပိုင်ရင်ဟုန်က နောက်တစ်ကြိမ်ထပ်၍ အသံကျယ် ကျယ်ဖြင့် သီချင်းဆိုလိုက်ပြန်ရာ ဝမ်ကျက်၏ ကြိုးပမ်းမှုမှာ အလ ဟာသ ဖြစ်သွားရသည်။

ပိုင်ရင်ဟုန်၏ သီချင်းသံကြောင့် လှေကြီးပေါ်ရှိ လူများမှ ဝမ်ကျက်တို့၏ လှေငယ် ရှိနေရာအရပ်ကို ထပ်မံသိရှိသွားပြန်က ထိုနေရာဘက်သို့ လှေဦးလှည့်ကာ အစောင်းလိုက်လာသည်။

"ဟိုလှေလေးပေါ်က သီချင်းဆိုနေတာ ပိုင်ရင်ဟုန်လား"

မကြာမီမှာပင် လှေကြီးပေါ်မှ လှမ်းအော်မေးလိုက်သံကို ဝမ်ကျက်တို့ ကြားကြရသည်။

လှေကြီးပေါ်ဝယ် ပါလာသူများက ပိုင်ရင်ဟုန်၏အသံကို ကောင်းစွာ ကျက်မိနေသည့်အတွက် ဝမ်ကျက်ရော ပိုင်ရင်ဟုန်ပါ အံ့ဩသွားကြရသည်။

ပိုင်ရင်ဟုန်မှာ သီချင်းအဆိုပင် ရပ်သွားသည်။

ပိုင်ရင်ဟုန်သည် ခေတ္တမျှ ငြိမ်သက်စွာ စဉ်းစားပြီးနောက် ပြန်အော်ပြောလိုက်သည်။

"ဟုတ်တယ်၊ ကျွန်မပိုင်ရင်ဟုန်ပဲ၊ ရှင်တို့က ဘယ်သူတွေ လဲ"

"ကျွန်တော်အိုက်တုဟောက်ပါ"

ဤအဖြေစကားကို ကြားရသည်တွင် ဝမ်ကျက်ရော ပိုင်ရင်



ဟုန်ပါ အလွန်ဝမ်းသာသွားကြသည်။

ဝမ်ကျက်သည် လှေငယ်ကို ပြန်လည်လမ်းကြောင်းပြောင်း ကာ လှေကြီးရှိရာဘက်သို့ ဦးတည်လှော်ခတ်လိုက်သည်။

"ဘယ်လိုလဲ ဝမ်ကျက်၊ ဘာကြောင့် ထွက်မပြေးတော့တာ လဲ"

ပိုင်ရင်ဟုန်က ဝမ်ကျက်ကို ပြုံးစစဖြင့် လှမ်းပြောသည်။

"သူတို့က မိတ်ဆွေတွေပဲဟာ၊ ထွက်ပြေးနေစရာ မလိုဘူး လေ"

ဝမ်ကျက်က ပြုံးရယ်ပြီး ပြန်ပြောသည်။

မကြာမီမှာပင် ဝမ်ကျက်တို့ လှေငယ်လေးသည် အိုက်တု ဟောက်တို့၏ လှေကြီးအနားသို့ ကပ်မိသည်။

လှေချင်း ကပ်မိသည်နှင့် ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့နှစ် ယောက် လှေကြီးပေါ်သို့ ခုန်ကူးတက်လိုက်ကြသည်။

လှေကြီးပေါ်ဝယ် စုစုပေါင်းလူ(၅)ယောက် ရှိနေသည်ကို တွေ့ရသည်။

ထိုလူ(၅)ယောက်အနက်မှ (၂)ယောက်မှာ လှေသမား များ ဖြစ်ကြသည်။

ကျန်(၃)ယောက်မှာမူ အိုက်တုဟောက်၊ ဖိန်ဖောင်နှင့် ကျုံး န်းအူတို့ ဖြစ်ကြသည်။

သူတို့(၃)ယောက်မှာ ကြာဆာကိုလားမားနှင့် တိုက်ခိုက်ရာမှ ဒဏ်ရာအနာတရ ရရှိသည့်အတွက် ဘုရားကျောင်းပျက်တွင် အခြားသိုင်းလုလင်များနှင့်အတူ ထားရစ်ခဲ့သူများ ဖြစ်သည်။

ဒီနေ့တွင် သူတို့(၃)ယောက်ကို လိပ်ပြာကန့်ဝယ် ပြန်ဆုံပြီး ဒဏ်ရာအနာတရ မဖြစ်သော ကျန်သိုင်းလုလင်များကိုမူ မတွေ့ရသည့်အတွက် ဝမ်ကျက်တို့အဖို့ အတွေးရခက်စရာ ဖြစ်သည်။

"ကျန်တဲ့လူတွေကော ဘယ်ရောက်နေကြလဲ"

ဝမ်ကျက်က မေးလိုက်သည်။

"ဘယ်ရောက်နေကြလဲဆိုတာ ကျွန်တော်တို့လဲ မသိဘူး"

အိုက်တုဟောက်က ပြန်အဖြေပေးသည်။

"သူတို့တတွေက ဘုရားကျောင်းပျက်မှာ ခင်ဗျားတို့သုံးယောက်ကို ကြည့်ရှုစောင့်ရှောက်ပေးဖို့ ကျန်ခဲ့တာ မဟုတ်လား၊ အခု ဘယ်လိုဖြစ်ကုန်ကြတာလဲ"

"အင်း၊ အဲဒါကတော့ ဟုတ်ပါတယ်၊ ကျွန်တော်တို့တတွေ အဲဒီ ဘုရားကျောင်းပျက်မှာ သုံးရက်လုံးလုံး စောင့်ကြပေမယ့် ခင်ဗျားနဲ့ ပိုင်ရင်ဟုန်တို့ ပြန်ရောက်မလာတော့ အားလုံးက စိုးရိမ်မိကြတယ်၊ ဒါကြောင့် ကျွန်တော်တို့သုံးယောက် ဘုရားကျောင်းပျက်မှာ နေရစ်ခဲ့ကြပြီး ကျန်တဲ့ရှစ်ယောက်က ခင်ဗျားတို့နောက်ကို လိုက်သွားကြတယ်၊ ကျွန်တော်တို့ရဲ့ ဒဏ်ရာတွေက အတော်သက်သာကုန်ကြပြီမို့ အခုလိုလိုက်ကြတာပဲ"

"နောက်တော့ကော"

"ကျွန်တော်တို့သုံးယောက် ဘုရားကျောင်းပျက်မှာ နောက်ထပ် သုံးရက်ဆက်စောင့်တယ်၊ သူတို့တတွေ တစ်ယောက်မှ ပြန်မလာကြဘူး၊ ဒါကြောင့် ကျွန်တော်တို့လဲ စိုးရိမ်ပြီး ရွှေနဂါးရဲတိုက်ကို လိုက်သွားကြတယ်၊ အဲဒီရောက်တော့ ဘာပြောကောင်းမလဲ"

"ပြောစမ်းပါအုံး ဘယ်လိုဖြစ်သလဲ"

"ရွှေနဂါးရဲတိုက်တစ်ခုလုံး ပြာကျနေတာကို တွေ့ရတယ်"

ဤစကားကို ကြားလိုက်ရသည်တွင် ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့မှာ အလန့်တကြား ဖြစ်သွားကြသည်။

"ဟင်..ဟုတ်လား၊ ဘယ်လိုဖြစ်ပြီး ရွှေနဂါးရဲတိုက် မီးလောင်ပြာကျသွားရတာလဲ"

ဝမ်ကျက်က တအံ့တသြပင် မေးသည်။

"အဲဒါကိုတော့ ကျွန်တော်လဲ မပြောတတ်ဘူး"

"ခင်ဗျားတို့ ရွှေနဂါးရဲတိုက်ကို ရောက်သွားတာ နေ့ခင်းဘက်လား ညဘက်လား"

"နေ့ခင်းဘက်ပါ"

"ဒါဆိုယင် ကောင်းကောင်းမြင်နိုင်တာပေါ့"

"ဟုတ်တယ်"

"တိုက်ပွဲဖြစ်တဲ့ အရိပ်လက္ခဏာတွေ တွေ့သလား၊ သွေးစ သွေးနတွေကော မြင်သလား"

"ဟင့်အင်း၊ ဘာမှ မတွေ့ရဘူး"

"ရဲတိုက်အနောက်ဘက်က ထင်းသိုလှောင်ရုံကော မီးထဲပါသွားသေးလား"

အကယ်၍ ဝေကြီးရှန်တို့(၈)ယောက် အဖမ်းခံရမည်ဆိုလျှင် ထင်းသိုလှောင်ရုံအောက်ဘက်ရှိ လျှို့ဝှက်မြေတိုက်ခန်းထဲဝယ် ချုပ်နှောင်ထားမည်ကို တွေးမိသောကြောင့် ဝမ်ကျက်က ဤမေးခွန်းကို မေးလိုက်ခြင်း ဖြစ်သည်။

"ရွှေနဂါးရဲတိုက်မှာ ရှိသမျှ အဆောက်အအုံအားလုံး မီးလောင်ပြာကျကုန်တယ်၊ တစ်ခုမှ မကျန်ဘူး"

"ရွှေနဂါးရဲတိုက်ရဲ့ အင်အားက မသေးဘူး၊ တကယ်လို့ အပြင်က ရန်သူ လာတိုက်ခိုက်တယ်ဆိုယင် ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် တိုက်ခိုက်ကြတဲ့ အရိပ်လက္ခဏာတွေ ကျန်ခဲ့ရမယ်၊ အခုတော့ တိုက်ပွဲဖြစ်တဲ့ လက္ခဏာတစ်ခုမှ မရှိဘဲ ရဲတိုက်မီးလောင်ပြာကျနေတာဆိုတော့ အကြောင်းတစ်ခုခုကြောင့် သူတို့ဘာသာသူတို့ မီးရှို့ဖျက်ဆီးပြီး တိမ်းရှောင်သွားတာ ဖြစ်ရမယ်"

ဝမ်ကျက်က သူ၏ထင်မြင်ချက်ကို ပြောသည်။

"ဒါပေမယ့် ရွှေနဂါးရဲတိုက်က လူတွေအနေနဲ့ ဒီလိုလုပ်စရာ



ာအကြောင်း ရှိသလဲ"

အိုက်တုဟောက်က ပြောသည်။

"ဝေကြီးရှန်တို့ရဲ့ ကံကြမ္မာကော ဘယ်လိုနေသလဲ မသိဘူး"

ဖိန်ဖောင်က ဝင်ပြောသည်။

"ဝေကြီးရှန်တို့တွေ အသတ်ခံရတယ်ဆိုယင် အလောင်း ကျန်ခဲ့ရမယ်၊ အခုတော့ အလောင်းလဲ မတွေ့ သွေးစ သွေးနတွေလဲ ရှိဘူးဆိုတော့ သူတို့ အသက်ဆက်ရှင်နေကြသေးတယ်လို့ မျှော် ်င့်စရာ ရှိတယ်၊ ဒါပေမယ့် ချိုယွဲ့ထိုင်က ရဲတိုက်ကို မီးတင်ရှို့ပြီး ြေရာဖျောက် ထွက်ပြေးသွားတာဆိုယင်တော့ ဖမ်းထားတဲ့ ဝေကြီး ှန်တို့ကို သူတို့အတူ ခေါ်သွားမှာတော့ မဟုတ်ဘူး"

ပိုင်ရင်ဟုန်က ပြောသည်။

"ကဲ… ကျွန်တော်တို့ ရွှေနဂါးရဲတိုက်ကို အမြန်ဆုံး သွားပြီး ာဖွေစစ်ဆေးကြည့်ကြရအောင်"

ဝမ်ကျက်က ပြောသည်။

ဝမ်ကျက်၏အကြံပေးချက်ကို အားလုံးက သဘောတူကြ ည်။ ထို့ကြောင့် လှေကို နောက်ကြောင်းပြန်လှည့်ကာ ကမ်းစပ် က်သို့ ဦးတည်လှော်လာခဲ့ကြသည်။

* * *

ဝမ်ကျက်တို့လူစု ရွှေနဂါးရဲတိုက်သို့ ရောက်ရှိလာကြသည်

အချိန်မှာ ညသန်းခေါင်းယံ။

လသာသည့်ညမို့ အလင်းရောင်ကောင်းစွာ ရှိနေသည်။

ခမ်းနားထည်ဝါသော ရွှေနဂါးရဲတိုက်တစ်ခုလုံးမှာ မီ လောင်ပြင် ဖြစ်နေသည်။

အဆောက်အအုံ တစ်ခုတစ်လေမျှပင် မကျန်ခဲ့။

ဝမ်ကျက်က ထင်းသိုလှောင်ရုံဘက်သို့ လာခဲ့သည်။

ကျန်လူများလည်း ဝမ်ကျက်နှင့်အတူ လိုက်လာကြသည်

ထင်းသိုလှောင်ရုံနေရာဝယ် ပြာပုံဖြစ်နေသည်ကို တွေ့ သည်။

"ဟောဒီ ထင်းသိုလှောင်ရုံအောက်မှာ လျှို့ဝှက်မြေအောက် ခန်း ရှိတယ်၊ ချို့ယွဲ့ထိုင်က ယိစုကြည်ကိုကော ကျွန်တော်နှင့် ပိုင်ရှ ဟုန်တို့ကိုပါ အဲဒီ လျှို့ဝှက်မြေအောက်ခန်းထဲမှာ ထည့်ပြီး ချုပ်နှော ထားဖူးတယ်၊ ဒီတော့ ပြာတွေကိုဖယ်ပြီး မြေအောက်ခန်းထဲ ဝ ကြည့်ကြရအောင်"

ဝမ်ကျက်က ပြောသည်။

သူတို့(၅)ယောက် တက်ညီလက်ညီပင် ဝိုင်းဝန်း၍ ပြာများ ကို ဖယ်ရှားကြည့်ကြရာ မကြာမီမှာပင် မြေအောက်လျှို့ဝှက်ခန်း ဝင်ပေါက်ကို တွေ့ရသည်။



ဝင်ပေါက်ကို ဖွင့်ပြီး မြေအောက်ခန်းထဲသို့ ဆင်းကြသည်။

လရောင်က မြေအောက်ခန်းထဲသို့ မရောက်။

မြေအောက်ခန်းထဲဝယ် မှောင်မည်း၍နေသည်။

ဝမ်ကျက်က မီးခတ်ကာ မီးစာကောက်တစ်ခုကို မီးထွန်းညှိ လိုက်သည်။

မီးရောင်လင်းလာသည်တွင် မြေအောက်ခန်းထဲရှိ မြင်ကွင်း ကို ကောင်းစွာ မြင်နိုင်တွေ့နိုင်လာသည်။

မြင်လိုက်ရသော မြင်ကွင်းကြောင့် သူတို့အားလုံး မျက်လုံး ပြူးကုန်သည်။

မြေအောက်ခန်းထဲဝယ် လုလင်ပျို(၈)ယောက် ပက်လက် အချို့၊ မှောက်လျက်အချို့၊ စောင်းလျက်အချို့ လဲလျက် ရှိနေကြ သည်ကို တွေ့ရသည်။

ဝေကြီးရှန်၊ လင်ရိကျင်၊ ကြင်ကျင်ချန်၊ ကြို့ဝင်း၊ ကိုးလုံ၊ ခန်ချုံးရွဲ့၊ တိပေါင်၊ ကြန်းဟန့်တို့ပင် ဖြစ်ကြသည်။

သူတို့(၈)ယောက်၏ ခြေထောက်များတွင် သံခြေကျင်းများ ခတ်ကာ သံကြိုးများဖြင့် ချည်နှောင်ထားသည်။

အားလုံး မလှုပ်ရှား။

ငြိမ်သက်နေကြလျက်။

အိုက်တုဟောက်မှာ သူ့ရောင်းရင်း သွေးသောက်များ ဖြစ်

ထွေကို မြင်ရသောအခါ အလွန်ပင် စိတ်ထိခိုက် ဝမ်းနည်းသွားသည်။

ဣန္ဒြေပင်မဆည်နိုင်တော့ဘဲ ဝေကြီရှန်၏ အလောင်းကို ဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးသည်။

သို့သော် တစ်ချက်နှစ်ချက်သာ ငိုပြီး အငိုရပ်ကာ ဝေကြီရှန်၏ကိုယ်ခန္ဓာပေါ်ဝယ် ဟိုစမ်းစမ်း သည်စမ်းစမ်းလုပ်သည်။

"ဟာ ကိုယ်ငွေ့နွေးနေတယ်၊ သူ့ကိုယ်ငွေ့နွေးနေသေးတယ်"

စမ်းကြည့်ယင်းမှ အိုက်တုဟောက်က အားရဝမ်းသာ အော်ပြောသည်။

ဤတွင် ဝမ်ကျက်ကလည်း ကြင်ကျင်ချန်နှင့် စန်ကျုံးရွဲ့၏ ကိုယ်ခန္ဓာများကို ဘယ်ညာလက်နှစ်ဘက်ဖြင့် ကိုင်ကာ အပြင်သို့ လျင်မြန်စွာ ဆွဲထုတ်ယူသည်။

"မြန်မြန်လုပ်၊ သူတို့ကို အပြင်ဘက်ရောက်အောင် အမြန်ဆွဲထုတ်"

ပါးစပ်မှလည်း အော်ဟစ်လောဆော်သည်။

အိုက်တုဟောက်၊ ဖိန်ဖောင်နှင့် ကျုံးစန်းအူတို့(၃)ယောက်လည်း တစ်ယောက်လျှင် လူနှစ်ယောက် ဘယ်ညာဆွဲမကာ အပြင်သို့ အမြန်ဆုံး ထုတ်ယူလာကြသည်။

ဝေကြီရှန်တို့(၈)ယောက်လုံး အပြင်ဘက်သို့ ရောက်သော



အခါ လေကောင်းလေသန့် ရနိုင်သည့် နေရာဝယ် အသာချထားလိုက်ကြသည်။

ထို့နောက် ဝမ်ကျက်က ကြင်ကျင်ချန်၏ ရင်ဘတ်တွင် နားအပ်ကာ နှလုံးခုန်သံကို နားထောင်ကြည့်သည်။

အားနည်းသော နှလုံးခုန်သံကို ကြားရသည်။

"သူတို့နှလုံးခုန်နေသေးတယ်၊ အရေးပေါ် အသက်ကယ်နည်းတွေနဲ့ အမြန်ပြုစုပေးကြ"

ဝမ်ကျက်က ပြောသည်။

ဤသို့ဖြင့် ဝမ်ကျက်တို့လူစုသည် ဝေကြီရှန်တို့(၈)ယောက်အား အရေးပေါ် အသက်ကယ်နည်းများဖြင့် အင်တိုက်အားတိုက်ပင် ပြုစုပေးကြသည်။

မကြာမီမှာပင် ဝေကြီရှန်တို့(၈)ယောက်၏ ဖြူဖပ်ဖြူရော် ဖြစ်နေကြသော မျက်နှာများမှာ သွေးရောင်များ လျှမ်းကာ နီရဲလာသည်။

အသက်ရှူလည်း ပုံမှန် ဖြစ်လာသည်။

နှလုံးခုန်မှုလည်း ကောင်းမွန်လာသည်။

ထို့နောက် ဝေကြီရှန်တို့လူစုမှာ တစ်ယောက်ပြီးတစ်ယောက် သတိပြန်ရလာကြသည်။

သူတို့(၈)ယောက်မှာ မည်သူမှ ဒဏ်ရာအနာတရ ဖြစ်ကြ

ခြင်းမဟုတ်။

ထင်းသိုလှောင်ရုံ မီးလောင်ပြာကျသွားသည်တွင် ပြာပုံ
များ၏ဖိတ်ဆို့ထားမှုကြောင့် သူတို့ကို ချုပ်နှောင်ထားရာ မြေ
အောက်ခန်းထဲသို့ လေကောင်းလေသန့်များ မရရှိသည့်အတွက်
အသက်ရှုကျပ်ကာ မွန်းပြီး မူးမေ့နေကြခြင်း ဖြစ်သည်။

အခု ဝမ်ကျက်တို့ အချိန်မီလေး ရောက်ရှိလာ၍ ဝေကြဲ့ရှန်
တို့(၈)ယောက် အသက်ဘေးမှ လွတ်ခဲ့ကြရသည်။

အကယ်၍ ဝမ်ကျက်တို့သာ နောက်ထပ် နေ့ဝက်လောက်
နောက်ကျရောက်ရှိလာပါမူ သူတို့(၈)ယောက်မှာ အသက်ဆုံးရှုံးကြ
ရမည် မလွဲပေ။

ပိုင်ရင်ဟုန်က ရေတွင်းသို့ သွားကာ သန့်စင်သော ရေ
ကြည်များ ခပ်ယူလာပြီး ပြန်လည်သတိရလာသော ဝေကြဲ့ရှန်တို့ကို
တိုက်သည်။

ရေအေးအေး သန့်သန့်သောက်လိုက်ရသဖြင့် ဝေကြဲ့ရှန်တို့
မှာ လန်းဆန်း၍ လာကြသည်။

ပြန်လည်သတိရလာပြီး ရွှေနဂါးရဲတိုက် ပြာပုံဖြစ်နေသည်
ကို တွေ့ရသည်တွင် ဝေကြဲ့ရှန်တို့မှာ အံ့အားတသင့် ဖြစ်ကုန်ကြ
သည်။

"ဟင်...ဘယ်လို ဖြစ်တာလဲ၊ ခင်ဗျားတို့က ရွှေနဂါးရဲတိုက်



ကို မီးတင်ရှို့ပစ်လိုက်ကြတာလား"

ခန်ချုံးရွဲက တအံ့တဩပင် မေးသည်။

"မဟုတ်ပါဘူး"

ဝမ်ကျက်က ပြန်ဖြေသည်။

ထို့နောက် အိုက်တုပောက်က သူတွေ့ကြုံခဲ့ရသည့် အ
ကြောင်းများကို ပြန်ပြောပြသည်။

"ခင်ဗျားတို့ရှစ်ယောက်က ဘယ်လိုလုပ်ပြီး အဖမ်းခံထား
ကြရတာလဲ"

အိုက်တုပောက် အကြောင်းစုံ ပြောပြပြီးသောအခါ ဝမ်
ကျက်က ဝေကြဲ့ရှန်တို့ကို မေးလိုက်သည်။

"ဟိုနေ့က ကျွန်တော်တို့ရှစ်ယောက် ဒီကို ရောက်လာတော့
အမည်လိပ်စာတွေ ရေးပေးပြီး ချိုယွဲ့ထိုင်နဲ့ တွေ့ခွင့်တောင်းတယ်၊
ဒါပေမယ့် တွေ့ခွင့်မရဘူး၊ တွေ့ခွင့်မရတဲ့အပြင် ချိုယွဲ့ထိုင်ရဲ့ တပည့်
ကြီးတစ်ယောက် ကျွန်တော်တို့နှစ်ယောက်ကို မချေမငံတောင် ပြော
ဆိုဆဲရေးသေးတယ်၊ ဒါကြောင့် ကျွန်တော်တို့လဲ ဒေါသထွက်ပြီး ရွှေ
နဂါးရဲတိုက်ထဲကို အတင်းဝင်ပြီး တိုက်ခိုက်တယ်၊ ကံဆိုးချင်တော့
မားတစ်ထောင် တိုက်ကွက်ထဲ တိုးဝင်မိပြီး ကျွန်တော်တို့အားလုံး
အဖမ်းခံလိုက်ကြရတယ်"

ဝေကြဲ့ရှန်က ပြန်အဖြေပေးသည်။

"ဩော်...ဒီလိုကိုး၊ နောက်တော့ ဘာဆက်ဖြစ်သေးလဲ"

"သူတို့က ကျွန်တော်တို့ရှစ်ယောက်ကို ခြေကျင်းခတ် [...] ကြိုးနဲ့ ချည်ပြီး မြေအောက်ခန်းထဲမှာ ချုပ်နှောင်ထားတယ်၊ နေ့တ[...] ဝက်လောက်ကြာတော့ အပူလှိုင်းကြီးတစ်ခုဒဏ်ကို ကျွန်တော်တို့ [...] ကြရတယ်၊ အပြင်ထွက်ဖို့ ကြံပေမယ့်မရဘူး၊ ချိုယွဲ့ထိုင်က ကျွ[...] တော်တို့ကို မီးလောင်တိုက်သွင်းပြီး လက်စဖျောက် သုတ်သင်ပ[...] တယ်လို့တောင် ကျွန်တော်တို့ ထင်မိကြသေးတယ်၊ အခုမှ သူတို့[...] ဟာ ရဲတိုက်ကို မီးရှို့ခြေရာဖျောက်ပြီး တိမ်းရှောင်ထွက်ပြေးသွား[...] ကြောင်း သိရတော့တယ်၊ သူတို့က ဘာကြောင့် အခုလို လုပ်ကြ[...] တာလဲ"

ဝေကြိုရှန်က ဆက်ပြောသည်။

"ချိုယွဲ့ထိုင်ဟာ ဘာကြောင့် ဒီလို လုပ်တယ်ဆိုတာကို ကျွန်တော်လဲ မပြောတတ်ဘူး၊ ရွှေနဂါးရဲတိုက်ဟာ အင်အားကြီးမား[...] တောင့်တင်းတယ်၊ သိုင်းလောကရဲ့ ထိပ်သီးအဖွဲ့တစ်ခုလဲ ဖြစ်တယ်၊ ရုတ်တရက် ဒီလိုမျိုး လုပ်တာဟာ ခိုင်လုံတဲ့ အကြောင်းတစ်ခုခုတော့ ရှိရမယ်၊ ဘယ်လိုအကြောင်းလဲဆိုတာ မသိရတာဘဲ ခက်နေတယ်၊ အဲ တစ်ခုတော့ ရှိတယ်၊ ကျောက်ချိုးရဲ့သားနှစ်ယောက် အသတ်ခံရတဲ့ ကိစ္စမှာ ချိုယွဲ့ထိုင်နဲ့ ပတ်သက်နေတာကြောင့်လားတော့ မပြောတတ်ဘူး"



"ကျောက်ချိုးရဲ့သားနှစ်ယောက် ဟုတ်လား၊ နောက်တစ်ယောက်က ဘယ်သူလဲ"

"ကျောက်ပေစင်လေ၊ သူ့အလောင်းကို ကျောက်နန်စင်ရဲ့ အလောင်းတွေ့ရတဲ့ နေရာမှာပဲ တွေ့ရတယ်၊ သေရတဲ့ ဒဏ်ရာဒဏ်က်နဲ့ သေပုံသေနည်းကလဲ ကျောက်နန်စင်နဲ့ အတူတူပဲ"

"ကျောက်ချိုးရဲ့သားနှစ်ယောက်ကို ချိုယွဲ့ထိုင်က သတ်တယ်လို့ ခင်ဗျားက ဆိုလိုတာလား"

"ဒီသဘော မဟုတ်ပါဘူး၊ ပတ်သက်ချက် ရှိနိုင်တယ်လို့ပဲ ယူဆပါတယ်"

"အင်း ဒီကိစ္စတွေဟာ အတော့်ကို လှို့ဝှက်ပြီး ပဟေဠိဆန်တယ်၊ ပထမဆုံး ကျောက်နန်စင် သေဆုံးပြီး ယိစုကြည်ကို လူသတ်တရားခံအဖြစ် စွပ်စွဲကြတယ်၊ နောက်တော့ ချိုယွဲ့ထိုင်ရဲ့သား ချိုရှန်းဟာ ယိစုကြည်ရဲ့ လက်ချက်နဲ့ သေရပြန်တယ်၊ အခုတစ်ခါ ကျောက်ပေစင် အသတ်ခံရပြန်ပြီ၊ ဒီကိစ္စတွေဟာ တောင်ညိုဂေဟာက ယိပေါက်ကျင့်၊ ရွှေနဂါးရဲတိုက်က ချိုယွဲ့ထိုင်နဲ့ ဓားမောက်ဂေဟာက ကျောက်ချိုးတို့သုံးယောက်အတွက် မကောင်းတဲ့ ကိစ္စတွေချည်းပဲ၊ သူတို့သုံးယောက်ကို တစ်ယောက်ယောက်ကများ သေသေချာချာ စီအစဉ်ချပြီး မကောင်းကြံတာများ ဖြစ်နေမလား"

ကြင်ကျင်ချန်က ထင်မြင်ချက်ပေးသည်။

"ဒီလို အကြံကြီးကြံရဲတဲ့လူဟာ ဘယ်သူ ဖြစ်နိုင်မလဲ"

လင်ရိကျင်က မေးခွန်းထုတ်သည်။

"စစ်တုရင်ဧကရာဇ်များ ဖြစ်နေမလား မသိဘူး"

ကြန်းဟန့်က ဝင်ပြောသည်။

"ဒီလို အရမ်း မစွပ်စွဲပါနဲ့၊ စစ်တုရင်ဧကရာဇ်ဟာ အင်မတန်ကောင်းတဲ့ လူတစ်ယောက်ပါ၊ ဒီလိုမျိုး မလုပ်ပါဘူး"

ပိုင်ရင်ဟုန်က ကြန်းဟန့်ကို မျက်စောင်းထိုးပြီး ပြောသည်။

"သူဟာ သိပ်ကောင်းကြောင်း ခင်းဗျားက ဘာကြောင့် ပြောနိုင်တာလဲ"

ကြန်းဟန့်က ပြန်မေးသည်။

"ကျွန်မနဲ့ ဝမ်ကျက်ရဲ့အသက် သူကယ်တင်ပေးခဲ့တယ်၊ ဒါကြောင့် ပြောနိုင်တာပေါ့"

"စစ်တုရင်ဧကရာဇ် မဟုတ်ယင် စစ်တုရင်ဧကရီရဲ့ လက်ချက် ဖြစ်ရမယ်"

"အဲဒါကတော့ ဖြစ်နိုင်တယ်"

ပိုင်ရင်ဟုန်မှာ စစ်တုရင်ဧကရီအပေါ် သိပ်စေတနာ မရှိသည့်အတွက် ကြန်းဟန့်၏ ဒုတိယစွပ်စွဲချက်ကိုကား ထောက်ခံလိုက်သည်။

"စစ်တုရင်ဧကရာဇ်နဲ့ ဧကရီတို့ဟာ လိပ်ပြာကန်အောက်က



ဂူ့ဝှက်လိုဏ်ဂူကြီးထဲမှာ နှစ်ပေါင်းများစွာ ပုန်းအောင်းနေခဲ့ကြတယ်၊ သူတို့ အဲဒီကနေ အပြင်ကို မထွက်ကြဘူး၊ ဒီကိစ္စတွေ သူတို့နဲ့ ပတ်သက်နိုင်ဘူး"

ဝမ်ကျက်က ပြောသည်။

"ယိပေါက်ကျင့်၊ ကျောက်ချုံးနဲ့ ချိုယွဲ့ထိုင်တို့ဟာ စစ်တုရင်ဧကရာဇ် ဧကရီတို့နဲ့ ပတ်သက်စရာအကြောင်းတွေ ရှိတယ်လို့ ရှင်ပြောဖူးတယ် မဟုတ်လား"

ပိုင်ရင်ဟုန်က ဝမ်ကျက်ကို မေးသည်။

"ဟုတ်ပါတယ်၊ အဲဒီလို ပတ်သက်ချက် ရှိတယ်လို့ ထင်ရုံနဲ့တော့ ဒီကိစ္စတွေဟာ စစ်တုရင်ဧကရာဇ်၊ ဒါမှမဟုတ် ဧကရီရဲ့ လက်ချက်လို့ ကောက်ချက်ချလို့ ဘယ်ဖြစ်မှာလဲ"

ဝမ်ကျက်က ပြန်ပြောသည်။

"ဒီအကြောင်းတွေကို ခဏထားလိုက်ပါအုံး၊ အခုလောလောဆယ် ကျွန်တော်တို့ရဲ့ ခြေကျင်းတွေကို ဖြုတ်ပေးကြစမ်းပါဦး"

ဝေကြိရှန်က ပြောသည်။

ခြေကျင်းများကို ဖြုတ်ရန်မှာ အတော်ပင် ခက်နေသည်။

ဝမ်ကျက်၏ဓား ရှိနေလျှင်ကား အတွင်းအားစိုက်ထုတ်ကာ တ်ဖြတ်ပေး၍ ရသည်။

ယခုခါတွင်မူ ဝမ်ကျက်၏ဓားမှာ ရွှေနဂါးရဲတိုက်တွင် အဖမ်း

ခံခဲ့စဉ်က အသိမ်းခံထားရသည့်အတွက် ဝမ်ကျက်ထံဝယ် ဓားတ
လေးတစ်လက်သာ ရှိနေသည်။

"အင်း၊ ကျွန်တော့်ဓားရှည်ရှိယင်တော့ ခြေကျင်းတွေ ဖြတ်
လွယ်ပါတယ်၊ အခုတော့ အတော်ခက်နေပြီ"

ဝမ်ကျက်က ခေါင်းကုတ်ကာ ပြောသည်။

"ကျွန်တော်ကို သံချောင်းလေးတစ်ချောင်းသာ ရှာပေးပါ
ကျွန်တော်စမ်းကြည့်ပါ့မယ်"

ကိုးလုံက ပြောသည်။

သို့နှင့် သူတို့အားလုံး မီးလောင်မြေဝယ် သံချောင်းလိုက်ရှာ
ကြရာ နောက်ဆုံးတွင် ကိုးလုံလိုချင်သော အရွယ်အစား ဖြစ်သည့်
သံချောင်းတစ်ခု ရှာ၍ ရသည်။

ကိုးလုံက သံချောင်းပြားနေအောင် ထုသည်။

ထို့နောက် ထိပ်ပိုင်းဝယ် အကောက်လေးဖြစ်အောင် လုပ်
ကာ ခြေကျင်းတစ်ခု၏သော့ကို အသာထိုးဖွင့်သည်။

တစ်ချက်နှစ်ချက် လှည့်လိုက်ရုံဖြင့် ထောက်ကနဲအသံမြည်
ကာ ခြေကျင်းပွင့်သွားသည်။

ဤနည်းဖြင့် ကိုးလုံက အားလုံး၏ခြေကျင်းများကို တစ်ခုပြီး
တစ်ခု ဖွင့်ဖြုတ်ပေးလိုက်သည်။

"တယ်ဟုတ်ပါလား၊ ဒီအတတ်ပညာကို ဘယ်လိုလုပ် တတ်



မြောက်လာတာလဲ"

အိုက်တုဟောက်က ပြောသည်။

"သော့ဝိဇ္ဇာ သူခိုးတစ်ယောက်ကို ကူညီပေးရာက သူက
ကျေးဇူးပြုပြီး သင်ပေးသွားတာပါပဲ၊ သံချောင်းတစ်ခုသာရယင်
ယ်သော့ဖြစ်ဖြစ် ဖွင့်လို့ရတယ်"

ကိုးလုံက ပြန်အဖြေပေးသည်။

"ကျွန်တော်တို့ မြေအောက်ခန်းထဲမှာ အချုပ်ခံထားရတုန်း
တော့ ခင်ဗျားက ဘာကြောင့် သံခြေကျင်းတွေကို ဖြုတ်ဖွင့်မပေး
ာလဲ"

ဝေကြီရှန်က ဝင်မေးသည်။

"အဲဒီတုန်းက ကျွန်တော်လိုချင်တဲ့ သံချောင်းမျိုးမှ မရှိတာ
ယ်လိုလုပ်ဖွင့်နိုင်မှာလဲ"

ကိုးလုံက ပြောသည်။

"ရွှေနဂါးရဲတိုက်ရဲ့ လူအင်အားက မနည်းဘူး၊ သူတို့တွေ
ရာပြောင်းရွှေ့ယင် တွေ့တဲ့မြင်တဲ့လူ ရှိရမယ်၊ ပြီးတော့ သူတို့
က်သွားတဲ့ လမ်းတွေမှာလဲ အထောက်အထား သဲလွန်စတွေ ကျန်
်နိုင်တယ်၊ ဒီတော့ မိုးလင်းတဲ့အခါ ဒီနေရာ အနီးဝန်းကျင်ကို လိုက်
မ်းရှာဖွေကြည့်ယင် သူတို့ ဘယ်ကို ပြောင်းသွားတယ်ဆိုတာ သိ
်သိနိုင်မယ်"

အိုက်တုဟောက်က ပြောသည်။

"ဒီလောက်လွယ်မယ် မထင်နဲ့၊ ချိုယွဲ့ထိုင်က ဒီလော
မအဲဘူး၊ သူက သူ့လူတွေကို တစ်စုတစ်ဝေးတည်း ခေါ်မသွား
လူစုလူအုပ်လေးတွေ ခွဲပြီး ခေါ်သွားလိမ့်မယ်၊ အဲဒီလိုဆိုယင် ဘ
လိုလုပ်ပြီး အထောက်အထားရနိုင်မှာလဲ"

ပိုင်ရင်ဟုန်က ပြောသည်။

"ဟုတ်တယ်၊ ပိုင်ရင်ဟုန် ပြောတာ ဖြစ်နိုင်ပါတယ်၊ သူ
က အစုခွဲ တိမ်းရှောင် ထွက်သွားကြပြီး တစ်နေရာမှာ သွားပြန်စုကြ
များတယ်"

ဝမ်ကျက်ကလည်း ပိုင်ရင်ဟုန်ဘက်မှ ထောက်ခံပြောကြ
သည်။

သူတို့လူစုသည် ရှေ့ဆက်လုပ်ဆောင်ရန်များကို ဆ
လက်တိုင်ပင်ကြသည်။တောင်ညိုဂေဟာနှင့် ဓားမောက်ဂေဟာတို့
သွား ရောက်ကာ အခြေအနေ စုံစမ်းကြည့်ရန် သဘောတူကြသည်

တောင်ညိုဂေဟာနှင့် ဓားမောက်ဂေဟာတို့ကို သွ
ရောက်စုံစမ်း ကြည့်ရှုပြီးလျှင် ဝမ်ကျက်က ပိုင်ရင်ဟုန်အား သူ့မိ
ထံသို့ လိုက်ပို့ပေးမည် ဖြစ်သည်။

သူတို့လူစုသည် ထိုညအဖို့ ရွှေနဂါးရဲတိုက် မီးလောင်ပြ
တွင်ပင် အနားယူလိုက်ကြပြီး နောက်နေ့တွင် မြင်းများဝယ်က



မြင်းကိုယ်စီစီးလျက် တောင်ညိုဂေဟာဘက်သို့ ခရီးနှင်ခဲ့ကြသည်။

ခရီးနှင်ယင်း အချိန်အားလပ်သည့် အခါများတွင် ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့က စစ်တုရင်ဓားသိုင်း၏ စိတ်အင်အားကျင့်စဉ်ကို လေ့ကျင့်ကြသည်။

ကြိုးစားလေ့ကျင့်သော်လည်း အောင်မြင်မှုကား သိပ်မရသေး။ ဖြည်းဖြည်းအေးအေး ခရီးနှင်လာခဲ့ကြရာ နောက်ဆုံးတွင် တောင်ညိုဂေဟာသို့ ရောက်ရှိသွားကြသည်။

တောင်ညိုဂေဟာမှာ ဝင်ပေါက်တံခါး၏ တိုင်ကြီးနှစ်တိုင်နှင့် ဝင်းထရံအချို့အပိုင်းများသာ ကျန်တော့ပြီး ကျန်နေရာများမှာ ပြာပုံအတိ ဖြစ်နေသည်ကို တွေ့ရသည်။

ပြာပုံကြားဝယ် လိုက်လံရှာဖွေစစ်ဆေးကြည့်ရာ တိုက်ပွဲဖြစ်ပွားသည့် အရိပ်လက္ခဏာများလည်း မတွေ့ရချေ။

ရွှေနဂါးရဲတိုက်ခေါင်းဆောင် ချိုယွဲ့ထိုင်ကဲ့သို့ပင် တောင်ညိုဂေဟာခေါင်းဆောင် ယိပေါက်ကျင့်ကလည်း တောင်ညိုဂေဟာကို မီးရှို့ဖျက်ဆီးကာ ခြေရာဖျောက် တိမ်းရှောင်သွားခဲ့ပြန်လေပြီ။

အဘယ်ကြောင့် ဤသို့ လုပ်ရသနည်း။ ဝမ်ကျက်တို့ လူငယ် (၁၃)ယောက်အဖို့ အတွေးရခက်စရာ ဖြစ်နေသည်။

"အင်း...ဒီအတိုင်းဆိုယင်တော့ ဓားမောက်ဂေဟာလဲ ဒီနည်းအတိုင်းပဲ မီးလောင်ပျက်စီးပြီး ဂေဟာက သိုင်းသမားတွေ

တိမ်းရှောင်ကုန်ကြဖို့ သေချာနေပြီ"

တောင်ညိုဂေဟာမီးလောင်ပြင်ကို စေ့စပ်စွာ ကြည့်ပြီး နောက် အနားယူ အပန်းဖြေကြယင်း ဝမ်ကျက်က ပြောသည်။

"အင်း ဟုတ်တယ် အံ့ဩစရာပဲ၊ ဒီဂေဟာနှစ်ခုနဲ့ ရဲတိုက် တစ်ခုတို့ဟာ သိုင်းလောကရဲ့ ထိပ်တန်းဦးစီးရှေ့ဆောင်တွေ ဖြစ် တယ်၊ ဘာကြောင့် ဒီလို လုပ်ကြရတာလဲ စဉ်းစားလို့ကို မရနိုင်ဘူး"

အိုက်တုဟောက်က ပြောသည်။

"ယိပေါက်ကျင့်၊ ချိုယွဲ့ထိုင်နဲ့ ကျောက်ချုံးတို့သုံးယောက်မှာ လူသိမခံနိုင်တဲ့ လျှို့ဝှက်ချက်တွေ ရှိခဲ့တယ်၊ အခု အဲဒီ လျှို့ဝှက်ချက် တွေဟာ ဖုံးကွယ်ထားလို့ မရတော့ဘဲ ပေါ်ပေါက်တော့မယ့် အခြေ အနေမျိုး ဖြစ်လာလို့ သူတို့က ခြေရာဖျောက်ကုန်ကြတာများလား မသိဘူး"

ဝမ်ကျက်က မိမိ၏ထင်မြင်ချက်ကို ပြောသည်။

"အဲဒီ လျှို့ဝှက်ချက်က ဘာများ ဖြစ်မလဲ"

"အဲဒါကိုတော့ ကျွန်တော်လဲ မသိဘူး၊ ယိပေါက်ကျင့်၊ ချို ယွဲ့ထိုင်နဲ့ ကျောက်ချုံးတို့သုံးယောက်သာ စစ်တုရင်ကေရာဇ် ကေရီ တို့နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း ရှိနေတယ်ဆိုတာကိုပဲ သိ တယ်"

"ခင်ဗျားက အဲဒီလို ပတ်သက်ချက် ရှိတယ်လို့ ဘာကြောင့်



ပြောနိုင်တာလဲ"

"စစ်တုရင်ကေရာဇ်ကို စစ်တုရင်ကေရီ အကြောင်းရယ်၊ လူ တွေကို စစ်တုရင်ရုပ်အဖြစ် အသုံးချပြီး စစ်တုရင်ထိုးရတဲ့ အကြောင်း ယ်၊ အဲဒီ လူတွေက ဘာကြောင့် စစ်တုရင်ရုပ်တွေအဖြစ် လိုလိုလား ား အသုံးချခံကြရတယ်ဆိုတဲ့ အကြောင်းရယ်ကို ကျွန်တော်မေး ကြည့်ဖူးတယ်၊ အဲဒီအကြောင်းတွေ သိချင်ယင်ယင် ကျောက်ချုံးကို ွားမေးလို့ စစ်တုရင်ကေရာဇ်က ဖြေခဲ့တယ်"

"ခင်ဗျားက ကျောက်ချုံးကို သွားမေးတော့ ဘယ်လိုအဖြေ ယလဲ"

"ကျောက်ချုံးက ဘာမှ မဖြေဘူး လုံးဝငြင်းဆန်တယ်"

"ကျောက်ချုံးရဲ့သားနှစ်ယောက်ဟာ သူတစ်ပါးလက်ချက်နဲ့ သေခဲ့ကြရတယ်၊ ဒါပေမယ့် ကျောက်ချုံးကတော့ စစ်တုရင်ကေရီတို့ ကြောင်း သိရက်သားနဲ့ အတင်းဖုံးအုပ်ထားတယ်၊ ဒီလိုဆိုယင် ကျောက်ချုံးဟာ အယင်အတိတ်ကာလက မကောင်းမှုကြီး တစ်ခုခု ို လုပ်ခဲ့ဖူးတာ ထင်ရှားနေပြီ"

"ကျွန်တော်လည်း ဒီလိုပဲ တွေးမိတယ်၊ ဒါပေမယ့် အခုဟာ ယိပေါက်ကျင့်ကော ချိုယွဲ့ထိုင်ပါ ခြေရာဖျောက် ထွက်ပြေးသွား ကြတာဆိုတော့ အတော်စဉ်းစားရ ကြပ်နေတယ်၊ ကျောက်နန်စင်နဲ့ ကျောက်ပေစင် သေဆုံးရတာဟာ အထိတ်ကာလကျ သူတို့အဖေ

ကျောက်ချိုး လုပ်ခဲ့တဲ့ အကျိုးဆက်လို့ ပြောနိုင်ပေမယ့် ချိုယွဲ့ထိုင်
သား ချိုရှန်း သေရတာကတော့ အတိတ်ကာလက ဖြစ်ရပ်တွေ
ရောင်ပြန်ဟပ်မှု မဟုတ်ဘူး၊ ယိစုကြည်က စိတ်လိုက်မာန်ပါ လ
လွန်သွားတာ ဖြစ်တယ်၊ ဒီတော့ ကျောက်ချိုးက ထွက်ပြေးသွားတ
ဆိုယင် အဓိပ္ပါယ် ရှိသေးတယ်၊ အခုတော့ ချိုယွဲ့ထိုင်ကော ယိပေါ
ကျင့်ပါ တိမ်းရှောင်သွားကြတာဆိုတော့ အတော်အတွေးရခက်
တယ်"

"ယိစုကြည်က ချိုရှန်းကို သတ်မိတာက ကိစ္စတစ်ခု
ပေါက်ကျင့်နဲ့ ချိုယွဲ့ထိုင်တို့ ခြေရာဖျောက် ထွက်ပြေးတိမ်းရှောင်သွ
တာက ကိစ္စတစ်ခု၊ အဲဒီ ကိစ္စနှစ်ခုဟာ ဘယ်လိုမှ မပတ်သက်ဘူ
မသက်ဆိုင်ဘူးလို့ ကျွန်မထင်တယ်၊ အဲဒီ နှစ်ခုကို ရှင်တို့ရောထွေ
မနေကြပါနဲ့"

ပိုင်ရင်ဟုန်က ဝင်ပြောသည်။

"ကဲ…ကျွန်တော်တို့ ဓားမောက်ဂေဟာကို ထပ်သွားပြီ
ကြည့်ကြရအောင်လား"

အိုက်တုဟောက်က ပြောသည်။

သူတို့လူစု ဓားမောက်ဂေဟာဘက်သို့ ခရီးဆက်လာခဲ့ကြ
ပြန်သည်။

* * *

## အခန်း(၄)

ဝမ်ကျက်တို့လူစု ဓားမောက်ဂေဟာသို့ ရောက်ရှိလာကြသည်။

ဓားမောက်ဂေဟာမှာမူ မီးလောင်ပြာကျခြင်း မရှိ။

အဆောက်အအုံအားလုံး အကောင်းပကတိအတိုင်း ထီးထီးမားမား ရှိနေသည်။

သို့သော် ဓားမောက်ဂေဟာမှ သိုင်းသမားများကိုမူ တစ်ဦးတစ်ယောက်မျှ မတွေ့ရ။

ဓားမောက်ဂေဟာထဲဝယ် မည်သူမျှမရှိ။

ဟာလာဟင်းလင်း ဖြစ်နေသည်။

ဝမ်ကျက်တို့လူစုသည် ဓားမောက်ဂေဟာ၏ အဆောက်အအုံများရှိ အခန်းတိုင်းတွင် တစ်ခန်းဝင်တစ်ခန်းထွက် လိုက်လံ၍ သေသေချာချာ ရှာဖွေကြည့်ရှုသည်။

တိုက်ပွဲ ဖြစ်ပွားသည့် အရိပ်လက္ခဏာများ မရှိ၊

အခန်းများထဲရှိ ပရိဘောဂပစ္စည်းများမှာ ခြေရာလက်ရာ မပျက် ရှိနေသော်လည်း အဖိုးတန်ပစ္စည်းများမူ မရှိတော့။

ဓားမောက်ဂေဟာမှ လူများလည်း အဝေးသို့ တိမ်းရှောင် ထွက်ပြေးကုန်ကြလေပြီ။

"ဒီအတိုင်းဆိုယင် ဘယ်လိုမှ မမှားနိုင်တော့ဘူး၊ ဓားမောက်ဂေဟာ၊ ရွှေနဂါးရဲတိုက်နဲ့ တောင်ညီဂေဟာတို့က လူတွေဟာ တူညီတဲ့ ရည်ရွယ်ချက်နဲ့ ရန်သူ့ဘေးက လွတ်အောင် တိမ်းရှောင် သွားကြတာ သေချာနေပြီ"

ဓားမောက်ဂေဟာထဲဝယ် နှံ့နှံ့စပ်စပ် ရှာဖွေကြည့်ရှုပြီးသောအခါ အိုက်တုဟောက်က ပြောသည်။

"ဒီဂေဟာနှစ်ခုနဲ့ ရဲတိုက်တစ်ခုတို့ရဲ့ ခေါင်းဆောင်သုံးယောက်ဟာ သိုင်းလောကမှာ ထင်ရှားတဲ့ သိုင်းသမားကြီးတွေ ဖြစ်တယ်၊ ဓားမောက်ဂေဟာနဲ့ ရွှေနဂါးရဲတိုက်က အသိုင်းအဝိုင်း သိုင်းသမား အင်အား တောင့်တင်းများပြားတယ်၊ သူတို့က တိမ်းရှောင် ထွက်ပြေးသွားလောက်အောင် လုပ်နိုင်တဲ့ သိုင်းပညာရှင် သိပ်မများ



ဘူး၊ သူတို့တွေ ထွက်ပြေးကုန်ကြတာဟာ စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့ကို ကြောက်လို့ပဲ ဖြစ်ရမယ်"

ခန်ချုံးခွဲက ပြောသည်။

"ရှင်ပြောတာကို ကျွန်မ အပြည့်အဝ သဘောမတူနိုင်ဘူး၊ သူတို့တွေ ထွက်ပြေးကုန်ကြတာ စစ်တုရင်ကေရီကြောင့်ပဲ ဖြစ်ရမယ်၊ စစ်တုရင်ကေရာဇ်ကြောင့်တော့ မဟုတ်နိုင်ဘူး"

ပိုင်ရင်ဟုန်က ဝင်ပြောသည်။

"ခင်ဗျားကကော ဘယ်လိုသဘောရသလဲ ဝမ်ကျက်"

အိုက်တုဟောက်က ဝမ်ကျက်ကို မေးသည်။

"ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ထင်ကြေးနဲ့ ကောက်ချက်ချလို့ မဖြစ်ဘူး၊ အကောင်းဆုံးက ယီပေါက်ကျင့်၊ ချိုယွဲ့ထိုင်နဲ့ ကျောက်ချုံးတို့ကိုပဲဖြစ်ဖြစ်၊ သူတို့ရဲ့ တပည့်လက်သားတစ်ယောက်ကိုပဲဖြစ်ဖြစ် တွေ့အောင် ရှာပြီး မေးမြန်းကြည့်မှ ဖြစ်မယ်"

ဝမ်ကျက်က ပြန်အဖြေပေးသည်။

"ရှာလို့ကော လွယ်ပါ့မလား"

"ခေါင်းဆောင်သုံးယောက်ကိုတော့ ရှာဖို့ မလွယ်ဘူး၊ ဒါပေမယ့် ချိုယွဲ့ထိုင်နဲ့ ကျောက်ချုံးတို့မှာက တပည့်တပန်းများတယ်၊ သူတို့ရဲ့ တပည့်တပန်းတွေထဲက တစ်ယောက်ယောက်ကိုတော့ ရှာလို့တွေ့နိုင်ပါတယ်"

"ဟုတ်ပြီ၊ ကျောက်ချိုးနဲ့ ချိုယွဲ့ထိုင်တို့ရဲ့ တပည့်တစ် ယောက်ယောက်ကို ဘယ်နေရာမှာ ဘယ်လိုသွားရှာမှာလဲ"

ပိုင်ရင်ဟုန်က ဝင်မေးသည်။

"အဲဒါကို တဖြည်းဖြည်း စဉ်းစားပြီး လုပ်ကြတာပေါ့၊ အခု မိုးတောင်ချုပ်တော့မယ်၊ ကျွန်တော်တို့တတွေ ဒီဓားမောက်ဂေဟာ မှာပဲ ညအိပ်စခန်းချကြရအောင်လား၊ ဘယ်လိုသဘောရသလဲ"

ဝမ်ကျက်က ပြောသည်။ ဝမ်ကျက်၏အကြံပေးချက်ကို အားလုံးက သဘောတူ လက် ခံသည်။

ထို့ကြောင့် ထိုညအဖို့ ဓားမောက်ဂေဟာတွင် စခန်းချ နေ ထိုင်နိုင်ရန် စီစဉ်လုပ်ဆောင်ကြသည်။

ပထမဆုံး မီးဖိုချောင်သို့ သွားကာ စားသောက်ဖွယ်ရာများ ရှာဖွေကြသည်။ ဆန်နှင့် အသားခြောက်များ၊ ဝက်အူချောင်းများ တွေ့ရသည်။

ပိုင်ရင်ဟုန်က ထမင်းဟင်းလျာများ စီမံချက်ပြုတ်ပြီး အား လုံး တပျော်တပါး ပိုင်းဖွဲ့စားကြသည်။

ဓားမောက်ဂေဟာဝယ် အိပ်ခန်းများစွာ ရှိသောကြောင့် သူတို့လူစုသည် တစ်ယောက်လျှင် အိပ်ခန်းတစ်ခန်းစီယူကာ အိပ်စက် ကြသည်။

* * *



ညသန်းခေါင်းယံအချိန်။

ဓားမောက်ဂေဟာမှာ လရောင်အောက်ဝယ် ငြိမ်သက် တိတ်ဆိတ်နေသည်။

ကျန်လူများအားလုံး အိပ်ပျော်နေကြပြီ ဖြစ်သော်လည်း မ်ကျက်ကား အိပ်မပျော်နိုင်သေး။

အမျိုးမျိုး စဉ်းစားတွေးတောကာ မျက်စိကြောင်နေသည်။

ရုတ်တရက် အိမ်ခေါင်မိုးပေါ်မှ ချွတ်ကနဲ အသံလေးတစ် က် မြည်သွားသည်ကို ဝမ်ကျက် ကြားလိုက်ရသည်။

တစ်စုံတစ်ယောက် အိမ်ခေါင်မိုးပေါ်မှ ဖြတ်ကျော်သွား ကြောင်း ဝမ်ကျက် သိလိုက်ရလေပြီ။

ညကြီးအချိန်မတော် ဓားမောက်ဂေဟာထဲသို့ ခိုးကြောင်ခိုး က် ဝင်ရောက်လာသူ မည်သူ ဖြစ်မည်နည်း။

ဝမ်ကျက် ချက်ချင်းပင် အိပ်ရာမှထကာ ပြတင်းပေါက်မှ သာထွက်၍ အိမ်ခေါင်မိုးပေါ်သို့ တွယ်တက်လာခဲ့သည်။

သူ့လက်ထဲဝယ် ဓားတိုလေးက အသင့်။

အိမ်ခေါင်မိုးပေါ် ရောက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်ရှုလိုက်ရာ ခပ်လှမ်းလှမ်းဝယ် လှုပ်ရှားသွားလာနေသော မည်းရိပ်သဏ္ဍာန်တစ်ခုကို မြင်လိုက်ရသည်။

အမည်းရိပ်သဏ္ဍာန်သည် အိမ်ခန်းတစ်ခုထဲသို့ လှစ်ကနဲ

ဝင်ရောက်သွားသည်။

ဝမ်ကျက်က ထိုသူ ဝင်ရောက်သွားသည့် အခန်းထဲသို့ လိုက်
ဝင်မည်အပြု နောက်ကျောဘက်မှ ချွတ်ကနဲ အသံတစ်ချက်ကို ကြာ
လိုက်ရသည်။

ဝမ်ကျက်က ဓားဖြင့် နောက်ပြန်တွက်လိုက်သည်။

"ဟိတ်...မလုပ်နဲ့ ကျွန်မပါ"

တီးတိုးပြောလိုက်သံကို ဝမ်ကျက် ကြားလိုက်ရသည်။

သူ့နောက်မှ ရောက်လာသူမှာ ပိုင်ရင်ဟုန် ဖြစ်နေသည်

ပိုင်ရင်ဟုန် ဖြစ်မှန်း သိသော်လည်း ဝမ်ကျက်အဖို့ နောက်
ပြန်တွက်လိုက်သော ဓားချက်ကို ပြန်ရုပ်သိမ်းရန် အချိန်မမီတော့

ဓားသွားက ပိုင်ရင်ဟုန်၏ နံစောင်းသို့ တန်းဝင်လာသည်

ပိုင်ရင်ဟုန်က ဘေးသို့ တစ်ချက်ခုန်ကာ တိမ်းရှောင်လိုက်
၍သာ တော်တော့သည်။

ဓားသွားက သီးသီလေးကပ်ကာ လွဲချော်ထွက်သွားသည်။

"ခင်ဗျားလည်း ခြေသံကြားလိုက်ရသလား"

ဝမ်ကျက်က ဓားကို ပြန်သိမ်းပြီး တီးတိုးမေးသည်။

ပိုင်ရင်ဟုန်က ခေါင်းညိတ်ပြသည်။

"ဘယ်ကလူမှန်းတော့ မသိဘူး၊ ဒီလူ ဘယ်သူပဲဖြစ်ဖြစ်
သူ့ကို အလွတ်ပေးလို့ မဖြစ်ဘူး၊ ခင်ဗျား ဟိုဘက်ကို လှည့်သွားပြီး



သူထွက်ပြေးမယ့်လမ်းကို အသင့်ပိတ်ထား၊ ကျွန်တော် သူ့နောက်ကို
ဝင်လိုက်ပြီး ဖမ်းမယ်၊ တကယ်လို့ သူအတင်း ထွက်ပြေးလာယင်
ခင်ဗျားက ဖမ်းထားလိုက်"

ဝမ်ကျက်က တီးတိုးလေးသံဖြင့် ပိုင်ရင်ဟုန်ကြားနိုင်
လောက်ရုံ ပြောသည်။

ပိုင်ရင်ဟုန်က ခေါင်းညိတ်ပြပြီး ခြေဖော့နင်းကာ ထွက်သွား
သည်။

ဝမ်ကျက်သည် ခေတ္တစောင့်ဆိုင်းနေပြီးမှ စောစောကလူ
ဝင်ရောက်သွားသည့် အိမ်ခန်းထဲရှိရာသို့ ချဉ်းကပ်လာခဲ့သည်။

အိမ်ခန်းနားသို့ ကပ်သည်နှင့် ပရိဘောဂများကို လှန်လှော
ရှာဖွေနေသည့် အသံများကို ဝမ်ကျက် ကြားရသည်။

ထိုသူမှာ ယနေ့ည ဓားမောက်ဂေဟာတွင် ဝမ်ကျက်တို့
(၁၃)ယောက် တည်းခိုနေထိုင်ကြကြောင်း သိဟန်မတူ။

လုပ်ဆောင်ရာတွင် ညင်ညင်သာသာ မဟုတ်ဘဲ အသံ
အတော်မြည်နေသည်။

သူခိုးတစ်ယောက်ယောက်များ ဖြစ်လေမည်လားဟု ဝမ်
ကျက်၏ စိတ်ထဲဝယ် တွေးမိသည်။

ဝမ်ကျက်သည် အိမ်ခန်းထဲသို့ မဝင်သေးဘဲ အိမ်ခန်းပြတင်း
ပေါက်နားဝယ် အသာကပ်ကာ အခြေအနေကို စောင့်ကြည့်နေသည်။

ထိုအချိန်ဝယ် အိုက်တုပဟောက်နှင့် အခြားလူများလည်း အသံများကို ကြားရပြီး အိပ်ရာမှ နိုးလာကြလျက် လက်နက်များ ကိုယ်စီကိုင်စွဲကာ ထိုအိမ်ခန်းရှိရာသို့ ချဉ်းကပ်ရောက်ရှိလာကြသည်။

ဝမ်ကျက် အိုက်တုပဟောက်တို့ကို တိုးတိုးတိတ်တိတ်နေကြ ရန် လက်ဟန်ပြလိုက်သည်။

အိုက်တုပဟောက်တို့လည်း မည်သည့်အသံမျှ မပြုကြဘဲ အိမ်ခန်း၏ အနီးဝန်းကျင်ဝယ် လူစုခွဲနေရာယူကာ ဝိုင်းရံထားလိုက် သည်။

"တောက်...ဒီလူတွေ တကယ်ပဲ ဘာအဖိုးတန်ပစ္စည်းမှ မချန်ထားခဲ့ကြဘူး"

အိမ်ခန်းထဲရှိ လူ၏ မကျေမနပ် ရေရွတ်သံကို ကြားကြ သည်။

ထို့နောက် ဝမ်ကျက် ဝင်ကပ်နေသော ပြတင်းပေါက် ရှိရာ သို့ လျှောက်လှမ်းလာသောခြေသံ ဆက်လက်၍ ပေါ်လာသည်။

ထိုသူမှာ အပြင်ထွက်တော့မည် ဖြစ်ကြောင်း ဝမ်ကျက် သိလိုက်သည်။

ခြေသံ ပြတင်းပေါက်နားသို့ ရောက်သည်နှင့် ဝမ်ကျက် သည် အသာကပ်နေရာမှ ပြတင်းပေါက်ဝယ် မားကနဲ ရပ်လိုက် သည်။



"ခင်ဗျားက စိတ်ပျက်မြန်တာကိုး သေသေချာချာ ထပ်ရှာ ကြည့်စမ်းပါအုံး"

ဝမ်ကျက်က ပါးစပ်မှလည်း ခပ်လှောင်လှောင် ပြောလိုက် သည်။

အိမ်ခန်းထဲရှိ လူမှာ မမျှော်လင့်ဘဲ ပြတင်းဝတွင် လူတစ် ယောက် ရပ်လာသည်ကို မြင်ရသည်တွင် အလွန်အံ့အားသင့်သွား သည်။

သို့သော် ထိုသူမှာ မခေ။

ခေတ္တသာ ငေးကြောင်ကြည့်နေပြီး နောက်သို့ ဆတ်ကနဲ ခုန်ဆုတ်ကာ နောက်ကြောင်း ပြန်လှည့်ပြေးပြီး အခြားပြတင်းပေါက် တစ်ခုမှ ခုန်ကျော်ထွက်သွားသည်။

သို့သော် ထိုပြတင်းပေါက် အပြင်ဘက်ဝယ် ပိုင်ရင်ဟုန် စောင့်နေသည်ကိုတော့ ထိုသူမသိ။

ပြတင်းပေါက်မှ ခုန်ကျော်ထွက်လာသော ထိုသူကို ပိုင်ရင် ဟုန်က အပိုင်ပင် သွေးကြောပိတ်ကာ ဖမ်းဆီးထားလိုက်သည်။

ဝမ်ကျက် ပထမဦးဆုံး ပိုင်ရင်ဟုန် အနားသို့ အပြေးရောက် လာသည်။

ထို့နောက် အိုက်တုပဟောက်နှင့် ကျန်လူများ တစ်ယောက် ပြီးတစ်ယောက် ရောက်လာကြသည်။

ပိုင်ရင်ဟုန် အမိဖမ်းထားသောသူမှာ အသက်(၂၀)ခန့်
လူငယ်တစ်ယောက် ဖြစ်သည်။

အနက်ရောင်ဝတ်စုံ ဝတ်ထားသည်။

နောက်ကျောတွင် ဓားရှည်ကြီးတစ်လက် လွယ်ထားသည်

ထိုလူငယ်၏လက်ဝယ် အထုပ်တစ်ထုပ်လည်း ကိုင်ထား
သည်။

ပိုင်ရင်ဟုန်၏ ဖမ်းဆီးခြင်းကို ခံရသောအခါ ထိုအထုပ်မှ
မြေကြီးပေါ် လွတ်ကျသွားခဲ့သည်။

ပိုင်ရင်ဟုန်က ထိုအထုပ်ကို ကောက်ယူပြီး ဖြေကြည့်ရ
အဖိုးမတန်သော မိန်းမလက်ဝတ်လက်စား အနည်းငယ်ကို တွေ့
သည်။

"လက်စသတ်တော့ ရှင်က သူခိုးကိုး"

ပိုင်ရင်ဟုန်က ပြောသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်သူခိုးပါ၊ ဒီအကြိမ်တစ်ခါပဲ မိုက်
မိုက်မဲမဲ ခိုးမိတာပါ၊ ကျွန်တော့်ကို ခွင့်လွှတ်ကြပါ"

ဝတ်စုံနက်ဝတ်လူငယ်က ချက်ချင်းပင် တောင်းပန်စကား
ဆိုသည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

ဝမ်ကျက်က မေးသည်။



"လီရှောက်စန်းလို့ ခေါ်ပါတယ်၊ ကျွန်တော့်အမေအိုကြီး နေ
ကောင်းဖြစ်နေလို့ အခုလို ကြံမိကြံရာ ကြံရတာပါဗျာ"

"ဓားမောက်ဂေဟာဆိုတာ ဘယ်လိုနေရာမှန်း ခင်ဗျား
သိဘူးလား၊ ဒီလောက်တောင် အတင့်ရဲရဲနဲ့ ဓားမောက်ဂေဟာထဲ
ဝင်ခိုးဝံ့သလား"

"ဟုတ်ပါတယ်...ဟုတ်ပါတယ်၊ ကျွန်တော့်အမှားပါ၊ ဒီဓား
က်ဂေဟာမှာ ဘယ်သူမှ မရှိကြတော့ဘူးလို့ သတင်းကြားမိလို့
ခိုးတာပါ"

"ဓားမောက်ဂေဟာမှာ ဘယ်သူမှ မရှိတော့ဘူးလို့ခင်ဗျား
ယ်က သတင်းကြားတာလဲ"

"ဒီအနားအနားတစ်ဝိုက်က သိုင်းသမားတွေ ပြောဆိုနေကြ
ကို ကြားရတာပါ"

"ဓားမောက်ဂေဟာက လူတွေ ထွက်သွားကြတာ ဘယ်
က်ကြာပြီလဲ"

"ဟင်၊ ခင်ဗျားတို့က ဓားမောက်ဂေဟာက လူတွေ မဟုတ်
လား"

"မဟုတ်ဘူး၊ ကျွန်တော်တို့က ဓားမောက်ဂေဟာနဲ့ ဘာမှ
က်ဆိုင်ဘူး"

"ဒီလိုဆိုယင် ကျွန်တော့်ကို လွှတ်ပေးပါတော့၊ ကျွန်တော်

က စားမောက်ဂေဟာက ပစ္စည်းကိုပဲ ဝင်ခိုးတာပါ။ ခင်ဗျားတို့
မသက်ဆိုင်ဘူး"

"ဒီလို မပြောနဲ့လေ၊ ခိုးတာဇက်တာဟာ ကောင်းတဲ့အလု
မှ မဟုတ်တာ၊ သူခိုးကို ဘယ်သူမဆို ဖမ်းဆီးနိုင်တယ်၊ ခင်ဗျား
မရှိလို့ ခိုးတယ်သာဆိုတယ်၊ လွယ်ထားတဲ့ စားရှည်ကြီးကတော
တယ်ခန့်ထည်ပါလား"

ဤသို့ ပြောပြပြီးနောက် ဝမ်ကျက်က ဝမ်စုံနက်ဝတ် လ
ငယ်၏ နောက်ကျောတွင် လွယ်ထားသော စားရှည်ကို ဆွဲထုတ်
လိုက်သည်။

ထိုသို့ စားရှည်ကို ဆွဲထုတ်လိုက်သောအခါ လူရွယ်မျ
အကြီးအကျယ် မျက်နှာအမူအရာ ပျက်သွားသည်။

ဝမ်ကျက်က စားရှည်ကို စစ်ဆေးကြည့်ရှုသည်။

စားရွက်ပေါ်တွင် 'စားမောက်ဂေဟာ လက်နက်ရုံမှ ပြုလု
သည်' ဟူသော စားကြောင်း ရေးထွင်းထားသည်ကို တွေ့ရသည်

"ခင်ဗျားဟာ သူခိုး ဟုတ်ရဲ့လား"

စားရှည်ကို စစ်ဆေးကြည့်ပြီးနောက် ဝမ်ကျက်က ဝတ်
နက်လူရွယ်ကို မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်သူခိုးပါ၊ အဲဒီ စားရှည်ကိုလဲ စ
မောက်ဂေဟာကပဲ ကျွန်တော် ခိုးထားတာပါ"



ဝတ်စုံနက်လူရွယ်က ကမန်းကတန်း အဖြေပြန်သေးသည်။

"ဒီစားရှည်အကြောင်းကို ကျွန်တော်က ဘာမှ မမေးသေး
ပါဘူး၊ ခင်ဗျားက ဘာကြောင့် အရေးတကြီး ဖြေနေရတာလဲ၊ ကဲ၊
ကျွန်တော်မေးတာကို မှန်မှန်ဖြေ၊ မှန်မှန်ဖြေယင် ခင်ဗျားကို လွှတ်
ပေးမယ်၊ လိမ်ညာမယ်ဆိုယင်တော့ ခင်ဗျား မသက်သာဘူး"

ဝတ်စုံနက်လူငယ်မှာ ဘာမျှ မပြောသာတော့။

"ကဲ၊ ခင်ဗျားဟာ စားမောက်ဂေဟာက သိုင်းသမားတစ်
ယောက် မဟုတ်လား"

ဝမ်ကျက်က စတင်မေးခွန်းထုတ်သည်။

"ဟုတ်ပါတယ်"

"ဘယ်ဝါစဉ်လဲ"

"တတိယဝါစဉ်ပါ"

"နာမည်အမှန်ကကော"

"ကျွန်တော့်နာမည်ကို မမေးပါနဲ့၊ နာမည်ကို ပြောလိုက်
ယင် ကျွန်တော့်အတွက် သေတွင်းတူးတာနဲ့ အတူတူပါပဲ"

"ကောင်းပြီ၊ ခင်ဗျားနာမည်ကို မမေးတော့ဘူး၊ ခင်ဗျား
ဟာ ဘာကြောင့် ဒီမှာလာပြီး ပစ္စည်းခိုးရတာလဲ"

"ကျွန်တော် လောင်းကစားမှုပြုပြီး အကြွေးတင်နေတယ်၊
အဲဒီ အကြွေးကို ပြန်ဆပ်နိုင်အောင်လို့ အခုလို စွန့်စားရတာပါ"

"ခင်ဗျားတို့တတွေ ဘယ်အချိန်လောက်က ဒီဂေဟာကို စွန့်ခဲ့ကြတာလဲ"

"လွန်ခဲ့တဲ့ ခုနစ်ရက်လောက်ကပါ"

"ဘာကြောင့် ဂေဟာကို စွန့်ပြီး ထွက်သွားကြရတာလဲ"

"အဲဒါကိုတော့ ကျွန်တော် မသိဘူး၊ ဒီဂေဟာကို စွန့်မယ့်ညက ညသန်းခေါင်အချိန်မှာ ခေါင်းဆောင်ကြီးက ဂေဟာမှာ ရှိသမျှလူအားလုံးကို သိုင်းလေ့ကျင့်ရေးကွင်းထဲ စုရုံးခေါ်ပြီး ဓားမောက်ဂေဟာကို စွန့်ပစ်ပြီး အခြားတစ်နေရာကို ထွက်သွားမယ်လို့ ပြောတယ်၊ ဘာကြောင့် ဒီလို လုပ်ရတယ်ဆိုတာကိုတော့ ရှင်းမပြဘူး၊ ဒီလို စွန့်ပစ်သွားတာဟာ ကျောက်ပေစင် အသတ်ခံခဲ့ရတဲ့ အကြောင်းနဲ့ ပတ်သက်နေမယ်လို့တော့ ကျွန်တော်ထင်မိတယ်"

"ကျောက်ပေစင် တကယ်ပဲ သူများ လက်ချက်ကြောင့် သေခဲ့ရတာလား"

"ဟုတ်တယ်၊ သူ့အလောင်းကို သူ့အစ်ကို ကျောက်နန်စင်ရဲ့ အလောင်းတွေ့ရတဲ့ နေရာမှာပဲ တွေ့ရတယ်၊ သေပုံသေနည်းကလဲ ကျောက်နန်စင်နဲ့ အတူတူပဲ"

"ဘယ်သူ့လက်ချက်ဆိုတာ စုံစမ်းဖော်ထုတ်နိုင်သလား"

"ဟင့်အင်း"

"ကျောက်ချုံးရဲ့ ကျန်နေတဲ့ သားသမီးတွေကော"



"သူတို့တော့ ဘာမှ မဖြစ်ပါဘူး၊ ခေါင်းဆောင်ကြီးနဲ့ အတူလိုက်သွားကြတယ်"

"သူတို့ ဘယ်ကို သွားကြတာလဲ"

"ကျွန်တော် မသိဘူး"

"ကျောက်ချုံးက ဓားမောက်ဂေဟာကို စွန့်ပြီး ထွက်သွားမယ်လို့ မပြောခင် ဘာထူးခြားတာများ ဖြစ်ပျက်ခဲ့သေးလဲ"

"အဲဒီလို မပြောဆို မကြေငြာမီတစ်ရက် ခေါင်းဆောင်ကြီးထူးဆန်းတဲ့ လူတစ်ယောက် လာတွေ့တယ်"

"လာတွေ့တဲ့လူက ဘယ်သူလဲ"

"အဲဒီ လူက မျက်နှာပေါ်မှာ မျက်နှာဖုံး တပ်ထားတယ်၊ ယ်သူဘယ်ဝါလဲဆိုတာ ကျွန်တော်မသိဘူး၊ အဲဒီလူနဲ့ ခေါင်းာင်ကြီးနဲ့ တီးတိုးစကားပြောကြတယ်၊ ပြောပြီးတာနဲ့ အဲဒီလူ ပြန်က်သွားတယ်၊ အဲ နောက်တစ်နေ့တော့ ခေါင်းဆောင်ကြီးကဟာကို စွန့်ခွာထွက်သွားမယ်လို့ ကြေငြာတော့တာပဲ"

"ကျောက်ချုံးက ထူးထူးထွေထွေ ဘာတွေများ မှာကြားးလဲ"

"သူက ကျွန်တော်တို့ ဂေဟာအဖွဲ့ဝင် သိုင်းသမားတွေကိုယ်စိတ်ကြိုက် သွားလိုရာ သွားခွင့်ပေးတယ်၊ တစ်ယောက်ကို ငွေပြာနှစ်ဆယ်စီလဲ ဆုချီးမြှင့်တယ်၊ ဒါပေမယ့် ဓားမောက်ဂေဟာ

က လူပါလို့ ထုတ်မပြောပါနဲ့လို့ မှာတယ်၊ ပြီးတော့ သူကိုယ်တို
စားမောက်ဂေဟာကို ပြန်ရောက်နေတဲ့သတင်း မရမချင်း ဒီဂေဟ
ကို ပြန်မလာရဘူးလို့လဲ တင်းတင်းကျပ်ကျပ် မှာကြားလိုက်သေ
တယ်"

"ကဲ ပိုင်ရင်ဟုန်၊ သူ့ကို အကြောပြန်ဖွင့်ပေးလိုက်ပါ"

ဝမ်ကျက်က ပိုင်ရင်ဟုန်ကို ပြောသည်။

"သူ့ကို လွှတ်ပေးလိုက်တော့မလို့လား"

ပိုင်ရင်ဟုန်က ပြန်မေးသည်။

"ဟုတ်တယ်"

ပိုင်ရင်ဟုန်က ဘာမျှမပြောတော့ဘဲ ဝတ်စုံနက်လူငယ်၏
ပိတ်နေသော အကြောများကို ပြန်ဖွင့်ပေးလိုက်သည်။

ထို့ပြင် ထိုလူငယ်၏အထုပ်ကိုလည်း ပြန်ပေးသည်။

လူငယ်မှာ အထုပ်ကိုပင် မယူတော့။

တစ်ချိုးတည်း ပြေးထွက်သွားသည်။

ခြေလှမ်း(၂၀)ခန့်သာ ပြေးလိုက်ရသည်။

ပါးစပ်မှ စူးစူးဝါးဝါး တစ်ချက်အော်ပြီးနောက် ပုံလျက်သား
လဲကျသွားသည်။

မလှုပ်တော့။

ဝမ်ကျက်တို့မှာ အံ့ဩသွားပြီးနောက် ထိုလူငယ် လဲကျနေ



ရာသို့ ကမန်းကတန်း ပြေးလာပြီး စစ်ဆေးကြည့်သည်။

လူငယ်၏ မျက်ခုံးနှစ်ခုကြားဝယ် သေးငယ်သော အနီစက်
တစ်ခုကို မြင်ကြရသည်။

သွေးစက်မဟုတ်။

သေသေချာချာ ကြည့်သောအခါတွင်မှ လက်နက်ပုန်းတစ်ခု
၏အမြီးပိုင်းတွင် တပ်ဆင်ထားသော ပိုးချည်အနီဖြင့် ရက်လုပ်သည့်
ပန်းပွင့်ငယ်လေး ဖြစ်ကြောင်း တွေ့ရသည်။

ဝမ်ကျက်က လူငယ်၏နဖူးတွင် စိုက်နေသော လက်နက်
ပုန်းကို အသာဆွဲထုတ်ပြီး စစ်ဆေးကြည့်သည်။

ထိုလက်နက်ပုန်းမှာ သေးသွယ်ရှည်လျားသော ရွှေအပ်
တစ်ချောင်း ဖြစ်သည်။

အရှည်(၃)လက်မခန့် ရှိသည်။

အတော်လည်း ပေါ့ပါးသည်။

"ဒီလို သေးသွယ်ရှည်လျားပြီး ပေါ့ပါးတဲ့အပ်ကို အဆုံးထိ
စိုက်ဝင်သွားအောင် ပစ်နိုင်တဲ့ အတွင်းအားဟာ မသေးဘူး"

ဝမ်ကျက်က လက်နက်ပုန်းရွှေအပ်ကို စစ်ဆေးကြည့်ပြီး
မှတ်ချက်ချသည်။

"ခင်ဗျား အကြည့်မှားနေပြီ၊ အဲဒါ လက်နဲ့ ပစ်ပေါက်ရတဲ့
လက်နက်မဟုတ်ဘူး၊ ပြောင်းထဲမှာ ထည့်ပြီးမှုတ်ရတဲ့ လေမှုတ်မြား

ဖြစ်တယ်"

အိုက်တုဟောက်က ဝင်ပြောသည်။

အိုက်တုဟောက်မှာ လက်နက်ပုန်း ပညာတွင် အလွန်ကျွမ်းကျင်ပိုင်နိုင်သူ ဖြစ်သည်။

"ဒီလေမှုတ်မြှားကို ဘယ်သူတွေ သုံးလေ့ရှိသလဲ"

ဝမ်ကျက်က ပြန်မေးလိုက်သည်။

"မူလဇာစ်မြစ်ကတော့ တိဗက်နယ်သားတွေ သုံးတဲ့ လက်နက်ပဲ၊ ဒါပေမယ့် ဒီလက်နက် လုပ်ရတာ မခက်ပါဘူး၊ ပစ်ခတ်ရတာလဲ လွယ်တယ်၊ ဒီတော့ တိဗက်နယ်သားတွေသာမကပဲ အခြားလူတွေလဲ သုံးနေကြပါပြီ"

"အခုကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျား ဘယ်လိုမြင်သလဲ"

"ဒီကိစ္စဟာ ဓားမောက်ဂေဟာရဲ့ ရန်သူ့လက်ချက် ဖြစ်လိမ့်မယ်"

"ခင်ဗျားထင်တာကလဲ ဖြစ်တော့ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် တကယ်လို့ ကျွန်တော်သာ ဓားမောက်ဂေဟာရဲ့ ရန်သူ ဖြစ်မယ်ဆိုယင် သူ့ကို အခုလို အသေသတ်ပစ်မှာ မဟုတ်ဘူး"

"ဘာကြောင့်လဲ"

"ဒီလူ့လို တတိယဝါစဉ်တပည့်လေးတစ်ယောက်ကို အသေသတ်ပစ်လို့ ဘာအကျိုးရှိမှာလဲ၊ သူ့နောက်ကို နောက်ယောင်ခံ



လိုက်မယ်ဆိုယင် အခြားဓားမောက်ဂေဟာက အရေးပါတဲ့ သိုင်းသမားတွေကို ခြေရာခံနိုင်တယ်"

"ခင်ဗျား ပြောတာလဲ ဟုတ်တာပဲ"

"ကျွန်တော်က ဒါဟာ ဓားမောက်ဂေဟာကလူ လုပ်တာ မဟုတ်ဘူးလို့ ယူဆတယ်"

"ဓားမောက်ဂေဟာရဲ့ ရန်သူ မဟုတ်ယင် ဘာကြောင့် ဒီလောက် ရက်ရက်စက်စက် လုပ်ရတာလဲ"

"အခုဟာက ဒီတစ်ယောက်ကို စံနမူနာပြပြီး ကျန်တဲ့ ဓားမောက်ဂေဟာ အဖွဲ့ဝင် သိုင်းသမားတွေကို ဓားမောက်ဂေဟာကို ပြန်မလာကြဖို့ ခြိမ်းခြောက်သတိပေးတဲ့သဘော ဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်"

"ဒီလိုဆိုယင် ကျွန်တော်တို့ မီဓားမောက်ဂေဟာမှာ နေပြီး အခြေအနေကို စောင့်ကြည့်ကြရအောင်လား၊ ထူးခြားတာ တွေ့နိုင်လိမ့်မယ်"

အိုက်တုဟောက်က အကြံပေးသည်။

အိုက်တုဟောက်၏ အကြံပေးချက်ကို အားလုံးက သဘောတူ လက်ခံသည်။

သူတို့လူစုသည် ဝတ်စုံနက်လူငယ်၏အလောင်းကို ကောင်းမွန်စွာ မြေမြှုပ်ပေးပြီးနောက် ဓားမောက်ဂေဟာထဲသို့ ပြန်ဝင်လာ

ခဲ့ကြသည်။

စားမောက်ဂေဟာ၏ အလယ်ဗဟိုဆောင်ပေါ်ဝယ် လူစု
က နေရာယူပြီး အခြေအနေကို စောင့်ကြည့်နေကြသည်။

ထိုနေရာမှာ စားမောက်ဂေဟာ၏ အလယ်ဗဟို အချက်
အချာနေရာ ဖြစ်သည်။

ထိုအဆောင်၏ ခေါင်းမိုးပေါ်မှ ကြည့်လျှင် စားမောက်ဂေ
ဟာ၏ နေရာတိုင်းကို ထောင့်စုံအောင် အထက်စီးမှ မြင်နိုင်သည်။

စားမောက်ဂေဟာထဲသို့ တစ်စုံတစ်ယောက် ဝင်ရောက်လာ
လျှင် သူတို့လူစုထဲမှ တစ်ယောက်မဟုတ်တစ်ယောက်က မြင်နိုင်တွေ့
နိုင်ပေသည်။

မိုးလင်းလာသည်အထိ စောင့်ကြည့်အကဲခတ်ကြသော်
လည်း ဘာထူးခြားချက်ကိုမျှ မတွေ့ရပေ။

မိုးလင်းသောအခါ ဝမ်ကျက်က စောင့်ကြည့်နေမှုကို ရပ်
ဆိုင်းစေလိုက်သည်။

ပိုင်ရင်ဟုန်က မီးဖိုချောင်ဝင်ကာ နံနက်စာကို ချက်ပြုတ်
သည်။

ကျန်လုလင်များက စားမောက်ဂေဟာအနှံ့ လိုက်လံရှာဖွေ
ကြည့်ကြသည်။

နံနက်စာ ချက်ပြုတ်ပြီးချိန်ဝယ် အားလုံး မီးဖိုချောင်ဝယ်



ပြန်ဆုံကြသည်။

မည်သူ့ထံကမျှ သတင်းထူးမကြားရ။

စားမောက်ဂေဟာထဲဝယ် ဘာထူးခြားချက်ကိုမျှ ရှာမ
တွေ့။

နံနက်စာ စားသောက်ကြပြီးနောက် ဆက်လက်၍ စောင့်
ဆိုင်းကြည့်၍ရမည့် အစီအစဉ်များကို ဆွေးနွေးတိုင်ပင်ကြသည်။

"ကျွန်တော်တို့အားလုံး အနားမယူဘဲ သည်လို စောင့်ကြည့်
နေလို့ကတော့ မဖြစ်ဘူး၊ ဒါကြောင့် အလှည့်ကျ တာဝန်ခွဲပြီး လုပ်ဖို့
လိုလိမ့်မယ်၊ နေ့ခင်းဘက်ကို အနားများများယူပြီး ညဘက်ကျမှ
ဂရုစိုက်စောင့်ကြည့်ရမယ်"

ဝမ်ကျက်က ပြောသည်။

"ရန်သူဟာ နေ့ခင်းဘက်မှာ ပေါ်မလာဘူးလို့ ရှင်က ယူဆ
ထားသလား"

"ဟုတ်တယ်၊ ညဘက်မှ ပေါ်လာဖို့ အခွင့်အရေး ပိုများ
တယ်၊ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ နေ့ခင်းဘက်မှာ မေ့ပေ့ါဆဆ
နေလို့တော့ မဖြစ်ဘူး၊ ဒီတော့ နှစ်ယောက်ကို နေ့ခင်းဘက် ကင်း
စောင့်တာဝန် ချထားမယ်၊ ကျန်တဲ့ဆယ့်တစ်ယောက်က ညဘက်မှာ
စောင့်ကြည့်ရမယ်"

"ဟုတ်ပြီ၊ ဘယ်သူတွေ နေ့ခင်းဘက် ကင်းစောင့်ရမယ်ဆို

တာ ခင်ဗျားပဲ စီမံရွေးချယ်ပေးပေတော့"

အိုက်တုဟောက်က ပြောသည်။

"ချန်ချုံးရွဲနဲ့ ပိုင်ရင်ဟုန်တို့က နေ့လယ်ပိုင်း ကင်းတာ
ယူ၊ ကျန်တဲ့လူတွေက ညဘက်စောင့်ကြည့်၊ ဘယ်လိုသဘော
သလဲ"

ဝမ်ကျက်က ပြောသည်။

"ကျွန်မ နေ့ခင်းဘက် ကင်းမစောင့်ချင်ဘူး၊ ညဘက် ရန်
ကို စောင့်ရာရတဲ့ အလုပ်ပဲ လုပ်ချင်တယ်"

ပိုင်ရင်ဟုန်က ကန့်ကွက်ပြောကြားသည်။

မိမိနှင့် အတူတူ နေလိုသောကြောင့် ပိုင်ရင်ဟုန်က ယခု
ပြောခြင်းဖြစ်ကြောင်း ဝမ်ကျက် နားလည်သည်။

"ခင်ဗျားက ညဘက်မှာ ရန်သူကို စောင့်ကြည့်တာကတေ
ဟုတ်ပါပြီ၊ နေ့လယ်ဘက်မှာ ကျွန်တော်တို့ကို ဘယ်သူက လာ
ထမင်းဟင်းချက် ပြုတ်ကျွေးမှာလဲ"

ဝမ်ကျက်က ပိုင်ရင်ဟုန်ကို မေးသည်။

"ကျွန်မချက်ပေးမှာပေါ့"

"ခင်ဗျားက နေ့ပိုင်းမှာ ထမင်းဟင်းချက် ညဘက်မှာ ရန်သူ
စောင့်ကြည့်နဲ့ သိပ်ပင်ပန်းနေမှာပေါ့"

"ဖြစ်ပါတယ်၊ ချက်ပြုတ် စားသောက် ပြီးတာနဲ့ ကျွန်မ



အနားယူ အိပ်စက်လိုက်ယင် ရပါတယ်"

"ဒီလိုဆိုယင်လဲ သူ့ကို ရန်သူကြည့်ဖို့ တာဝန်ပေးလိုက်ပါ၊
ကျွန်တော် နေ့လယ်ပိုင်း ကင်းစောင့်ပေးပါ့မယ်"

အိုက်တုဟောက်က ဝင်ပြောသည်။

ဤသို့ဖြင့် တာဝန်ခွဲဝေမှု ပြီးစီးသွားသည်။

နေ့လယ်ပိုင်း ကင်းတာဝန်ကျသော ခန်ချုံးရွဲနှင့် အိုက်တု
ဟောက်တို့က ကင်းစောင့်ပြီး ကျန်လူများက အိပ်ကြသည်။

ပိုင်ရင်ဟုန်မှာ အပြောနှင့်အလုပ် ညီသည်။

နေ့လယ်မွန်းတည့်ချိန်တွင် အိပ်ရာမှထကာ နေ့လယ်စာ
ထမင်းဟင်းများ ချက်ပြုတ်ပေးသည်။

ထမင်းစားပြီးနောက် ပြန်အိပ်သည်။

နေ့ဘက်ပိုင်းတွင် ဘာမျှ ထူးထူးခြားခြား မဖြစ်ဘဲ အချိန်
ကုန်လွန်သွားသည်။

ညစာ စားသောက်ပြီးနောက် အိုက်တုဟောက်နှင့် ခန်ချုံး
တို့ တာဝန်ပြီး၍ အိပ်ကြသည်။

ဝမ်ကျက်က ကျန်လူများကို ရန်သူစောင့်ကြည့်ရန် လူစုခွဲ၍
နေရာချထားသည်။

နှစ်ယောက်တစ်တွဲစီ (၄)စုနှင့် သုံးယောက်တွဲ(၁)စု ဖြစ်
သည်။

သုံးယောက်တွဲအစုမှာ ဝမ်ကျုက်၊ ပိုင်ရင်ဟုန်နှင့် ကြန်းဟ
တို့ ဖြစ်ကြသည်။

မိမိမှာ အခွင့်အရေးသမား မဟုတ်ကြောင်း ပေါ်လွင်စေ
ဝမ်ကျုက်က ယခုလို လူစုခွဲပေးထားခြင်း ဖြစ်သည်။

သူတို့အားလုံး စားသောက်ဂေဟာ၏ နေရာအသီးသီးတွ
ခွဲဝေ၍ ပုန်းအောင်းကာ ရန်သူအလာကို စောင့်ကြည့်နေကြသည်

ညသန်းခေါင်ယံအချိန်တွင်မူ အခြေအနေ ထူးခြားလ
သည်။

* * *



ညသန်းခေါင်ယံအချိန်တွင် ထူးခြားသော အခြေအနေ ပေါ်
လာသည်။

ထိုထူးခြားမှုကို စတင်တွေ့မြင်သူမှာ ဝမ်ကျုက် ဖြစ်သည်။

ဝမ်ကျုက် စောင့်ကြည့်နေသော နေရာနှင့် ကိုက်သုံးဆယ်
ခန့်အကွာရှိ ၁န်းမဆောင်တစ်ခု၏ ခေါင်မိုးပေါ်ဝယ် ရုတ်တရက်
ဖြူဖွေးသော အရိုးစုံသဏ္ဍာန်တစ်ခု ပေါ်လာသည်။

ထိုအချိန်ဝယ် ပိုင်ရင်ဟုန်မှာ ကြာရှည်စွာ စောင့်နေရသည်
ကို စိတ်မရှည်သောကြောင့် ဝမ်ကျုက်၏ဘေးနားဝယ်ထိုင်ကာ ငိုက်
မျဉ်းနေသည်။

ထို့ကြောင့် အဖြူရောင်အရိုးစု ပေါ်ပေါက်လာသည်ကို ပိုင်
ရင်ဟုန် မသိသေးပေ။

ဝမ်ကျုက်က ခပ်လှမ်းလှမ်းဝယ် ရှိနေသော ကြန်းဟန့်ကို
အသာလက်ယပ်ခေါ်လိုက်သည်။

ကြန်းဟန့် ဝမ်ကျုက် အနီးသို့ ရောက်လာသည်။

ဝမ်ကျုက်က ထူးဆန်းသော အရိုးစုသဏ္ဍာန်ကို အသာ မေး
ငေါ့ပြလိုက်သည်။

ထို့နောက် ဝမ်ကျုက်က ပိုင်ရင်ဟုန်ကို နှိုးသည်။

အရိုးစုသဏ္ဍာန်ကို မြင်ရလျှင် ပိုင်ရင်ဟုန် လန့်အော်မည်
စိုးသောကြောင့် ဝမ်ကျုက်က ပထမဦးစွာ ပိုင်ရင်ဟုန်၏ ပါးစပ်ကို

လက်ဝါးဖြင့် ပိတ်သည်။

ထို့နောက်တွင်မှ အရိုးစုသဏ္ဍာန်ကို လက်ညှိုးထိုးပြသည်

ဟိုခုန်သည်ခုန် လှုပ်ရှားနေသော အရိုးစုသဏ္ဍာန်ကို မြင်သည်တွင် ပိုင်ရင်ဟုန်မှာ အလွန်ထိတ်လန့်သွားသည်။

အကယ်၍ ဝမ်ကျက်ကသာ ပါးစပ်ပိတ်မထားလျှင် ပိုင်ရင်ဟုန် လန့်အော်မည်အမှန်။

ပိုင်ရင်ဟုန်မှာ သိုင်းပညာ အဆင့်မြင့်မြင့် တတ်မြောက်ထားသော်လည်း မိန်းကလေးများ၏ ဗီဇစိတ်ကိုကား မဖျောက်နိုင်

လန့်ဖျပ်ကာ တစ်ကိုယ်လုံး တုန်ယင်နေသည်။

အရိုးစုကို မကြည့်တော့ဘဲ ဝမ်ကျက်၏ ရင်ခွင်ထဲသို့ အတင်းတိုးဝင်နေသည်။

"ဘာမှ မကြောက်ပါနဲ့၊ အဲဒါ မကောင်းဆိုးဝါး မဟုတ်ပါဘူး၊ လိမ်လည်လှည့်စားထားချက် တစ်ခုခု ဖြစ်ပါလိမ့်မယ်"

ဝမ်ကျက်က ပိုင်ရင်ဟုန်၏နား နားသို့ ကပ်ကာ တီးတိုးပြောဆို နှစ်သိမ့်သည်။

အရိုးစု၏လှုပ်ရှားမှုမှာ အလွန်ပင် မြန်ဆန်သည်။

ပေါ့ပါးသည်။

လှုပ်ရှားကခုန်နေသည်မှာ ခြေထောက်များ တစ်ချက်တစ်ချက် အပေါ်သို့ ကြွတက်လာသည်။



အရိုးစု ကခုန်နေသည့်နေရာမှာ ခန်းမဆောင်တစ်ခု၏ ခေါင်မိုး ဖြစ်သည်။

အပေါ်ဘက်ဝယ် မိုးကောင်းကင်သာ ရှိသည်။

မည်သူမျှ ပုန်းအောင်းကာ ကြိုးဆွဲပေး၍မရ။

အကယ်၍ ဤအရိုးစုသည် အယောင်ဆောင်မှု ဖြစ်သည်ဟုဆိုလျှင် မည်သည့်နည်းဖြင့် ယခုလို မြန်ဆန်စွာ လှုပ်ရှားနိုင်အောင် ပြုလုပ်ထားမှန်း ဝမ်ကျက် အနေဖြင့် စဉ်းစား၍ မရနိုင်ပေ။

"ဟော ဟိုမှာ ကြည့်စမ်း၊ အနောက်ဘက်က အဆောင် ခေါင်မိုးပေါ်မှာလဲ အရိုးစုတစ်ခု ပေါ်လာပြန်ပြီ"

ကြန်းဟန့်က ထိတ်ထိတ်ပျာပျာဖြင့် ပြောလိုက်သည်။

ဝမ်ကျက် လှမ်းကြည့်လိုက်ရာ အနောက်ဘက်ရှိ အဆောင် တစ်ခု၏ ခေါင်မိုးပေါ်တွင်လည်း အရိုးစုတစ်ခု လှုပ်ရှားကခုန်လျက် ရှိနေသည်ကို တွေ့ရသည်။

"ဘာမှ မကြောက်ကြနဲ့တော့၊ အဲဒါတွေဟာ သရဲအစစ် မဟုတ်ဘူး၊ အတုတွေ ဖြစ်တာ သေချာနေပြီ"

ဝမ်ကျက်မှာ ကြောက်လန့်ခြင်း ပျောက်ကွယ်သွားပြီး တည်ငြိမ်စွာ ပြောလိုက်သည်။

"ဘာကြောင့် ခင်ဗျားက အခုလို အသေအချာ ပြောနိုင်တာလဲ"

ကြန်းဟန့်က မေးသည်။

"သရဲဆိုတာ ပြောကြဆိုတာပဲ ရှိတယ်၊ တစ်ကောင်တစ် လေ တွေ့နိုင်ဖို့တောင် သိပ်ခဲယဉ်းတယ်၊ အခုတစ်ချိန်တည်းမှာ နှစ် ကောင် ပေါ်လာတာဆိုတော့ အစစ် ဘယ်ဟုတ်နိုင်တော့မှာလဲ၊ လာ အကြောင်းသိရအောင် သရဲအယောင်ဆောင်ကို အမိဖမ်းကြစို့"

ဝမ်ကျက်က ဤသို့ပြောပြီး ဓားကို ဆွဲထုတ်၍ ပြတင်း ပေါက်မှ ခုန်ထွက်ကာ အရှေ့ဘက်ဆောင်ခေါင်မိုးပေါ်သို့ အပြေးလာ ခဲ့သည်။

ပိုင်ရင်ဟုန် တားဆီးရန် ကြံသေးသော်လည်း အချိန်မမီ တော့။

"အားလုံး လာကြ၊ သရဲကို အမိဖမ်းကြရအောင်"

ပြတင်းပေါက်မှ ခုန်အထွက်တွင် ဝမ်ကျက်က ပါးစပ်မှ ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

အခြားနေရာများတွင် ပုန်းအောင်း စောင့်ကြည့်သူများ လည်း ဤအရိုးစုများကို မြင်တွေ့ပြီး လူလော၊ သရဲလောဟု ဇဝေ ဇဝါ ဖြစ်နေကြမည်ဖြစ်ကြောင်း ဝမ်ကျက် နားလည်သည်။

ထိုသို့ ထင်ယောင်ထင်မှား ဖြစ်နေကြသူများပြီး ရဲရင့်အမြင် ရှင်းလာစေရန်အတွက် ရည်ရွယ်၍ ဝမ်ကျက်က ယခုလို အော်ဟစ် လိုက်ခြင်း ဖြစ်သည်။



ဝမ်ကျက်၏လုပ်ဆောင်ချက် မှန်ကန်သွားသည်။

အခြားနေရာများဝယ် ပုန်းအောင်းကာ စောင့်ကြည့်နေကြ သော ကျန်သိုင်းလုလင်များမှာ ဝမ်ကျက်၏အော်သံ ကြား၍ ထင် ယောင်ထင်မှား ဖြစ်နေသော စိတ်များပင် ပပျောက်ပြီး ပုန်းအောင်း နေရာမှ အသီးသီး ထွက်လာကြသည်။

လင်ရိကျင်၊ ဖိန်ဖောင်၊ ကျုံးစန်းအူနှင့် တိပေါင်တို့က ဝမ် ကျက်သွားရာ အရှေ့ဘက်ခန်းမဆောင်ဘက်သို့ ပြေးလာကြသည်။

ဝေကြီရှန်၊ ကြင်ကျင်ချုန်၊ ကြိုဝမ်း၊ ကိုးလုံတို့ လေးယောက် မှ အနောက်ဘက်အဆောင် ခေါင်မိုးပေါ်သို့ ပြေးသွားကြသည်။

ဝမ်ကျက် အိမ်ခေါင်မိုးများပေါ်မှ ဖြတ်ကျော်ပြေးလာသည့် အချိန်မှာ အတော်ပင် မြန်သည်။

သို့သော် အိမ်ခေါင်မိုးတစ်ခုကို ကျော်ပြီးချိန်ဝယ် အရှေ့ ဘက်အဆောင် ခေါင်မိုးပေါ်မှ အရိုးစုမှာ ရုတ်တရက် ပျောက်ကွယ် သွားသည်။

မီးထွန်းထားသောကြောင့် ဖြစ်ပေါ်နေသော အရိပ်တစ်ခု းကို မှိတ်လိုက်သည်နှင့် ရုတ်ခြည်းပျောက်ကွယ်သွားသည့် ပုံမျိုး ဖြစ်သည်။

အရိုးစု ပျောက်ကွယ်သွားပြီး ခဏအကြာဝယ် ဝမ်ကျက် လည်း ထိုခေါင်မိုးပေါ်သို့ ရောက်ရှိသွားသည်။

ဝမ်ကျက်က အနီးဝန်းကျင်ကို မျက်စိကစား အကဲခတ်ကြည့်သည်။

မရှေးမနှောင်းဆိုသလိုပင် လင်ရိကျင်၊ ဖိန်ဖောင်၊ ကျုံးစန်အူနှင့် တိပေါင်တို့(၄)ယောက် ထိုနေရာသို့ ရောက်လာကြသည်။

"ဟို အရိုးစုကောဟင်"

"ဘယ်ပျောက်သွားတာလဲ"

"မဖမ်းမိလိုက်ဘူးလား"

လင်ရိကျင်တို့လူစုက တစ်ယောက်တစ်ပေါက် မေးကြလေသည်။

"ကျွန်တော် ဒီကို ပြေးလာနေတုန်းမှာပဲ လှစ်ကနဲ ပျောက်သွားတယ်၊ အတော်ထူးဆန်းတာပဲ"

ဝမ်ကျက်က ပခုံးတွန့်ပြပြီး ပြောသည်။

သူတို့(၅)ယောက်သည် ထိုနေရာ အနီးဝန်းကျင်ကို လိုက်လံရှာဖွေ ကြည့်ရှုကြသေးသည်။

မည်သည့် အရိပ်အရောင်မျှ မတွေ့။

မည်သို့သော ထူးခြားချက်ကိုမျှ ရှာမရ။

အနောက်ဘက်အဆောင်ဘက်သို့ ပြေးသွားကြသော ဝေကြိုရှန်တို့(၄)ယောက်မှာလည်း ဝမ်ကျက်တို့၏ အတွေ့အကြုံမျိုးပင် တွေ့ကြရသည်။



သူတို့ ပြေးသွားကြဆဲမှာပင် အရိုးစုမှာ လှစ်ကနဲ ပျောက်ကွယ်သွားခဲ့ပြီး အနီးအနားတွင် ရှာဖွေကြည့်သော်လည်း မသင်္ကာစရာ ဘာကိုမျှ မတွေ့ရပေ။

နောက်ဆုံးဝယ် လက်လျှော့ကာ အလယ်ဗဟိုဆောင်သို့ ပြန်လာခဲ့ကြသည်။

* * *

အလယ်ဗဟိုဆောင်ဝယ် အားလုံး ပြန်စုမိကြသည်။

မိမိတို့ အသီးသီး ကြုံခဲ့ကြရသည်များကို ပြန်ပြောပြသည်။

"ဘာမှ ဟိုတွေးသည်တွေးလုပ်ပြီး ကြောက်လန့်မနေကြပါ နဲ့ စောစောက ကျွန်တော်တို့ တွေ့ရကြရတာဟာ သရဲ မဟုတ်ပါဘူး၊ လူက သရဲယောင်ဆောင်ထားကြတာတွေပါ"

ဝမ်ကျက်က ပြောသည်။

"အဲဒါတွေဟာ အရိုးစုတွေ ဖြစ်ပြီး လှုပ်ရှား ကခုန်နေတာကို မျက်စိနဲ့ မြင်ရလျက်သားနဲ့ ဘာကြောင့် သရဲအတုလို့ ပြောရတာလဲ၊ ဒီလို အရိုးစုတွေ ကခုန်အောင်လို့ ဘယ်လိုလုပ်ပြီး ဖန်တီးနိုင်မှာလဲ"

ပိုင်ရင်ဟုန်က ဝမ်ကျက်ပြောသည်ကို မယုံနိုင်ဟန်ဖြင့် မေးသည်။

"ကျွန်တော် ရှင်းပြပါ့မယ်၊ အခုအချိန်ဟာ လမသာတဲ့ ည အချိန်ဖြစ်တယ်၊ ဒီလို အချိန်မျိုးမှာ ကျွန်တော်တို့ရဲ့ မျက်စိ မြင်ကွင်းဟာ သိပ်မကောင်းဘူး၊ အလွန်ဆုံး ဆယ်ကိုက်လောက်ကိုပဲ ကောင်းကောင်းမြင်နိုင်ပြီး သည်ထက်ဝေးယင် သိပ်ပြီး မသဲကွဲတော့ဘူး၊ တကယ်လို့ အနက်ရောင်ဝတ်စုံကို ဝတ်ထားယင် အမှောင်နဲ့ရောပြီး မြင်နိုင်ဖို့ မလွယ်ဘူး"

ဝမ်ကျက်က ရှင်းပြသည်။

"ဟာ..ဟုတ်ပြီ၊ ကျွန်တော်စဉ်းစားမိပြီ၊ သူတို့က အနက်



ရောင်အောက်ခံမှာ အရိုးစုပုံကို ဆေးဖြူနဲ့ ရေးထားတဲ့ ဝတ်စုံကို ဝတ်ထားကြတာကိုး"

အိုက်တုဟောက်က ဝင်ပြောသည်။

အိုက်တုဟောက်မှာ ခန်းဂျူးရွှံ့နှင့်အပူ နေ့ဘက်ကင်းတာ ဝန်ကျ၍ အိပ်နေခဲ့ရာ ဆူဆူညံညံ ဖြစ်မှုကြောင့် နိုးလာပြီး ထိုင်နားထောင်နေခြင်း ဖြစ်၏။

"အရိုးစုပုံကို ရေးဆွဲထားကြတာ မဟုတ်ဘူး၊ ပိတ်ဖြူနဲ့ အရိုးစုပုံညှပ်ပြီး အပေါ်က ကပ်ထားကြတာ ဖြစ်လိမ့်မယ်၊ ဒီလို လုပ်ထားတော့ ကပ်ထားတဲ့ အရိုးစုပုံပိတ်ဖြူစကို အချိန်မရွေး ချက်ချင်းခွာချပစ်နိုင်တယ်၊ အဲဒီ ပိတ်ဖြူကို ခွာချလိုက်ယင် ကျန်နေတဲ့ အနက်ရောင်ဝတ်စုံဟာ အမှောင်နဲ့ရောပြီး သူတို့ကို ကိုယ်ရောင်ဖျောက်ပေးလိုက်တယ်"

ဝမ်ကျက်က ဆက်၍ ရှင်းပြသည်။

"လက်စသတ်တော့ ဒီလိုကိုး"

"နောက်တစ်ချက် ကျွန်တော် စဉ်းစားမိတာ ရှိသေးတယ်၊ အဲဒီ အရိုးစုတွေရဲ့ ကခုန်လှုပ်ရှားတဲ့ ဟန်ပန်ဟာ အတော့်ကို လှပပြီး နှဲ့နှောင်းတယ်၊ ဒီတော့ အယောင်ဆောင်တဲ့ လူတွေဟာ ငယ်ရွယ်တဲ့ မိန်းမပျိုလေးတွေ ဖြစ်ရမယ်၊ ပြီးတော့ လှုပ်ရှားပုံ သိပ်ပေါ့ပါးတာကြောင့် ကိုယ်ဖော့ပညာလဲ ထိပ်တန်းအဆင့်မှာ ရှိကြမယ်လို့

ခန့်မှန်းရတယ်"

"ဒီလိုဆိုယင် သူတို့ဟာ စစ်တုရင်ကေရီရဲ့ စစ်တုရင်ရုပ် ဖြစ် တဲ့ ပုလဲနက်မိန်းကလေးတွေများ ဖြစ်နေမလား"

ပိုင်ရင်ဟုန်က ကင်မြင်ချက်ပေးသည်။

"အဲဒါကိုတော့ ကျွန်တော် အတိအကျ မပြောနိုင်ဘူး၊ သိုင်း လောကနယ်ပယ်ဟာ ပင်လယ်လို ကျယ်ပြန့်နက်ရှိုင်းတယ်၊ အစွမ်း ထက်တဲ့ အကျော်အမော်တွေလဲ အဆက်မပြတ် ပေါ်ပေါက်နေကြ တယ်"

"လက်ရှိ သိုင်းလောကမှာ စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့က လွဲယင် အခြားဘယ်သူကမှ ဒီလို စွမ်းရည်ထက်မြက်တဲ့လူတွေ မွေး ထုတ်လေ့ကျင့်မပေးနိုင်ဘူး၊ ကျွန်တော်တော့ ပိုင်ရင်ဟုန် ပြောတာ ကို ထောက်ခံတယ်"

အိုက်တုဟောက်က ပြောသည်။

"ယိပေါက်ကျင့်တို့သုံးယောက်ကို တိမ်းရှောင်ထွက်ပြေးကုန် အောင် လုပ်တာဟာ စစ်တုရင်ကေရာဇ် မဟုတ်ဘူး၊ စစ်တုရင်ကေရီ ရဲ့ လက်ချက် ဖြစ်တယ်လို့ ကျွန်မက ဆိုလိုတာပါ"

စစ်တုရင်ကေရာဇ်ကို အထိမခံလိုသော ပိုင်ရင်ဟုန်က စကားကို ရှင်းအောင် ပြင်ပြောသည်။

"ဟုတ်ပါတယ်၊ အဲဒီလိုပါပဲ၊ အရိုးစုသရဲလို အယောင်



ဆောင်ခဲ့တဲ့ မိန်းကလေးနှစ်ယောက်ဟာ စစ်တုရင်ကေရီရဲ့ လက် အောက်က ပုလဲနက်မိန်းကလေးတွေ ဖြစ်မယ်လို့ ကျွန်တော်က ဆို လိုတာပါ"

အိုက်တုဟောက်က ပြုံးရယ်၍ ပြောသည်။

"ခင်ဗျားကကော ဘယ်လိုထင်သလဲ"

အိုက်တုဟောက်က ပိုင်ရင်ဟုန်ကို ပြောပြီးနောက် ဝမ် ကျက်ကို ဆက်မေးလိုက်သည်။

"ဒီကိစ္စဟာ သိပ်ကို လျှို့ဝှက်ဆန်းပြားတယ်၊ သက်သေခိုင် ခိုင်လုံလုံ မတွေ့သေးဘဲနဲ့ စွပ်စွဲလို့ မဖြစ်နိုင်ဘူး"

ဝမ်ကျက်က ပြန်ပြောသည်။

"ခင်ဗျား ကြည့်ရတာ စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့နဲ့ ပတ် သက်လာယင် ရှောင်ဖယ်နေတယ်လို့ ကျွန်တော်ထင်မိတယ်၊ ကျွန် တော်ထင်တာ မှားယင်လဲ ခွင့်လွှတ်ပါ"

ခန်ချုံးရွဲက ဝင်မေးသည်။

"ကျွန်တော် အမှန်အတိုင်း ဝန်ခံပါ့မယ်၊ ကျွန်တော်ဟာ စစ် တုရင်ကေရာဇ်နဲ့ သုံးကြိမ် ဆုံတွေ့ခဲ့ဖူးပါတယ်၊ သူ့အကြောင်းကို အသေအချာ ကျွန်တော် မသိပေမယ့် သူဟာ ဖြောင့်မတ်တည်ကြည် တဲ့ လူတစ်ယောက် ဖြစ်တာကိုတော့ ရဲရဲကြီး ပြောရဲတယ်"

"အခုဟာက ကျွန်တော်တို့က စစ်တုရင်ကေရာဇ်ကို စွပ်စွဲ

နေတာမှ မဟုတ်တာ၊ စစ်တုရင်ကေရီကိုပဲ ပြောနေတာပါ"

ကြင်ကျင်ချွန်က ပြောသည်။

"စစ်တုရင်ကေရာဇ်ဟာ ဖြောင့်မတ်တည်ကြည်ယင် စ
တုရင်ကေရီဟာလဲ ဖြောင့်မတ်မှာပါပဲ"

ဝမ်ကျုက်က ပြန်ပြောသည်။

"ရှင်ပြောတာ မဟုတ်ဘူး၊ ဟိုတစ်ခါတုန်းက ကျွန်မကို စ
တုရင်ကေရီလက်က ကယ်တင်ပေးဖို့အတွက် စစ်တုရင်ကေရာဇ် က
သူ့ညာလက်မောင်းကို စစ်တုရင်ကေရီထံမှာ တန်ဖိုးအနေနဲ့ ဖြတ်
ပေးခဲ့ရတယ်၊ ဒါကို ကြည့်ယင် သူတို့နှစ်ယောက်ဟာ ရန်ဘက်တွေ
ဖြစ်ကြောင်း ထင်ရှားတယ်"

ပိုင်ရင်ဟုန်က ပြောသည်။

"သူတို့နှစ်ယောက်ဟာ လင်မယား မဟုတ်တာတော့ သေ
ချာတယ်၊ သူငယ်ချင်းမိတ်ဆွေလဲ မဟုတ်နိုင်ဘူး၊ ပိုင်ရင်ဟုန် ပြေ
သလို ရန်ဘက်တွေပဲ ဖြစ်ရမယ်၊ ရန်ဘက်ဆိုတာ တစ်ယောက်နဲ့
တစ်ယောက် ဆန့်ကျင်ဘက်တွေ ဖြစ်ကြတယ်၊ တကယ်လို့ စစ်တုရင်
ကေရာဇ်က ကောင်းပြီး ဖြောင့်မတ်တည်ကြည်တယ်ဆိုယင် စစ်
တုရင်ကေရီဟာ ဆိုးပြီး ကောက်ကျစ်ရက်စက်ရမယ်"

အိုက်တုဟောက်က ပြောသည်။

"စစ်တုရင်ကေရာဇ်ဟာ ဖြောင့်မတ်တည်ကြည်တဲ့လူ ဖြစ်



တာကတော့ အမှန်ပဲ၊ ဂေဟာနှစ်ခုနဲ့ ရဲတိုက်တစ်လုံးက လူတွေ တိမ်း
ရှောင်ထွက်ပြေးကြရတာဟာ စစ်တုရင်ကေရီကို ကြောက်ကြလို့ပဲ
ဖြစ်ရမယ်"

ပိုင်ရင်ဟုန်က ပြောသည်။

ဝမ်ကျုက်က ဘာမျှမပြော။

ငြိမ်၍နေသည်။

"ဘယ်လိုလဲ ဝမ်ကျုက်၊ ကျွန်မ ပြောတာကို ရှင်လက်မခံ
နိုင်ဘူးလား"

ပိုင်ရင်ဟုန်က ငြိမ်နေသော ဝမ်ကျုက်ကို မေးလိုက်သည်။

"ပိုင်ရင်ဟုန် ပြောသလို ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျား
တို့အနေနဲ့ ဒီကိစ္စတွေမှာ ဝင်မစွက်ဖက်စေချင်ဘူး၊ ဒီကိစ္စမှာ ဝင်စွက်
ဖက်ယင် အသက်အန္တရာယ်နဲ့ ရင်ဆိုင်ကြရမှာ အမှန်ပဲ"

ဝမ်ကျုက်က ခပ်ဖြည်းဖြည်း ပြန်ပြောသည်။

"ခင်ဗျားက ကျွန်တော်တို့တွေ အသက်အန္တရာယ် ကြုံရ
မှာစိုးလို့ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေတာကိုး၊ ကျွန်တော့်အတွက်
ဘာမှ စိုးရိမ်မနေပါနဲ့၊ ကျွန်တော်တို့က ဘယ်လိုအန္တရာယ်မျိုးမဆို
ရင်ဆိုင်ဝံ့ပါတယ်၊ ခင်ဗျားကသာ ရှေ့ဆောင်ဦးစီးပါ၊ ကျွန်တော်တို့
ခင်ဗျားအမိန့်ကို နာခံပြီး လိုက်လုပ်ပါ့မယ်"

အိုက်တုဟောက်က ပြောသည်။

"ဟုတ်တယ်၊ ကျွန်တော်တို့လဲ ဒီသဘောအတိုင်းပါပဲ"

ခန်းချုံးရွဲကလည်း အာမခံသည်။

"အင်း…အမှန်အတိုင်း ဝန်ခံရယင် ကျွန်တော်တို့ကိုယ်တိုင်လဲ ဒီကိစ္စမှာ ဝင်စွက်ဖက်နိုင်တဲ့ အင်အားမရှိဘူး၊ မစွက်ဖက်ချင်တော့ဘူး၊ ပြီးတော့ ကျွန်တော်တို့ တွေ့ကြုံသိရှိခဲ့ရချက်တွေအရဆိုယင် စစ်တုရင်ကော်ပြီဟာ သိုင်းလောကကို ဘယ်လိုမှ အန္တရာယ် မပြု သေးပါဘူး"

ဝမ်ကျက်က ဤသို ပြောလိုက်သည့်အတွက် အားလုံး အံ့အားသင့်ကုန်ကြသည်။

"ဒီလိုဆိုယင် ရှင်က ဘယ်လိုလုပ်ဖို့ စိတ်ကူးထားလဲ"

ခေတ္တမျှ ငြိမ်သက်နေပြီးနောက် ပိုင်ရင်ဟုန်က ဝမ်ကျက်ကို မေးသည်။

"ဒီကိစ္စကို ဆက်မစွက်ဖက်တော့ဘူး၊ ခင်ဗျားတို့လဲ ဘာမှ မပတ်သက်ကြပါနဲ့တော့၊ မိုးလင်းတာနဲ့ ကျွန်တော်တို့ လူစုခွဲကြမယ်၊ ကျွန်တော်က ပိုင်ရင်ဟုန်ကို သူ့အမေအိမ် အရောက်လိုက်ပို့ပေးမယ်"

ဤသို့ ပြောပြီးနောက် ဝမ်ကျက်သည် ထိုင်နေရာမှ ထလိုက်သည်။

ဝမ်ကျက် ယခုလို စိတ်ပြောင်းသွားသည်ကို တွေ့ရသည်



တွင် အားလုံးမှာ အတော်ပင် စိတ်ဓာတ်ကျကုန်ကြသည်။

သူတို့အထဲတွင် ဝမ်ကျက်မှာ သိုင်းပညာ အကောင်းဆုံးဖြစ်ပြီး ကြံရည်ဖန်ရည်လည်း ရှိပေရာ၊ ဝမ်ကျက်က လက်လျှော့နောက်ဆုတ်လိုက်ပြီမို့ ကျန်လူများအဖို့လည်း ပြောဖွယ်ရာ မလိုတော့ပေ။

* * *

အခန်း(၅)

မိုးလင်းလာပြီ။

အိုက်တုဟောက်တို့လူစုနှင့် ခန်ချူးရွဲတို့ အပေါင်းအသ
တစ်သိုက်သည် မြင်းကိုယ်စီစီးကာ အချင်းချင်း နှုတ်ဆက်စကားဆို
ထွက်ခွာသွားကြသည်။

ပိုင်ရင်ဟုန်မှာ ဝမ်ကျုက် လုပ်ပုံကို သဘောမကျ။

ထို့ကြောင့် ဝမ်ကျုက်ကို နှုတ်ဆက်စကားပင် မဆိုဘဲ မြ
စီးကာ ထွက်လာခဲ့သည်။

ဝမ်ကျုက်က သူ့မြင်းကို အသာနှင်ကာ ပိုင်ရင်ဟုန်ကို အ
လိုက်သည်။



လိုက်၍မီသောအခါ ပိုင်ရင်ဟုန်၏ ဘေးဝယ် မြင်းချင်းယှဉ်စီးလိုက်သည်။

"ကျွန်မကို လိုက်ပို့ပေးစရာ မလိုဘူး၊ ကျွန်မဘာသာကျွန်မ ပြန်မယ်"

ပိုင်ရင်ဟုန်က ပြောသည်။

ဝမ်ကျုက်ကို မကြည့်။

ရှေ့တည့်တည့်ကြည့်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

"ခင်ဗျားကို အိမ်ရှေ့အရောက် လိုက်ပို့ပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိနေတယ်"

ဝမ်ကျုက်က ပြန်ပြောသည်။

"ရှင်နဲ့ ကျွန်မနဲ့ ဘာမှမဆိုင်ဘူး၊ ရှင့်မှာ ကျွန်မအတွက် ဘာတာဝန်မှ မရှိဘူး"

"ခင်ဗျားဟာ ကျွန်တော်နဲ့ အတူရှိနေကြောင်း ခင်ဗျားအမေ သိတယ်၊ တကယ်လို့ ကျွန်တော်က ခင်ဗျားကို တစ်ယောက်တည်း လွှတ်လိုက်ပြီး လမ်းမှာ တစ်စုံတစ်ရာ ဖြစ်သွားယင် ခင်ဗျားအမေကို ကျွန်တော်က ဘယ်လိုဖြေရှင်းရမှာလဲ"

"သတ္တိကြောင်တဲ့ လူနဲ့ ကျွန်မ အတူတူ မသွားချင်ဘူး၊ ရှင့်လမ်း ရှင်သွား၊ ကျွန်မလမ်း ကျွန်မသွားမယ်"

ဝမ်ကျုက်က မကြားဟန်ပြုကာ ပိုင်ရင်ဟုန်၏ ဘေးမှ ဆက်

လိုက်နေသည်။

"ဘယ်လိုလဲ ကျွန်မနောက်ကို မလိုက်ပါနဲ့လို့ ပြောနေတာ မကြားဘူးလား"

ပိုင်ရင်ဟုန်က ထပ်ပြောပြန်သည်။

"ခင်ဗျားနောက်ကို ကျွန်တော်လိုက်ရအုံးမယ်၊ ဘာကြော လဲဆိုတော့ ခင်ဗျားအမေကို တွေ့ပြီး စစ်တုရင်ဓားသိုင်းရဲ့ စိတ်အ အား ကျင့်ပုံကျင့်နည်းအကြောင်း မေးမြန်းစရာ ရှိသေးတယ်"

"ရှင်က ဒီလို အဆင့်မြင့်တဲ့ သိုင်းပညာ သင်ယူပြီး ဘယ် ရာမှာ သွားအသုံးချမှာလဲ"

"အနည်းဆုံးကတော့ စစ်တုရင်ဇကရီရဲ့ ပုလဲနက်မိန်းက လေးတွေနဲ့ ရင်ဆိုင်တဲ့အခါမှာ အသုံးချနိုင်တာပေါ့"

ဤစကားကို ကြားရသောအခါ ပိုင်ရင်ဟုန်မှာ အံ့သြသွာ ပြီး မြင်းကို ဇက်သတ်ရပ်လိုက်သည်။

ဝမ်ကျုက်ကလည်း ပိုင်ရင်ဟုန် နည်းတူ မြင်းကို ရပ်လိုက် သည်။

"ရှင်က ဒီကိစ္စမှာ ဝင်မစွက်ဖက်တော့ဘူးဆို၊ အခုတော့ ဘယ်လို ဖြစ်ပြန်တာလဲ"

ပိုင်ရင်ဟုန်က ဝမ်ကျုက်ကို မေးသည်။

"အဲဒါက အိုက်တုဟောက်တို့တတွေ လက်လျှော့ပြီး ထွက်



သွားကြအောင် ပရိယာယ်ဆင်လိုက်တာပါ၊ သူတို့ကို အန္တရာယ်နယ် ယ်ထဲ မဝင်စေချင်ဘူး"

"ဘာကြောင့်လဲ"

"သူတို့အားလုံးဟာ မင်းစိုးရာဇာ နယ်စားမြို့စားတွေရဲ့ ားတော် ဖြစ်ကြတယ်၊ သိုင်းပညာ မဆိုးလှပေမယ့် ပထမတန်း ိုင်းသမားတွေနဲ့ မယှဉ်နိုင်ဘူး၊ သူတို့ကို အန္တရာယ် စက်ကွင်းထဲ ေါ်သွားပြီး စွန့်စားခိုင်းလို့ ဖြစ်ပါ့မလား၊ မတော်တဆ သူတို့အထဲက သေဆုံးသွားတဲ့လူ ရှိယင် သူတို့ရဲ့ မိဘတွေကို ကျွန်တော်က ဘယ် လိုလုပ် ဖြေရှင်းရမှာလဲ"

ဝမ်ကျုက်က ဤသို့ ရှင်းပြမှပင် ပိုင်ရင်ဟုန်မှာ နားလည် သဘောပေါက်ကာ ဝမ်ကျုက်အပေါ် အထင်အမြင် လွဲနေမှုလည်း ပျောက်သွားသည်။

"လက်စသတ်တော့ ဒီလိုကိုး၊ ရှင့်အပေါ် အထင်လွဲမိတာ တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး"

"ကျွန်မတို့ မိစ္ဆာလေပွေကျွန်းကို တစ်ခေါက်ပြန်သွားကြအုံး လား"

"အခုလောလောဆယ်မှာတော့ ဓားမောက်ဂေဟာကို ပြန် ပြီး အရိုးစုသရဲ ဟန်ဆောင်တဲ့ မိန်းကလေးတွေ အကြောင်း စုံစမ်း

ကြည့်ချင်တယ်"

"အင်း... အဲဒါလဲ ကောင်းတာပဲ"

"ကျွန်တော်တို့ ပထမဆုံး မြို့ထဲကို ဝင်ပြီး တည်းခိုခန်း မယ်၊ နောက်တော့ ဝတ်စုံနက် တစ်ယောက်တစ်စုံစီ ဝယ်မယ်၊ ယင်..."

ဝမ်ကျက်က မိမိ၏ အကြံအစည်များကို ပိုင်ရင်ဟုန်အ ကီးတိုး ပြောပြလိုက်သည်။



ညသန်းခေါင်းယံအချိန်။

အနက်ရောင်ဝတ်စုံများ ဝတ်ထားသော လူနှစ်ယောက်၊ မောက်ဂေဟာ၏ ဝင်းနံရံနားသို့ အသာချဉ်းကပ်လာသည်။

နံရံဘေးနားဝယ် အသာဝပ်နေကြပြီးနောက် အရိပ်အခြေ အကဲခတ်ကြည့်သည်။

ဓားမောက်ဂေဟာအတွင်းမှ မည်သည့် လှုပ်ရှားမှုမျှ မရှိ ကို တွေ့ရသည်တွင် ထိုသူနှစ်ယောက်သည် ဝင်းနံရံကို အသာ ကာ ဓားမောက်ဂေဟာထဲသို့ ဝင်ရောက်သွားကြသည်။

ထို့နောက် သိပ်သည်းသော အမှောင်ထုထဲဝယ် ဝတ်စုံနက် ယောက်မှာ တိုးဝင်ပျောက်ကွယ်သွားသည်။

အချိန်အနည်းငယ် ကြာပြီးနောက် ဓားမောက်ဂေဟာသည် ယ်ဗဟိုဆောင်၏ ခေါင်မိုးပေါ်တွင် အနက်ရောင်ဝတ်စုံဝတ် မပျိုတစ်ယောက် မတ်တတ်ရပ်လျက် ရောက်ရှိလာသည်။

မိန်းမပျိုဝတ်ထားသော အနက်ရောင်ဝတ်စုံမှာ ခေါင်းမှ များတိုင်အောင် ဖုံးအုပ်နေသော ကိုယ်ကျပ်ဝတ်စုံ ဖြစ်သည်။

မျက်လုံးနေရာနှင့် ပါးစပ်နေရာတို့တွင်သာ အပေါက်များ သည်။

အရိုးစုသဏ္ဍာန် ကိုက်ညှပ်ထားသော အဖြူရောင်ပိတ်စ စ်ခုကို ဝတ်စုံ၏အပေါ်မှ ကပ်ထားသည်။

ခပ်လှမ်းလှမ်းမှ ကြည့်လျှင် ဖြူဖွေးသော အရိုးစုသဏ္ဍာ
ကိုသာ မြင်ရပြီး အရိုးစုသရဲဟု ထင်ယောင်ထင်မှား ဖြစ်နိုင်သည်

ထိုမိန်းမပျိုသည် အိမ်ခေါင်မိုးထက်ဝယ် ဟိုမှ သည်
ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

ခဏအကြာဝယ် နောက်ထပ် မိန်းမပျိုတစ်ယောက် ထို
ရာသို့ ရောက်လာသည်။

ဒုတိယရောက်လာသော မိန်းမပျိုသည် ပထမရောက်
သော မိန်းမပျိုကဲ့သို့ပင် ဝတ်စားဆင်ယင်ထားသည်။

"ဘာတွေ့သေးလဲ"

ဒုတိယရောက်လာသော မိန်းမပျိုက ပထမရောက်
သော မိန်းမပျို၏အနီးသို့ ကပ်လာပြီး တီးတိုးပြောသည်။

ပထမရောက်နေသော မိန်းမပျိုက ဘာမျှ မထူးခြား
သော အဓိပ္ပါယ်ဖြင့် ခေါင်းကို ခါယမ်းပြသည်။

"ဒီလို ပေါ်ပေါ်ထင်ထင်ကြီး ရပ်မနေနဲ့၊ ဒီလို ရပ်နေယင်

ဒုတိယရောက်လာသော မိန်းမပျိုမှာ စကားကို ဆုံးအော
မပြောနိုင်။

ပထမရောက်နေသော မိန်းမပျိုက ဒုတိယရောက်လ
သော မိန်းမပျို၏ ညာဘက်ပခုံးပေါ်မှ 'လက်ယာရေစီး' သွေးကြော
ကွက်နေရာကို ဆတ်ကနဲ ဖက်ဖမ်းလိုက်သောကြောင့် စကားတ



က်တစ်ပျက်နှင့် ရပ်သွားသည်။

"ပုလဲနက် နှစ်ဆယ့်ရှစ် မြန်မြန်လာ"

ဒုတိယမိန်းမပျိုက အော်ဟစ်လိုက်သည်။

ဤတွင် ပထမမိန်းမပျိုက ဒုတိယမိန်းမပျို၏ ပျော့ခွေ
ကြောကို ထိုးပိတ်ပစ်လိုက်သည်။

ပျော့ခွေကျသွားသော ဒုတိယမိန်းမပျို၏ ကိုယ်ခန္ဓာကို
ထမမိန်းမပျိုက ပွေ့ယူပြီး လှစ်ကနဲ ပြေးထွက်သွားသည်။

"ဟိတ် ရပ်..ရပ်လိုက်"

အော်သံနှင့်အတူ အနက်ရောင်ဝတ်စုံဝတ်ပြီး အရိုးစု
သဏ္ဍာန် ပုံဖော်ထားသည့် အဖြူရောင်ပိတ်ကို အပေါ်မှ ကပ်ထား
သော မိန်းမပျိုတစ်ယောက် ထိုနေရာသို့ အပြေးရောက်လာပြန်
သည်။

တတိယမိန်းမပျိုသည် သိမ်းငှက်၏ လျင်မြန်ခြင်းဖြင့် လု
မ်းသွားသော ပထမမိန်းမပျိုနောက်သို့ ပြေးလိုက်သည်။

ရွှမ်းကနဲ ဓားထုတ်သံကြားရပြီး တတိယမိန်းမပျို၏ လက်
ထဲဝယ် ဓားရှည်တစ်လက် ရောက်လာသည်။

လိုက်၍ မီလုမီခင်တွင် တတိယမိန်းမပျိုက ရှေ့မှပြေးနေ
သော ပထမိန်းမပျို၏နောက်ကျောကို ဓားရှည်ဖြင့် လှမ်းပိုင်းလိုက်
သည်။

"သိပ်ဒေါသမကြီးပါနဲ့လေ"

စကားသံတစ်ခု ရုတ်တရက် ပေါ်လာသည်။

စကားသံနှင့်အတူ ဝတ်စုံနက်ဝတ်ထားသော လူလင်ပျိုတစ်ယောက် ရုတ်တရက် ပေါ်ထွက်လာသည်။

လူလင်ပျို၏လက်ထဲဝယ် ဓားတစ်လက် အသင့်ကိုင်ဆွဲထားသည်။

လူလင်ပျိုက တတိယမိန်းမပျို၏ ဓားချက်ကို သူ့လက်ထဲရှိ ဓားဖြင့် ဆီးကြိုခံဆောင်လိုက်သည်။

"ထန်း..."

ဓားချက်ချင်း ထိမိသည်။

လူလင်ပျို ဝင်ရောက်ဟန့်တားလိုက်သောကြောင့် လူဖမ်းသွားသော ပထမမိန်းမပျိုမှာ အနှောင့်အယှက် မရှိဘဲ ဆက်လက်ပြေးထွက်သွားကာ မှောင်ထဲဝယ် ပျောက်ကွယ်သွားသည်။

"ရှင်က ဘယ်သူလဲ"

တတိယမိန်းမပျိုက လူလင်ပျိုကို မေးလိုက်သည်။

မေးယင်း ဓားကို ဝင့်ကာ ပိုင်းချသည်။

"ကျွန်တော်ဝမ်ကျုက်ပါ"

လူလင်ပျိုက မိန်းမပျို၏ဓားချက်ကို ခုခံပယ်ထုတ်ပစ်ယင်း ပြန်အဖြေပေးသည်။



"ရှင်က ဝမ်ကျုက်ကိုး၊ ဘာကြောင့် ဒီကို ပြန်လာတာလဲ"

"သရဲမတွေကို လာဖမ်းတာလေ"

မိန်းမပျိုမှာ အလွန်ဒေါသထွက်သွားသည်။

စကားမပြောတော့ဘဲ ဝမ်ကျုက်ကို အတင်းတရကြမ်း ...ိုက်ခိုက်လေတော့သည်။

ဝမ်ကျုက်က မိန်းမပျိုနဲ့ ရင်ဆိုင်မတိုက်တော့။

"နောက်များမှပဲ ခင်ဗျားနဲ့ အရှုံးအနိုင်ပေါ်အောင် တိုက်...တာ့မယ်၊ အခုတော့ သွားလိုက်အုံးမယ်"

ဝမ်ကျုက်က ဤသို့ပြောပြီး ကိုယ်ဖျောက်ပညာသုံးကာ ထိုနေ...မှ ပြေးထွက်လာခဲ့သည်။

* * *

ပိုင်ရင်ဟုန်သည် အရိုးစုသရဲယောင်ဆောင်သော မိန်းမပျို ကို အကြောပိတ်ဖမ်းခေါ်ကာ ဓားမိမာက်ဂေဟာမှ ပြေးထွက်လာခဲ့ သည်။

မရပ်မနားဘဲ ပြေးလာခဲ့ရာ အချိန် အတော်ကြာသောအခါ တောင်ကုန်းလေးတစ်ခုသို့ ရောက်လာသည်။

တောင်ကုန်းလေးပေါ်ဝယ် ဇရပ်ပျက်တစ်ဆောင် ရှိသည်။

ဤဇရပ်ပျက်လေးမှာ ဝမ်ကျက်နှင့် ပြန်ဆုံရန် ချိန်းထား သောနေရာ ဖြစ်သည်။

ပိုင်ရင်ဟုန်သည် အကြောပိတ်ထား၍ ပျော့ခွေနေသော ဝတ်စုံနက်မိန်းမပျို၏ ကိုယ်ခန္ဓာကို ပွေ့ချီကာ တောင်ကုန်းထိပ်ရှိ ဇရပ်ပျက်ထဲသို့ ဝင်လာခဲ့သည်။

မိန်းမပျို၏ ခန္ဓာကိုယ်ကို ဇရပ်ပျက်တစ်နေရာဝယ် ချထား ပြီးနောက် ထိုင်ပြီး အမောဖြေ အနားယူသည်။

လူတစ်ယောက်ကို ထမ်းပြီး ခရီးအတော်ဝေးဝေး မရပ် မနားဘဲ ပြေးလာခဲ့ရသည်မို့ ပိုင်ရင်ဟုန်မှာ အတော်ပင်ပန်းနေသည်။

အနားယူ အမောဖြေနေစဉ် လူတစ်ယောက် ဇရပ်ပျက် ရှိ ရာသို့ ရောက်လာသည်ကို ပိုင်ရင်ဟုန် တွေ့လိုက်ရသည်။

"ဟိတ်၊ ဘယ်သူလဲ"

ပိုင်ရင်ဟုန်က လိုအပ်လျှင် တိုက်ခိုက်ရန် အသင့်ပြင်ထား



ပြီး လှမ်းမေးသည်။

"ကျွန်တော် ဝမ်ကျက်ပါ"

ဇရပ်ပျက်ရှေ့သို့ ရောက်လာသော ဝမ်ကျက်က ပြန်အဖြေ ပေးသည်။

ထို့နောက် ဇရပ်ပျက်ပေါ်သို့ တက်လာသည်။

"ဟိုမိန်းကလေး ရှင့်နောက်က ခြေရာခံ လိုက်လာသေး လား"

ပိုင်ရင်ဟုန်က ဝမ်ကျက်ကို ဆီး၍ မေးသည်။

"လိုက်မလာပါဘူး၊ သူ့ကို ကျွန်တော် မျက်ခြည်ဖြတ်ထား နိုင်ခဲ့ပါတယ်"

ဝမ်ကျက်က ပြန်ပြောသည်။

ပိုင်ရင်ဟုန်သည် ဝတ်စုံနက်ပေါ်ဝယ် ကပ်ထားသော အရိုး စုပုံသဏ္ဍာန်ရှိသည့် ပိတ်ဖြူကို ဖယ်ဖြုတ်ပစ်လိုက်သည်။

"သူ့ရဲ့မျက်နှာဖုံးကို ဖယ်လိုက်စမ်းပါအုံး၊ သူ့မျက်နှာလှလှ ပလေးကို ကြည့်ရအောင်"

ဝမ်ကျက်က ကြမ်းပြင်ပေါ်ဝယ် ခွေခွေလေး လဲကျလျက် အား ရှိနေသည့် မိန်းမပျိုကို မေးငေါ့ပြပြီး ပိုင်ရင်ဟုန်အား ပြော လိုက်သည်။

ပိုင်ရင်ဟုန်က ထိုမိန်းမပျို၏ ခေါင်းစွပ်မျက်နှာဖုံးကို ဆွဲ

ချွတ်လိုက်သည်။

ပေါ်လာသော မိန်းမပျို၏မျက်နှာမှာ အမှန်ပင်

သည်။

အသက်အရွယ်မှာလည်း (၂၀)ကျော်ကျော်မျှသာ ရှိသ

နာတံပေါ်က နှုတ်ခမ်းနှစ်လွှာများက ပါးလှပ်သည်

"ရှင်ခန့်မှန်းတာ မလွဲဘူး၊ ဒူက အတော်လှပတာပဲ"

ပိုင်ရင်ဟုန်က ဝမ်ကျက်ကို ပြောသည်။

ထို့နောက် မိန်းမပျိုကို လှမ်းမေးသည်။

"ရှင့်နာမည် ဘယ့်နှယ်ခေါ်သလဲ"

မိန်းမပျိုက ပိုင်ရင်ဟုန် မေးသည်ကို မကြားသကဲ့သို့

တည်တည်လုပ်နေသည်။

ပိုင်ရင်ဟုန်ကိုလည်း မကြည့်။

"တောက်၊ မေးနေတာ မကြားဘူးလား"

ပိုင်ရင်ဟုန်မှာ ဒေါသထွက်လာပြီး မိန်းမပျိုကို ခြေထော

ဖြင့် တစ်ချက်ကန်လိုက်သည်။

ခြေကန်ချက်ကြောင့် မိန်းမပျိုမှာ နှစ်ပတ်သုံးပတ်

သွားသည်။

"ဒီလို အကြမ်းမဖက်နဲ့လေ၊ ကဲ..ကဲ ခင်ဗျား အသာ

လိုက်အုံး၊ ကျွန်တော် သူ့ကို မေးမြန်းကြည့်မယ်"



ဝမ်ကျက်က ဝင်ပြောသည်။

ပိုင်ရင်ဟုန်သည် အနက်ရောင်ဝတ်စုံဝတ် မိန်းကလေးကို

မကျေမနပ် တစ်ချက်ကြည့်ပြီး နောက်သို့ အသာဆုတ်ပေးလိုက်

သည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ၊ ကျေးဇူးပြုပြီး ကျွန်

တော့်ကို ပြောပြပါလား"

ဝမ်ကျက်က မိန်းမပျိုကို မေးခွန်းထုတ်လိုက်သည်။

"ရှင် ကျွန်မကို မေးခွန်းတွေ ထုတ်မနေနဲ့၊ ကျွန်မကို အမြန်

ဆုံး လွှတ်ပေးတာက ရှင့်အတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်"

မိန်းမပျိုက ပြန်ပြောသည်။

"ဒီလို လွယ်လွယ်နဲ့ ပြန်လွှတ်ပေးရမှာလား"

"ကျွန်မအကောင်းပြောတာပါ၊ ကျွန်မကို မလွှတ်ယင်

ရှင်တို့ ဘေးအန္တရာယ် အကြီးအကျယ်ကျရောက်လိမ့်မယ်"

"ခင်ဗျားက ဒီလို မခြိမ်းခြောက်ပါနဲ့"

"ကျွန်မခြိမ်းခြောက်တာ မဟုတ်ဘူး၊ စေတနာနဲ့ သတိပေး

တာ"

"ကျွန်တော်တို့က ခြောက်တိုင်း မကြောက်တတ်ပါဘူး"

"ဖေယွင်အဘွားကြီးဟာ ကျွန်မတို့လက်ထဲ ရောက်နေပြီဆို

ယင်ကော၊ ရှင်တို့က အရေးမစိုက်ကြတော့ဘူးလား"

ဤစကားကို ကြားရသောအခါ ပိုင်ရင်ဟုန်မှာ လန့်ဖျ… သွားသည်။

"ကျွန်မအမေက ဘယ်လိုလုပ်ပြီး ရှင်တို့လက်ထဲကို ရောက်… ရမှာလဲ၊ မဟုတ်တာတွေ လာမပြောနဲ့"

ပိုင်ရင်ဟုန်က ပြောသည်။

ဤသို့ပြောသော်လည်း သူ့စိတ်ထဲတွင်မူ အတော်ပင် စို… ရိမ်ပူပန်နေသည်။

"လွန်ခဲ့တဲ့ ဆယ်ရက်ကျော်ကျော်လောက်က ရှင့်အမေ မိစ္ဆာ… လေပွေကျွန်းကို ရောက်လာတယ်၊ ရှင် အဲဒီကိုများ ရောက်နေမလား… ဆိုပြီး သွားရှာတာပဲ၊ အဲဒီလို ရောက်လာတာကို ကျွန်မတို့က ဖမ်း… ချုပ်ထားလိုက်တယ်၊ နောင်နှစ်သုံးလပိုင်းမှာ စစ်တုရင်ကေရာဇ်န… ယှဉ်ပြိုင်ကစားတဲ့ စစ်တုရင်ပွဲမှာ စစ်တုရင်ကေရီက သူ့ကို စစ်တုရင်… ရုပ်အဖြစ် အသုံးချလိမ့်မယ်၊ အဲ အခုလောလောဆယ်မှာတော့ ဖမ်း… ချုပ်ထားတယ်"

"ရှင်ပြောတာ တကယ်ပဲလား"

"တကယ်ပါ၊ ဘာကြောင့် လိမ်ညာရမှာလဲ"

"ဒီကိစ္စကို စစ်တုရင်ကေရာဇ် သိသလား"

"မသိဘူး"

"ဒုက္ခပါပဲ၊ ဝမ်ကျက် ဘယ်လိုလုပ်ကြမလဲဟင်"



"သိပ်လဲ စိုးရိမ်ပူပန်မနေပါနဲ့၊ ဒီနေရာက ခင်ဗျားတို့အိမ်နဲ့ သိပ်မဝေးဘူး၊ ဒီတော့ ခင်ဗျားအိမ်ကို အမြန်ဆုံးပြန်ပြီး ခင်ဗျားအမေ အိမ်မှာ ရှိမရှိ သွားကြည့်ပေါ့၊ တကယ်လို့ အိမ်မှာ ခင်ဗျားအမေ ရှိ နေယင် ဘာမှ စိုးရိမ်စရာ မလိုတော့ဘူး"

"သူ့ကိုကော တစ်ခါတည်း ခေါ်သွားမလား"

"သူ့ကိုတော့ ခင်ဗျားတို့အိမ် ခေါ်သွားဖို့ မသင့်ဘူး၊ ခင်ဗျား အမေက တရားခံမှု ရှာဖွေကျင့်ကြံနေတဲ့လူ့ဖြစ်တယ်၊ သူ့ရှေ့မှာ ကြမ်းကြမ်းရမ်းရမ်း စစ်မေးဖို့ ခက်မယ်၊ ဒီတော့ ဒီမိန်းကလေးကို …မှာပဲထားခဲ့၊ ကျွန်တော် သူ့ကို စောင့်နေရစ်မယ်၊ ခင်ဗျားတစ် …ယောက်တည်းပဲ အိမ်ပြန်ကြည့်ပေါ့"

"ကောင်းပြီ၊ ကျွန်မအမြန်ဆုံးသွားပြီး အမြန်ဆုံး ပြန်လာခဲ့ …မယ်၊ မေမေ အိမ်မှာ ရှိရှိမရှိရှိ မနက်ဖြန် မွန်းတည့်ချိန် ဒီကို …ရောက်ပြန်လာခဲ့မယ်"

ပိုင်ရင်ဟုန်က ဤသို့ပြောပြီး ဇရပ်ပျက်ပေါ်မှ ဆင်းကာ …ရပ်ပျက် အနောက်ဘက်ရှိ သစ်ပင်များကြားသို့ ဝင်သွားသည်။

ထိုနေရာဝယ် သူတို့၏မြင်းများကို ဝှက်ထားသည်။

ပိုင်ရင်ဟုန်က မြင်းစီးကာ အပြင်းစိုင်းနှင်ထွက်သွ…သည်။

ဝမ်ကျက်က အနက်ရောင်ဝတ်စုံဝတ်မိန်းမပျို အတွင်းအား …ညပ်ပတ်မှုဖြင့် အပိတ်ခံထားရသော သွေးကြောများကို ထိုးဖောက်

ထိုးဖွင့်မည် စိုးသောကြောင့် ပျော့ခွေကြောကို ထပ်မံပိတ်လိုက်
သည်။

ထို့နောက် မိန်းမပျိုနှင့် မျှမ်းမကမ်းတွင် အသာတင်ပျ
ခွေထိုင်ချလိုက်သည်။

"... စစ်တုရင်ကောင်ရဲ့ စစ်တုရင်ရုပ်ပုလဲနက်မိန်းမပျို
အဖြစ် လုပ်နေတာ ဘယ်လောက်ကြာပြီလဲ"

ဝမ်ကျက်က မေးသည်။

မိန်းမပျိုက အဖြေမပေး ငြိမ်၍နေသည်။

"ထူးတော့ ထူးဆန်းတယ်၊ ပုလဲနက်မိန်းမပျိုတွေဟာ ရုပ်
ရည်လှပတဲ့ အရွယ်ကောင်း မိန်းကလေးတွေ ဖြစ်လျက်နဲ့ သူတို့ဘ
သူတို့ပျော်ရွှင်မှုအားလုံးကို စွန့်လွှတ်ပြီး စစ်တုရင်ကောင်ရဲ့ လက်ပါး
စေ စစ်တုရင်ရုပ်အဖြစ် ကျေကျေနပ်နပ် အသုံးတော်ခံကြတယ်၊ အဲဒါ
ဘာကြောင့်လဲ"

မိန်းမပျိုက ဘာမျှပြန်မပြော၊ ငြိမ်မြဲငြိမ်နေသည်။

"ကျွန်တော်ဟာ အကျိုးအကြောင်းကို နားလည်ပါတယ်
ခင်ဗျားတို့ ဘာကြောင့် အခုလို လုပ်ရတယ်ဆိုတဲ့ အကြောင်းရင်းက
သာ ပြောပြပါ၊ ခင်ဗျားတို့ လုပ်ဆောင်ရတဲ့ အကြောင်းရင်းသာ မှ
ကန်သင် ခင်ဗျားကို ပြန်လွှတ်မယ့်အပြင် ခင်ဗျားတို့ကိုလဲ အကူအညီ
အများကြီးပေးပါ့မယ်"



ဝမ်ကျက်က ထပ်ပြောသည်။

ဤအခါတွင်မှ မိန်းမပျိုက တုံ့ပြန်စကားပြောသည်။

"ကျွန်မတို့က ယောက်ျားတွေရဲ့ အကူအညီကို မလိုချင်ဘူး၊
ကမ္ဘာပေါ်မှာ အားကိုးအားထားပြုထိုက်တဲ့ ယောက်ျားဆိုတာလဲ
တစ်ယောက်မှ မရှိဘူး"

"ဒီလို မပြောနဲ့လေ၊ ဒီကမ္ဘာပေါ်မှာ ချစ်ခင်ကြင်နာပြီး နှစ်
ပေါင်းများစွာ ပေါင်းဖော်နေကြတဲ့ လင်မယားတွေ အများကြီးရှိ
တယ်၊ တကယ်လို့ ယောက်ျားတွေသာ အားမကိုးရဘူး၊ မကောင်း
ဘူးဆိုယင် ဒီလို လင်မယားစုံတွဲတွေ ရှိနိုင်ပါ့မလား"

"ဒါကတော့ မိန်းမတွေက ယောက်ျားတွေကို သည်းခံပြီး
ပေါင်းသင်းနေလို့ပေါ့"

"ဒါတွေကို စစ်တုရင်ကောင်ရီက ပြောပြထားတာလား"

"ဟုတ်တယ်"

"ခင်ဗျားတို့က သူပြောတာတွေကို ယုံကြည်လက်ခံသ
လား"

"အင်း"

"ဒီအဟိုင်းဆိုယင် ခင်ဗျားလဲ ယောက်ျားတစ်ယောက်
ယောက်ရဲ့ လှည့်စားမှုကို ခံရဖူးတယ်နဲ့တူတယ်"

"မမှားဘူး"

"ငွေပန်းဖြူနဲ့ ငွေပန်းနက်တို့ဟာလဲ ယောကျ်ားတွေ
လှည့်စားမှုကို ခံဖူးကြလိမ့်မယ်လို့ ကျွန်တော်ထင်တယ်"

"သူတို့နှစ်ယောက်ရဲ့ အတိတ်ဘဝဇာတ်ကြောင်းက
တော်ကြမ်းတမ်းတယ်၊ ဒီလို ဘဝခရီးကြမ်းကို လျှောက်ရတာဟ
ယောကျ်ားတွေကြောင့်ပဲ"

"ကျွန်တော်ကြားဖူးတာလောက်ဆိုယင် အခု စစ်တု
ကေရီရယ်လို့ ခေါ်နေတဲ့ နဂါးမယ်ဟာ အရင်တုန်းက လိပ်ပြာက
သခင်နဲ့ ကြင်ကြင်နာနာ လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြတယ
သူက ဘာကြောင့် ဒီလို အယူအဆမျိုးတွေ ရှိနေရတာလဲ"

"သူတို့နှစ်ယောက် လင်မယားအဖြစ် ကြင်ကြင်နာ
ပေါင်းဖက်ကြတာ ဘယ်နှစ်နှစ်လောက် ကြာမယ်လို့ ရှင်ထင်သလဲ"

"အသေအချာတော့ မသိဘူး၊ ဒါပေမယ့် နှစ်ပေါင်းနှစ်ဆ
သုံးဆယ်ထက်တော့ မနည်းဘူး"

"ရှင်သိရအောင် ကျွန်မပြောပြမယ်၊ သူတို့နှစ်ယောက်ဟ
နှစ်နှစ်ပဲ ကြင်နာတဲ့ လင်မယားအဖြစ် ပေါင်းဖက်ခဲ့ကြရတယ
နောက်ပိုင်းမှာတော့ သူတစ်ပါးရဲ့ ဖျက်ဆီးမှုကြောင့် သူတို့ရဲ့ဘ
ပျက်စီးသွားကြရတယ်"

"အဲဒီလို ဖျက်ဆီးသူတွေက ဘယ်သူတွေလဲ"

"အဲဒီ လူတွေ မကြာခင် အပြစ်ဒဏ်အခတ်ခံရတော့မယ



ရှင်သတင်းသာ စောင့်နားထောင်နေပါ၊ အဲဒီ လူတွေ ဘယ်သူဘယ်ဝါ
ဖြစ်တယ်ဆိုတာ ရှင်သိလာပါလိမ့်မယ်"

မိန်းကလေးပြောသော သူများမှာ ယိပေါက်ကျင့်၊ ချိုယွဲ့
ထိုင်နှင့် ကျောက်ချိုးတို့ ဖြစ်နိုင်ကြောင်း ဝမ်ကျက် မှန်းဆမိသည်။

ထို့ကြောင့် မိန်းကလေးကို အစ်အောက်သော အနေဖြင့်
မေးခွန်းတစ်ခု ထုတ်လိုက်သည်။

"ကျောက်ချိုးကတော့ သားနှစ်ယောက် ဆုံးရှုံးခဲ့ရပြီ၊
ဒီတော့ သူ့အဖို့ အပြစ်ဒဏ်ခံရတာ လုံလောက်ပြီလို့ ကျွန်တော်ထင်
တယ်"

"မလုံလောက်သေးဘူး၊ သူခံရမယ့် အပြစ်ဒဏ်က သိပ်ကို
ကြီးလေးတယ်၊ ဒီလောက်နဲ့ မဖြစ်ဘူး"

မိန်းမပျိုက ပြန်ပြောသည်။

"ဒီလိုပြောလို့ ဘယ်ဖြစ်မှာလဲ၊ တကယ်လို့ ကျောက်ချိုးမှာ
အပြစ်ရှိတယ်ဆိုယင် သူကိုယ်တိုင်ပဲ အပြစ်ဒဏ်ခံထိုက်တယ်၊ သူ့
သားတွေ ဘာမှပတ်သက်စရာ မလိုဘူး"

"ကျောက်ချိုး ကျူးလွန်ခဲ့တဲ့ အပြစ်ဒဏ်က သိပ်ကို ကြီးမား
တယ်လို့ ပြောပြီးပြီပဲ၊ သားစဉ်မြေးဆက် ပြစ်ဒဏ်ခံရမယ်"

"ယိပေါက်ကျင့်နဲ့ ချိုယွဲ့ထိုင်တို့ကကော"

"သူတို့နှစ်ယောက်ဟာ အပြစ်ရှိကြပေမယ့် ကျောက်ချိုး

လောက်တော့ အပြစ်မကြီးဘူး၊ သူတို့လဲ ပြစ်ဒဏ်ခတ်ခံရမှာပဲ"

"သူတို့အားလုံး အခု ထွက်ပြေးတိမ်းရှောင်ကုန်ကြပြီ"

"ဘယ်လိုပြေးပြေး ပြေးလို့ မလွတ်ပါဘူး၊ ကျွန်မတို့သခင် စစ်တုရင်ဧကရီ မိစ္ဆာလေပွေကျွန်းကနေ အပြင်ကို ထွက်လာနိုင် အခါမှာ သူတို့အဖို့ သေနေ့စေ့မှာပဲ"

"စစ်တုရင်ဧကရီက ဘယ်တော့မှ မိစ္ဆာလေပွေကျွန်းက ထွက်နိုင်မှာလဲ"

"နောက်နှစ်ခါ သုံးလပိုင်းမှာ စစ်တုရင်ဧကရာဇ်နဲ့ စစ်တု ပြိုင်ထိုးလို့ အနိုင်ရတာနဲ့ ထွက်လာနိုင်မယ်"

"တကယ်လို့ ရှုံးယင်ကော"

"ရှုံးယင်တော့ မထွက်နိုင်ဘူး၊ နောက်တစ်နှစ် ထပ်စော ပြီး ထပ်ပြိုင်ရအုံးမယ်"

"စစ်တုရင်နိုင်အောင် မထိုးနိုင်တာနဲ့ ဘာကြောင့် မိစ္ဆာ ပွေကျွန်းက ထွက်လို့ မရတာလဲ"

"လိပ်ပြာကန်သခင် မသေခင်တုန်းက...၊ ဟာ၊ ကျွန် စကားပြောတာ သိပ်များနေပြီ၊ တော်ပြီ၊ ထပ်မပြောတော့ဘူး"

"မကြောက်ပါနဲ့ ဒီအကြောင်းတွေ ဘယ်သူမှ မသိရအော ကျွန်တော်လျှို့ဝှက်ထားပါ့မယ်"

"မဖြစ်ပါဘူး၊ မဖြစ်ပါဘူး"



"စစ်တုရင်ဧကရီဟာ မိစ္ဆာလေပွေကျွန်းပေါ်မှာ နေတာက လုံခြုံမှုရှိတယ်၊ သူ အဲဒီကနေ ထွက်ခွာလာတာနဲ့ အန္တရာယ်ကြုံရမှာ အမှန်ပဲ"

"ဘာအန္တရာယ်လဲ"

"ဝတ်ရုံနီလားမားဂိုဏ်းက အဆင့်မြင့် သိုင်းသမားတွေဟာ ခင်ဗျားတို့ သခင်မကြီးကို ခြေရာခံလိုက်နေတယ်၊ မိစ္ဆာလေပွေကျွန်း ရဲ့ မြေအောက်လိုဏ်ဂူထဲမှာ အပုန်းကောင်းလွန်းလို့သာ လားမား တွေက ခြေရာခံမရနိုင်ဘဲ ဖြစ်နေတယ်၊ တကယ်လို့ အပြင်ကို ထွက် လာတာနဲ့ လားမားတွေလက်က ပြေးမလွတ်တော့ဘူး"

"ရှင်က ဒါပဲ သိတာကိုး၊ စစ်တုရင်ဧကရာဇ်ကို စစ်တုရင် အနိုင်ကစားနိုင်ပြီးယင် သခင်မကြီးရဲ့ သိုင်းပညာဟာ တဆမက တိုးလာမယ်၊ အဲဒီအခါကျယင် ဘယ်သူ့ကိုမှ မှုစရာ မလိုတော့ဘူး၊ ဝတ်ရုံနီလားမား တစ်ဂိုဏ်းလုံးကိုတောင် ရင်ဆိုင်ချေမှုန်းပစ်နိုင် တယ်"

"စစ်တုရင်တစ်ပွဲနိုင်ရုံနဲ့ သိုင်းပညာက နှစ်ဆတိုးလာမတဲ့ လား"

"စစ်တုရင်တစ်ပွဲနိုင်ယင် စစ်တုရင်ဧကရာဇ်ဆီက စစ်တုရင် ဓားသိုင်းကျမ်းစာအုပ်ရမယ်၊ သခင်မကြီးက စစ်တုရင်ဓားသိုင်း အတွက် လိုအပ်တဲ့ စိတ်စွမ်းအားကို လေ့ကျင့်တတ်မြောက်နေပြီ၊

ဓားသိုင်းကျမ်းကို ရလို့ ပူးတွဲလေ့ကျင့်လိုက်ယင် တစ်လလောက်
အချိန်အတွင်း စစ်တုရင်ဓားသိုင်းကို ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းသွား
မယ်၊ ကဲ.. ရှင်သိချင်တာတွေ အားလုံးနီးပါး ကျွန်မပြောပြလိုက်ပြီး
ပြီ၊ နောက်ထပ် မမေးပါနဲ့တော့"

"ကျွန်တော် သိချင်တာတွေ ရှိပါသေးတယ်၊ ဥပမာပြောရ
ယင် လိပ်ပြာကန်သခင်နဲ့ နဂါးမယ်တို့ဟာ ဘာကြောင့် ဝတ်ရုံနီလား
မားဂိုဏ်းကနေ သစ္စာဖောက် ထွက်ပြေးလာခဲ့ကြရတာလဲ၊ သူတို့ကို
ဘယ်သူတွေက ပျော်ရွှင်ကြင်နာတဲ့ လင်မယား မဟုတ်အောင် ဖျက်
ဆီးခဲ့ကြတာလဲ၊ စစ်တုရင်ကေရီဟာ ဘာကြောင့် စစ်တုရင်ကေရာဇ်
ကို စစ်တုရင်တစ်ပွဲနိုင်အောင် ထိုးနိုင်မှ မိစ္ဆာလေပွေကျွန်းကနေ
ထွက်ခွာနိုင်မှာလဲ၊ ပိုင်ရင်ဟုန်ရဲ့အမေကော ဘယ်လိုအခြေအနေ
ရှိနေလဲ၊ ဒါတွေကို ကျွန်တော်သိချင်တယ်"

"အဲဒီ အကြောင်းတွေကို ကျွန်မ ပြောမပြနိုင်ဘူး၊ ဝမ်းနည်း
ပါတယ်"

"ပြီးခဲ့တဲ့အကြိမ် စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့ စစ်တုရင်
ထိုးကြတာကို ကျွန်တော် ကံအားလျော်စွာ တွေ့ရဖူးတယ်၊ အဲဒီတုန်း
က တစ်ဘက်က စစ်တုရင်ရုပ်ကို စားတယ်ဆိုယင် စားတဲ့ အရုပ်လုပ်
တဲ့လူက အစားခံရတဲ့ အရုပ်လုပ်တဲ့လူရဲ့ ရင်ဘတ်ကို လက်ဝါးနဲ့ရိုက်
ပြီး ခြေထောက်နဲ့ ကန်ထုတ်ပစ်လိုက်တယ်၊ အဲဒီလို အစားခံရတဲ့လူ



အသက်သေဆုံးသွားတာလားဆိုတာကိုလဲ ကျွန်တော်သိချင်နေ
ယ်၊ ဒါကိုတော့ ခင်ဗျားလျှို့ဝှက်ထားစရာ မလိုဘဲ ထုတ်ပြောနိုင်
မ်မယ်လို့ ထင်ပါတယ်"

"ရှင်သိပ်သိချင်ယင်တော့ ပြောပြပါ့မယ်၊ အသက်မသေပါ
း အစားခံရတဲ့ အထိမ်းအမှတ်သဘောနဲ့ သေသလို သရုပ်ဆောင်
တာသာ ဖြစ်ပါတယ်"

"ဪ.. ဒီလိုကိုး၊ ကျွန်တော်က အစားခံရတဲ့ လူတွေဟာ
သက်သေဆုံးကုန်ကြတယ်လို့ ထင်နေတာ၊ ဒီလိုဆိုတော့ တော်
သးတာပေါ့"

"စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့ဟာ နှစ်စဉ် သုံးလပိုင်း
က်တိုင်း စစ်တုရင် ယှဉ်ပြိုင်ကစားကြတယ်၊ ဒီလို ယှဉ်ပြိုင်ကစား
တာ နှစ်ပေါင်း နှစ်ဆယ်ကျော်နေပြီ၊ လူကို စစ်တုရင်ရုပ်တွေ
ဖြစ် လှုပ်ရှားကစားတာကတော့ ငါးနှစ် ခြောက်နှစ်လောက်ပဲ ရှိ
သးတယ်၊ ဒီလိုလုပ်တာမှာ ထူးခြားတဲ့ ရည်ရွယ်ချက် မပါဘူး၊
ားလို့ ပိုကောင်းရုံသက်သက်ပါပဲ"

"ဒါနဲ့ ခင်ဗျားနာမည်က ဘယ်သူလဲ"

"မပြောနိုင်ဘူး"

"ခင်ဗျားမိဘကကော ဘယ်သူတွေလဲ"

"ကျွန်မမှာ မိဘ မရှိဘူး"

"မိဘ မရှိဘဲ ခင်ဗျားက ကျောက်တုံးကြားထဲက ထွက်
သလား"

"ကျွန်မ မိဘက ကျွန်မကို မွေးပြီး စွန့်ပစ်ထားခဲ့ကြတ
သူတို့က ကျွန်မအပေါ် မေတ္တာစေတနာ မရှိတာမို့ ကျွန်မအ
ကလဲ သူတို့ကို လိုက်ရှာဖွေ စုံစမ်းနေစရာ မလိုတော့ဘူး"

"ခင်ဗျားအဖြစ်က အတော်ဆိုးပါလား၊ ဒါပေမယ့် ဒီလို
တိုင်း လောကကြီးတစ်ခုလုံးကို မမုန်းသင့်ဘူး၊ ကိုယ့်ဘဝကို ကေ
မွန်အောင် ကြိုးစားပြီး လောကကောင်းကျိုးကို တတ်နိုင်သလော
ဆောင်ရွက်သင့်တယ်"

* * *



မိုးစင်စင်လင်းလာပြီ။

အနက်ရောင်ဝတ်စုံဝတ် မိန်းကလေးသည် နှစ်နှစ်ခြိုက်
ခြိုက်ပင် အိပ်ပျော်သွားသည်။

ဝမ်ကျက်မူ မအိပ်။

အသာထိုင်၍ စောင့်နေသည်။

မွန်းတည့်ချိန်လောက်တွင်မှ မိန်းမပျို ပြန်နိုးလာသည်။

မိမိကို ဝမ်ကျက်က ကြင်နာသော အကြည့်ဖြင့် ကြည့်နေ
သည်ကို တွေ့ရသောအခါ မိန်းမပျို၏မျက်နှာ ရဲကနဲ ဖြစ်သွားသည်။

"ရှင်က ဘာကြောင့် ကျွန်မကိုပဲ ကြည့်နေရတာလဲ"

မိန်းမပျိုက မေးသည်။

"ဒီနေရာမှာ ခင်ဗျားနဲ့ ကျွန်တော် နှစ်ယောက်တည်းပဲ ရှိ
နေကြတယ်၊ ခင်ဗျားကို ကျွန်တော်မကြည့်ယင် တခြားဘာကို ကြည့်
ရမှာလဲ"

ဝမ်ကျက်က ပြုံး၍ ပြန်ပြောသည်။

"ဘယ်အချိန်လောက် ရှိပြီလဲ"

မိန်းမပျိုက စကားကို လှီးလွဲကာ မေးခွန်းထုတ်လိုက်သည်။

"နေမွန်းတည့်ချိန်လောက် ရှိနေပြီ"

"ပိုင်ရင်ဟုန် ပြန်ရောက်လာတော့မယ်ပေါ့"

"ဟုတ်တယ်၊ သူ ပြန်ရောက်လာတာနဲ့ ခင်ဗျားကို ကျွန်

တော် ပြန်လွှတ်ပေးလိုက်ပါ့မယ်၊ ဒါပေမယ့် စစ်တုရင်ကော
စစ်တုရင်ရုပ် လုပ်နေယင်တော့ ကောင်းကျိုးမရနိုင်ကြောင်း
လိုက်ချင်တယ်"

"ဒါက ကျွန်မရဲ့ကိစ္စပါ ရှင်နဲ့ မဆိုင်ပါဘူး"

ထိုအချိန်မှာပင် မြင်းခွာသံကြားရပြီး ပိုင်ရင်ဟုန် ပြန်ရော
လာသည်။

"အခြေအနေ ဘယ်လိုလဲ"

ဝမ်ကျက်က ပိုင်ရင်ဟုန်ကို လှမ်းမေးသည်။

ပိုင်ရင်ဟုန်မှာ မျက်ရည်လည်ရွဲ ဖြစ်နေသည်။

ဤအမူအရာကို ကြည့်ရုံဖြင့်ပင် ဝမ်ကျက်အဖို့ အဖြေ
နေပြီ ဖြစ်သည်။

"မေမေ အိမ်မှာ မရှိဘူး"

ပိုင်ရင်ဟုန်က ငိုသံပါကြီးနှင့် ပြောသည်။

ထို့နောက် မြင်းပေါ်မှ ခုန်ဆင်း၍ ဇရပ်ပျက်ပေါ် တက်
သည်။

"အနီးအနားကိုများ ခရီးသွားနေတာလား"

"မဟုတ်ဘူး အိမ်ထဲမှာ ဖုန်တွေ အများကြီး တက်နေတ
အမေအိမ်မှာ မရှိတာ အချိန်အတော် ကြာသွားပြီ"

ပိုင်ရင်ဟုန်က ထိုသို့ ပြောပြီးနောက် အနက်ရောင်ဝတ်



တ် မိန်းမပျိုထံသို့ ချဉ်းကပ်သွားပြီး အလောတကြီး မေးသည်။

"မြန်မြန်ပြောစမ်း၊ ကျွန်မအမေကို ရှင်တို့ ဘာလုပ်လိုက်ကြ
လဲ"

မိန်းမပျိုက ဘာမျှ ပြန်မဖြေ။

"ရှင်ပြောမလား မပြောဘူးလား၊ မပြောယင် သေဖို့သာ
ပြင်.."

ပိုင်ရင်ဟုန်က ဓားဆွဲထုတ်ပြီး မိန်းမပျို၏လည်မျိုတွင် တေ့
ထောက်လိုက်သည်။

"ဒီလို မလုပ်နဲ့လေ အသာအေးအေးနေစမ်းပါ၊ သူ့ကို
ကျွန်တော် မေးပေးပါ့မယ်"

ဝမ်ကျက်က ပိုင်ရင်ဟုန်ကို အသာဘေးသို့ တွန်းဖယ်ပြီး
ပြောသည်။

ပိုင်ရင်ဟုန် မကျေမချမ်းနှင့် ဘေးသို့ ဖယ်ပေးလိုက်သည်။

"ကဲ..ကျွန်တော့်ကို ပြောပြပါ ဟုတ်လား"

ဝမ်ကျက်က အေးအေးဆေးဆေးဖြင့် မေးလိုက်သည်။

"ကျွန်မပြောပြယင် ဘာဖြစ်မလဲ"

မိန်းမပျိုက ပြန်ပြောသည်။

"ခင်ဗျားကို လွှတ်ပေးလိုက်မယ်"

"ပြောမပြဘူးဆိုယင်ကော"

"ဒီလိုဆိုယင်လဲ ခင်ဗျားကို လွှတ်ပေးမှာပါပဲ"

"ဒါဖြင့် ကျွန်မကို လွှတ်ပေးတော့လေ"

ဝမ်ကျက်က မိန်းမပျို၏အကြောများကို ဖြေဖွင့်ပေးလိုက်သည်။

"ကဲ...သွားနိုင်ပါပြီ"

အကြောများကို ဖြေဖွင့်ပေးပြီးနောက် ဝမ်ကျက် ပြေ... သည်။

"ဝမ်ကျက် ရှင်ဘယ်လိုလုပ်တာလဲ"

ပိုင်ရင်ဟုန်က ဝင်ရောက်တားဆီးမည် ပြုသည်။

"သူသွားပါစေ၊ သူက ခင်ဗျားအမေ စစ်တုရင်ကေရီရဲ့လက်ထဲ ရောက်နေပြီလို့ အစောကြီးကတည်းက ပြောပြီးပြီပဲ၊ ဒီလောက်ဆို လုံလောက်နေပါပြီ"

ဝမ်ကျက်က ပြောဆိုဟန့်တားလိုက်သည်။

"ရှင် တကယ်ပဲ ကျွန်မကို လွှတ်ပေးမှာလား"

အကြောများ ပြန်ပွင့်သွားသည့်အတွက် မိန်းမပျိုက ထ...ပြီး မေးသည်။

"ဟုတ်တယ်"

ဝမ်ကျက်က ပြန်ပြောသည်။

မိန်းမပျို ဇရပ်ပျက်အောက်သို့ ဆင်းသွားသည်။



ဇရပ်ပျက်အောက်သို့ ရောက်သောအခါမှ ခြေလှမ်းကို ...ဘာရပ်ကာ ဝမ်ကျက်ကို လှည့်ကြည့်ပြီး ပြောသည်။

"ဝမ်ကျက် ရှင့်ကို ကျွန်မပြောပြမယ်၊ လိပ်ပြာကန်သခင်နဲ့ ...ါးမယ်တို့ကို ကွဲကွာအောင် လုပ်တဲ့လူဟာ ကျောက်ချိုး ဖြစ်တယ်၊ ...ယွဲ့ထိုင်နဲ့ ယိပေါက်ကျင့်တို့ကလဲ ပူးပေါင်းပါဝင်ကြတယ်၊ လိပ်ပြာ...န်သခင်ဟာ သူတို့လက်ချက်ကြောင့် အသက်သေဆုံးခဲ့ရတယ်လို့ ...ကင် ကျွန်မထင်မိတယ်၊ သေတော့ မသေချာဘူး"

"စစ်တုရင်ကေရာဇ်နဲ့ စစ်တုရင်ကေရီကကော ဘယ်လိုပတ်...က်မှု ရှိသလဲ"

"သူတို့နှစ်ယောက် သိပ်ခင်ခင်မင်မင် မရှိဘူး၊ စစ်တုရင် ...ကရာဇ်ဟာ ပတ်သက်ခြင်း ပတ်သက်ယင် လိပ်ပြာကန် သခင်နဲ့ပဲ ...တ်သက်လိမ့်မယ်၊ စစ်တုရင်ကေရီလို့ ခေါ်တဲ့ နဂါးမယ်နဲ့တော့ ...တ်သက်နိုင်ဘူး"

"သူတို့နှစ်ယောက် ဘာကြောင့် နှစ်တိုင်း စစ်တုရင်ထိုးနေ...ရတာလဲ"

"အဲဒါဟာ လောင်းကြေးနဲ့ ချိန်းဆိုမှု ဖြစ်တယ်၊ စစ်တုရင် ...ကရာဇ်ကို စစ်တုရင်တစ်ပွဲ နိုင်အောင် ထိုးနိုင်ယင် စစ်တုရင်ကေရီ ...က မိစ္ဆာလေပွေကျွန်းကနေ အပြင်ကို ထွက်ခွာနိုင်မယ်၊ ပြီးတော့ ...တုရင်ကေရာဇ်ဆီက စစ်တုရင်ဓားသိုင်းကျမ်းကိုလဲ ရမယ်"

"စစ်တုရင်ကေရာဇ်က စစ်တုရင်ဓားသိုင်းကျမ်းကို ကျ
တော့်ကို ပေးလိုက်ပြီးပြီ၊ တကယ်လို့ စစ်တုရင်ပွဲရှုံးယင် သူ့
ပေးစရာ မရှိတော့ဘူး"

"စစ်တုရင်ကေရာဇ်က ရှင့်ကို ပေးတာဟာ စစ်တုရင်
သိုင်းကျမ်းမူရင်း မဟုတ်နိုင်ဘူး၊ သူ့ဆီမှာ ရှိတဲ့ မူရင်းကို မိစ္ဆာကူး
ပေးတာပဲ ဖြစ်လိမ့်မယ်၊ ကဲ ကျွန်မသွားမယ်"

ဤသို့ပြောပြီးနောက် မိန်းမပျို ထွက်ခွာသွားသည်။

"အခု ခင်ဗျားအမေလဲ စစ်တုရင်ကေရီရဲ့ လက်ထဲ
ရောက်သွားပြီဆိုတော့ လျှို့ဝှက်ထားတဲ့ ကိစ္စတစ်ခုကို ကျွန်တေ
ထုတ်ပြောတော့မယ်၊ စစ်တုရင်ကေရာဇ်ဟာ ခင်ဗျားရဲ့ မွေးဖ
အရင်း ဖြစ်ပါတယ်"

မိန်းမပျို ထွက်သွားပြီးနောက် ဝမ်ကျက်က ပိုင်ရင်ဟုန်
ပြောသည်။

ပိုင်ရင်ဟုန်မှာ ကြောင်အမ်းအမ်း ဖြစ်သွားပြီး မျက်လုံးအ
ဝယ် မျက်ရည်များ ရစ်ဝဲလာသည်။

"ဒါဖြင့် မေမေက ဘာကြောင့် ကျွန်မအဖေ သေဆုံးသွ
ပြီလို့ ပြောရတာလဲ"

ပိုင်ရင်ဟုန်က ပြန်ပြောသည်။

"ခင်ဗျားအဖေနဲ့ အမေ ကွဲကွာနေကြတာမှာ ထူးခြား



အကြောင်းရင်း ရှိတယ်၊ ဒါကြောင့် သူက ဒီလို ပြောထားတာ ဖြစ်
လိမ့်မယ်"

"စစ်တုရင်ကေရာဇ်ဟာ ကျွန်မအဖေအရင်းဖြစ်တဲ့ အ
ကြောင်း ရှင့်ကို ဘယ်သူပြောတာလဲ"

"စစ်တုရင်ကေရာဇ်ကိုယ်တိုင် ပြောပြတာပါ၊ ပြီးတော့ သူ
က ဒီအကြောင်းကို လျှို့ဝှက်ထားပါလို့ ပြောထားတယ်"

"ဘာကြောင့် လျှို့ဝှက်ခိုင်းရတာလဲ၊ ပြီးတော့ သူလျှို့ဝှက်
ခိုင်းတာကို ရှင်က ဘာကြောင့် ထုတ်ပြောရတာလဲ"

"ဒီအကြောင်းကို လျှို့ဝှက်ခိုင်းထားတာဟာ စစ်တုရင်ကေရီ
ရဲ့ရန်ကို ကြောက်လို့ ဖြစ်မယ်လို့ ကျွန်တော်ထင်တယ်၊ အခု စစ်တုရင်
ကေရီက ခင်ဗျားအမေကိုတောင် ဖမ်းချုပ်ထားပြီ ဆိုတော့ ခင်ဗျား
ဟာ စစ်တုရင်ကေရာဇ်ရဲ့ သမီး ဖြစ်တာကို သိနေပြီ၊ ဒါကြောင့် လျှို့
ဝှက်ထားစရာ မလိုဘူး ထင်တာကြောင့် ကျွန်တော်က ဖွင့်ပြောတာ
ပဲ"

"ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ"

"ခင်ဗျားအမေကို သွားကယ်ဖို့ လုပ်ရမယ်၊ ပထမဆုံး စစ်
တုရင်ကေရာဇ်နဲ့ တွေ့ပြီး ပြောဆိုတိုင်ပင်ဖို့လိုမယ်၊ ဒီတော့ ကျွန်
တော်တို့ မိစ္ဆာလေပွေကျွန်းကို သွားကြမယ်"

* * *

## အခန်း(၆)

မိစ္ဆာလေပွေကျွန်းမှ ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့ ခရီးထွ
လာခဲ့ကြသည်။

လမ်းခရီးတွင် ဂူထိုင်ဘုံကျောင်းတွင် ဝင်ရောက်ကာ ခ
တစ်ထောက် နားသည်။

သူတို့နှစ်ယောက် မြင်းများကို လက်ဖြင့်ဆွဲပြီး ဂူထိုင်
ကျောင်းဝင်းထဲသို့ ဝင်ရောက်လာခဲ့ကြရာ အနီရောင်သင်တိုင်းဝတ်
ဝတ်ထားသော လားမားတစ်ယောက်နှင့် ဆုံမိသည်။

ဂူထိုင်ဘုံကျောင်းဝယ် တိဗက်လားမားတစ်ယောက်ကို လ
တွေ့နေရသောကြောင့် ဝမ်ကျက်တို့ အံ့ဩသွားကြသည်။

"အင်း... လောကကြီးဟာ တကယ် ကျဉ်းမြောင်းတယ်၊ မ
တို့ကို ဒီမှာ လာဆုံရလိမ့်မယ်လို့ ကျုပ် လုံးဝထင်မထားဘူး"



ထိုလားမားက ပြုံးရယ်၍ ပြောသည်။

ဤအခါတွင်မှ ထိုလားမားကြီးမှာ မိမိတို့နှင့် ဘုရားကျောင်းပျက်တစ်ခုဝယ် ဆုံခဲ့ဖူးသည့် ကြာဆာကို ဖြစ်နေကြောင်း ဝမ်ကျက်တို့ မှတ်မိကြတော့သည်။

ပိုင်ရင်ဟုန်က ချက်ချင်းပင် အသင့်အနေထား ပြင်လိုက်သည်။

"မိန်းကလေး ကျုပ်အပေါ် မကောင်းမထင်ပါနဲ့၊ ဟိုနေ့က မိန်းကလေးကသာ သွေးကြောဖြေဖွင့်မပေးခဲ့ယင် ကျုပ်ဟာ ပုလဲနက်မိန်းမပျိုလေးယောက် လက်ချက်နဲ့ အသက်သေဆုံးရမှာ အမှန်ပါပဲ၊ မိန်းကလေးကို ကျုပ်က အသက်သခင်အဖြစ် ကျေးဇူးတင်နေပါတယ်"

ပိုင်ရင်ဟုန်က အသင့်ပြင်လိုက်မှုကို တွေ့ရသည်တွင် ကြာဆာကိုက ပြောသည်။

"ရှင်က ဘယ်လိုလုပ်ပြီး ဒီဘုံကျောင်းမှာ ရှိနေတာလဲ၊ ဒီဘုံကျောင်းက ရှင်တို့ တိဗက်လားမားဘုံကျောင်းလား"

ပိုင်ရင်ဟုန်က မေးသည်။

"မဟုတ်ဘူး၊ ကျုပ်တို့က ဒီမှာ လာရောက် တည်းခိုနေတာပါ"

"ကျုပ်တို့ဆိုတော့ ခင်ဗျားတစ်ယောက်တည်း မဟုတ်ဘူး

ပေါ့၊ အခြားဘယ်သူတွေပါသေးလဲ"

ဝမ်ကျက်က ဝင်မေးသည်။

"ဦးစီးလားမားကြီးရဲ့ လက်ထောက်ဂိုဏ်းခွဲမှူး လားမာ
လေးယောက်ရယ်၊ ချင်ဝါစဉ်က လားမားကြီးဆယ့်နှစ်ယောက်ရ
လဲ ရှိနေတယ်၊ ကျုပ်တို့က မိစ္ဆာလေပွေကျွန်းကို သွားကြမလို့ ဒီမှ
ခရီးတစ်ထောက် နားနေကြတာ"

"ခင်ဗျားတို့က မိစ္ဆာလေပွေကျွန်းကို ဘာသွားလုပ်ကြမ
လဲ"

"ကျုပ်တို့ဂိုဏ်းရဲ့ သစ္စာဖောက်ကို သွားဖမ်းဆီး အရေးယ
မလို့"

"ရှင်ဆိုလိုတာက စစ်တုရင်ဧကရီကိုလား ကေရာဇ်ကိုလာ

ပိုင်ရင်ဟုန်က ဝင်မေးသည်။

"နှစ်ယောက်စလုံးပဲ"

"ဟာ..စစ်တုရင်ကေရာဇ်က လိပ်ပြာကန်သခင် မဟုတ
ဘူး၊ ရှင်တို့ဂိုဏ်းရဲ့ သစ္စာဖောက် ဘယ်ဖြစ်နိုင်မှာလဲ"

"သူက လိပ်ပြာကန်သခင်ရဲ့ တပည့်ဖြစ်တယ်၊ ဒီတေ
အတူတူပဲ၊ ကဲ လာကြပါအုံး၊ မင်းတို့ကို ဂိုဏ်းခွဲမှူး လားမားကြီးတွေ
ချင်ဝါစဉ် လားမားကြီးတွေနဲ့ မိတ်ဆက်ပေးမယ်၊ ကျုပ်နဲ့ လိုက်ခဲ့
ပါ"



ပိုင်ရင်ဟုန်က ဝမ်ကျက်ကို လှမ်းကြည့်သည်။

ဝမ်ကျက်က အသာ ခေါင်းညိတ်ပြသည်။

ပိုင်ရင်ဟုန်နှင့် ဝမ်ကျက်တို့လည်း ကြာဆာကို ခေါ်ရာ နောက်သို့ လိုက်လာခဲ့ကြသည်။

* * *

ကြာဆာကိုက ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့ကို ဂူထိုင်ဘုံကျောင်း၏ အခန်းကျယ်ကြီးတစ်ခုထဲသို့ ခေါ်ဆောင်သွားသည်။

ထိုအခန်းထဲတွင် လားမားကြီး(၁၆)ယောက် ရှိနေသည်။

လားမားကြီး(၄)ယောက်က အခန်း၏ အရှေ့ဘက်ပိုင်းဝယ် ထိုင်နေပြီး ကျန်လားမား(၁၂)ယောက်က အခန်း၏အနောက်ဘက်ပိုင်းဝယ် ထိုင်နေသည်။

ကြာဆာကိုက ဝမ်ကျက်တို့အား ဝတ်ရုံနီလားမားဂိုဏ်း၏ ဂိုဏ်းခွဲမှူး လားမား(၄)ဦး၊ ချင်ဝါစဉ် လားမား(၁၂)ဦးတို့နှင့် မိတ်ဆက်ပေးသည်။

ဂိုဏ်းခွဲမှူး လားမား(၄)ဦးတို့မှာ သစ္စာဂိုဏ်းခွဲမှူး၊ သတ္တိဂိုဏ်းခွဲမှူး၊ သမာဓိဂိုဏ်းခွဲမှူးနှင့် ရန်အောင်မြင်ဂိုဏ်းခွဲမှူးတို့ ဖြစ်ကြသည်။

"မိန်းကလေးပိုင်၊ မင်းကို ဘယ်သူက အရိုးထောက် အ
ကြောကိုင်နည်းပညာ သင်ပေးတာလဲ"

မိတ်ဆက်ပေးပြီးနောက် သစ္စာဂိုဏ်းခွဲမှူး လားမားကြီးက
ပိုင်ရင်ဟုန်ကို မေးသည်။

ဘုရားကျောင်းပျက်တွင် ဤအကြောကိုင်ပညာကို သုံးက
ကြာဆာကိုအား အကြောဖွင့်ပေးခဲ့သည့်အတွက် ယခုလို အမေးခံရ
ကြောင်း ပိုင်ရင်ဟုန် နားလည်လိုက်သည်။

"ကျွန်မအမေ သင်ပေးတာပါ"

ပိုင်ရင်ဟုန်က ပြန်အဖြေပေးသည်။

"မင်းအမေကိုကော ဘယ်သူက သင်ပေးတာလဲ"

သစ္စာဂိုဏ်းခွဲမှူး လားမားကြီးက ဆက်မေးသည်။

"ကျွန်အဖေ သင်ပေးခဲ့တာပါ"

"မင်းအဖေက ဘယ်သူလဲ"

"ကျွန်မအဖေ ဘယ်သူလဲဆိုတာကို ကျွန်မ မသိပါဘူး"

"အဖေ လုပ်တဲ့ လူရဲ့နာမည်တောင် သမီးက မသိဘူး
လား"

"ကျွန်မအမေက ကျွန်မအဖေဟာ ကျွန်မငယ်ငယ်ကတည်း
က သေဆုံးသွားတယ်လို့ ပြောတယ်၊ ကျွန်မအဖေရဲ့နာမည်ကိုလဲ
ပြောမပြဘူး"



"မင်းအမေကော အခု ဘယ်မှာလဲ"

"ကျွန်မအမေကို၊ အင်း..."

ပိုင်ရင်ဟုန်သည် ချက်ချင်း အဖြေမပေးသေးဘဲ စဉ်းစားနေ
သည်။

သူ့အဖို့ အတော်ပင် အကျပ်တွေ့နေသည်။

သူ့ဖခင်မှာ စစ်တုရင်ကေရာဇ် ဖြစ်ကြောင်း ထုတ်ပြော
လိုက်လျှင် မိစ္ဆာလေပွေကျွန်းကို သွား၍ စစ်တုရင်ကေရာဇ်နှင့် ကေရီ
တို့ကို တိုက်ခိုက်ဖမ်းဆီးရန် စီစဉ်နေကြသော လားမားများက စစ်
တုရင်ကေရာဇ်၏ သမီးကိုလည်း ချမ်းသာပေးမည် မဟုတ်။

အမှန်အတိုင်း မပြောပါလျှင်လည်း သူတို့ဂိုဏ်း၏ အကြော
ဖိတ်ပညာကို တတ်မြောက်ထားသည့် ပိုင်ရင်ဟုန်မှာ စစ်တုရင်
ကေရာဇ်၊ ကေရီတို့နှင့် အဆက်အသွယ် ရှိသည်ဟု လားမားများက
ကောက်ချက်ချကာ ပိုင်ရင်ဟုန်ကို အန္တရာယ် ပေးနိုင်သည်။

နောက်ဆုံးတွင်တော့ ပိုင်ရင်ဟုန် ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲ
တင်းတင်း ချလိုက်သည်။

"ကျွန်မ ရှင်တို့ကို အဖြစ်မှန်အားလုံး ပြောပြမယ်၊ မပြော
ခင်မှာ ရှင်တို့ကို ကိစ္စတစ်ခုအတွက် ရှင်းရှင်းလင်းလင်း နားလည်ထား
ဖို့ အရင်ပြောမယ်"

ပိုင်ရင်ဟုန်က ဆုံးဖြတ်ချက်ချပြီးနောက် ပြောသည်။

“ကောင်းပြီ၊ မင်းပြောမယ့်ကိစ္စကို အရင်ပြောပါ”

သစ္စာဂိုဏ်းခွဲမှူး လားမားကြီးက ပြောသည်။

“ရှင်တို့ ဝတ်ရုံနီလားမားဂိုဏ်းကို သစ္စာဖောက်ပြီး ထွက်ပြေးလာကြတာဟာ လိပ်ပြာကန်သခင်နဲ့ နဂါးမယ်တို့ ဖြစ်ကြတယ်၊ နဂါးမယ်က အခု စစ်တုရင်ကေရီ ဖြစ်နေပေမယ့်၊ စစ်တုရင်ဧကရာဇ်ကတော့ လိပ်ပြာကန်သခင် မဟုတ်ဘူး”

“ဒီအကြောင်းကို ကျုပ်တို့ သိပြီးပါပြီ”

“ဒီတော့ ရှင်တို့ အရေးယူမယ်ဆိုယင် စစ်တုရင်ကေရီတစ်ယောက်တည်းကိုပဲ အရေးယူသင့်တယ်၊ စစ်တုရင်ဧကရာဇ်ကို အရေးမယူသင့်ဘူး”

“စစ်တုရင်ဧကရာဇ်ဟာ လိပ်ပြာကန်သခင်ရဲ့တပည့် ဖြစ်နေတယ်”

“အဲဒါက ဟုတ်ပါတယ်၊ ဒါပေမယ့် စစ်တုရင်ဧကရာဇ်ဟာ တိဗက်လားမားတွေနဲ့ ဘယ်လိုမှ ပတ်သက်ဆက်သွယ်မှု မရှိပါဘူး၊ သူက လိပ်ပြာကန်သခင်ဆီမှာ တပည့်ခံရုံနဲ့ ရှင်တို့ဂိုဏ်းရဲ့ သစ္စာဖောက် ဖြစ်မသွားနိုင်ဘူး”

“မင်းက စစ်တုရင်ဧကရာဇ်ဘက်က အတော်ကာကွယ်ပြောပါလား၊ ဘာကြောင့်များလဲ”

“ဘာကြောင့်လဲဆိုတော့ စစ်တုရင်ဧကရာဇ်ဟာ ကျွန်မရဲ့



ဖေ ဖြစ်နေလို့ပါပဲ”

သစ္စာဂိုဏ်းခွဲမှူးလားမားကြီးမှာ တစ်ချက်ကြောင်အမ်းမ်း ဖြစ်သွားသည်။

ထို့နောက် အခြားဂိုဏ်းခွဲမှူး လားမား(၃)ယောက်နှင့် တိက်ဘာသာဖြင့် ပြောဆိုကြသည်။

ထို့နောက် သစ္စာဂိုဏ်းခွဲမှူးလားမားကြီးက ပိုင်ရင်ဟုန်ကိုရုတ်ဘာသာစကားဖြင့် ပြန်ပြောသည်။

“မင်းက စစ်တုရင်ဧကရာဇ်ရဲ့ သမီးကိုး၊ မင်းအမေ အခုယ်မှာ ရှိနေတယ်ဆိုတာကို ပြောပါအုံး”

“ကျွန်မအမေကို စစ်တုရင်ကေရီက ဖမ်းထားတယ်”

“ဟင်၊ ဒါဆိုယင် စစ်တုရင်ဧကရာဇ်နဲ့ ကေရီတို့ဟာ တစ်ယာက်ကိုတစ်ယောက် မသင့်မြတ်ကြဘူးပေါ့”

“ဟုတ်ပါတယ်”

“စစ်တုရင်ဧကရာဇ်ဟာ လိပ်ပြာကန်သခင်ရဲ့ တပည့်ဆိုတော့ စစ်တုရင်ကေရီဟာ သူ့ရဲ့ဆရာကတော် ဖြစ်နေတယ်၊ တပည့်ဆရာကတော်တို့ဟာ ဘာကြောင့် မသင့်မမြတ် ဖြစ်ကြရတာလဲ”

“အဲဒါကိုတော့ ကျွန်မ မသိဘူး၊ ကျွန်မ မမွေးခင်ကတဲျွန်မအမေဟာ မိစ္ဆာလေပွေကျွန်းကနေ အကြောင်းတစ်ခုကြောင့်ွက်ပြေးတိမ်းရှောင်လာခဲ့တယ်၊ ဘာကြောင့် ဒီလို ထွက်ပြေးရှောင်လာ

ခဲ့ရတယ်ဆိုတာကိုတော့ ကျွန်မ မသိဘူး”

“ကောင်းပြီ၊ စစ်တုရင်ကေရီက ဘာကြောင့် မင်းရဲ့အမေကို ဖမ်းဆီးထားတာလဲ”

“စစ်တုရင်ကေရာဇ်ကို အနိုင်ယူဖို့ပါပဲ”

“အနိုင်ယူဖို့ ဟုတ်လား၊ သူတို့နှစ်ယောက်က ယှဉ်ပြိုင်တို့ နိုက်နေကြလို့လား”

“စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့ဟာ နှစ်စဉ်နှစ်တိုင်း သုံးလ ပိုင်းရက်တစ်ရက်မှာ စစ်တုရင်တစ်ပွဲစီ ယှဉ်ပြိုင်ကစားကြတယ်၊ အဲ ပွဲမှာ အနိုင်ရယင် စစ်တုရင်ကေရီအဖို့ မိစ္ဆာလေပွေကျွန်းကနေ ထွက် ခွာသွားနိုင်တယ်၊ ဒါကြောင့် စစ်တုရင်ကေရီက စစ်တုရင်ပွဲကို အနိုင် ရဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းနေတယ်”

“စစ်တုရင်ကေရီဟာ အန္တရာယ် အများကြီးပေးနိုင်တဲ့ မိန်းမတစ်ယောက် ဖြစ်တယ်၊ သူ မိစ္ဆာလေပွေကျွန်းကနေ ထွက်ခွာ နိုင်ယင် ကြီးမားတဲ့အန္တရာယ် ဆိုက်ရောက်လိမ့်မယ်”

“ဘယ်လိုအန္တရာယ်မျိုးလဲ”

“အဲဒါကိုတော့ ကျွန်မ သေသေချာချာ မသိဘူး”

ဂိုဏ်းခွဲမှူးလားမားကြီးများသည် တိဗက်ဘာသာစကား ဖြင့် သူတို့အချင်းချင်း အချိန်အတော်ကြာအောင် ပြောဆိုတိုင်ပင်ကြ ပြန်သည်။



ထို့နောက် သစ္စာဂိုဏ်းခွဲမှူးလားမားကြီးက ပိုင်ရင်ဟုန်ကို ရုတ်ဘာသာဖြင့် ပြောသည်။

“မင်းဟာ ရိုးသားဖြောင့်မတ်တယ်၊ ဒါကြောင့် ကျုပ်တို့က မင်းကို အဖြစ်မှန် ပြောပြမယ်၊ လိပ်ပြာကန်သခင်နဲ့ အခု စစ်တု ကေရီလို့ ဖြစ်နေတဲ့ နဂါးမယ်တို့ဟာ ဟိုတစ်ချိန်တုန်းက ဝတ်ရုံနီ းမားဂိုဏ်းဝင်တွေ ဖြစ်တယ်၊ သူတို့ရဲ့ ဝါစဉ်တွေက ကျုပ်တို့ထက် များကြီးမြင့်တယ်၊ သူတို့က ကျုပ်တို့ဂိုဏ်းကနေ ထွက်ပြေးသွား ကြတယ်၊ ဂိုဏ်းထဲမှာ မနေချင်လို့ ထွက်သွားကြတာကို ကျုပ်တို့က မှ အပြစ်မပြောလိုပါဘူး၊ ဒါပေမယ့် သူတို့က ကျုပ်တို့ဂိုဏ်းရဲ့ ထွတ်အမြတ် ရတနာပစ္စည်းဖြစ်တဲ့ စစ်တုရင်ဓားသိုင်းကျမ်းကိုပါ ယူသွားကြတယ်”

ဤစကားကို ကြားရသောအခါ ဝမ်ကျက်မှာ အတော်ဝင် တ်လန့်တုန်လှုပ်သွားရသည်။

စစ်တုရင်ဓားသိုင်းကျမ်းမှာ ဝတ်ရုံနီလားမားဂိုဏ်း၏ အ တ်အမြတ် ရတနာပစ္စည်း ဖြစ်ကြောင်း ဝမ်ကျက် မသိပေ။

“စစ်တုရင်ဓားသိုင်းဟာ ခင်ဗျားတို့ ဝတ်ရုံနီလားမားဂိုဏ်းရဲ့ ပ်တန်းသိုင်းပညာရပ်တစ်ခုကိုး”

ဝမ်ကျက်က ဝင်ပြောသည်။

“ဟုတ်တယ်၊ စစ်တုရင်ဓားသိုင်းဟာ ကျုပ်တို့ဂိုဏ်းရဲ့

အဆင့်အမြင့်ဆုံး လျှို့ဝှက်သိုင်းပညာရပ်တစ်ခု ဖြစ်တယ်၊ အစ
ထက်မြက်သလောက် သိပ်ပြီးတော့ ခက်ခဲနက်နဲတယ်၊ ကျုပ်တို့ဝ
ရုံနီလားမားဂိုဏ်း ထူထောင်လာတာ နှစ်ပေါင်းတစ်ထောင်ကျော်
ဒီသက်တမ်းအတွင်းမှာ စစ်တုရင်ဓားသိုင်းကို အောင်မြင်အောင် 
ကျင့်နိုင်ခဲ့တဲ့လူ သုံးယောက်ပဲ ရှိသေးတယ်"

သစ္စာဂိုဏ်းခွဲမှူး လားမားကြီးက ပြန်ဖြေသည်။

"စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့က အဲဒီ စစ်တုရင်ဓားသို
ကျမ်းကို အောင်မြင်အောင် လေ့ကျင့်နိုင်မယ်လို့ ခင်ဗျားထင်သလာ

"စစ်တုရင်ကေရာဇ်က အောင်မြင်အောင် လေ့ကျင့်နိုင်စွ
ရှိမရှိကိုတော့ ကျုပ်မသိဘူး၊ ဒါပေမယ့် လိပ်ပြာကန်သခင်နဲ့ စစ်
ရင်ကေရီ နဂါးမယ်တို့ကတော့ အောင်မြင်အောင် လေ့ကျင့်နိုင်
လိမ့်မယ်၊ သူတို့နှစ်ယောက်က ဉာဏ်ရည်ထက်မြက်တဲ့အပြင် ဝီရိ
နဲ့ဖွဲ့လဲ ကောင်းကြတယ်"

"စစ်တုရင်ကေရီဟာ စစ်တုရင်ဓားသိုင်းကျမ်းကို လေ့ကျ
ခြင်း မပြုခဲ့ဘူး၊ စစ်တုရင်ကေရာဇ်ဟာလဲ အဲဒီလိုပဲ စစ်တုရင်
သိုင်းကို မလေ့ကျင့်ဘူးလို့ ကျွန်တော်ယုံတယ်"

"မင်းက ဘာကြောင့် ပြောနိုင်တာလဲ"

"စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့ နှစ်စဉ် စစ်တုရင် ယှဉ်ပြိ
ထိုးကြတဲ့ နေရာမှာ အကြောင်းခြင်းရာနှစ်ခုကို လောင်းကြေးအဖြ



လုပ်ထားတယ်၊ ပထမတစ်ခုက စစ်တုရင်ကေရီ မိစ္ဆာလေပွေကျွန်းက
ထွက်ခွာသွားနိုင်ရေးပဲ၊ ဒုတိယအချက်ကတော့ စစ်တုရင်ပွဲမှာ စစ်တု
ရင်ကေရီက နိုင်ခဲ့ယင် စစ်တုရင်ကေရာဇ် သိမ်းဆည်းထားတဲ့ စစ်တု
ရင်ဓားသိုင်းကျမ်းကို ပေးရမယ်ဆိုတဲ့ အချက်ပဲ"

"ဒီလောင်းကြေး စည်းကမ်းချက်တွေကို ဘယ်သူက ချမှတ်
ခဲ့တာလဲ"

"ဒီကိစ္စတွေမှာ အပြင်လူ မသိနိုင်တဲ့ လျှို့ဝှက်ချက်တွေ ရှိ
နေတယ်၊ အဲဒီ လျှို့ဝှက်ချက်တွေကိုတော့ ကျွန်တော် မသိဘူး"

"စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့ အကြားမှာ ဒီလို စည်းကမ်း
လောင်းကြေးတွေ လုပ်ပြီး စစ်တုရင် ယှဉ်ထိုးကြတယ်ဆိုတဲ့
အကြောင်းကိုကော မင်းက ဘယ်လိုလုပ်သိသလဲ"

"ဒီမေးခွန်းကို မဖြေခင် ခင်ဗျားတို့ကို တစ်ခု ကြိုတင်မေးပါ
ရစေ"

"မေးပါ"

"ခင်ဗျားတို့က စစ်တုရင်ဓားသိုင်းကျမ်းကို ပြန်ယူဖို့အပြင်
သူတို့ရဲ့ အသက်ကိုကော အန္တရာယ်ပြုအုံးမှာလား"

"တကယ်လို့ သူတို့ဟာ စစ်တုရင်ဓားသိုင်းကျမ်းကို အောင်
မြင်အောင် မလေ့ကျင့်နိုင်ကြသေးဘူးဆိုယင်တော့ စစ်တုရင်ဓားသိုင်း
ကျမ်းကို ပြန်ရယင် ပြီးပါတယ်၊ ဒါပေမယ့် သူတို့က စစ်တုရင်ဓား

သိုင်းကျမ်းကို လေ့ကျင့်အောင်မြင်သွားကြပြီဆိုယင်တော့ တစ်
လုပ်ရမယ်"

"သူတို့ဟာ စစ်တုရင်ဓားသိုင်းကျမ်းကို မလေ့ကျင့်ကြ
ပါဘူး"

"ဒီလိုဆိုယင် စစ်တုရင်ဓားသိုင်းကျမ်းကို ပြန်ရယင် ဖြ
ပြီ"

"စစ်တုရင်ဓားသိုင်းကျမ်းကို ပြန်ရပြီးယင် ခင်ဗျားတို့
ဗက်ကို ပြန်ကြမှာ မဟုတ်လား"

"ဟုတ်တယ်"

ဤတွင် ပိုင်ရင်ဟုန်သည် ဝမ်ကျက်၏အကြံကို ရိပ်မိ
ဝမ်ကျက်အား မျက်ရိပ်လှမ်းပြသည်။

စစ်တုရင်ဓားသိုင်းကျမ်းကို မပေးနှင့်ဟု ကန့်ကွက်သ
သဘော။ သို့သော် ဝမ်ကျက်က ပိုင်ရင်ဟုန်၏ မျက်ရိပ်ပြမှုကို မ
ချင်ယောင်ဆောင်နေလိုက်သည်။

"ခင်ဗျားရဲ့ စကားဟာ ဝတ်ရုံနီဂိုဏ်းကို ကိုယ်စားပြု
ပြောတဲ့စကား ဟုတ်ရဲ့လား"

ဝမ်ကျက်က သစ္စာဂိုဏ်းခွဲမှူးလားမားကြီးကို မေးသ

သစ္စာဂိုဏ်းခွဲမှူး လားမားကြီးသည် အခြားဂိုဏ်းခွဲမှူး လ
မားကြီး(၃)ဦးနှင့် တိဗက်ဘာသာစကားဖြင့် ပြောဆိုတိုင်ပင်သ



ပြီးမှ ဝမ်ကျက်ကို ပြန်လည်အဖြေပေးသည်။

"ဟုတ်တယ်၊ စစ်တုရင်ဓားသိုင်းကျမ်းကို ရယင် ကျုပ်တို့
တိဗက်ကို ပြန်မယ်၊ ဒါဟာ ဝတ်ရုံနီလားမားဂိုဏ်း တစ်ခုလုံးရဲ့ သ
ဘောထားဖြစ်တယ်"

သစ္စာဂိုဏ်းခွဲမှူးလားမားကြီးက ဝမ်ကျက်ကို ပြန်အဖြေ
ပေးသည်။

"အဲဒါကို ရှင် သူများကို မပေးနိုင်ဘူး၊ ရှင်အောင်မြင်ပြီးယင်
ကျွန်မကို ပြန်သင်ပေးရအုံးမယ်ဆိုတာကို သိပါ"

ပိုင်ရင်ဟုန်က ဝမ်ကျက်ကို တီးတိုးပြောလိုက်သည်။

ဤစကားကို ကြားရသောအခါ ဝမ်ကျက်၏မျက်နှာအမူ
အရာ လေးနက်တည်ကြည်သွားသည်။

ဝမ်ကျက်သည် ရုတ်တရက် ပိုင်ရင်ဟုန်၏ လက်မောင်းကို
ဆွဲကာ ခပ်လှမ်းလှမ်းသို့ ခေါ်သွားသည်။

"ခင်ဗျားကို ကိစ္စတစ်ခု မေးစရာရှိတယ်၊ ရိုးရိုးသားသားနဲ့
အမှန်အတိုင်း ဖြေပါ"

လားမားကြီးများနှင့် အတော်အလှမ်းကွာသော နေရာသို့
ရောက်သောအခါ ဝမ်ကျက်က မေးလိုက်သည်။

"ဘာမေးမလို့လဲ မေးပါ"

ပိုင်ရင်ဟုန်က ပြန်ပြောသည်။

"သေသေချာချာ စဉ်းစားပြီး အဖြေပေးစေချင်တယ်"

"ကောင်းပါပြီ"

"ခင်ဗျားကို ကျွန်တော်လက်ထပ်ယူချင်တယ်၊ အဲဒါ ဘ
လိုသဘောရသလဲ"

သည်အချိန်၊ သည်အခါ၊ သည်နေရာဝယ် သည်မေးခွန်း
ဝမ်ကျက်က မေးမြန်းလာလိမ့်မည်ဟု ပိုင်ရင်ဟုန် လုံးဝမျှော်
မထားခဲ့ပေ။

မျက်နှာနီမြန်းကာ ရှက်သွေးဖြာပြီး ခေါင်းငုံ့လိုက်သည

"သေသေချာချာ စဉ်းစားပြီး အဖြေပေးပါ"

ဝမ်ကျက်က ထပ်ပြောသည်။

"ရှင် ဘာကြောင့် အခုကျမှ ဒါကို ပြောတာလဲ၊ အရင်တု
က တစ်ခါမှ မပြောခဲ့ဘဲနဲ့"

ပိုင်ရင်ဟုန်က ပြောသည်။

ရှက်စိတ်မွှန်နေသောကြောင့် အသံမှာ တုန်ရင်နေသည

"အရင်က မပြောခဲ့ပေမယ့် အခုပြောဖို့ အချိန်တန်ပြီ
တာကြောင့် ပြောတာပဲ"

"ဒီကိစ္စမျိုးဟာ ကျွန်မသဘောတစ်ခုတည်းနဲ့ မဖြစ်
မိဘ သဘောလဲ ရှိသေးတယ်"

ပိုင်ရင်ဟုန်မှာ ဝမ်ကျက်အပေါ်ဝယ် တိမ်းညွတ်ကာ မေ



ရှိနေသည်မှာ မှန်သည်။

သို့သော် မိန်းကလေးပီပီ ချက်ချင်းကြီး အဖြေပေးရမှာကို
ရှက်နေသောကြောင့် ယခုလို ပြန်ပြောခြင်း ဖြစ်သည်။

"ခင်ဗျားအဖေက အစောကြီးကတည်းက သဘောတူပြီး
ပြီ"

ဝမ်ကျက်က ပြောသည်။

"ဘယ်တုန်းက သဘောတူတာလဲ"

"သူနဲ့ ကျွန်တော် နောက်ဆုံးအကြိမ် တွေ့ကုန်းက ပြောခဲ့
တာပဲ"

ပိုင်ရင်ဟုန်မှာ အတော်ပင် ဝမ်းသာသွားသည်။

သို့သော် ရှက်စိတ်က ရှိနေသောကြောင့် စိတ်ထဲတွင် ရှိ
သည့်အတိုင်း ထုတ်မပြော။

"မေမေ့ သဘောကလဲ ရှိသေးတယ်"

"ခင်ဗျားအမေကလဲ ကန့်ကွက်မှာ မဟုတ်ပါဘူး"

"ရှင်က တယ်လဲခက်တာပဲ၊ ကဲ တကယ်လို့ ကျွန်မက ရှင်
ပြောတာကို ငြင်းမယ်ဆိုယင်ကော"

"ဒီလိုဆိုယင် ခင်ဗျားဟာ ကျွန်တော့်ရဲ့ဇနီး ဖြစ်မလာနိုင်
တော့တဲ့အတွက် ကျွန်တော့်သဘောနဲ့ ဟိုပစ္စည်းကို မပေးနိုင်တော့
ဘူး"

"ရှင်နဲ့ လက်ထပ်ဖို့ သဘောတူတာ မတူတာနဲ့ ဟိုပစ္စည် က ဘာများသက်ဆိုင်နေလို့လဲ"

"အဲဒီ ဥစ္စာကို လေ့ကျင့်အောင်မြင်ပြီးယင် ခင်ဗျားကို တ ဆင့် ပြန်သင်ပေးနိုင်အောင်လို့ ခင်ဗျားအဖေက ကျွန်တော့်ကို ပေ တာ ဖြစ်တယ်၊ ဒီတော့ အဲဒီ ပစ္စည်းကို ခင်ဗျားလဲ တစ်ဝက်ဆိုင် တယ်"

"ကျွန်မက ရှင်လက်ထပ်ခွင့်တောင်းတာကို သဘောတူယ ရှင့်အနေနဲ့ အဲဒီပစ္စည်းကို ကြိုက်သလို လုပ်နိုင်ပြီး ရှင်ပေးချင်တဲ့ ကို ပေးလိုက်နိုင်တယ်ဆိုတဲ့ သဘောလား"

"ဟုတ်တယ်"

"ရှင်က ကျွန်မကို သက်သက်မယ့် အကျပ်ကိုင်တာပဲ၊ ဒီ လုပ်တာ မတရားပါဘူး"

"ဒါကတော့ အခုအချိန်မှာ အဲဒီလို ဆုံးဖြတ်ရွေးချယ်ရမ အချိန် ဖြစ်နေတာကိုး၊ ခင်ဗျားက မေတ္တာကို လိုချင်ယင် ဟိုပစ္စည် ကို စွန့်လွှတ်ရမယ်၊ ဟိုပစ္စည်းကို မစွန့်လွှတ်ချင်ယင်တော့ မေတ္တာ လက်လွှတ်ပေးရမယ်"

ပိုင်ရင်ဟုန် ချက်ချင်းအဖြေမပေး။

ခေတ္တမျှ ငေးငိုင်စဉ်းစားပြီးမှ ပြန်အဖြေပေးသည်။

"ကျွန်မ...ဟိုပစ္စည်းကိုတော့ မစွန့်လွှတ်နိုင်ဘူး"



"ကောင်းပြီ"

ထို့နောက် ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့သည် လားမားကြီး များ ရှိရာသို့ ပြန်လာခဲ့ကြသည်။

သစ္စာဂိုဏ်းခွဲမှူးလားမားကြီးမှာ အတွင်းအား အလွန် ကောင်းပြီး နားပါးသည်။

ဝမ်ကျက်တို့၏ ပြောစကားများကို ကောင်းစွာ ကြားသည်။

ထို့ကြောင့် ဝမ်ကျက်တို့ ရောက်လာသည်နှင့် ဆီး၍ မေး လိုက်သည်။

"စောစောက မင်းတို့ ပစ္စည်းတစ်ခု ပေးဖို့နဲ့ ပတ်သက်ပြီး ပြောဆိုနေကြတယ် မဟုတ်လား၊ အဲဒါ ဘာပစ္စည်းလဲ"

"ဟုတ်ပါတယ်၊ ခင်ဗျားတို့ကို ပစ္စည်းတစ်ခုပေးမလို့ ပြော ဆိုနေကြတာပါ၊ ဒါပေမယ့် အခုတော့ မပေးနိုင်တော့ဘူး"

"အဲဒီ ပစ္စည်းဆိုတာက ဘာလဲ"

"ခင်ဗျားတို့ကို မပေးဖို့ ဆုံးဖြတ်ပြီးပြီဆိုတော့ ဘာပစ္စည်း လဲဆိုတာကိုလဲ ပြောစရာ မလိုတော့ပါဘူး"

"အဲဒါဘာပစ္စည်းလည်းဆိုတာကို ရှင်းရှင်းလင်းလင်းပြောမ ယင် မင်းတို့ကို ဒီနေရာက ထွက်သွားခွင့်မပေးတော့ဘူး"

"ကျွန်တော်တို့ကို ဖမ်းထားတဲ့ သဘောလား"

"ပြောနိုင်ပါတယ်"

"ဒီလိုလုပ်တာ အဓမ္မမဆန်လွန်းဘူးလား"

"ကျုပ်တို့က ဂိုဏ်းရဲ့သစ္စာဖောက်တွေကို အရေးယူဖို့ စီ
နေတာဆိုတော့ သူတို့နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေကို
အလေးမထား ပေါ့လျော့နေလို့ မဖြစ်ဘူး"

"ဒီအတိုင်းဆိုယင် ကျွန်တော်က ခင်ဗျားတို့နဲ့ ရင်ဆိုင်တို
ခိုက်ရလိမ့်မယ်"

အခြေအနေ တင်းမာလာလေပြီ။

"မင်းက တိုက်ခိုက်မယ်ဆိုယင်လဲ ဖြစ်ပါတယ်၊ ကျုပ်တို့
ချင်ဝါစဉ်က လားမားကြီးတစ်ယောက်နဲ့ ယှဉ်တိုက်၊ မင်းနိုင်ယင် ဒီ
ရာက အေးအေးဆေးဆေး ထွက်သွားခွင့်ပေးမယ်"

ပိုင်ရင်ဟုန်၏ရင်ထဲဝယ် ထိတ်ကနဲ ဖြစ်သွားသည်။

ကြာဝါစဉ်တွင် ရှိနေသော ကြာဆာကိုကိုပင် ဝမ်ကျက်နှ
ပိုင်ရင်ဟုန်တို့ နှစ်ယောက်ပေါင်း တိုက်ခိုက်သည့်တိုင် မနိုင်ခဲ့။

ယခု ကြာဝါစဉ်ထက် အဆင့်မြင့်သော ချင်ဝါစဉ်မှ လားမ
ကြီးကို ဝမ်ကျက်အနေဖြင့် မည်သို့ ယှဉ်နိုင်ပါမည်နည်း။

ဝမ်ကျက်အတွက် ပိုင်ရင်ဟုန် အလွန်စိုးရိမ်မိသည်။

"ကောင်းပါပြီ"

ဝမ်ကျက်က တည်ငြိမ်စွာ ပြောလိုက်သည်။

"ချင်လုံအန်း သူနဲ့ ထွက်ပြီး ရင်ဆိုင်ပါ"



သစ္စာဂိုဏ်းခွဲမှူးလားမားကြီးက အမိန့်ချမှတ်လိုက်သည်။

ချင်ဝါစဉ်လားမားကြီးများထဲမှ ချင်လုံအန်းအမည်ရှိ လား
းကြီး ထိုင်နေရာမှ ထပြီး လျှောက်လှမ်းထွက်လာသည်။

ပိုင်ရင်ဟုန်မှာ ရင်တထိတ်ထိတ် ဖြစ်နေသည်။

ချင်လုံအန်း၏ လျှောက်လှမ်းလာသော ခြေလှမ်းလှမ်းပုံက
စ အလွန်ပင် သွက်လက်ညင်သာသည်။

သိုင်းပညာ အလွန်မြင့်မားထက်မြက်ကြောင်း သိသာနိုင်
ည်။

"ချင်လုံအန်း တိုက်ခိုက်တာကို အကွက်ငါးဆယ်အထိ ခံနိုင်
င် မင်းကို အနိုင်ပေးမယ်"

ဝမ်ကျက်နှင့် ချင်လုံအန်းတို့ မျက်နှာချင်း ဆိုင်မိကြသော
ခါ သစ္စာဂိုဏ်းခွဲမှူး လားမားကြီးက ပြောသည်။

ဝမ်ကျက်နှင့် ချင်လုံအန်းတို့နှစ်ယောက် တိုက်ခိုက်ကြရန်
သင့်ပြင်လိုက်ကြလေပြီ။

* * *

"ရှင်နဲ့ လက်ထပ်ဖို့ သဘောတူတာ မတူတာနဲ့ ဟိုပစ္စည်းက ဘာများသက်ဆိုင်နေလို့လဲ"

"အဲဒီ ဥစ္စာကို လေ့ကျင့်အောင်မြင်ပြီးယင် ခင်ဗျားကို တ... ဆင့် ပြန်သင်ပေးနိုင်အောင်လို့ ခင်ဗျားအဖေက ကျွန်တော့်ကို ပေ... တာ ဖြစ်တယ်၊ ဒီတော့ အဲဒီ ပစ္စည်းကို ခင်ဗျားလဲ တစ်ဝက်ဆိုင်... တယ်"

"ကျွန်မက ရှင်လက်ထပ်ခွင့်တောင်းတာကို သဘောတူယ... ရှင့်အနေနဲ့ အဲဒီပစ္စည်းကို ကြိုက်သလို လုပ်နိုင်ပြီး ရှင်ပေးချင်တဲ့... ကို ပေးလိုက်နိုင်တယ်ဆိုတဲ့ သဘောလား"

"ဟုတ်တယ်"

"ရှင်က ကျွန်မကို သက်သက်မယ့် အကျပ်ကိုင်တာပဲ၊ ဒီလို... လုပ်တာ မတရားပါဘူး"

"ဒါကတော့ အခုအချိန်မှာ အဲဒီလို ဆုံးဖြတ်ရွေးချယ်ရမယ့် အချိန် ဖြစ်နေတာကိုး၊ ခင်ဗျားက မေတ္တာကို လိုချင်ယင် ဟိုပစ္စည်းကို စွန့်လွှတ်ရမယ်၊ ဟိုပစ္စည်းကို မစွန့်လွှတ်ချင်ယင်တော့ မေတ္တာကို လက်လွှတ်ပေးရမယ်"

ပိုင်ရင်ဟုန် ချက်ချင်းအဖြေမပေး။

ခေတ္တမျှ ငေးငိုင်စဉ်းစားပြီးမှ ပြန်အဖြေပေးသည်။

"ကျွန်မ...ဟိုပစ္စည်းကိုတော့ မစွန့်လွှတ်နိုင်ဘူး"



"ကောင်းပြီ"

ထို့နောက် ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့သည် လားမားကြီးများ ရှိရာသို့ ပြန်လာခဲ့ကြသည်။

သစ္စာဂိုဏ်းခွဲမှူးလားမားကြီးမှာ အတွင်းအား အလွန်ကောင်းပြီး နားပါးသည်။

ဝမ်ကျက်တို့၏ ပြောစကားများကို ကောင်းစွာ ကြားသည်။

ထို့ကြောင့် ဝမ်ကျက်တို့ ရောက်လာသည်နှင့် ဆီး၍ မေးလိုက်သည်။

"စောစောက မင်းတို့ ပစ္စည်းတစ်ခု ပေးဖို့နဲ့ ပတ်သက်ပြီး ပြောဆိုနေကြတယ် မဟုတ်လား၊ အဲဒါ ဘာပစ္စည်းလဲ"

"ဟုတ်ပါတယ်၊ ခင်ဗျားတို့ကို ပစ္စည်းတစ်ခုပေးမလို့ ပြောဆိုနေကြတာပါ၊ ဒါပေမယ့် အခုတော့ မပေးနိုင်တော့ဘူး"

"အဲဒီ ပစ္စည်းဆိုတာက ဘာလဲ"

"ခင်ဗျားတို့ကို မပေးဖို့ ဆုံးဖြတ်ပြီးပြီဆိုတော့ ဘာပစ္စည်းလဲဆိုတာကိုလဲ ပြောစရာ မလိုတော့ပါဘူး"

"အဲဒါဘာပစ္စည်းလည်းဆိုတာကို ရှင်းရှင်းလင်းလင်းပြောမပြယင် မင်းတို့ကို ဒီနေရာက ထွက်သွားခွင့်မပေးတော့ဘူး"

"ကျွန်တော်တို့ကို ဖမ်းထားတဲ့ သဘောလား"

"ပြောနိုင်ပါတယ်"

ဝမ်ကျက်နှင့် ချင်လုံအန်းတို့ တိုက်ခိုက်ကြရန် အသင့်ဖြစ်နေ
ကြပေပြီ။

ပိုင်ရင်ဟုန်မှာ စိုးရိမ်စိတ်ကို ချိုးနှိမ်၍ မရတော့။

“ဝမ်ကျက် ကျွန်မ ဟိုပစ္စည်းကို မလိုချင်တော့ဘူး”

ပိုင်ရင်ဟုန်က ဝမ်ကျက်ကို လှမ်းပြောသည်။

“ဘာပြောတယ်”

ဝမ်ကျက်က ပြန်မေးသည်။

“ကျွန် ဟိုပစ္စည်းကို မလိုချင်တော့ဘူး”

ပိုင်ရင်ဟုန်က ထပ်ပြောသည်။

“ဘာကြောင့်လဲ”

“မလိုချင်တော့ဘူးဆို ပြီးရောပေါ့၊ ဘာကြောင့်လဲလို့ မမေး
နဲ့”

ပိုင်ရင်ဟုန်က ရက်ပြုံးလေးပြုံးကာ ပြောသည်။

ဤမျှနှင့်ပင် လုံလောက်ပေပြီ။

ပိုင်ရင်ဟုန်၏ အဖြေကို ဝမ်ကျက် သိလိုက်လေပြီ။

“ကျွန်တော်တို့ ပြောနေတဲ့ပစ္စည်း ဘာလဲဆိုတာကို ပြောပြ
ပါတော့မယ်၊ ပြီးတော့ အဲဒီပစ္စည်းကိုလဲ ခင်ဗျားတို့ကို ပေးပါ့မယ်”

ဝမ်ကျက်က သစ္စဂိုဏ်းခွဲမှူး လားမားကြီးကို လှမ်းပြော
သည်။



“ချင်လုံအန်း..ပြန်ခဲ့တော့”

သစ္စာဂိုဏ်းခွဲမှူးလားမားကြီးက အမိန့်ပေးသည်။

ချင်လုံအန်းလည်း အမိန့်ကို နာခံကာ ဝမ်ကျက်နှင့် ရင်ဆိုင်
ိုက်ခိုက်ရန် အသင့်ပြင်ထားရာမှ နောက်ဆုတ်ပြီး သူ့နေရာသို့ ပြန်
ွားသည်။

“ခင်ဗျားကို ထပ်မေးပါရစေ၊ ခင်ဗျားတို့ စစ်တုရင်ဓားသိုင်း
ျမ်းကို ရယင် တိဗက်နယ်ကို တကယ်ပဲ ပြန်သွားမှာလား”

ဝမ်ကျက်က သစ္စာဂိုဏ်းခွဲမှူးလားမားကြီးကို လှမ်းမေး
ည်။

“ဟုတ်တယ်၊ တကယ်ပဲ ပြန်သွားမယ်”

သစ္စာဂိုဏ်းခွဲမှူးလားမားကြီးက ပြန်ဖြေသည်။

“ကောင်းပြီ၊ ကျွန်တော်တို့ ပြောနေတဲ့ဟာ ဟောဒါပဲ၊
င်ဗျားတို့ ယူပေတော့”

ဝမ်ကျက်က ဤသို့ပြောပြီး အင်္ကျီအတွင်းအိတ်ထဲမှ စစ်တု
င်ဓားသိုင်းကျမ်းကို ထုတ်ပေးလိုက်သည်။

စစ်တုရင်ဓားသိုင်းကျမ်း လက်ခံရရှိသော သစ္စာဂိုဏ်းခွဲမှူး
ားမားကြီးမှာ အလွန်အံ့သြသွားသည်။

“ဒီကျမ်းကို မင်းဘယ်ကနေ ရတာလဲ”

သစ္စာဂိုဏ်းခွဲမှူးလားမားကြီးက ဝမ်ကျက်ကို မေးသည်။

"စစ်တုရင်ဧကရာဇ်က ပေးတာ"

"ဘာကြောင့် ပေးတာလဲ"

"ဟောဒီ ပိုင်ရင်ဟုန် မမွေးခင်ကတည်းက စစ်တုရင်ဧကေ ရာဇ်ဟာ သူ့ဇနီးနားမှာ မရှိနိုင်ခဲ့ဘူး၊ သူတို့သားအမိကို ပစ်ပယ်ထား ပြီး ဝတ္တရားမကျေတဲ့သဘော ဖြစ်တယ်၊ ဟိုတစ်ခါ ကျွန်တော်နဲ့ တွေ့တုန်းက စစ်တုရင်ဧကရာဇ်က ဒီဓားသိုင်းကျမ်းကို ကျွန်တော့်ကို ပေးတယ်၊ ကျွန်တော် လေ့ကျင့်အောင်မြင်ပြီးယင် သူ့သမီးကို ဆက် လက် လက်ဆင့်ကမ်းသင်ပေးဖို့လဲ ပြောတယ်"

"ဒီဓားသိုင်းကို မင်းလေ့ကျင့်အောင်မြင်ပြီလား"

"မအောင်မြင်ဘူး"

"ဘာကြောင့်လဲ"

"ရေးထားတဲ့စာတွေကို ကျွန်တော် မဖတ်တတ်ဘူး၊ ဒါပေ မယ့် ပိုင်ရင်ဟုန်ရဲ့ ကျေးဇူးကြောင့် နားလည်သဘောပေါက်ခဲ့ပါ တယ်၊ အဲဒီ ကျင့်စဉ်တွေက သိပ်ကို ခက်ခဲတယ်၊ နားလည်ပေမယ့် အောင်မြင်အောင် မလေ့ကျင့်နိုင်ဘူး"

"မင်းပြောတာ အမှန်ပဲလား"

"စစ်တုရင် ဓားသိုင်းကျမ်း အကြောင်း ကျွန်တော့်ထက် ခင်ဗျားက ပိုသိပါတယ်၊ ကျွန်တော်ပြောတာကို ဟုတ်နိုင်မဟုတ်နိုင် ချင့်ချိန်နိုင်ပါတယ်"



"လောလောဆယ် အောင်မြင်အောင် မလေ့ကျင့်နိုင်ပေ ယ့် အချိန်ယူလေ့ကျင့်ယင် ရချင်ရနိုင်တယ်၊ မင်းက ဘာကြောင့် ဖိုးတန်အဆင့်မြင့် သိုင်းပညာကျမ်းတစ်ခု အလွယ်တကူ ပြန်ပေး တာလဲ"

"ကျွန်တော်က အဆင့်မြင့်သိုင်းပညာတွေကို ငမ်းငမ်းတက် မက်မောပါဘူး၊ ပြီးတော့ သိုင်းပညာမြင့်မားတိုင်း အရာရာကို ဖြေ င်းနိုင်မယ်ဆိုတာကိုလဲ မယုံဘူး"

"မင်းက ဘာကို ယုံတာလဲ"

"အမှန်တရားဘက်က ရပ်တည်ပြီး ဖြောင့်မတ်တည်ကြည် ရှိဖို့ပါပဲ"

"မင်းပြောတာကို ကျုပ်သိပ်နားမလည်ဘူး"

"သိုင်းပညာရပ် ဘယ်လောက်မြင့်မြင့်မားမား၊ တတ်ထား တ်ထား စိတ်ထားမဖြောင့်မှန်ဘဲ မတရားလုပ်နေယင် အဲဒီလူဟာ လကားပါပဲ၊ သိုင်းပညာ မတတ်ပေမယ့် အမှန်တရားဘက်က ပ်တည်ပြီး ဖြောင့်မတ်တည်ကြည်ယင် လူကောင်းဖြစ်တယ်၊ ျွန်တော်ဟာ သိုင်းပညာကို လေးစားမြတ်နိုးပေမယ့် အမှန်တရား ဖြောင့်မတ်တည်ကြည်မှုကို ပိုအလေးထားတယ်"

"မင်းဟာ ငယ်ရွယ်ပေမယ့် တကယ်ပဲ အသိဉာဏ် ကြီးမား တယ်၊ ကျုပ်တို့စာတွေ မိစ္ဆာလေပွေကျွန်းကို မသွားတော့ပါဘူး၊

မနက်ဖြန် မနက်ပဲ တိဗက်နယ်ကို ပြန်ကြတော့မယ်၊ အဲ မင်းတို့လ
အနားသွားယူကြပါတော့”

“ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်”

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့သည် လားမားကြီးများကို ဂါရ
ပြု နှုတ်ဆက်ပြီး ထိုအခန်းကျယ်ကြီးမှ ထွက်လာခဲ့သည်။

ဘုံကျောင်းဧည့်ကြို တာဝန်ခံကို သွားရောက်တွေ့ဆုံပြီ
တစ်ညတာ တည်းခိုနေထိုင်ခွင့်တောင်းသည်။

ဧည့်ကြိုတာဝန်ခံက ဝမ်ကျက်တို့အတွက် အိပ်ရန် နေရာ
များစီစဉ်ပေးသည်။

* * *



နောက်တစ်နေ့နံနက်။

ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့ နံနက်စာ စားကြသောအခါ
ည့်ကြိုတာဝန်ခံက လားမားကြီးများ မနက်စောစောကပင် တိဗက်
ယ်ဘက်သို့ ပြန်သွားကြပြီဖြစ်ကြောင်း ပြောသည်။

ဝမ်ကျက်တို့လည်း နံနက်စာ စားသောက်ပြီးနောက် မိမိတို့
အခန်းများသို့ ပြန်သွားကြပြီး ပစ္စည်းများကို သိမ်းဆည်းကာ ခရီး
ဆက်ရန် ပြင်သည်။

ဝမ်ကျက် ပစ္စည်းများသိမ်းနေဆဲဝယ် ပိုင်ရင်ဟုန် ခရီး
ဆောင်အိတ်ထမ်းကာ သူ့အခန်းထဲသို့ ဝင်ရောက်လာသည်။

“အင်း လားမားကြီးတွေတော့ ပြန်ကုန်ကြပြီ၊ ကျွန်တော့်
င်ထဲ အတော့်ကို ပေါ့သွားတယ်”

ဝမ်ကျက်က ပစ္စည်းများကို လက်စသိမ်းဆည်းပြီးနောက်
ိုင်ရင်ဟုန်ကို ပြောသည်။

“ဒီလိုလုပ်လိုက်တာ မှန်တယ်လို့ ရှင်က ထင်နေသလား၊
စ်တုရင်ကေရီဟာ ကောင်းတဲ့ မိန်းမကြီး မဟုတ်ဘူး၊ အန္တရာယ်ပေး
ိုင်တဲ့ အမျိုးသမီး ဖြစ်တယ်၊ အခု လားမားကြီးတွေ ပြန်ကုန်ကြပြီ
ဆိုတော့ စစ်တုရင်ကေရီကို နှိမ်နင်းဖို့ အခွင့်အလမ်းနည်းသွားပြီ”

ပိုင်ရင်ဟုန်က ပြန်ပြောသည်။

“စစ်တုရင်ကေရီဟာ အန္တရာယ် အမျိုးသမီးတစ်ယောက် ဖြစ်

ချင် ဖြစ်မယ်၊ ဒါပေမယ့် သူ့ရဲ့ စစ်တုရင်ရုပ်ဖြစ်တဲ့ ပုလဲနက်မိန်းမပို တွေကတော့ အပြစ်မရှိကြပါဘူး၊ လားမားကြီးတွေ မိစ္ဆာလေ ကျွန်းကို သွားရောက်တိုက်ခိုက်ယင် ပုလဲနက်မိန်းကလေးတွေ ကြေဒုက္ခရောက်နိုင်တယ်”

“ညက ကျွန်မတစ်ခု စဉ်းစားမိတယ်၊ ရှင်က လားမားတွေ ကို စစ်တုရင်ဓားသိုင်းကျမ်း ပေးလိုက်တာကတော့ ဟုတ်ပါပြီ တကယ်လို့ လာမယ့် စစ်တုရင်ပြိုင်ပွဲမှာ စစ်တုရင်ကေရီက အနိုင် ခဲ့ပြီး သူ့ကို ဖေဖေက စစ်တုရင်ဓားသိုင်းကျမ်းပေးဖို့ အခြေအ ဖြစ်လာယင် ဘယ့်နှယ်လုပ်မလဲ”

“ကဲ..ပစ္စည်းတွေ သိမ်းပြီးပြီ၊ ခရီးဆက်ကြစို့”

ဝမ်ကျက်က ပိုင်ရင်ဟုန်ကို မျက်စိတစ်ချက် မှိတ်ပြပြီး ပြော သည်။

စစ်တုရင်ဓားသိုင်းကျမ်းအကြောင်း ဆက်လက်မပြောစေ လို၍ အချက်ပြခြင်း ဖြစ်ကြောင်း ပိုင်ရင်ဟုန် သိလိုက်သည်။

ထို့ကြောင့် ဘာမျှ မပြောတော့ဘဲ ခရီးဆောင်အိတ်ကို ထမ်းပြီး ဝမ်ကျက်နှင့်အတူ ထွက်လာခဲ့သည်။

သူတို့နှစ်ယောက်သည် ဘုံကျောင်းဝယ် အလှူငွေ အနည်း ငယ် လှူဒါန်းပြီးနောက် မြင်းကိုယ်စီ စီးကာ ခရီးဆက်လာခဲ့ကြသည်။

“ဟိုဘုံကျောင်းထဲမှာ ကျွန်မ မေးခဲ့တဲ့ မေးခွန်းကို ဖြေပါ



ဦး၊ တကယ်လို့ လာမယ့် စစ်တုရင်ပြိုင်ပွဲမှာ စစ်တုရင်ကေရီသာ အနိုင်ရခဲ့ယင် စစ်တုရင်ဓားသိုင်းကျမ်းကို ဘယ်လိုလုပ်ပြီး ပေးမှာလဲ”

လူရှင်းသော လမ်းတစ်နေရာသို့ ရောက်သောအခါ ပိုင်ရင် ဟုန်က မေးသည်။

“ကျွန်တော့်ကို ပေးလိုက်တာက မိတ္တူကူးထားတဲ့ စာအုပ် ပါ၊ မူရင်းကျမ်းစာအုပ်က ခင်ဗျားအဖေဆီမှာ ရှိနေပါသေးတယ်”

ဝမ်ကျက်က ပြန်အဖြေပေးသည်။

“လက်စသတ်တော့ ဒီလိုကိုး၊ တကယ်လို့ လားမားကြီးတွေ က သူတို့ရသွားတာဟာ မိတ္တူဖြစ်မှန်း သိသွားယင် ပြဿနာ ဖြစ် လာလိမ့်မယ်”

“ဝတ်ရုံနီလားမားဂိုဏ်းရဲ့ နှစ်ပေါင်းတစ်ထောင် သက်တမ်း အတွင်းမှာ စစ်တုရင်ဓားသိုင်းကျမ်းကို လေ့ကျင့်အောင်မြင်ခဲ့တဲ့ လူ သုံးယောက်ပဲ ရှိသေးတယ်လို့ ပြောသွားတာ ခင်ဗျားလဲ အကြား ဘူးပဲ၊ ဒီတော့ သူတို့အထဲမှာ စစ်တုရင်ဓားသိုင်းကျမ်းကို တွေ့ဖူး မြင်ဖူးသူ အလွန်နည်းမှာ အမှန်ပဲ၊ မူရင်းလား၊ မိတ္တူလားဆိုတာ ခွဲခြားသိဖို့ အတော့်ကို ခက်မယ်”

“လားမားတွေလက်ကို စစ်တုရင်ဓားသိုင်းကျမ်း မိတ္တူပေး လိုက်တာကို ဖေဖေ သိယင် စိတ်ဆိုးလိမ့်မယ်”

“သူ့ကို ကျွန်တော် ရှင်းပြပါ့မယ်”

"ကျွန်မကပဲ ရှင်းပြပါ့မယ်၊ ဒီလိုလုပ်တာ ကျွန်မဆ

ကြောင့်လို့ ပြောလိုက်ယင် ပြီးသွားမှာပါ"

"ဒီလို ဘယ်ဟုတ်မှာလဲ၊ ကျွန်တော်ယောကျ်ားပါ၊ လုပ်

ယင် ခံရဲတယ်၊ ကျွန်တော်ပဲ ရှင်းပြပါ့မယ်"

"ရှင့်ကို တစ်ခုမေးမယ်၊ ရှင် အမှန်အတိုင်း ဖြေမလား"

"မေးပါ"

"ငွေပန်းဖြူဆိုတဲ့ မိန်းကလေးနဲ့ ရှင်နဲ့ ဘယ်လိုပတ်သ

တာလဲ"

"သူနဲ့ ခဏလေးပဲ တွေ့ဆုံသိကျွမ်းခဲ့ရတာပါ၊ မိတ်ဆွေ

အဖြစ်ပဲ ပတ်သက်မှု ရှိပါတယ်၊ ဘာဖြစ်လို့ မေးတာလဲ"

"ဘာမှ မဖြစ်ပါဘူး၊ သိချင်လို့ မေးတာပါ၊ စစ်တုရင်ခ

သိုင်းကျမ်းကို လားမားကြီးတွေလက် ပြန်ပေးလိုက်ရတာ နှမြော

တော့ ကောင်းတယ်၊ အဲဒီ ဓားသိုင်းကျမ်းကိုသာ ကျွန်မတို့ အော

မြင်အောင် လေ့ကျင့်နိုင်ယင် စစ်တုရင်ဇကေရီကို ကောင်းကောင်း နှ

နင်းဆုံးမနိုင်မယ်"

"ဒီဓားသိုင်းကျမ်းက ကျင့်စဉ်တွေကို အောင်မြင်အော

မလေ့ကျင့်နိုင်ပေမယ့် ခင်ဗျားဘာသာပြန်ပေးထားတဲ့ စာသားတေ

ကိုတော့ ကျွန်တော် အလွတ်ရထားပါတယ်၊ ကျမ်းစာအုပ် မရှိ

မယ့်လဲ ကျွန်တော်တို့ လေ့ကျင့်ချင်ယင် ကောင်းကောင်းလေ့ကျင့်



ပါတယ်"

"ဒါကြောင့် ရှင်က စစ်တုရင်ဓားသိုင်းကျမ်းကို လားမားကြီး

တွေ လက်ထဲ ရက်ရက်ရောရော ပေးလိုက်တာကိုး"

ပိုင်ရင်ဟုန်က ခပ်လျောင်လျောင် ပြောသည်။

"ဒီလို မပြောပါနဲ့၊ စစ်တုရင်ဓားသိုင်းကျမ်းကို ပေးလိုက်တာ

က မိစ္ဆာလေပွေကျွန်းပေါ်မှာ သွေးထွက်သံယိုမှုတွေ မဖြစ်စေရ

အောင် စေတနာသက်သက်နဲ့ပါ၊ ပြီးတော့ အဲဒီ စာသားတွေကို

ကျွန်တော် လွတ်ရအောင် ကျက်ထားတဲ့ အချိန်တုန်းက လားမားကြီး

တွေကို လှည့်စားဖို့ ရည်ရွယ်ချက် မရှိပါဘူး"

"ဟုတ်ပါတယ်၊ ကျွန်မက ရှင့်ကို စတာပါ၊ ဒီတော့ ကျွန်မတို့

ဆာလေပွေကျွန်းကို သွားယင်း လမ်းမှာ စစ်တုရင်ဓားသိုင်းကို

တတ်နိုင်ဆုံး ကြိုးစားလေ့ကျင့်သွားကြတာပေါ့"

* * *

## အခန်း(၇)

လိပ်ပြာကန်သို့ ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့နှစ်ယော ရောက်ရှိလာကြသည်။

လှေတစ်စင်းငှားပြီး မိစ္ဆာလေပွေကျွန်းသို့ ဆက်လက် ခဲ့သည်။

မိစ္ဆာလေပွေကျွန်းသို့ ရောက်သောအခါ လှေသမားကို ပေးပြီး ပြန်လွှတ်လိုက်ကာ နှစ်ယောက်သား ကျွန်းပေါ်သို့ တက် ခဲ့သည်။

လှေသမားအတွက် အန္တရာယ်မကြုံစေရအောင် ယခု ပြန်လွှတ်လိုက်ခြင်း ဖြစ်သည်။

"မြေအောက်လိုဏ်ဂူထဲကို ဝင်တဲ့ထွက်တဲ့ ရေအောက် ဝှက်လမ်းပေါက်ကို ကျွန်တော် မှတ်မိတယ်၊ ဝမ်းဖြည့်ပြီးယင် ဆ ကြရအောင်၊ ကျွန်တော်တို့ စစ်တုရင်ဧကရီရဲ့ လူတွေနဲ့ မဆုံမီ စစ်တုရင်ဧကရာဇ်နဲ့ တွေ့ဖို့ပဲ ဆုတောင်းရမယ်၊ စစ်တုရင်ဧက လူတွေနဲ့ ဆုံမိယင်တော့ မလွယ်ဘူး"



ဝမ်ကျက်က ပိုင်ရင်ဟုန်ကို ပြောသည်။

နှစ်ယောက်သား အသင့်ယူလာသော စားသောက်ဖွယ်ရာများကို စားသောက်ဝမ်းဖြည့်ကြပြီးနောက် မြေအောက်လိုဏ်ဂူသို့ ဝင်ရောက်ရာ လျှို့ဝှက်ဝင်ပေါက်ရှိသည့် ရေပြင်အောက်သို့ ငုပ်ဆင်းလာခဲ့ကြသည်။

လျှို့ဝှက်လမ်းပေါက်ကို လိုက်ရှာကြည့်နေဆဲမှာပင် နောက်ဘက်မှ အလစ်ဝင်ရောက်တိုက်ခိုက် အကြောပိတ်ခြင်းကို နှစ်ယောက်လုံး ခံလိုက်ရပြီး သတိလစ်ကာ မေ့မြောသွားကြသည်။

* * *

ဝမ်ကျက် ပြန်သတိရလာသည်။

မျက်စိဖွင့်ကြည့်လိုက်ရာ ဘာကိုမျှ မမြင်ရ။

ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေသည်။

လက်ဝါးကို ထောင်ကြည့်လျှင်ပင် မမြင်နိုင်။

သူ့ဘေးနားဝယ် အသက်ရှူသံကို ကြားရသောကြောင့် တစ်စုံတစ်ယောက် မိမိနှင့်အတူ ရှိနေကြောင်း ဝမ်ကျက် နားလည်လိုက်သည်။

"ပိုင်ရင်ဟုန် ဘာမှ မဖြစ်ဘူးနော်"

ဝမ်ကျက်က ခပ်အုပ်အုပ် အသံပြုလိုက်သည်။

"ဟုတ်ကဲ့ ရှင်ကော"

ပိုင်ရှင်ဟုန် ပြန်ပြောသော စကားသံကို ကြားရသ
အတွက် ဝင်ကျက် အတော်ပင် အားတက်ဝမ်းသာသွားရသည်။

"ကောင်းပါတယ်၊ ကျွန်တော်တို့ပေ့ာ့ စစ်တုရင်ကေရီ
လက်ထဲမှာ အဖမ်းခံရပြီ ထင်တယ်"

"မပြောတတ်ဘူး၊ ဒီမှာ သိပ်မှောင်နေတယ်၊ ဘာမှ မမြ
ဘူး"

"စစ်တုရင်ကေရာဇ်ရဲ့ လက်မှာဆိုယင် ဒီလို အခြေအနေမျိ
ရှိမှာ မဟုတ်ဘူး"

ထိုအချိန်မှာပင် အလင်းရောင်တစ်ခု လင်းလက်လာပြီ
အခန်းတစ်ခုလုံး လင်းထိန်သွားသည်။

ဤအခါမှပင် သူတို့ ရောက်နေသော အခန်း၏ အခြေအ
ကို ဝမ်ကျက်တို့ မြင်တွေ့ရတော့သည်။

အခန်း၏လေးဘက်လေးတန်မှာ အလုံပိတ်သံနံရံများ ဖြ
ကြသည်။

ပြတင်းပေါက်မရှိ၊ တံခါးပေါက်မရှိ။

ဝင်ပေါက်ထွက်ပေါက်မှာ အပေါ်ကြည့်တည့်တွင် ရှိသည
ထိုဝင်ပေါက်ထွက်ပေါက်မှာ အောက်ခြေနှင့် ဆယ်ကို



ကျော်မြင့်သည်။

မည်မျှကိုယ်ဖော့ပညာကောင်းသော သိုင်းသမားဖြစ်စေ
ထိုအပေါက်သို့ ရောက်အောင် ခုန်နိုင်မည် မဟုတ်။

ယခုအခါတွင် ထိုအပေါက်သည် ပွင့်နေပြီး လူ(၃)ယောက်
ပ်လျက် ရှိနေသည်။

နှစ်ယောက်မှာ အနက်ရောင်ဝတ်စုံများ ဝတ်ထားသည့်
န်းမပျိုများ ဖြစ်ပြီး လက်ထဲဝယ် မီးအိမ်တစ်လုံးစီ ကိုင်ထားကြ
သည်။

အနက်ရောင်ဝတ်စုံဝတ် မိန်းမပျိုနှစ်ယောက်၏ အလယ်
တွင် ရပ်နေသူက ခေါင်းတစ်ခုလုံးရှိ ဆံပင်များ ဖွေးဖွေးဖြူနေသော
မျိုးသမီးကြီးတစ်ယောက် ဖြစ်သည်။

စစ်တုရင်ကေရီ ဖြစ်ကြောင်း ဝမ်ကျက် သိလိုက်သည်။

ဝမ်ကျက်သည် စစ်တုရင်ကေရီကို ယခင်က တစ်ကြိမ်မြင်
ခဲ့သော်လည်း အဝေးမှ မြင်ရသည် ဖြစ်၍ ပုံပန်းသဏ္ဌာန် သိပ်မသဲ
။

ယခုမူ အနီးကပ် မြင်ရပေရာ စစ်တုရင်ကေရီ၏ ရုပ်ရည်ကို
သေချာချာ တွေ့မြင်နိုင်သည်။

စစ်တုရင်ကေရီမှာ ငယ်ရွယ်စဉ်က အတော်ပင် ချောမော
ခဲ့သည့် မိန်းကလေးတစ်ယောက် ဖြစ်မှာ သေချာသည်။

သို့သော် ယခုအခါ၌ကွင်မူ လှုပမှုထက် ကြောက်စရာကော
သော အရိပ်အသွင်များက ပိုမိုယှက်သန်းနေသည်။

အထူးသဖြင့် မျက်လုံးအစုံမှာ အလွန်ပင် ကြောက်စ
ကောင်းသည်။

လူတစ်ယောက်၏ မျက်လုံးမျိုးပင် မဟုတ်၊ သားရဲတ
ကောင်၏ မာန်ဖီနေသော မျက်လုံးမျိုး ဖြစ်သည်။

"ခင်ဗျားက စစ်တုရင်ကေရီလား"

ဝမ်ကျက်က အပေါ်သို့ မော့ကြည့်ပြီး မေးလိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်က စစ်တုရင်ကေရီလို့ ခေ
တာထက် နဂါးမယ်ဆိုတဲ့နာမည်ကို ပိုသဘောကျတယ်"

စစ်တုရင်ကေရီက ပြန်ပြောသည်။

"ကျွန်တော်တို့ကို ဘာကြောင့် အခုလို ဖမ်းဆီးထားတာလဲ"

"မိစ္ဆာလေပွေကျွန်းကို ကျူးကျော်ရောက်ရှိလာတဲ့ လူအ
လုံး အသက်ဆုံးရမယ်၊ ဒါကြောင့် ဖမ်းဆီးထားတာပဲ"

"ကျွန်တော်တို့ ဝင်လာတဲ့လမ်းက စစ်တုရင်ဇကရာဇ်
အပိုင်းဘက်ကပဲ၊ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

"ဒီမိစ္ဆာလေပွေကျွန်းတစ်ခုလုံးဟာ ကျုပ်ယောက်ျား ချ
ထားခဲ့တဲ့ အမွေဖြစ်တယ်၊ အားလုံးကို ကျုပ်ပိုင်တယ် ဆိုင်တယ်"

"ပိုင်ရင်ဟုန်ရဲ့အမေ ဖေယွင်ကို ခင်ဗျားတို့ ဖမ်းထား



ယ် မဟုတ်လား"

"ဟုတ်တယ်၊ လာမယ့် စစ်တုရင်ပြိုင်ပွဲမှာ အနိုင်ရအောင်
ကို အသုံးချရမယ်"

"ဘယ်လိုအသုံးချမှာလဲ"

"လာမယ့် စစ်တုရင်ပြိုင်ပွဲမှာ စစ်တုရင်ဇကရာဇ်က ကျုပ်
ို ရထားတစ်လုံး အသာပေးလိမ့်မယ်၊ ကျုပ်အဖို့ နိုင်ဖို့ အတော်
ခွင့်အလမ်းများတယ်၊ သူ့မိန်းမကိုပါ ကျုပ်တို့က ဖမ်းထားလိုက်
တော့ သူ့စိတ်ဟာ တည်တည်ငြိမ်ငြိမ် မရှိတော့ဘူး၊ ဒီတော့ သူ့အဖို့
စ်တုရင်ကို ကောင်းကောင်း မထိုးနိုင်ဘဲ ကျုပ်အတွက် အနိုင်ရဖို့
ခွင့်အလမ်း ပိုများလာတာပေါ့"

"ဒီလိုလုပ်တာ မတရားပါဘူး"

"တရားတာ မတရားတာ ကျုပ်မသိဘူး၊ ကျုပ်အတွက် စစ်
ုရင်ပွဲ အနိုင်ရပြီး မိစ္ဆာလေပွေကျွန်းက ထွက်ခွာနိုင်ဖို့ပဲ အရေးကြီး
ယ်၊ ဒါမှ ကျုပ်ပြစ်ဒဏ်ခတ် သုတ်သင်ချင်တဲ့ လူတွေကို ကောင်း
ကောင်းကြီး သုတ်သင်ပစ်နိုင်မယ်"

"ဘာကိစ္စကြောင့် ပြစ်ဒဏ်ခတ်ချင်ရတာလဲ"

"ကျုပ်ယောက်ျားကို သတ်သွားတဲ့အတွက်ပေါ့"

"ခင်ဗျားယောက်ျားဆိုတာ လိပ်ပြာကန်သခင်လား"

"ဟုတ်တယ်"

"ခင်ဗျားယောက်ျားကို သတ်သွားတဲ့လူတွေက ဘယ်သ
တွေလဲ"

"ကျောက်ချုံး၊ ချိုယွဲ့ထိုင်နဲ့ ယီပေါက်ကျင့်တို့ပဲ"

ဤအခါတွင်မှ ကျောက်ချုံး၏သားနှစ်ယောက် အသတ်ခံ
မှုနှင့် ကျောက်ချုံး၊ ယီပေါက်ကျင့်နှင့် ချိုယွဲ့ထိုင်တို့သုံးယောက် 
ဟာနှင့် ရဲတိုက်များမှ တိမ်းရှောင် ထွက်ပြေးသွားကြမှုတို့၏ အ
ကြောင်းရင်းများကို ဝမ်ကျက် နားလည်သဘောပေါက်လေတော့
သည်။

"လက်စသတ်တော့ ဒီလိုကိုး"

"ကျောက်ချုံး၊ ချိုယွဲ့ထိုင်၊ ယီပေါက်ကျင့်တို့သုံးယောက်
စစ်တုရင်ဧကရာဇ်ရယ်လို့ ခေါ်နေကြတဲ့ ပိုင်လီဖေ့တို့ဟာ ကျုပ်
ယောက်ျားရဲ့ တပည့်တွေ ဖြစ်ကြတယ်"

စစ်တုရင်ဧကရီက ပြောသည်။

ဤစကားကို ကြားရသည်တွင် ဝမ်ကျက်နှင့် ပိုင်ရင်ဟုန်တို့
မှာ အလွန်အံ့သြသွားကြရသည်။

"ကျောက်ချုံးတို့က ဘာကြောင့် သူတို့ဆရာကို ပြန်လုပ်ကြံ
သတ်ဖြတ်ကြတာလဲ"

"စစ်တုရင်ဓားသိုင်းကျမ်းကြောင့်ပေါ့။ သူတို့က စစ်တုရင်ဓား
သိုင်းသင်ပေးဖို့ ကျုပ်ယောက်ျားဆီမှာ တောင်းဆိုကြတယ်၊ ကျုပ်



ယောက်ျားက သင်မပေးဘူး၊ ဒါကြောင့် သူတို့သုံးယောက်က ပူး
ပေါင်းပြီး ကျုပ်ယောက်ျားကို လုပ်ကြံသတ်ဖြတ်လိုက်တာပဲ"

"ယီပေါက်ကျင့်နဲ့ ချိုယွဲ့ထိုင်တို့ပါ ပူးပေါင်းလုပ်ကြံတယ်ဆို
တာ သေချာရဲ့လား"

"သေချာတယ်၊ ကျုပ်ယောက်ျားကို လက်ထိလက်ရောက်
သတ်ဖြတ်တာကတော့ ကျောက်ချုံးပဲ၊ ကျန်နှစ်ယောက်က ကြံရာပါ၊
အားပေးအားမြှောက် ကျုပ်ယောက်ျားကို အရက်မူးအောင် တိုက်ပြီး
တော့ လုပ်ကြံကြတာပဲ၊ ကျုပ်ယောက်ျား အရက်မူးတော့ ကျောက်
ချုံးက ဓားနဲ့ခုတ်တယ်၊ ပြီးတော့ သူတို့ စစ်တုရင်ဓားသိုင်းကျမ်းကို
ရှာကြတယ်၊ အဲဒီအချိန်မှာပဲ ကျုပ်နဲ့ ပိုင်လီဖေ့တို့နှစ်ယောက်
ရောက်သွားတော့ သူတို့ဟာ စစ်တုရင်ဓားသိုင်းကျမ်းကို အရမရှာနိုင်
ကြတော့ဘဲ လက်လွတ်ထွက်ပြေးသွားကြတယ်"

"ကျွန်မအဖေဟာ သူ့ဆရာကို ပြန်လုပ်ကြံတဲ့ အထဲမှာ
ပါဘူးနော်"

ပိုင်ရင်ဟုန်က ဝင်မေးသည်။

"မပါဘူး၊ ပိုင်လီဖေ့ဟာ ကျောက်ချုံးတို့သုံးယောက်ထက်
သက်ခုနစ်နှစ် ရှစ်နှစ်လောက်ငယ်တယ်၊ ကျုပ်ယောက်ျားရဲ့
နောက်ဆုံးတပည့်လဲ ဖြစ်တယ်၊ ဒါကြောင့် ကျောက်ချုံးတို့က သူတို့
အကြံမှာ ပိုင်လီဖေ့ပါဖို့ မသေချာတာကြောင့် မတိုင်ပင်ဘူး၊ မပူး

ပေါင်းဘူး"

"အဲဒီ အချိန်တုန်းက ရှင်က ဘာကြောင့် ကျောက်ချုးတို့ကို လိုက်မသတ်တာလဲ"

"ကျုပ်ယောကျ်ားဟာ ဓားချက်ထိပြီး ချက်ချင်းမသေဘူး၊ ဒဏ်ရာပြင်းပြင်းထန်ထန်ပဲ ရတယ်၊ သူ့ကို ပြုစုပေးနေရမှာမို့ ကျုပ်မှာ ကျောက်ချုးတို့နောက်ကို မလိုက်နိုင်ဘူး၊ ဒါပေမယ့် ဒဏ်ရာက သိပ်ပြင်းထန်တာမို့ ဘယ်လိုမှ ကုသလို့ မရနိုင်ဘဲ နောက်နေ့မှာ သေဆုံးသွားတယ်၊ ကျုပ်ယောကျ်ား မသေခင်မှာ ကျောက်ချုးတို့ သုံးယောက်အပေါ် အပြစ်မယူဖို့နဲ့ ခွင့်လွှတ်ဖို့ ကျုပ်ကို ပြောတယ်၊ ကျုပ်ကတော့ ဒီသုံးယောက်ကို အသေသတ်ရမှ ကျေနပ်နိုင်မယ်လို့ ပြန်ပြောပြီး အငြင်းပွားကြတယ်"

"နောက်ဆုံးတော့ ဘယ်လို ဖြစ်သလဲ"

"နောက်တော့ ကျုပ်ယောကျ်ားက နည်းလမ်းတစ်ခု ပြောတယ်၊ သူ့ကို ချစ်ယင် အဲဒီနည်းလမ်းကို လိုက်နာရမယ်တဲ့"

"ဘယ်နည်းလမ်းလဲ"

"ကျုပ်ရဲ့ သိုင်းပညာဟာ ကျောက်ချုးတို့သုံးယောက်ကို အနိုင်ယူနှိမ်နင်းနိုင်လောက်အောင် မရှိသေးတဲ့အတွက် သိုင်းပညာ ဆက်လက်လေ့ကျင့်ပါတဲ့၊ ပြီးတော့ ပိုင်လိဖေ့နဲ့ စစ်တုရင်တစ်ပွဲနိုင်အောင် ကစားပါနဲ့ ပိုင်လိဖေ့ကို စစ်တုရင် အနိုင်မထိုးနိုင်မချင်း ဒီ



စ္ဆာလေပွေကျွန်းက မခွာရဘူးလို့ ပြောတယ်၊ ပိုင်လိဖေ့ကို စစ်တုရင် တစ်ပွဲနိုင်အောင် ကစားနိုင်ယင် မိစ္ဆာလေပွေကျွန်းက ထွက်ခွာနိုင် မယ်၊ ပြီးတော့ ပိုင်လိဖေ့ သိမ်းဆည်းထားတဲ့ စစ်တုရင်ဓားသိုင်း ကျမ်းကိုလည်း ရမယ်၊ စစ်တုရင်ဓားသိုင်းကို လေ့ကျင့်အောင်မြင်မှ ကျုပ်အနေနဲ့ ကျောက်ချုးတို့ကို တိုက်ခိုက်အနိုင်ယူနိုင်မယ်လို့ ပြော တယ်၊ ကျုပ်က ပထမတော့ သဘောမတူပါဘူး၊ ဒါပေမယ့် သူဟာ သလုဆဲဆဲ ဖြစ်နေတဲ့အပြင် သူ့ကို ချစ်ယင် သူပြောတဲ့ နည်းလမ်း ကို လက်ခံပါလို့ ပြောနေတာကြောင့် ကျုပ်လည်း နောက်ဆုံးမှာ တော့ သဘောတူ လက်ခံလိုက်ရတယ်"

"ရှင့်ယောကျ်ားက ရှင့်ကို ဝတ်ရုံနီလားမားဂိုဏ်းတွေရဲ့ အန္တရာယ်က လွတ်ကင်းစေချင်လို့လဲ ဒီစည်းကမ်းချက်တွေ ချခဲ့တာ ဖြစ်လိမ့်မယ်"

ပိုင်ရင်ဟုန်က ဝင်မေးသည်။

"ဟုတ်နိုင်ပါတယ်၊ ကျုပ်အနေနဲ့ စစ်တုရင်ဓားသိုင်းကို တတ်မြောက်သေးယင် ဝတ်ရုံနီလားမားတွေကို ယှဉ်နိုင်မှာ မဟုတ် ဘူး"

"ရှင်တို့နှစ်ယောက်က ဘာကြောင့် ဝတ်ရုံနီလားမားဂိုဏ်း က ထွက်ပြေးလာခဲ့ရတာလဲ၊ စစ်တုရင်ဓားသိုင်းကျမ်းကိုကော ဘာ ကြောင့် ခိုးယူခဲ့ကြရတာလဲ"

"ကျုပ်တို့နှစ်ယောက်ဟာ ဝတ်ရုံနီလားမားဂိုဏ်းပင်ဖြ
ဖြစ်ကြတယ်၊ ကျုပ်တို့နှစ်ယောက် တွေ့ဆုံပြီး တစ်ယောက်အပေါ်
တစ်ယောက် သိပ်ချစ်မိကြတယ်၊ ဒါပေမယ့် ဝတ်ရုံနီလားမားဂိုဏ်း
စည်းကမ်းအရ ကျုပ်တို့နှစ်ယောက်ဟာ လက်ထပ်ယူဖို့ မဖြစ်ဘူး
ဒါကြောင့် ဝတ်ရုံနီလားမားဂိုဏ်းက ထွက်ပြေးသွားကြဖို့ ဆုံးဖြတ်
လိုက်ကြတယ်၊ ဒီလို ဆုံးဖြတ်ပြီး အခွင့်ကောင်းကို စောင့်နေတုန်းမှာ
ကျုပ်ဟာ ဒီဦးစီးလားမားကြီးရဲ့ အခန်းထဲကို ဝင်ခွင့်ရပြီး စစ်တုရင်
ဓားသိုင်းကျမ်းကို တွေ့ခဲ့ရတယ်၊ စစ်တုရင်ဓားသိုင်းကျမ်းဆိုတာက
သိပ်ကို အဆင့်မြင့်တဲ့ လျှို့ဝှက်သိုင်းပညာရပ်တစ်ခု ဖြစ်တယ်၊ ကျုပ်
လည်း အခွင့်ကောင်းကို လက်မလွတ်ချင်တာနဲ့ စစ်တုရင်ဓားသိုင်း
ကျမ်းကို ခိုးယူလိုက်တယ်၊ နောက်တော့ ကျုပ်တို့နှစ်ယောက် တိဗက်
နယ်ကနေပြီး တရုတ်ပြည်မကို ထွက်ပြေးလာခဲ့ကြတယ်"

"လိပ်ပြာကန်သခင်ဟာ စစ်တုရင်ဓားသိုင်းကို အောင်မြင်
အောင် လေ့ကျင့်နိုင်ခဲ့သလား"

"အင်း၊ အောင်မြင်အောင် လေ့ကျင့်နိုင်ခဲ့တယ်၊ ဒါပေမယ့်
အဲဒီလို အောင်မြင်တဲ့အချိန်မှာပဲ ဟိုခွေးတိရစ္ဆာန်ကျောက်ချူးရဲ့ဓား
အောက်မှာ အသက်ဆုံးခဲ့ရတယ်"

"ဘာကြောင့် စစ်တုရင်ကေရာဇ်ကို စစ်တုရင်တစ်ပွဲ နိုင်
အောင် ကစားနိုင်မှ စစ်တုရင်ဓားသိုင်း လေ့ကျင့်ရမယ်လို့ ခင်ဗျား



ယောက်ျားက စည်းကမ်းချထားခဲ့ရတာလဲ"

ဝမ်ကျက်က ဝင်မေးသည်။

"စစ်တုရင်ဓားသိုင်းကျမ်းဟာ စိတ်တည်ငြိမ်ရင့်ကျက်မှုကို
အဓိက အခြေခံထားတယ်၊ ကျုပ်က စိတ်ဝို စိတ်ကြီးတတ်တယ်လို့
ကျုပ်ယောက်ျားက ပြောတယ်၊ စစ်တုရင်ကစားပြီး စိတ်တည်ငြိမ်ရင့်
ကျက်အောင် လေ့ကျင့်ပျိုးထောင်စေတဲ့ သဘောပါပဲ၊ ပြီးတော့ စစ်
တုရင်ဓားသိုင်းကျမ်းရဲ့ နည်းလမ်းသိုင်းကွက်တွေဟာ စစ်တုရင်ပညာ
နဲ့ အများကြီး ပတ်သက် ဆက်နွယ်နေတယ်လို့လဲ ပြောတယ်"

စစ်တုရင်ကေရီက ပြန်ဖြေသည်။

"ကျွန်မအဖေနဲ့ အမေဟာ ဘာကြောင့် တစ်ယောက်နဲ့တစ်
ယောက် ကွဲကွာနေကြရတာလဲ"

ပိုင်ရင်ဟုန်က သူ့မိဘများအကြောင်း သိလိုသောကြောင့်
ဝင်မေးသည်။

"မင်းအမေပိုင်လိစွမ်းဟာ မူလက ကျုပ်ရဲ့ ရုံချွေတော် မိန်း
ကလေးဖြစ်တယ်၊ သူ့ကို ကျုပ်ကပဲ သိုင်းပညာ သင်ပေးထားတယ်၊
မင်းအဖေပိုင်လိဖေ့က သူ့ကို သဘောကျပြီး သူတို့နှစ်ယောက်
မေတ္တာမျှကြတော့ ကျုပ်ကပဲ သဘောတူ ပေးစားလိုက်တယ်၊ ဒီလို
ပေးစားတဲ့ရည်ရွယ်ချက်က ပိုင်လိဖေ့ဆီမှာ ရှိနေတဲ့ စစ်တုရင်ဓား
သိုင်းကျမ်းကို ရအောင် ယူပေးဖို့ပဲ၊ ဒါပေမယ့် မင်းအမေဟာ ကျုပ်

ရဲ့ အစီအစဉ်ကို မလိုက်နာဘူး၊ ကျူပ် သူ့ကို သိပ်ဒေါသ ဖြစ်မိတယ်

"ဩော် ကျွန်မနားလည်ပါပြီ၊ မေမေ့အပေါ်မှာ အန္တရာယ် ကျရောက်မှာစိုးလို့ ဖေဖေက မိစ္ဆာလေပွေကျွန်းကနေ ထွက်ပြေ တိမ်းရှောင်နိုင်းလိုက်တာကိုး"

"မှတ်တယ်၊ သူ မိစ္ဆာလေပွေကျွန်းက ထွက်ပြေးသွားတဲ့ က ကိုယ်ဝန်ပါသွားတယ်၊ နောက်တော့ မင်းကို မွေးတာပဲ"

"ကျွန်မအမေကို ရှင်ဖမ်းထားတဲ့အကြောင်း ကျွန်မအဖေ သိသလား"

"သိတယ်၊ ပိုင်လိစွမ်းကို လွှတ်မြောက်စေချင်ယင် သူ့ဆီမှာ ရှိနေတဲ့ စစ်တုရင်ဓားသိုင်းကျမ်းနဲ့ အလဲအလှယ် လုပ်ရမယ်လို့ သူ့ကို အကြောင်းကြားပြီးပြီ၊ ဒါပေမယ့် မင်းအဖေက ဒီနေရာမှာတော့ ခေါင်းမာတယ်၊ ကျူပ်ကမ်းလှမ်းတာကို အပြတ်ကို ငြင်းပယ်လိုက်တယ်"

"ဒီကိစ္စအတွက် ကျွန်တော် စစ်တုရင်ဧကရာဇ်ဆီ သွားပြီး ပြောဆိုဖျောင်းဖျကြည့်မယ်၊ ဘယ့်နှယ်လဲ"

ဝမ်ကျက်က ပြောသည်။

"မင်းက ထွက်ပြေးသွားချင်လို့ ပရိယာယ်ဆင်တာလား"

စစ်တုရင်ဧကရီက မသင်္ကာဟန်ဖြင့် ပြန်မေးသည်။

"ကျွန်တော့်အပေါ် သံသယမဝင်ပါနဲ့၊ ဖေယွင်တို့ သားအမိ



ခင်ဗျားလက်ထဲမှာ ရှိနေတာပဲ၊ ကျွန်တော်က ဘယ်လိုလုပ် လှည့်စားပြီး ထွက်ပြေးရဲမှာလဲ"

"ကောင်းပြီ၊ မင်း စစ်တုရင်ဧကရာဇ်ဆီသွားပြီး ပြောဆိုဖျောင်းဖျကြည့်၊ တကယ်လို့ သူက စစ်တုရင်ဓားသိုင်းကျမ်း ပေးမယ်ဆိုယင် ဖေယွင်တို့သားအမိကို လွှတ်ပေးမယ်၊ တကယ်လို့ သူက သဘောမတူဘူးဆိုယင်လဲ မင်းဒီကို ပြန်လာခဲ့ပါ၊ မဟုတ်ယင် ဖေယွင်တို့သားအမိ သေပြီလို့ မှတ်ပေတော့"

"ဟုတ်ကဲ့၊ နားလည်ပါပြီ"

"သူ့ကို စစ်တုရင်ဧကရာဇ်ဆီပို့လိုက်"

စစ်တုရင်ဧကရီက သူ့ဘေးရှိ ဝတ်စုံနက်ဝတ် မိန်းမပျိုတစ်ယောက်ကို အမိန့်ပေးသည်။

ထိုမိန်းမပျိုက အမိန့်နာခံပြီး ကြိုးရှည်တစ်ချောင်းကို အလုံပိတ်အကျဉ်းခန်းထဲသို့ ချလိုက်သည်။

"ပိုင်ရင်ဟုန် ဘာမှ စိတ်မပူနဲ့၊ ကျွန်တော် အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ခင်ဗျားဆီကို ပြန်လာခဲ့မယ်"

ဝမ်ကျက်က ပိုင်ရင်ဟုန်ကို တီးတိုးပြောဆိုပြီး ကြိုးကို ဆွဲကာ အပေါ်သို့ တက်သွားသည်။

* * *

စစ်တုရင်ကေရာဇ် ရှေ့မှောက်သို့ ဝမ်ကျက် ရောက်ရှိသွ
သည်။

"မိစ္ဆာလေပွေကျွန်းကို မလာပါနဲ့တော့လို့ မင်းကို ကျု
အထပ်ထပ် ပြောခဲ့တယ်၊ မင်းကလဲ မလာပါဘူးလို့ ကတိပေးတယ်
အခု ဘာကြောင့် ရောက်လာရပြန်တာလဲ"

ဝမ်ကျက်ကို တွေ့သည်နှင့် စစ်တုရင်ကေရာဇ်က ပြေ
သည်။

"ကျွန်တော် ကတိပျက်တာကို ခွင့်လွှတ်ပါ၊ အခု ဖေယွ
ဟာ စစ်တုရင်ကေရီရဲ့ လက်ထဲမှာ အဖမ်းခံထားရပါတယ်၊ ပိုင်ရ
ဟုန်က ဒီသတင်းကြားတော့ သူ့အမေကို ကယ်တင်ရအောင် ဒီကျွန်
ကို အတင်းလိုက်လာတယ်၊ ကျွန်တော့်အဖို့လဲ လက်ပိုက်ကြည့်မနေ
နိုင်ဘဲ မလွဲသာ မရှောင်သာလို့ သူနဲ့အတူ လိုက်လာခဲ့ရတာပါ"

ဝမ်ကျက်က ရှင်းပြသည်။

စစ်တုရင်ကေရာဇ်က ဘာမျှပြန်မပြော။

ဝမ်ကျက်က စစ်တုရင်ကေရာဇ်ကို တစ်ချက် အကဲခတ်
ကြည့်ပြီးနောက် ဆက်ပြောသည်။

"ခင်ဗျားက ဖေယွင်ကို ကယ်ဖို့ မကြိုးစားတော့ဘူးလား"

"သူ့ကို ကယ်လို့ မရနိုင်ဘူး"

"ဖေယွင်ဟာ ခင်ဗျားရဲ့ ဇနီးပါ၊ သူ့ကို ကယ်တင်နိုင်ဖို့



အတွက် ခင်ဗျားအသက်စွန့်ပြီး ကြိုးစားသင့်တယ်"

"အခု ခက်နေတာက ကျုပ်ရဲ့အသက် ဆယ်ခုရှိပြီး အား
လုံး စွန့်ယင်တောင်မှ ကယ်တင်လို့ မရနိုင်ဘူး"

"ဘာကြောင့်လဲ"

"စစ်တုရင်ကေရီက သူနေတဲ့ဘက်ပိုင်းမှာ လျှို့ဝှက်လမ်း
တွေ၊ လျှို့ဝှက်ထောင်ချောက်တွေ ဆင်ထားတယ်၊ သူ့ခွင့်ပြုချက်
မရှိဘဲ အဲဒီဘက်ကို ကျုပ်မသွားနိုင်ဘူး၊ သွားမိယင် ထောင်ချောက်
ထဲ ဝင်တိုးမိပြီး သေရမှာပဲ၊ ဘာမှအကျိုးမရှိဘူး၊ ကျုပ်က သေရမှာ
ကို မကြောက်ပါဘူး၊ ဒါပေမယ့် ကျုပ်သေသွားယင် ကျုပ်ရဲ့လက်
အောက်က ပုလဲနီလုလင်ပျိုတွေပါ အသက်ဆုံးရှုံးရမယ့်အပြင် စစ်
တုရင်ကေရီကို ဟန့်တားထိန်းသိမ်းနိုင်မယ့်လူ မရှိတော့ဘဲ သိုင်း
လောကတစ်ခုလုံး ဘေးအန္တရာယ်ဆိုး ကျရောက်လိမ့်မယ်"

"ဟင်..ဘာကြောင့်လဲ"

"စစ်တုရင်ကေရီဟာ လူစိတ်မရှိဘူး၊ သိုင်ကို ကြမ်းကြုတ်
ရက်စက်နေပြီ၊ တကယ့် အန္တရာယ်အမျိုးသမီးပဲ"

"သူ့ကြည့်ရတာ ဒီလောက် ဆိုးမယ် မထင်ပါဘူး"

"မင်းက သူ့အကြောင်းကိုမှ မသိသေးဘဲကိုး"

"ဟုတ်ကဲ့ သိရအောင် ပြောပြပါလား"

"နဂါးမယ်ဟာ ငယ်ရွယ်စဉ်တုန်းက သိပ်ချောသိပ်လှတဲ့

မိန်းကလေးတစ်ယောက် ဖြစ်တယ်၊ ဆရာနဲ့ ဝတ်ရုံနီလားမားဂိုဏ်
မှာ တွေ့ဆုံပြီး တစ်ယောက်ကိုတစ်ယောက် အရူးအမူး ချစ်ခဲ့ပြ
တယ်၊ လက်ထပ်ပေါင်းသင်းနိုင်အောင်လို့ ဝတ်ရုံနီလားမားဂိုဏ်း
ထွက်ပြေးလာခဲ့ကြတယ်၊ ထွက်ပြေးတဲ့အခါမှာ နဂါးမယ်က စစ်တု
ဓားသိုင်းကျမ်းကို တိတ်တိတ်လေး ခိုးလာခဲ့တယ်၊ ပြည်မကို ရောက်
မှ ဆရာ့လက်ကို အပ်တယ်"

"ခင်ဗျားဆရာက အဲဒီ ဓားသိုင်းကျမ်းကို ဝတ်ရုံနီလားမ
ဂိုဏ်းလက် ပြန်အပ်ဖို့ စိတ်မကူးဘူးလား"

"စစ်တုရင်ဓားသိုင်းကျမ်းဟာ သိပ်ကို အစွမ်းထက်မြက်
ထိပ်တန်းလျှို့ဝှက်သိုင်းပညာရပ် ဖြစ်တော့ လက်ထဲ ရောက်လာယ
ပြန်ပေးရမှာ နှမြောကြတာ ဓမ္မတာပဲ၊ ဆရာဟာလဲ နဂါးမယ်
လက်မထပ်သေးဘဲ စစ်တုရင်ဓားသိုင်းကို အရင်လေ့ကျင့်တယ်"

"ဘာကြောင့် လက်မထပ်ခင် လေ့ကျင့်ရတာလဲ"

"စစ်တုရင်ဓားသိုင်းလေ့ကျင့်တဲ့အခါမှာ လူပျိုစစ်စစ်ဖြစ်
လိုတယ်၊ လေ့ကျင့်အောင်မြင်ပြီးယင်တော့ အိမ်ထောင်ပြုလို့ ရတယ
သိုင်းပညာ မပျက်ပြယ်ဘူး"

"ဩော် ဒီလိုကိုး ဆက်ပြောပါအုံး"

"စစ်တုရင်ဓားသိုင်းကို လေ့ကျင့်အောင်မြင်ပြီးတော့ ဆ
ဟာ နဂါးမယ်နဲ့ လက်ထပ်လိုက်တယ်၊ အဲဒီမှာတင် နဂါးမယ်ရဲ့ ဇာ



မှန် ပေါ်လာတော့တာပဲ"

"ဘယ်လိုဖြစ်လာလို့လဲ"

"နဂါးမယ်ဟာ ဆရာ့ကိုတော့ တကယ်ပဲ နှစ်နှစ်ကာကာ ချစ်ပါတယ်၊ ဒါပေမယ့် သူ့စိတ်ရင်းက သိပ်ကို ခက်ထန်တယ်၊ ကြမ်းကြုတ်တယ်၊ ရက်စက်တယ်၊ မနာလိုအားကြီးတယ်၊ ဆရာ့ကို အခြားမိန်းမတစ်ယောက်က ကြည့်မိယင် အဲဒီ မိန်းမကို မျက်လုံးဖောက်ပစ်တတ်တယ်၊ ဆရာက နဂါးမယ် ရမ်းကားတာကို ထိန်းသိမ်းနိုင်အောင်နဲ့ ဝတ်ရုံနီလားမားတွေရဲ့ရန်က တိမ်းရှောင်နိုင်အောင်လို့ မိစ္ဆာလေပွေကျွန်းအောက်ခြေမှာ မြေအောက်လိုဏ်ဂူလုပ်ပြီး နေခဲ့တာပဲ"

"နောက်တော့ကော"

"နောက်တော့ ဆရာက တပည့်တွေ လက်ခံပြီး သိုင်းပညာသင်ပေးတယ်၊ သူ့တပည့်တွေက ယိပေါက်ကျင့်၊ ချိုယွဲ့ထိုင်၊ ကျောက်ချိုးနဲ့ ကျုပ်တို့လေးယောက်ပဲ၊ ဆရာက ကျုပ်တို့ကို သိုင်းပညာ သေသေချာချာ သင်ပေးတယ်၊ နဂါးမယ်ကတော့ ကျုပ်တို့ကို ဆဲဆိုကြိမ်းမောင်းပြီး လူလိုတောင် မဆက်ဆံဘူး၊ ကျုပ်တို့မှာ ဆရာ့မျက်နှာကြောင့် ကြိတ်မှိတ်ပြီး သည်းခံနေကြရတယ်၊ တပည့်တွေထဲမှာ ကျောက်ချိုးဟာ အတော်ကောက်ကျစ်ယုတ်မာတယ်၊ ဆရာ့ဆီမှာ စစ်တုရင် ဓားသိုင်းသင်ဖို့ ခွင့်တောင်းတယ်၊ ဆရာကတော့ သင်ပေးချင်ပါတယ်၊ ဒါပေမယ့် နဂါးမယ်က ကန့်ကွက်နေတာကြောင့်

သင်မပေးခဲ့ဘူး”

“နဂါးမယ်က ဘာကြောင့် ကန့်ကွက်ရတာလဲ”

“သူက မနာလိုစိတ် ရှိတယ်၊ သူ့ယောကျ်ားတစ်ယော တည်းပဲ အဆင့်မြင့်သိုင်းပညာတတ်စေချင်တယ်၊ ကျောက်ချိုး မကျေနပ်ဘဲ ချိုယွဲ့ထိုင်၊ ယိပေါက်ကျင့်တို့နဲ့ ပူးပေါင်းပြီး စစ်တုရင် သိုင်းကျမ်း ခိုးယူဖို့ ကြံတယ်၊ အဲဒီလို ခိုးယူဖို့ လုပ်ကြံတဲ့နေရာ ကျောက်ချိုးက ဆရာ့ကိုတောင် ဓားနဲ့ ခုတ်ပိုင်း လုပ်ကြံသွားတ သူတို့သုံးယောက် အကြံမအောင်ပါဘူး၊ ကိုယ်လွတ်ရုန်းပြီး ထွက် သွားကြရတယ်၊ ဆရာ မသေခင်မှာ ကျောက်ချိုးတို့သုံးယော အပေါ် ခွင့်လွှတ်ဖို့ နဂါးမယ်ကို ပြောတယ်၊ နဂါးမယ်က လက်မခံ နောက်ဆုံးတော့ ဆရာက စည်းကမ်းချက်ချမှတ်ခဲ့တယ်၊ အဲဒီစ ကမ်းချက်က ကျုပ်ကို စစ်တုရင်တစ်ပွဲနိုင်အောင် ကစားနိုင်ယ နဂါးမယ်ကို စစ်တုရင်ဓားသိုင်းကျမ်းပေးရမယ်၊ စစ်တုရင်ဓားသို ကျမ်းကို လေ့ကျင့်ပြီးမှ မိစ္ဆာလေပွေကျွန်းက ထွက်ခွာပြီး ကျော ချိုးတို့ကို ရှာဖွေဒဏ်ခတ်ရမယ်ဆိုတဲ့ စည်းကမ်းချက်ပဲ”

“ဒီစည်းကမ်းချက်အတိုင်း ခင်ဗျားက သူ့ကို စစ်တုရင် စဉ် သရေပွဲဖြစ်အောင် ကစားပြီး ထိန်းသိမ်းဟန့်တားထားခဲ့တယ် ပါတော့”

“ဟုတ်..ဟုတ်တယ်၊ ဒါပေမယ့် လာမယ့် စစ်တုရင်ပွဲ



တော့ ကျုပ်က ရထားတစ်လုံး အသာပေးရမှာဆိုတော့ ရှုံးဖို့များနေ တယ်၊ ကျုပ်သာ ရှုံးပြီး သူ့လက်ထဲက စစ်တုရင်ဓားသိုင်းကျမ်း ရောက်သွားယင်တော့ အားလုံး ဒုက္ခရောက်တော့မယ်၊ သူဟာ သိပ် ရန်လိုတဲ့ အန္တရာယ်အမျိုးသမီးတစ်ယောက် ဖြစ်တယ်၊ တလောက လုံးကို ကောင်းကောင်းဒုက္ခပေးလိမ့်မယ်၊ ဒီလောက်ဆိုယင် မင်းကို စစ်တုရင်ဓားသိုင်းကျမ်းပေးခဲ့တဲ့ ကျုပ်ရဲ့ရည်ရွယ်ချက်ကို မင်းနား လည်ရောပေါ့”

“ဟုတ်ကဲ့၊ ကျွန်တော့်အနေနဲ့ စစ်တုရင်ဓားသိုင်းကျမ်းကို လေ့ကျင့်အောင်မြင်ထားပြီး တကယ်လို့ စစ်တုရင်ဧကရီ စစ်တုရင်ပွဲ အနိုင်ယူနိုင်လို့ စစ်တုရင်ဓားသိုင်းကျမ်း ရှေ့သွားတဲ့အခါ ဟန့်တား တိုက်ခိုက်နိုင်အောင် မဟုတ်လား”

“ဟုတ်တယ်၊ အခု မင်းစစ်တုရင်ဓားသိုင်းကျမ်းကို လေ့ကျင့် တာ ဘယ်လောက်အောင်မြင်နေပြီလဲ”

“အင်း..ခင်ဗျားကို စိတ်မကောင်းစရာတစ်ခု ပြောရအုံး မယ်၊ စစ်တုရင်ဓားသိုင်းကျမ်းကို ဝတ်ရုံနီလားမားတွေလတ် ပြန်ပေး လိုက်ပြီ”

“ဟင်..ဘာကြောင့် ဒီလိုလုပ်ရတာလဲ”

“မသေသင့်တဲ့လူ မသေကြရအောင်ပါ”

ဝမ်ကျက်က ဤသို့ အစချီပြီး ဂူထိုင်ဘုံကျောင်းဝယ် ဖြစ်

ပျက်ခဲ့ပုံ အကြောင်းစုံကို ပြောပြလိုက်သည်။

"အင်း… ဒီလိုဆိုတော့လဲ မင်းဆုံးဖြတ်လုပ်ဆောင်တာ မမှာ ပါဘူး၊ ဒါပေမယ့် မင်းထင်သလို သူတို့ဟာ တိဗက်ကို ပြန်ချင်မှ ပြန်ကြလိမ့်မယ်"

ဝမ်ကျက် ပြောပြသည်များကို နားထောင်ပြီးနောက် စစ် တုရင်ဧကရာဇ်က ပြောသည်။

"ဘာကြောင့်လဲ"

"ကျုပ်နဲ့ စစ်တုရင်ဧကရာဇ်တို့ စစ်တုရင်ဓားသိုင်းကျမ်း မလေ့ကျင့်ကြဘူးဆိုတာကို သူတို့က ယုံချင်မှ ယုံလိမ့်မယ်၊ သေချာ အောင် ဒီကို လာပြီး စစ်ဆေးကြည့်နိုင်တယ်"

"သူတို့ ဒီကို ရောက်လာကြယင် ဘယ်လိုလုပ်မလဲ"

"မြေအောက်လိုဏ်ဂူထဲကို သူတို့ ရောက်အောင် ဝင်လာဖို့ မလွယ်ဘူး၊ တကယ်လို့ ဒီနေရာအထိ ရောက်အောင် ဝင်လာနိုင် တယ်ဆိုယင်လဲ သိပ်တော့ အရေးမကြီးပါဘူး"

"ဘာကြောင့် အရေးမကြီးတာလဲ၊ ဒီမှာရှိတဲ့ လူတွေအားလုံး သေကုန်မှာပေါ့"

"ဟုတ်တယ်လေ၊ စစ်တုရင်ဧကရီလဲ သေမှာပဲ၊ အဲဒီလိုဆို ယင် အန္တရာယ်အမျိုးသမီးကို ရှင်းလင်းဖယ်ရှားနိုင်မှာမို့ ကျုပ်ကိုယ် တိုင်လဲ သေဝံ့ပါတယ်"



"ကဲ… အဲဒါတွေ ထားလိုက်ပါအုံး၊ ကျွန်တော် အခု ဒီကို လာတာဟာ ဖေယွင်တို့သားအမိ လွတ်မြောက်ဖို့အတွက် စစ်တုရင် ားသိုင်းကျမ်းနဲ့ လဲရအောင် ခင်ဗျားကို ဖျောင်းဖျပြောဆိုပေးဖို့ ဖြစ် ါတယ်"

"မင်းကို ပေးလိုက်တာဟာ မိတ္တူဖြစ်မှန်း သိနေပြီ ထင် တယ်"

"ဟုတ်ပါတယ်"

"ဒါပေမယ့် နဂါးမယ်လို အန္တရာယ်အမျိုးသမီးတစ်ယောက် လက်ထဲကို စစ်တုရင်ဓားသိုင်းကျမ်းပေးလိုက်လို့ ဘယ်ဖြစ်မှာလဲ"

"ဒါကို ကျွန်တော်သိပါတယ်၊ ကျွန်တော်က အကြောင်းပြ ကောင်းအောင် ပြောခဲ့တာပါ၊ တကယ်တော့ ခင်ဗျားနဲ့ တွေ့ပြီး ပိုင် င်ဟုန်တို့သားအမိ လွတ်မြောက်နိုင်ဖို့ နည်းလမ်းရှာဖွေ တိုင်ပင် လို့ပါ"

"သူတို့ကို ကယ်တင်နိုင်ဖို့ ကျုပ်မှာ ဘာမှ နည်းလမ်းမရှိ ူးလို့ ပြောပြီးပြီပဲ"

"သူနေတဲ့ နေရာမှာ ထောင်ချောက်တွေ ရှိနေတာကြောင့် ိုးဖောက်မဝင်ရောက်နိုင်လို့ မဟုတ်လား"

"ဟုတ်တယ်"

"သူနေတဲ့ နေရာကို ထိုးဖောက်ဝင်ရောက်စရာ မလိုဘဲ သူ့

ကို အပြင်ခေါ်ထုတ်နိုင်မယ့် နည်းလမ်း ရှိတယ်ဆိုယင်ကော”

“ဘယ်လိုနည်းလမ်းလဲ ပြောစမ်းပါအုံး”

“သူနဲ့ ယှဉ်ထိုးရမယ့် စစ်တုရင်ပွဲကို လာမယ့်နှစ် သုံးလပိုင်း အထိ မစောင့်တော့ဘဲ အခုပဲ ကြိုပြီး ယှဉ်ပြိုင်မယ်လို့ ခင်ဗျားက သူ့ကို ပြောလိုက်၊ ဒီပွဲမှာ သူ့အတွက် ရထားတစ်လုံး အသာရမှာမို့ သူက အနိုင်ပဲလို့ တွက်ထားတယ်၊ ဒီတော့ စစ်တုရင်ပွဲ ရှေ့ကြိုပြီး လုပ်ဖို့ကို သူက သဘောတူမှာပဲ၊ စစ်တုရင်ကွင်းကို သူရောက်လာ တော့ အလစ်ဖမ်းတိုက်ခိုက်လိုက်ရုံပေါ့”

“သူက ကျုပ်ရဲ့ဆရာကတော် ဖြစ်နေတယ်၊ သူ့ကို ကျုပ် က ပြန်ပြီး တိုက်ခိုက်လို့ ဘယ်ကောင်းမှာလဲ”

“သူဟာ လောကရဲ့ အန္တရာယ်အမျိုးသမီး ဖြစ်တယ်၊ ပြီး တော့ ကျောက်နန်စင်နဲ့ ကျောက်ပေစင်တို့ သေဆုံးရမှုမှာ သူဟာ အဓိကတရားခံ ဖြစ်နေတယ်၊ ဥပဒေအရ အပြစ်ရှိတဲ့လူကို အရေးယူ ရမယ်၊ ဘာမျက်နှာကိုမှ ထောက်ထားနေစရာ မလိုဘူး”

စစ်တုရင်ဧကရာဇ်က စကားမဆို၊ အင်တင်တင် ဖြစ်နေ သည်။

“ခင်ဗျားက သူ့ကို အသေသတ်ဖို့ မလိုပါဘူး၊ ခဏဖမ်းချုပ် ထားယင် ဖြစ်ပါတယ်၊ သူ့ကို အမိဖမ်းချုပ်ပြီး ပိုင်ရင်ဟုန်တို့ သား အမိကို ကယ်ရမယ်၊ နောက်တော့ သူ့ကို သက်ဆိုင်ရာတွေ လက်



အပ်လိုက်တာပေါ့၊ သက်ဆိုင်ရာတွေက သူကျူးလွန်ခဲ့တဲ့ ပြစ်မှု တွေအတွက် ထိုက်သင့်သလို ဥပဒေအတိုင်း အရေးယူ အပြစ်ပေးစီ ရင်ပါလိမ့်မယ်”

“တကယ်လို့ ကျုပ်က သူ့ကို နိုင်အောင် မတိုက်နိုင်ဘဲ အမိ ဖမ်းလို့ မရယင်ကော”

“ခင်ဗျားမရှုံးနိမ့်ဘူးလို့ ကျွန်တော်ယုံတယ်”

“ကျုပ်ကို သိပ်လဲ အထင်မကြီးနဲ့၊ ကျုပ်ရဲ့ သိုင်းပညာက သူ့နဲ့ သိပ်သာလှတယ် မဟုတ်ဘူး”

“ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားက စိတ်ထားဖြောင့်မတ်တယ်၊ အမှန်တရားဘက်က ရပ်တည်ပြီး တိုက်ပွဲဝင်တာလဲ ဖြစ်တယ်၊ သူက စိတ်ထားကောက်ကျစ်တဲ့အပြင် အမှန်တရားကို ဆန့်ကျင်နေတယ်၊ အမှန်ဟာ အမှားကို အမြဲနိုင်ပါတယ်၊ ဒါကြောင့် ကျွန်တော် ရဲရဲပြော ရဲတာပေါ့”

“မင်းပြောပုံက မဆိုးပါဘူး၊ ဒါပေမယ့် ကံတရားဆိုတာ ဆန်းတယ်၊ ယတိပြတ် အပိုင်တွက်ထားလို့ မရဘူး၊ မတော်တဆ ကျုပ်အရေးနိမ့်သွားယင် ဘယ့်နှယ်လုပ်မလဲဆိုတာကို စဉ်းစားအုံး”

“ခင်ဗျားရဲ့ဇနီးနဲ့ သမီးကို ကယ်ဖို့၊ ပြီးတော့ လောကကြီးရဲ့ ငြိမ်းချမ်းသာယာဖို့ ဒါတွေအတွက် ခင်ဗျားနိုင်အောင် တိုက်ရမယ်၊ သည့်ပြင်နည်းလမ်း မရှိဘူး”

"ကောင်းပြီ၊ စစ်တုရင် ယှဉ်ပြိုင်တာကို ကြိုပြီးလုပ်ဖို့ သွားပြောပေတော့"

စစ်တုရင်ကေရာဇ်က ယတိပြတ် ဆုံးဖြတ်ချက်ချပြီး ပြောသည်။

* * *

ဝမ်ကျက်သည် စစ်တုရင်ကေရီထံသို့ ပြန်လာပြီး စစ်တုရင်ကေရာဇ်၏ဆုံးဖြတ်ချက်ကို ပြောသည်။

"ဒီတစ်ပွဲမှာ ကျုပ်က ရထားတစ်လုံး အသာရတာဆိုတော့ မုချနိုင်မှာပဲ၊ သူက ဘာကြောင့် ဒီပွဲကို ကြိုတင်လုပ်ချင်ရတာလဲ၊ ဘာအကြံများ ရှိနေလို့လဲ"

ဝမ်ကျက်ထံမှ သတင်းကြားရသည့်အခါတွင် စစ်တုရင်ကေရီက ပြောသည်။

"ခင်ဗျားမှာ သားသမီး ရှိသလား"

ဝမ်ကျက်က ပြန်မေးသည်။

"ဟင့်အင်း မရှိဘူး"

"ဒီလိုဆိုယင် ခင်ဗျားဟာ စစ်တုရင်ကေရာဇ်ရဲ့ ခံစားမှုကို နားမလည်နိုင်ဘူး၊ အခု သူ့ဇနီးနဲ့ သမီးဟာ ခင်ဗျားလက်ထဲမှာ ရှိ



တယ်၊ သူ့အနေနဲ့ ဘာလုပ်နိုင်မှာလဲ၊ ဘာများ မကောင်းကြံ ပရိယာယ်ဆင်နိုင်မှာလဲ"

"သူက သူ့သမီးနဲ့ဇနီးကို ကယ်ချင်တယ်ဆိုယင် စစ်တုရင်ဘုရင်ကျမ်းကို ဘာကြောင့် မပေးတာလဲ"

"ဒါကတော့ မဖြစ်နိုင်ဘူး၊ သူ့ဆရာရဲ့ အမိန့်ကို သူ မလွန်ဆန်ချင်ဘူးတဲ့"

"ကောင်းပြီ၊ ဒါဖြင့် မနက်ဖြန်ပဲ စစ်တုရင် ယှဉ်ပြိုင်မယ်၊ သူကကော ဘာပြောလိုက်သေးလဲ"

"သူရှုံးယင် စစ်တုရင်ဘုရင်ကျမ်းပေးမယ်၊ သူနိုင်ယင်တော့ ခင်ဗျားဖမ်းထားတဲ့ သူ့ဇနီးနဲ့ သမီးကို ပြန်လွှတ်ရမယ်တဲ့"

"ရတယ်၊ ဖြစ်တယ်"

"ပြီးတော့ ကျွန်တော်တောင်းဆိုချင်တာ တစ်ခုရှိသေးတယ်"

"မင်းက ဘာများ တောင်းဆိုချင်သေးလို့လဲ"

"မနက်ဖြန် ယှဉ်ပြိုင်မယ့် စစ်တုရင်ပွဲမှာ ကျွန်တော်က ဒိုင်လူကြီး လုပ်ချင်တယ်"

"ဟား…ဟား…ဟား… မင်းက ဉာဏ်နီဉာဏ်နက် လာထုတ်နေနဲ့၊ ကျုပ်တို့ စစ်တုရင် ယှဉ်ပြိုင်လာကြတာ နှစ်ပေါင်းများစွာကြာနေပြီ၊ ဘာဒိုင်လူကြီးမှ မလိုဘူး၊ မင်းက ကျုပ်တို့ စစ်တုရင် ယှဉ်ထိုးကြတာကို ကြည့်ချင်လို့ ဒီစကားပြောတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ခင်ဗျားတို့နှစ်ယောက်ရဲ့ စစ်တုရင်ပွဲဟာ တကယ့် ကြိုတောင့်ကြိုခဲပါ၊ ဒါကြောင့် ဂျန်တော် ကြည့်ချင်တဲ့ အတွက် အခုလို ပြောမိတာပါ"

"ဒီလို ရှင်းရှင်းပြောစမ်းပါ၊ ကောင်းပြီ၊ မင်းကြည့်ရမယ်"

"ကျေးဇူးပါပဲဗျာ"

"တစ်ခုတော့ ကြိုပြောထားမယ်၊ မင်းကြည့်ရုံသာ ကြည့်ရမယ်၊ ဘာတစ်ခွန်းမှ ဝင်မပြောရဘူး"

"ဟုတ်ကဲ့၊ စိတ်ချပါ"

* * *

နောက်တစ်နေ့နံနက်။

နေခြည်နုက မိစ္ဆာလေပွေကျွန်းကို နွေးထွေးစွာ ထွေးပိုက်ထားသည်။

မိစ္ဆာလေပွေကျွန်းပေါ်ရှိ စစ်တုရင်ကွင်းပေါ်တွင် စစ်တုရင်ယှဉ်ပြိုင်ရန် အသင့်ပြင်ဆင်မှုများ ပြုလုပ်ပြီးပေပြီ။

စစ်တုရင်ကွင်းပေါ်ရှိ ကျောက်တုံးကျောက်ခဲများလဲ ရှင်းလင်းပြီး ဖြစ်သည်။

စစ်တုရင်ကေရာဇ်၊ ကေရီနှင့် စစ်တုရင်ရုပ်များအဖြစ်



အသုံးခံမည့် ပုလဲနီလုလင်ဖို့၊ ပုလဲနက်မိန်းမပျို့များလည်း မိမိတို့၏ နေရာအသီးသီးတွင် နေရာယူထားကြပြီး ဖြစ်သည်။

ဝမ်ကျက်မှာမူ စစ်တုရင်ကွင်း ဘေးနားဝယ် ရပ်နေသည်။

စစ်တုရင်ကေရာဇ်သည် သူ၏ကတိအတိုင်း အနီရောင်ရထားတစ်လုံးကို ပွဲမစမီ ဘေးသို့ အထွက်ခိုင်းလိုက်သည်။

ထို့နောက် စစ်တုရင်ပြိုင်ပွဲ စတင်သည်။

ရထားတစ်လုံး အသာပေးထားရသည့်အတွက် စစ်တုရင်ကေရာဇ်က စတင်ရွှေ့သည်။

"ညာဘက်ဒုတိယနယ်၊ ရှေ့တစ်ကွက်တက်"

စစ်တုရင်ကေရာဇ်က အော်ဟစ်ပြောဆိုလိုက်သည်။

ညာဘက်ဒုတိယနယ် နေရာတွင် ရှိသော ပုလဲနီလုလင်ဖို့ ရှေ့သို့ တစ်ကွက်လှမ်းတက်သည်။

"ဗယ်ဘက်ဒုတိယနယ်၊ ရှေ့တစ်ကွက်တက်"

စစ်တုရင်ကေရီကလည်း ရွှေ့ကွက်ကို အော်၍ပြောသည်။

အနက်ဘက် ဒုတိယနယ် နေရာရှိ ပုလဲနက်မိန်းမပျို့ ရှေ့သို့ တစ်ကွက် တက်လာသည်။

ဆက်လက်၍ စစ်တုရင်ရုပ် လုလင်ဖို့နှင့် မိန်းမပျို့များသည် စစ်တုရင်ကေရာဇ်နှင့် ကေရီတို့၏ ညွှန်ကြားချက်များအတိုင်း ဆုတ်တက်လှုပ်ရှားကာ စစ်တုရင်ကစားကြသည်။

အစားခံရသည့်အခါတွင် စားသူက အစားခံရသူ၏ရင်ဝကို လက်ဝါးဖြင့် တစ်ချက်ရိုက်ပြီး စစ်တုရင်ကွင်းအပြင်ကို ကန်ထုတ်ပစ်လိုက်သည်။

ထိုသူမှာ ကွင်းအပြင်ဘက်တွင် တကယ်ပင် သေဆုံးသွားသယောင် မလှုပ်မယှက် လဲလျောင်းနေရသည်။

စစ်တုရင် လှုပ်ရှားကစားမှုမှာ တဖြည်းဖြည်း အရှိန်မြင့်လာသည်။

အကြိတ်အနယ် ဖြစ်လာသည်။

ဝမ်ကျက်မှာ ရင်တထိတ်ထိတ်ခုန်ကာ စစ်တုရင်ကေရာဇ်က စစ်တုရင်ကေရီကို အလစ်ဖမ်း တိုက်ခိုက်တော့မည့် အချိန်ကို စောင့်နေသည်။

သို့သော် စစ်တုရင်ကေရာဇ်ကို ကြည့်ရသည်မှာ စစ်တုရင်ပွဲကို အလွန်စိတ်ဝင်စားနေသည့် ပုံမျိုး ရှိနေသည်။

ဝမ်ကျက်နှင့် ကြိုတင်တိုင်ပင် စီစဉ်ထားသည်ကိုပင် သတိမေ့လျော့နေဟန်တူသည်။

ဝမ်ကျက်မှာ အလွန်စိတ်လှုပ်ရှားကာ အကျဉ်းအကြပ် တွေ့နေရသည်။

သူ့အနေနှင့် စစ်တုရင်ကေရာဇ်ကို နှုတ်မှ ထုတ်ဖော်ကာ ပြောလို့ကလည်း မဖြစ်။



မျက်ရိပ်ပြ၊ လက်ဟန်ပြ လုပ်ရန်မှာလည်း စစ်တုရင်ကေရာဇ်က စစ်တုရင်ပွဲကို အာရုံစိုက် စိတ်ဝင်စားနေသောကြောင့် ပြုလုပ်၍ မရနိုင်ပေ။

ဤသို့ဖြင့် ကစားလာကြရာ စစ်တုရင်ကေရာဇ်၏ အနီဘက်မှ ရထားနှစ်လုံး၊ မြင်းနှစ်ကောင်နှင့် စစ်သည်လေးယောက် ဆုံးရှုံးပြီး စစ်တုရင်ကေရီ၏ အနက်ရောင်ဘက်မှ ရထားတစ်လုံး၊ မြင်းတစ်ကောင်၊ အမြောက်တစ်လက်နှင့် စစ်သည်သုံးဦး ဆုံးရှုံးသွားသည်။

အနက်ရောင်ဘက်မှ အသာစီးရနေသည်။

ဝမ်ကျက်နှင့် ငွေပန်းဖြူတို့နှစ်ယောက် မိစ္ဆာလေပွေကျွန်းပေါ်သို့ ပထမဆုံးအကြိမ် ရောက်ရှိလာပြီး စစ်တုရင်ကေရာဇ်နှင့် ကေရီတို့၏ စစ်တုရင် ယှဉ်ပြိုင်ထိုးကြသည့် နောက်ဆုံး အခြေအနေမျိုး ဖြစ်ပေသည်။ တစ်ခုသာ ကွားခြားသည်။

အနီနှင့် အနက်တို့၏ အခြေအနေက ပြောင်းပြန်။

ထိုစဉ်က အနီဘက်က ရထားတစ်လုံး၊ မြင်းတစ်ကောင်၊ အမြောက်တစ်လက်နှင့် စစ်သည်သုံးဦး ဆုံးရှုံးပြီး အနက်ဘက်က ရထားနှစ်လုံး၊ မြင်းနှစ်ကောင်နှင့် စစ်သည်လေးယောက် ဆုံးရှုံးနေပြီး ဝမ်ကျက်၏ ဝင်ရောက်စွက်ဖက်မှုကြောင့် မီးခိုးဗုံးပေါက်ကွဲနေပြီး စစ်တုရင်ပွဲ ရပ်ဆိုင်းပြီးဆုံးသွားခဲ့သည်။

စစ်တုရင်ဧကရာဇ်ဘက်မှ အရေးနိမ့်ရတော့မည့် အခြေ
အနေမျိုး ဆိုက်ရောက်နေသောကြောင့် ဝမ်ကျက် အတော်ပင် စိတ်
ပူပန်နေမိသည်။

ယခုအချိန်မှာ စစ်တုရင်ဧကရီကို တိုက်ခိုက်ရန် အကောင်း
ဆုံး အခြေအနေ ဖြစ်နေသည်။

စစ်တုရင်ဧကရာဇ်က အဘယ်ကြောင့် မလှုပ်ရှားသေး
သနည်း။

မျက်မှောင်ကြုတ်၍ စဉ်းစားနေသော စစ်တုရင်ဧကရာဇ်၏
မျက်နှာသည် ရုတ်တရက် ပြုံးရွှင်လာသည်။

ထို့နောက် အသံကျယ်ကျယ်ဖြင့် အော်ပြောသည်။

"စတုတ္ထမျဉ်းကြောင်းက အမြောက် သတ္တမမျဉ်းကြောင်းကို
ရွှေ့"

ဤသို့ စစ်တုရင်ဧကရာဇ်က အော်ပြောလိုက်သံကို ကြား
သည်တွင် ဟိုတစ်ချိန်က ဖေယွင်က စစ်တုရင်ဧကရာဇ်ကို ပြော
ကြားရန် မှာကြားလိုက်သည့် 'အမြောက်လေးအဝင်ခုနစ်' ဟူသော
စကား၏အဓိပ္ပါယ်ကို ဝမ်ကျက် နားလည်ရတော့သည်။

မိမိက စစ်တုရင်ဧကရာဇ်နှင့် စစ်တုရင်ဧကရီတို့ ယှဉ်ပြိုင်
ကစားခဲ့သည့် စစ်တုရင်ပွဲ နောက်ဆုံး အနေအထားကို ဖေယွင်အား
ပြောပြရာတွင် ဖေယွင်က ယင်းသို့ အကျဉ်းအကျပ် ကြုံနေသည့်



ဘက်မှ အလွတ်ရုန်းနိုင်သည့် စစ်တုရင်ရွှေ့ကွက်ကို ကြံစည်စဉ်းစား
က စစ်တုရင်ဧကရာဇ်ထံသို့ မိမိမှတစ်ဆင့် စကားလက်ဆောင်ပါး
လိုက်ခြင်း ဖြစ်ကြောင်း ဝမ်ကျက် သိရတော့သည်။

ထိုအကွက်ကို ရွှေ့လိုက်သည်နှင့် အခြေအနေမှာ ချက်ချင်း
ပြောင်းပြန်ဖြစ်သွားသည်။

အနက်ရောင်ဘက်တွင် အတော်ပင် ဖရိုဖရဲ ဖြစ်သွားသည်။

နောက်ထပ် သုံးကွက်စီ ရွှေ့အပြီးတွင်မူ စစ်တုရင်ဧကရာဇ်
က စစ်တုရင်ဧကရီကို အပိုင်'ခွေ'ကာ အနိုင်ယူလိုက်နိုင်လေတော့
သည်။

"မဟုတ်ဘူး..မဟုတ်ဘူး၊ ဒီပွဲကို အသိအမှတ် မပြုဘူး"

စစ်တုရင်ဧကရီက ဒေါသတကြီး အော်ပြောသည်။

"ဘာကြောင့် ဒီပွဲကို အသိအမှတ် မပြုရတာလဲ"

စစ်တုရင်ဧကရာဇ်က တည်ငြိမ်စွာ ပြန်ပြောသည်။

"ဝမ်ကျက်က ဘေးကနေပြီး ရှင့်ကို တိတ်တိတ်ကူညီပေး
နေတယ်"

"သူက ဘေးမှာ ရပ်ပြီး စကားတစ်ခွန်းတောင် မပြောဘူး၊
ဘယ်လိုလုပ် ကူညီနိုင်မှာလဲ"

"သူက မင်းကြားနိုင်ရုံ လျှို့ဝှက်အသံနဲ့ ပြောယင် ဖြစ်တာ
ပဲ"

"ဒီလောက် အကွာအဝေးကို လှို့ဝှက်အသံနဲ့ မပြောနိုင်ပ ဘူး၊ ပြီးတော့ ပြောနိုင်တယ်ထားအုံး၊ သူ့ စစ်တုရင်ပညာက ကျုပ် စာယင် အများကြီးညံ့တယ်၊ ဘယ်လိုလုပ်ပြီး ကူညီပေးနိုင်မှာလ ဆရာကတော် စဉ်းစားကြည့်ပါ"

"ကျုပ်ကို ဆရာကတော်လို့ မခေါ်နဲ့ တော်ပြီ၊ မင်းရဲ့ မိန်း နဲ့ သမီးကို ကျုပ်လွှတ်မပေးနိုင်ဘူး၊ သူတို့ကို လွှတ်စေချင်ယင် ကျုပ် လက်ကို စစ်တုရင်စားသိုင်းကျမ်းအပ်၊ ဒါမှမဟုတ်ယင် ကျုပ်ကို အသေသတ်၊ ဒါမှရမယ်"

စစ်တုရင်ဧကရီက ဒေါသတကြီး အော်ဟစ်ပြောသည်။

"ကျွန်တော့်ဆရာရဲ့ဇနီးကို ကျွန်တော်က ဘယ်လိုလုပ် တိုက်ခိုက်သတ်ဖြတ်နိုင်မှာလဲ"

"ဟန်ဆောင်မနေပါနဲ့၊ မင်းတို့တတွေအားလုံး တစ်ယောက် မှ မကောင်းကြဘူး၊ မင်းဟာ သူ့ရဲ့တပည့်ကောင်းဆိုယင် ဘာ ကြောင့် သူ့ကို သတ်သွားတဲ့ ကျောက်ချုံး၊ ချိုယွဲ့ထိုင်နဲ့ ယိပေါက် ကျင့်တို့ကို သွားပြီး မသတ်တာလဲ၊ ကျုပ်က သူတို့ကို လိုက်သတ် မယ် ကြံတာကိုလဲ မင်းက ဘာကြောင့် မင်းဆရာ အမှာစကားနဲ့ ကျုပ်ကို စစ်တုရင် အနိုင်မပေးဘဲ ဟန့်တားနေရတာလဲ"

"ကျောက်ချုံးဟာ ဆရာကို သတ်သွားတဲ့အတွက် အပြစ် ကြီးလေးပါတယ်၊ ဒါပေမယ့် ဆရာပြောသွားတဲ့စကား သိပ်မှန်တယ်၊



သူတို့ ဒီလိုပြစ်မှုကြီး ကျူးလွန်တာဟာ ခင်ဗျားရဲ့ လုပ်ရပ်တွေကြောင့် ဖြစ်တယ်၊ ခင်ဗျားက သူတို့ကို လူလိုမဆက်ဆံဘူး၊ ဆဲဆိုတယ်၊ ကျွန် လိုခိုင်းတယ်၊ တစ်စက်လေးမှ စိတ်ချမ်းသာမှု မပေးဘူး"

"ဟိတ်..ကျုပ်က သူတို့ရဲ့ ဆရာကတော် ဖြစ်တယ်၊ ဆရာ ကတော်က တပည့်ကို မဆဲရဘူးလား၊ မခိုင်းရဘူးလား၊ မပြောရ ဘူးလား"

"ဆဲနိုင် ပြောနိုင် ခိုင်းနိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားလုပ် တာက သိပ်ကို လွန်ကဲတယ်၊ အချိန်ရှိတိုင်းခိုင်း၊ အချိန်ရှိတိုင်း ဆဲဆို နေတော့ ဘယ်သူက လာပြီး သည်းခံနိုင်တော့မှာလဲ"

"ဒါနဲ့ပဲ သူတို့ဟာ သူတို့ ဆရာကို ပြန်သတ်ပြီး စစ်တုရင် စားသိုင်းကျမ်းတို့ ခိုးဖို့ ကြံသင့်တယ်ပေါ့ ဟုတ်လား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ကျောက်ချုံးဟာ ဆရာကို သတ် ခဲ့တဲ့အတွက် ကြီးလေးတဲ့ အပြစ်ရှိတယ်၊ ချိုယွဲ့ထိုင်နဲ့ ယိပေါက်ကျင့် တို့ဟာလဲ ကြံရာပါတွေမို့ အပြစ်မကင်းဘူး၊ သူတို့ကို အခွင့်ကြုံယင် ကျွန်တော်ကိုယ်တိုင် ရင်ဆိုင်ပြီး စာရင်းရှင်းပါ့မယ်၊ ဒါပေမယ့် သူတို့ ရဲ့ သားစဉ်မြေးဆက်ဖြစ်တဲ့ တပည့်တွေကိုပါ အကုန်ရန်ရှာမယ်ဆို တာကတော့ နည်းလမ်းမကျဘူး"

"မင်းက ဒီစကားကိုပဲ အမြဲပြောနေတာပဲ၊ အခု မင်းဆရာ သေသွားတာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ၊ မင်းစောင့်နေတဲ့ အခါ

အခွင့်ကောင်းဆိုတာက ပေါ်မလာတော့ဘူးလား"

"ကောင်းပြီ၊ ဆရာ မှာသွားတာကို ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်၊ ဆရာက သူတို့သုံးယောက်ကို လက်တုံ့မပြန်ရဘူး၊ ခွင့်လွှတ်ရမယ်လို့ မှာသွားတယ်"

"ဘာ..ခွင့်လွှတ်ရမယ် ဟုတ်လား"

"ဟုတ်တယ်၊ လက်စားချေတာဟာ မကောင်းဘူးတဲ့၊ ခွင့်လွှတ်ခြင်းသာ အကောင်းဆုံး လက်စားချေခြင်းပဲလို့ ဆရာက ကျွန်တော့်ကို မှာသွားတယ်"

"မင်းဘာသာမင်း ခွင့်လွှတ်ချင်လွှတ် ကျုပ်ကတော့ ခွင့်မလွှတ်ဘူး၊ ဒီကောင်သုံးကောင်ကိုကော သူတို့ရဲ့ သားစဉ်မြေးဆက်တပည့်တပန်းတွေကိုပါ အကုန်သတ်ပစ်မယ်"

"ခင်ဗျားဟာ စစ်တုရင်ခုံအသိုင်းကိုမှ အောင်မြင်အောင်မလှေ့ကျင့်နိုင်သေးဘဲ ယိပေါက်ကျင်တို့သုံးယောက်ကို မနိုင်နိုင်ဘူး"

"အေး..ဟုတ်တယ်၊ ဒီတော့ စစ်တုရင်ခုံအသိုင်းကျမ်း ကျုပ်ကိုပေး"

"ခင်ဗျားက ကျွန်တော့်ကို စစ်တုရင်ပွဲ နိုင်အောင် မထိုးနိုင်တဲ့အပြင် ရှုံးတောင်ရှုံးသွားသေးတာပဲ၊ စစ်တုရင်ခုံအသိုင်းကျမ်းပေးလို့ ဘယ်ဖြစ်မှာလဲ၊ ဒီဟာ ဆရာကိုယ်တိုင် ချမှတ်ထားခဲ့တဲ့ စည်းကမ်းချက်၊ ခင်ဗျားဟာ ဆရာ့ကို ချစ်တယ်ဆိုယင် ဆရာချမှတ်ထားခဲ့တဲ့ စည်းကမ်းချက်ကို လိုက်နာပါ"



"တော်ပြီ၊ မလိုက်နာတော့ဘူး၊ ဒါဟာ သက်သက် ကျုပ်ကို ဒီနေရာမှာ အကျယ်ချုပ်ချထားချင်လို့ ထားခဲ့တဲ့ စည်းကမ်းချက်ပဲ၊ ကဲ..ကျုပ်ပြောပြီးပြီ၊ ကျုပ်လက်ကို စစ်တုရင်ခုံအသိုင်းကျမ်း မပေးအပ်ဘူးဆိုယင် မင်းမိန်းမနဲ့ မင်းသမီး သေပြီလို့ မှတ်ပေတော့"

စစ်တုရင်ဧကရာဇ်က ဘာမျှ မပြော။

မဲ့ပြုံးပြုံးကာ ငြိမ်နေ၍ နေသည်။

"ကဲ..ပြောလေ၊ စစ်တုရင်ခုံအသိုင်းကျမ်း ပေးမလား၊ မင်းမိန်းမနဲ့ သမီးရဲ့အသက် အဆုံးခံမလား"

စစ်တုရင်ဧကရာဇ်ကတော့ မလှုပ်။

ဘာမျှလည်း မပြော။

"ဒီမိန်းမကြီးဟာ အသိတရား မရှိဘူး၊ သိပ်ရက်စက်ကြမ်းကြုတ်တယ်၊ သူ့ကို အားနာနေစရာ မလိုဘူး"

ဝမ်ကျက်က စစ်တုရင်ဧကရာဇ်ကို လှမ်းပြောသည်။

"ကောင်လေး၊ မင်းဘာပြောတယ်"

စစ်တုရင်ဧကရီက ဝမ်ကျက်ကို ဒေါသရောင်တောက်သော မျက်လုံးကြီးများနှင့် ကြည့်ပြီး အော်ပြောသည်။

"ခင်ဗျားဟာ အသိတရားမရှိဘူး၊ သိပ်ရက်စက်ကြမ်းကြုတ်တယ်၊ ဒါကြောင့် ခင်ဗျားကို အားနာစရာ မလိုဘူးလို့ ပြောတယ်လေ"

"တောက်၊ ဟေ့..ပုလဲနက်တွေ ဒီကောင့်ကို အသေသတ်
လိုက်ကြစမ်း"

စစ်တုရင်ကေရီက အော်ဟစ်အမိန့်ပေးသည်။

ပုလဲနက်မိန်းကလေးများသည် မလှုပ်ရှားကြ။

အမိန့်မနာခံကြ။

စစ်တုရင်ကေရီကိုသာ အံ့သြသည့် အမူအရာဖြင့် စိုက်
ကြည့်နေကြသည်။

သူတို့သည် စစ်တုရင်ကေရီကို အလွန်အထင်ကြီးခဲ့ကြပြီ
ယနေ့တွင်မှ စစ်တုရင်ကေရီ၏သရုပ်မှန်ကို နားလည်သိရှိသွားကြ
ဟန် တူသည်။

"မင်းတို့ မသတ်ယင်၊ ငါကိုယ်တိုင် သတ်မယ်"

စစ်တုရင်ကေရီက ဒေါသတကြီးအော်ဟစ်ပြီး ဝမ်ကျက်
ရာသို့ပြေးလာသည်။

ထိုအချိန်မှာပင် လူသုံးယောက် ခုန်ပျံ ဝင်ရောက်လာက
စစ်တုရင်ကေရီရှေ့ဝယ် ဒူးထောက်လိုက်ကြသည်။

* * *



လူသုံးယောက် စစ်တုရင်ကေရီ၏ရှေ့ဝယ် ဒူးထောက်လိုက်
သည်။

ထိုလူသုံးယောက်မှာ ယိပေါက်ကျင့်၊ ချိုယွဲ့ထိုင်နှင့်ကျောက်
ချုံးတို့ဖြစ်သည်။

သူတို့သုံးယောက် ယခုလို ရောက်ရှိလာကြလိမ့်မည်ဟု
ည်သူမျှ မထင်မှတ်ကြ။

အားလုံး အံ့သြသွားကြရသည်။

စစ်တုရင်ကေရီသည် ခြေလှမ်းကိုတုံ့ရပ်ပြီး ယိပေါက်ကျင့်
တို့သုံးယောက်ကို စိန်းစိန်းကြည့်သည်။

ထို့နောက် ညာလက်ဝါးကိုမြှောက်ကာ ကျောက်ချုံး၏ယေ
ပ်ကို တအားရိုက်ချလိုက်သည်။

ကျောက်ချုံး လုံးဝမခုခံ၊ မတိမ်းရှောင် လက်ဝါးရိုက်ချက်
ထိခံရပြီး မြေကြီးပေါ် ဦးစိုက်လဲကျသွားသည်။

"ဟား...ဟား...ဟား"

စစ်တုရင်ကေရီ၏ ကြောက်မက်ဖွယ်ရာကောင်းသော အ
ဖြင့် ရယ်မောပြီး ယိပေါက်ကျင့်၏ ဦးခေါင်းကို လက်ဝါးဖြင့် အုပ်
ရိုက်ချလိုက်ပြန်သည်။

ယိပေါက်ကျင့်ကလည်း မတိမ်းရှောင်၊ မခုခံ။

စစ်တုရင်ကေရီ၏လက်ဝါးက ယိပေါက်ကျင့်ကိုရိုက်မိရန်

လက်မအနည်းငယ်အကွာတွင် ရုတ်တရက် လူရိပ်သဏ္ဌာန်လှုပ်ရှားမှုနှင့်အတူ ဝမ်ကျက်နှင့် စစ်တုရင်ကေရာဇ်တို့နှစ်ယောက် ပြေးဝင်လာကြပြီး စစ်တုရင်ကေရီ၏လက်ဝါးကို ဆီး၍ရိုက်ပုတ်ဖယ်ရှားပစ်လိုက်သည်။

"ဖုံး"

လက်ဝါးသုံးခု ဆိုင်ရိုက်မိသည်။

ဝမ်ကျက်နှင့် စစ်တုရင်ကေရာဇ်တို့မှာ စိုးရိမ်စိတ်ကြောင့် အင်အားကို အပြည့်သုံးလိုက်ကြရာ နှစ်ယောက်ပေါင်း၍ ရိုက်ထုတ်သည့် အားအဟုန်ကို စစ်တုရင်ကေရီ မခံနိုင်။

နောက်သို့ ခြေလှမ်း(၄) လှမ်း ဆုတ်သွားရသည်။

"အပြစ်ရှိတဲ့ ကျောက်ချူး အပြစ်ဒဏ်ခံသွားရပြီ၊ ကျန်တဲ့ လူနှစ်ယောက်ကို ခင်ဗျား ဆက် ရက်စက်စရာမလိုတော့ဘူး"

ဝမ်ကျက်က တည်ငြိမ်အေးဆေးစွာပြောသည်။

"မင်းက ကျုပ်ကို ဝင်စွက်ဖက်ဝံ့သလား"

စစ်တုရင်ကေရီက ဤသို့ပြောပြီး ဝမ်ကျက်ကို လက်ဝါးဖြင့် တအားရိုက်ချသည်။

"မလုပ်နဲ့"

စစ်တုရင်ကေရာဇ်က ဤသို့ပြောဆိုပြီး စစ်တုရင်ကေရီ၏ လက်ဝါးရိုက်ချက်ကို ဝင်ရောက်ခုခံချေဖျက်ပေးလိုက်သည်။



စစ်တုရင်ကေရာဇ်၏ ဝင်ရောက်ကူညီကာကွယ်ပေးမှုကြောင့် ဝမ်ကျက်မှာ လက်ဝါးရိုက်ချက်မှ လွတ်သွားပြီး ဘေးသို့ ရှောင်ထွက်လိုက်နိုင်သည်။

ဝမ်ကျက်သည် ပုလဲနီ လုလင်ပျိုတစ်ယောက်ထံမှ ဓားတိုတစ်လက်ကို အသာတောင်းယူပြီး အသင့်ကိုင်ထားသည်။

"မင်းက ကိုယ့်ဆရာကတော်ကို ပြန်တိုက်ခိုက်တယ်ပေါ့ ဟုတ်လား"

စစ်တုရင်ကေရီက စစ်တုရင်ကေရာဇ်ကို ဒေါမာန်အပြည့်ဖြင့် ပြောသည်။

"ခင်ဗျားလုပ်ပုံက သိပ်လွန်ကဲနေပြီ၊ ဒီတော့ ကျုန်တော့်အဖို့ မလွှဲမရှောင်သာဘဲ ခင်ဗျားကို တိုက်ခို[illegible]မှာပဲ"

"သိပ်ကောင်းတယ်၊ ဒါ ဆရာ့ကျေးဇူးကို [illegible] ပါ့"

စစ်တုရင်ကေရီ ပြောလိုက်သော ဤစကား[illegible]ရပ်မှာ အတော်ပင်ထိရောက်သည်။

စစ်တုရင်ကေရာဇ် ငေးငိုင်သွားသည်။

သူ့စိတ်ထဲဝယ် ဆရာဖြစ်သူ၏ရုပ်ပုံလွှာ ပြန်လည် ပေါ်ဟပ်လာသည်။

ထိုအချိန်တွင် စစ်တုရင်ကေရီက လက်ဝါးရိုက်ချက် ပြင်းပြင်းဖြင့် တရကြမ်း တိုက်ခိုက်လာသည်။

စစ်တုရင်ကေရာဇ်သည် ပြန်လည်တိုက်ခိုက်ခြင်းမပြု ရှောင်တိမ်းခြင်းသာ လုပ်နေသည်။

စစ်တုရင်ကေရာဇ်မှာ လက်မောင်းတစ်ဘက်လည်း ပြတ်နေသည်ဖြစ်ရာ စစ်တုရင်ကေရာဇ်မှာ အလူးအလဲပင် ခံနေရသည်။

"အရှုံးမကြီး ခင်ဗျားကို ကျွန်တော် ရင်ဆိုင်မယ်"

ဝမ်ကျက်က အော်ဟစ်ပြောဆိုပြီး ညာလက်တွင် ကိုင်ဆောင်ထားသော ဓားကိုဝှေ့ယမ်းကာ စစ်တုရင်ဓားသိုင်း၏ ပထမဓားကွက်ပုံစံအတိုင်း တိုက်စစ်ဆင်လိုက်သည်။

ဓားရိပ်ဓားပန်းများက စစ်တုရင်ကေရီကို လွှမ်းမိုးခြုံမိသွားသည်။

အလွန်ဆန်းပြားသော ဓားချက်များကို မြင်ရသည်တွင် စစ်တုရင်ကေရီမှာ ထိတ်လန့်သွားပြီး နောက်သို့ လှစ်ကနဲ ဆုတ်လိုက်သည်။

စစ်တုရင်ကေရီမှာ ကိုယ်ဖော့ပညာ အလွန်ကောင်းသူဖြစ်ရာ တစ်ချက်ဆုတ်လိုက်သည်နှင့် နောက်သို့ ခြေ(၃) လှမ်းခန့် ရောက်သွားသည်။

သို့သော် လွှမ်းခြုံထားသော ဓားရိပ်ဓားပန်းများ၏ စက်ကွင်းကတော့ မလွတ်သေး။

ဆက်လက် အဖိနှိပ်ခံနေရဆဲ။



"ဟင်...စစ်တုရင်ဓားသိုင်းပါလား"

စစ်တုရင်ကေရီသည် အလန့်တကြား အော်ဟစ်ယင်း နောက်သို့ထပ်ဆုတ်သည်။

ဝမ်ကျက်ကလည်း ဓားချက်သွက်သွက်ဖြင့် ခြောက်လှန့်တိုက်ခိုက်ယင်း ဆက်၍ဖိသည်။

ဝမ်ကျက်က ဖိတိုက်၊ စစ်တုရင်ကေရီက နောက်ဆုတ်ဖြင့် နောက်ဆုံးတွင် စစ်တုရင်ကေရီမှာ ကျောက်ဆောင်တစ်ခုကို ကျောကပ်လျက်သား ဖြစ်သွားသည်။

နောက် ဆက်မဆုတ်နိုင်တော့။

နောက်သို့ ဆုတ်စရာနေရာလည်း မရှိတော့။

ထိုအချိန်မှာပင် ဝမ်ကျက်၏ဓားဖျားက စစ်တုရင်ကေရီ၏ လည်မျိုတည့်တည့်ကို ထောက်မိသွားသည်။

"မင်း...မင်း...ဘယ်လိုလုပ်ပြီး စစ်တုရင်ဓားသိုင်း တတ်နေတာလဲ"

စစ်တုရင်ကေရီက ပြောသည်။

အသံမှာ တုန်ယင်နေသည်။

မျက်နှာကလည်း ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

အလွန်ထိတ်လန့် တုန်လှုပ်နေကြောင်း သိသာနိုင်သည်။

ဝမ်ကျက်က မည်သို့မျှ ပြန်မဖြေ။

အသာပြုံးပြလိုက်သည်။

တကယ်စင်စစ် ဝမ်ကျက်မှာ စစ်တုရင်စားသိုင်း၏ တည်ငြိမ် ရင့်ကျက်သော စိတ်အင်အားကို မလေ့ကျင့်နိုင်သေးပေ။

စားကွက်သဘောကိုသာ နားလည်သည်။

ဝမ်ကျက် တိုက်ခိုက်သည့် စားသိုင်း၏ ပထမစားကွက်မှာ အမြင်အားဖြင့် သွက်လက်မြန်ဆန်ကာ သိုင်းကွက်လှုပ်ရှားပုံ ဖိ သော်လည်း မည်သည့်အားအင်မျှ မပါရှိပေ။

အကယ်၍ စစ်တုရင်ကေရီက ရဲရဲတင်းတင်းဖြင့် ရင်ဆိုင် တိုက်ခိုက်မည်ဆိုလျှင် ဝမ်ကျက်၏စားချက်များကို အလွယ်တကူပင် တိုက်ခိုက်ချေဖျက်နိုင်မည်ဖြစ်သည်။

ယခုမူ...

စစ်တုရင်စားသိုင်း၏ စားဟန်လှုပ်ရှားမှုကို မြင်သည်နှင့် စစ်တုရင်ကေရီမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားကာ ပြန် လည်ခုခံရန် စိတ်ပင်မကူးဝံ့ဘဲ အလန့်တကြား တိမ်းရှောင်နေသော ကြောင့် နောက်ဆုံးတွင် ယခုလို လည်မျိုဝယ် စားထောက်ခံရသည့် အခြေသို့ ရောက်သွားခြင်းဖြစ်သည်။

"ကျွန်တော်ဟာ လိပ်ပြာကန်သခင်ရဲ့ တပည့်မဟုတ်ဘူး ဒီတော့ ခင်ဗျားနဲ့ကျွန်တော် ဘာမှမဆိုင်ဘူး၊ ခင်ဗျားကို ကျွန်တော် အသေသတ်လို့လည်းရတယ်၊ ငြိမ်ငြိမ်နေ"



ဝမ်ကျက်က ဟန်ဟိတ်အပြည့်ဖြင့် ခပ်တည်တည်ခြိမ်းခြောက်လိုက်သည်။

စစ်တုရင်စားသိုင်း၏အရှိန်ကို ကြောက်နေသော စစ်တုရင်ကေရီမှာ တုတ်တုတ်ပင်မလှုပ်ရဲ။

ငြိမ်၍နေသည်။

ထိုအချိန်မှာပင် ကျောက်ဆောင်ကျောက်တုံးများကြားမှ လားမားတစ်စု ထွက်လာသည်။

သစ္စာဂိုဏ်းခွဲမှူးလားမားကြီး ဦးဆောင်သည့် ဂိုဏ်းခွဲမှူး လားမားများနှင့် ချင်ဝါစဉ်လားမားကြီးများ ဖြစ်ကြသည်။

လားမားကြီးများ ရောက်လာသည်ကိုမြင်လိုက်ရသည်တွင် စစ်တုရင်ကေရီ၏မျက်နှာ သိသိသာသာ ပျက်သွားသည်။

ဝမ်ကျက်မှာလည်း စိတ်ထဲမှ ဘုရားတလိုက်မိသည်။

မိစ္ဆာလေပွေကျွန်းပေါ်ဝယ် သွေးချောင်းစီးမည့်အဖြစ်ကိုလည်း မြင်ယောင်မိသည်။

"ခင်ဗျားတို့က ဝတ်ရုံနီလားမားဂိုဏ်းက လားမားကြီးတွေထင်တယ်"

စစ်တုရင်ကေရာဇ်က လားမားကြီးများကို စကားဆိုလိုက်သည်။

"ဟုတ်ပါတယ်"

သစ္စာဂိုဏ်းခွဲမှူးလားမားကြီးက တရုတ်ဘာသာစကားဖြင့် ပြန်ပြောသည်။

"ဘာအကြောင်းကိစ္စအတွက် ဒီကိုရောက်လာကြတာလဲ"

"စစ်တုရင်စားသိုင်းကျမ်း မူရင်းကို ပြန်သိမ်းယူမလို့"

"ဟောဒါ စစ်တုရင်စားသိုင်းကျမ်းမူရင်းပါ၊ ခင်ဗျားတို့ယူသွားကြပါ"

စစ်တုရင်ကေရာဇ်က ဤသို့ပြောပြီး အင်္ကျီအိတ်ထဲမှ စစ်တုရင်စားသိုင်းကျမ်းမူရင်းကို ထုတ်ပေးသည်။

သစ္စာဂိုဏ်းခွဲမှူးလားမားကြီးက စစ်ဆေးကြည့်ပြီး သိမ်းယူလိုက်သည်။

"မင်းက လိပ်ပြာကန်သခင်ရဲ့တပည့်လား"

စစ်တုရင်စားသိုင်းကျမ်း မူရင်းကို သိမ်းယူပြီးနောက် သစ္စာဂိုဏ်းခွဲမှူးလားမားကြီးက မေးသည်။

"ဟုတ်ပါတယ်"

စစ်တုရင်ကေရာဇ်က ပြန်အဖြေပေးသည်။

"စစ်တုရင်စားသိုင်းကို မင်းလေ့ကျင့်သေးလား"

"မလေ့ကျင့်ပါဘူး"

"ဘာကြောင့်လဲ'

"ကျွန်တော် အိမ်ထောင်ပြုလိုက်လို့"



"စစ်တုရင်စားသိုင်းကို လေ့ကျင့်ပြီးမှ အိမ်ထောင်ပြုလည်း ရနိုင်တာပဲ၊ ဘာကြောင့် အဲဒါကို မလုပ်တာလဲ"

"အခြားလူတစ်ယောက်က စစ်တုရင်စားသိုင်းထက် ကျွန်တော့်အတွက် ပိုအရေးကြီးပြီး တန်ဖိုးရှိနေလို့"

"အဲဒါက ဘယ်သူလဲ"

"မိန်းကလေးတစ်ယောက်ပါ၊ နောက်တော့ သူဟာ ကျွန်တော့်ဇနီးဖြစ်လာတယ် ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက သူ့ရဲ့အန္တရာယ်ကင်းရေးအတွက် အခြားကို ထွက်သွားခိုင်းခဲ့ရတယ်၊ ကျွန်တော်တို့ နှစ်ပေါင်းများစွာ ခွဲခွာနေကြရတယ်"

"မင်းက ချစ်ခြင်းမေတ္တာဟာ ပြိုင်စံရှားတဲ့သိုင်းပညာထက် ပိုအရေးကြီးတယ်လို့ ခံယူထားတာကိုး"

"ဟုတ်ပါတယ်"

သစ္စာဂိုဏ်းခွဲမှူးလာမားကြီးသည် ခပ်ပေါ့ပေါ့ တစ်ချက်ရယ်ပြီးနောက် စစ်တုရင်ဧကရီရှိရာသို့ လျှောက်လှမ်းသွားသည်။

စစ်တုရင်ကေရီမှာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေအောင် ပင် ကြောက်လန့်လာသည်။

စစ်တုရင်ကေရီသည် လည်မျိုထောက်ထားသော ဓားကို ဆတ်ကနဲတွန်းဖယ်ပြီး ဘေးသို့တစ်ချက် ခုန်ထွက်လိုက်သည်။

ထို့နောက် အနီးရှိကျောက်ဆောင်ကို ခေါင်းဖြင့် တအားဝင်

တိုက်သည်။

"ခွမ်း"

ကျောက်ဆောင်နဲ့ ခေါင်း တိုက်မိသံက ခပ်ကျယ်ကျယ်ပေါ် လာသည်။

နောက်တော့ စစ်တုရင်ဇကေရီမှာ မြေကြီးပေါ် ပုံလျက်သား လဲကျသွားသည်။

"အင်း...ဒါလည်း တမျိုးကောင်းတာပဲ၊ သူဟာ စိတ်ထား သိပ်ကြမ်းတမ်းရက်စက်တယ်၊ တကယ့် အန္တရာယ်အမျိုးသမီးပဲ၊ သူ သာ ဆက်အသက်ရှင်နေယင် အန္တရာယ်အများကြီးရှိတယ်"

သစ္စာဂိုဏ်းခွဲမှူးလားမားကြီးက ခေါင်းကို ခါယမ်းကာ ပြော သည်။

ထို့နောက် ဆုတောင်းစာတစ်ပုဒ်ကို ရွတ်ဆိုလိုက်သည်။

"မင်းကော စစ်တုရင်ဓားသိုင်းကို လေ့ကျင့်သေးလား"

ဆုတောင်းစာ ရွတ်ဆိုပြီးနောက် သစ္စာဂိုဏ်းခွဲမှူးလားမား ကြီးက ဝမ်ကျက်ကိုမေးသည်။

"လေ့ကျင့်ပါတယ်၊ ဒါပေမယ့် မအောင်မြင်ဘူး၊ စောစော က ကျွန်တော် ဟိတ်ဟန်ထုတ်ပြီး ဓားကွက်ကို သုံးလိုက်တာပါ၊ ခင် ဗျားမယုံကြည်ယင်လည်း ကျွန်တော် မတတ်နိုင်ဘူး"

ဝမ်ကျက်က ပြန်အဖြေပေးသည်။



"ကျုပ် ယုံပါတယ်၊ မင်းသုံးလိုက်တာ သိုင်းကွက်လှပေမယ့် ဘာအားအင်မှ မရှိဘူး၊ နဂါးမယ်က အကြောက်လွန်သွားလို့ မဟုတ် ယင် မင်းရဲ့တိုက်ချက်ကို လွယ်လွယ်လေးနဲ့ ခုခံချေဖျက်ပစ်နိုင်တယ်၊ ကျုပ်တို့ ဝတ်ရုံနီလားမားဂိုဏ်းရဲ့ သိုင်းပညာကို တစ်ကိုယ်ကောင်း ဆန်ပြီး လျှို့ဝှက်မထားပါဘူး၊ နဂါးမယ်လို စိတ်ထားကြမ်းကြုတ်ရက် စက်တဲ့လူ လက်ထဲမရောက်အောင်သာ ကျုပ်တို့က လိုက်တားဆီး တာ၊ မင်းဟာ စိတ်ထားဖြောင့်မတ်တည်ကြည်ပြီး အမှန်တရားဘက် က ရပ်တည်တဲ့ သိုင်းသမားတစ်ယောက်ဆိုတာ ကျုပ်သိရပြီ၊ မင်းနဲ့ စစ်တုရင်ဓားသိုင်း ထိုက်တန်တယ်"

သစ္စာဂိုဏ်းခွဲမှူးလားမားကြီးက ဤသို့ပြောပြီး စစ်တုရင် ဓားသိုင်းကျမ်းကို ထုတ်ကာ ဝမ်ကျက်ကိုပေးသည်။

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် မလိုချင်ဘူး"

ဝမ်ကျက်က ငြင်းပယ်သည်။

"ဟင်..ဘာဖြစ်လို့လဲ"

"ကျွန်တော်ဟာ မိန်းကလေးတစ်ယောက်ကို မေတ္တာရှိ နေပြီ၊ မကြာခင် လပိုင်းမှာပဲ သူ့ကို လက်ထပ်ယူတော့မယ်၊ ဒီတော့ စစ်တုရင်ဓားသိုင်းကို လေ့ကျင့်လို့ ဘယ်ရတော့မှာလဲ"

ဝမ်ကျက်၏စကားကြောင့် သစ္စာဂိုဏ်းခွဲမှူး၏မျက်နှာ ပြုံး ရောင်သန်းလာသည်။

စစ်တုရင်ဧကရာဇ်၊ ယီပေါက်ကျင့်၊ ချိုယွဲ့ထိုင်နှင့် ပုလဲ
လုလင်ပျို၊ ပုလဲနက်မိန်းမပျိုများလည်း ပြုံးနေကြသည်။

ငွေပန်းဖြူတစ်ယောက်မှာမူ ပြုံးနေသော်လည်း မျက်လ
များဝယ် မျက်ရည်များ လည်၍နေသည်။

ဘာကြောင့် မျက်ရည်လည်သည်ကိုတော့ ကာယကံရှ
သာသိပေမည်။

ဝမ်းသာ၍လော။

ဝမ်းနည်း၍လော။

ပြီးပါပြီ။